
www.burmeseclassic.com

# သရဲမင်းကျွန်ပိုင်

ဘိုတဲကုန်းတာရွှေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သက်မင်းဂျူလိုင်

## ဘိုတဲကုန်းတစ္ဆေ

ဦးအောင်စိုး(မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၈၇၀၄၀၉

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၁၄၁၀၀၉

ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ သြဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (၀၅၄၁၇)(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်း။

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၀၉၊ နိုဝင်ဘာလ။

အုပ်ရေ/ တန်ဖိုး - ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး-ခုနစ်စဉ်ကြယ်စာပေ

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။

ဖုန်း- ၃၈၉၄၄၀

၈၉၅ ·၈၃

သက်မင်းဂျူလိုင်

ဘိုတဲကုန်းတစ္ဆေ / သက်မင်းဂျူလိုင် - ရန်ကုန်။
သိန်းမင်းစာပေ ၊ ၂၀၀၉ ။

၃၁၁ - စာ ၊ ၁၈ × ၁၂ စင်တီ။

(၁) ဘိုတဲကုန်းတစ္ဆေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သောအခန်းစဉ်စာစုများ


အခန်း (၁) ပုန်းမသိမ်ကုန်းမှ နွားရိုင်းသွင်းချိန်

အခန်း (၂) လွှမ်းစေတီကုန်းမှ သံဝေဂဓောဘုမ္မာ

အခန်း (၃) ပုန်းမသိမ်ကုန်းမှ စုန်းဒဏ္ဍာရီတစ်ပုဒ်

အခန်း (၄) ပုံပြင်ထဲကမဟုတ်တဲ့ ဒေါင်းမိုက်

အခန်း (၅) ဒဏ္ဍာရီအပြင်ဘက်က လောကလူသားများ

အခန်း (၆) ရာဇဝင်တွေထဲက ပုန်းမသိမ်ကုန်းပုံပြင် ...

အခန်း (၇) အိပ်မက်တစ္ဆေရှင်ခွင်မှ လွတ်မြောက်ခြင်း

အခန်း (၈) သံယောဇဉ်ကမ္ဘာလေးထဲက မောင်နှမနှစ်ယောက်

အခန်း (၉) ပုန်းမသိမ်ကုန်းကို လွှမ်းမောနေသူ

အခန်း (၁၀) ပုန်းမသိမ်ကုန်း နောက်ကြောင်းပြန်

အခန်း (၁၁) ပုန်းမသိမ်ကုန်းမှ သွေးပျက်ထိတ်လန့်ဖွယ်ဖြစ်ရပ်များ (တစ်)

အခန်း (၁၂) ပုန်းမသိမ်ကုန်းမှ သွေးပျက်ထိတ်လန့်ဖွယ်ဖြစ်ရပ်များ (နှစ်)

အခန်း (၁၃) ဓားနောယက္ခဘီလူးတစ်ကောင်နှင့် တွေ့ဆုံခြင်း

အခန်း (၁၄) ပဋိပက္ခဇါတ်သားကောင် ...သို့မဟုတ်


www.burmeseclassic.com

www.burmeseclassic.com


အခန်း (၁၅) ခြေရာပျောက်သို့ ခြေရာကောက်ခြင်း

အခန်း (၁၆) ဖုန်းမသိမ်ကုန်းမှ ဥစ္စာစောင့်မလေး

အခန်း (၁၇) ပဟောဋိဝက်ပါထဲမှ ခရုပတ်လမ်းကြောင်း

အခန်း (၁၈) ဘိုတဲပျက်ကြီးမှ အရိပ်မည်းခြေရာ

အခန်း (၁၉) ရဟန်းတစ်ယောက်နှင့် ထိပ်တိုက်တွေ့ဆုံခြင်း

အခန်း (၂၀) သံသယဝက်ပါဟောမှ အဖြန်

အခန်း (၂၁) ဖုန်းမသိမ်ကုန်းအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

အခန်း (၂၂) ဘိုတဲကုန်းမှ နှင်းဆီတခွေမ

အခန်း (၂၃) ပဟောဋိရင်ခွင်မှ နှင်းဆီတခွေမ ...ဇာတ်သိမ်း

အခန်း (၂၄) ဖုန်းမသိမ်ကုန်းမှ ပေါက်ကွဲသံစဉ်များ

အခန်း (၂၅) ကိုယ်ပျောက်ရန်သူ သို့မဟုတ် ဖုန်းမသိမ်ကုန်းတစ္ဆေ

အခန်း (၂၆) အစွာမှုဆီ၊ ...သံသယသားကောင် ... သို့မဟုတ် ...

အခန်း (၂၇) ဖုန်းမသိမ်ကုန်းမှ မယုံနိုင်ဖွယ် ဖြစ်ရပ်များ ...

အခန်း (၂၈) သံသယဝက်ပါလမ်းဆုံ၊ ...သို့မဟုတ်

အခန်း (၂၉) စုန်းဒဏ္ဍာရီထဲက နေကြာတစ်ပွင့်ရဲ့ လျှမ်းမှုံမြင် ...


BURMESE CLASSIC .com

## အခန်း (၁)



## ဖုန်းမသိမ်ကုန်းမှ ဠှားရိုင်းသွင်းချိန်

နေဝင်ချိန် ... သို့မဟုတ် ... နွားရိုင်းသွင်းချိန် ...။

ဝင်လုဆဲနေလုံးနီနီကြီးသည် ဖုန်းမသိမ်ကုန်းအနောက်ဘက်ခြမ်း တောင်ကုန်းမြင့်လေးကို တစ်ခြမ်းကွယ်၍ မေးတင်ခိုနားလျက်ရှိပါ၏။ ထို့ကြောင့် ဖုန်းမသိမ်ကုန်းအရှေ့ဘက်ခြမ်း တောင်ကုန်းထိပ်တွင် အထီးကျန်စွာ တည်ရှိနေသည့် ဘိုတဲပျက်ကြီးက နေဝင်ချိန်ဆည်းဆာညို့ညို့အောက်ဝယ် တစ္ဆေအိုကြီးတစ်ကောင် ငုတ်တုတ်ငိုက်မျဉ်းနေသည်သို့။

ညနေခင်းလေပြည်လေးက တိုက်သည်ဆိုရုံမျှ ဝေ့ဝဲတိုက်ခတ်နေသည်။ ဖုန်းမသိမ်ကုန်းလျှိုကြီးအောက်မှဖြတ်၍ ရစ်ခွေစီးဆင်းသွားသည့် ရိုးချောင်းလေးသည် နေရဥရာရွာလေးအနီးမှ ကွေ့ဝိုက်ကာ မြို့ဝင်သာရွာကြီးဆီသို့ ဦးတိုက်စီးမျောလျက်ရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်စလီ၊ တစ်တီတူး၊ ဗွတ်ကလုံ၊ ပိန်ညင်း . . . စသော ငှက်ငယ်လေးများက ချောင်းစပ်တွင် ပျံဝဲနေကြသည်။ သို့သော် ခပ်လေးလေးပင်။ တောင်ပံဖြန့်၍ မြူးပေါက်ဝဲ၍ ငါးစောင့်နေသော ဗျိုင်းခြေတံရှည်ကြီးများသည် သူ့အနီးမှ ငါးတွတ်ပွဲကို စောင့်ကြည့်နေကြပါ၏။

ဗုန်းမသိမ်ကုန်းတစ်ဝိုက်မှာတော့ ထူထပ်လှသော တောရိပ်တောရိပ်များကြောင့် နေဝင်ဆည်းဆာ နွားရိုင်းသွင်းချိန်က ပြာမှိုင်းမှိုင်းနှင့်သာ ရှိနေပါချေ၏။ မကြာမီ ဟောင်ခြေစားကျက်ကွင်းဆီမှ ဖုန်တထောင်းထောင်းနှင့်လာနေသည့် နွားအုပ်ကြီး၏ ဗွန်အော်သံ၊ နွားကျောင်းသားများ၏အော်ငေါက်မောင်းမဲနေသံ၊ နွားတိုးသံ၊ နွားနင်းသံများသည် တစ်နေ့တာ ကုန်ဆုံးသွားတော့မည့် နေဝင်ချိန်၏နွားရိုင်းသွင်းချိန်သရုပ်ကို ဖော်ကျူးလှစ်ဟပြနေသည့်နှယ်ပါတည်း။

ထိုကဲ့သို့သော နွားရိုင်းသွင်းချိန်တွင်မှ ချောက်ချားဖွယ်ဖုန်းမသိမ်ကုန်းအစပ်သို့ အရက်ကလေး ခပ်ထွေထွေနှင့် မရဲတရဲလျှောက်လှမ်းလာသူကတော့ နေရွှေရာရွာစွန်မှ ထင်းခုတ်သမားငှက်ကြီးဆိုသူပင် ဖြစ်ပါ၏။ သူ၏ခြေလှမ်းများက ဖုန်းမသိမ်ကုန်းထိပ်ရှိ သက်တမ်းရှည်ကြာလှသည့် တုတ်ခိုင်မြင့်မားလှသော တောစိုးကညင်ပင်ကြီးရှိရာသို့ ဦးတည်သွားလျက်ရှိသည်။ လက်ထဲတွင်မူ ပုပုနွေးနွေးထုပ်ထားသည့် ထမင်းထုပ်တစ်ထုပ်ကို ဆွဲကိုင်လျက် စိုးရွံ့ထိတ်လန့်စိတ်များစွာဖြင့် တရွေ့ရွေ့တိုးဝင်





လာနေပါချေ၏။

အရွက်ဖားဖား ကညင်ပင်ကြီးများ၊ ထနောင်း၊ ကုက္ကိုဝါ၊ သက်ရင့်ဝါးရုံပင်ကြီးများကလည်း ရွက်နုများ ဝေစည်ကာ အုပ်ဆိုင်းမှုန်မှိုင်းနေသည့်အရိပ်မည်းကြီးများဖြင့် ဖုန်းမသိမ်ကုန်းဝန်းကျင်အား ခြုံလွှားအုပ်မိုးပေးထားသည်သို့။ ထို့အတူ . . . ပိစပ်ချုံနွယ်ကြီးများ၊ တည်ပင်၊ ကြို့ပင်ကြီးများကလည်း ပြာမှိုင်းမှိုင်းရှိသည့် နေဝင်ချိန်ဆည်းဆာအား ပိုမို၍မည်းနက်အောင် ဖန်ဆင်းနေကြပါသည်။

ထိုအချိန်တွင် ဖုန်းမသိမ်ကုန်းထက်ရှိ ဘိုတဲပျက်ကြီး၏ ခေါင်မိုးဆီမှ တကျည်ကျည်အော်မြည်ကာ အစာရှာထွက်လာကြသည့် လင်းနို့ကြီးများနှင့် လင်းဆွဲကောင်ကြီးများ၏တောင်ပံရိုက်ခတ်သံတဖြန်းဖြန်းက ထိတ်ဆိတ်ငြိမ်သက်နေသည့် ဖုန်းမသိမ်ကုန်းကြီးအား လှုပ်၍နှိုးလိုက်လေသည်သို့။

BURMESE CLASSIC .com

'ကျိ . . ကျိ . . ကျည် . . ကျိ . . ကျလိ'

'ဖြန်း . . ဖြန်း . . ဖရမ်း . . ဗျန်း . . ဖြန်း'

"ဟာ . . . အရေးထဲ ကြောက်ပါတယ်ဆိုမှ ဒီလင်းဆွဲကောင်တွေက တစ်မှောင့်ကွာ . . . ဟူး"

ဟုတ်သည် . . .။ ထိတ်ဆိတ်ငြိမ်သက်နေသည့်ကြားမှ တောင်ပံခတ်သံ တဖြန်းဖြန်း၊ တရှန်းရှန်းနှင့် ထွက်ပေါ်လာသည့် အသံများကြောင့် ရုတ်တရက် ငှက်ကြီး ထိတ်ခနဲပင် လန့်ဖျပ်သွားပါ၏။ တစ်ဆက်တည်းမှာပင် ဗိန္ဓောဆရာ၊ ပယောဂဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးဦးဘိုးဟန်နှင့် ပြောဆိုခဲ့ကြသည့်စကားသံများကို ပြန်လည်၍ ကြားယောင်လာမိသည်။

''ဖုန်းမသိမ်ကုန်းထိပ်က ကညင်ပင်ကြီးအောက်ကို ရောက်အောင်သွားပြီး ငါမှာတဲ့အတိုင်း ခေါ်စာပစ်နော်၊ ဘာမှ ကြောက်စရာမရှိဘူး၊ အေး ... တစ်ခုတော့ရှိတယ် ... ဘိုတဲပျက်ကြီးနားက ဖြတ်သွားရင်တော့ သတိထားပေ့ ငက်ကြီး။ မင်းရဲ့ထမင်းထုပ်ကို ဘိုတဲပျက်ကြီးက သရဲမက ထွက်ပြီး ဆွဲလိမ့်မယ်နော် ... ဟင်း ဟင်း''

''ကျုပ်မကြောက်ပါဘူး ဆရာဟန်ရယ်၊ သရဲတစ္ဆေဆိုတာ ပုံပြင်တွေထဲမှာသာ ကြားဖူးတာပါ၊ ကျုပ်တော့ မယုံပါဘူး၊ အခုကိစ္စတောင်မှ ကျုပ်သား နွားကျောင်းရင် အပ,မိုတယ်ဆိုပြီး လန့်လန့်အော်နေလို့ရယ်, သူ့အမေ စိတ်ချမ်းသာအောင်ရယ် ... ခေါ်စာသွားကျွေးရမှာ၊ ကျုပ်သဘောအတိုင်းသာဆိုရင် မလုပ်ရေးချမလုပ် ... ဆရာဟန်ရေ''

''အဲဒါကြောင့် မင်းတို့တစ်တွေ ခက်နေကြတာပေါ့၊ လောကရဲ့ထုံးတမ်းစဉ်လာ, ရှေးရိုးအယူအဆတွေ လက်မခံချင်ကြဘူး၊ အရာရာတိုင်းမှာ သူ့နေရာ, သူ့ဘုံဌာန, သူပိုင်ဆိုင်ရာနယ်မြေဆိုတာရှိတယ် ငက်ကြီး။ အဲဒီလို ပရလောကဖြစ်ရပ်မျိုးတွေကို မယုံကြည်ဘူးဆိုပြီး လက်လွှတ်စပယ်နဲ့ တဖောက်ကန်းတွေလုပ်ကိုင်ကြလို့ အခုလို မဖြစ်သင့်တဲ့ကိစ္စမျိုးတွေ ခဏ ... ခဏတွေ့ကြုံနေကြတာလည်း မင်းတို့ မမှတ်ကြသေးဘူး ..၊





ဒီမှာ ငက်ကြီး ... ဖုန်းမသိမ်ကုန်းထိပ်က ဘိုတဲပျက်ကြီးကို သိတယ်မဟုတ်လား။ ငါတို့မြန်မာပြည်ကို အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တွေ ကျွန်ပြုပြီး အုပ်ချုပ်သွားခဲ့ကြတာ နောက်ဆုံးတော့ ဒီလိုဘိုတဲပျက်ကြီးတွေဟာ မြန်မာပြည်နေရာအနှံ့အပြားမှာ တော်တော်များများ ကြွင်းကျန်ရစ်ခဲ့ကြရတာပဲကွ၊ အင်း ... ပြောရရင် ဒုတိယကမ္ဘာစစ်အတွင်းမှာ တိုက်ပွဲတွေဖြစ်, လူတွေ သေကျေပျက်စီးခဲ့ကြနဲ့ သေနတ်သံ, ဗုံးသံနဲ့ အမြောက်သံတွေကြားမှာ သေတဲ့သူသေ, ဒဏ်ရာရတဲ့သူတွေရကြနဲ့ ဟောဒီဘိုတဲပျက်ကြီးမှာလည်း အနိဋ္ဌာရုံတွေနဲ့ သွေးပင်လယ် ဝေခဲ့ကြရတာပေါ့၊ ဒီကြားထဲ ဂျပန်ကောင်တွေကပါ ဆက်ပြီး ကင်ပေတိုင်စခန်းတွေဖွင့်ကြ၊ အဲဒီမှာ ညှဉ်းပန်းနှိပ်စက်ပြီး သတ်ကြဖြတ်ကြနဲ့ဆိုတော့ ဟောဒီဖုန်းမသိမ်ကုန်းမှာ ပိပြီးရှုပ်ထွေးကုန်ကြတော့တာပေါ့ကွာ၊

အဲဒီမှာ လူတွေဟာ သူ့ရဲ့သဘာဝရောဂါဝေဒနာအကြောင်း သက်တမ်းအရ သမားရိုးကျ သခါရသဘောအတိုင်း သေဆုံးကြရတာမဟုတ်ဘဲ အဲဒီလိုမျိုး သေကျေပျက်စီးတာကို အစိမ်းသေ သေတယ်, ဒါမှမဟုတ် ဘုရားတရားကို အမှတ်မရနိုင်ဘဲ ရုတ်တရက်သေဆုံးတာကို အစိမ်းသေ သေတယ်လို့ခေါ်တယ်၊ အစိမ်းသေယိုဟာ မကျွတ်မလွတ်ဘူး၊ တစ္ဆေသရဲပြိတ္တာ ... စသည်ဖြင့် နာနာဘာဝနဲ့ ပရလောကမှာ မှီတွယ်နေကြရတယ်၊ သူတို့ဟာ နေ့ဝင်ရီတရော နွားရိုင်းသွင်းချိန် အလင်းရောင်မပျောက်တပျောက်အချိန်တွေမှာ နွားတို့,လူတို့နဲ့ ကပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါကြပြီး နေ့အိပ်မက်တွေထဲအထိရောက်အောင် ဝင်လာလေ့ရှိကြတယ်၊ ပြီးရင် အနှောင့်အယှက်တွေလည်း အမျိုးမျိုးပေးတတ်ကြတယ် ...၊

အခုလည်း မင်းရဲ့သား သံလုံးဟာ နွားကျောင်းရင်း ဖုန်းမသိမ်ကုန်းထိပ်မှာရှိတဲ့ အပင်တွေပေါ်တက်ပြီး ချဉ်ပွတ်သီး၊ ကြို့သီးတို့, တည်သီးတို့ကို ခူးပြီးစားကြပါလိမ့်မယ်၊ အေး ... ဒီလောက်နဲ့တော့ ဘာမှဖြစ်မှာမဟုတ်ဘူး ငှက်ကြီး၊ ဒါပေမဲ့ သူတို့မကြိုက်တဲ့အပြုအမူတို့, အပြောအဆိုတို့, အပေါ့အလေး စတာတို့ကို ဂရုမထားဘဲ အမှတ်တမဲ့ စွန့်မိ, ပြုမိကြပါလိမ့်မယ်၊

အဲဒါတွေကြောင့် သံလုံးကစ်ယောက် ညဘက်တွေမှာ လန့်ပြီး အော်ကာဘို့, ဖျားနာတာတို့ဖြစ်လာရတာပေါ့၊ သူတို့ဖမ်းစားထားလိုက်ကြပြီလေ၊ အဲဒါကြောင့် မင်းရဲ့သားမှာ စွဲကပ်နေတဲ့ ဝေဒနာဆိုးတွေ ပျောက်ကင်းချမ်းသာဖို့က ဖုန်းမသိမ်ကုန်းထိပ် ဘိုတဲပျက်ကြီးနားက သက်တမ်းလွန် ကညင်ပင်ကြီးအောက်မှာ ခေါ်စာသွားပြီး ပစ်ရမယ်၊ မင်းရဲ့နှုတ်ကနေ တောင်းပန်ပြောဆိုရမယ်၊ ဒါမှသာ သံလုံးရဲ့ရောဂါဝေဒနာတွေအားလုံး သက်သာပျောက်ကင်းသွားမယ် ငှက်ကြီးရေ''

တဖျောဖျော၊ တကျိုကျိုနှင့် သူ၏ခြေထောက်အား တိုးဝှေ့ဖြတ်ကျော်သွားကြသည့် မြေကြွက်ကြီးကြောင့် ငှက်ကြီး၏ လွင့်မျောနေသည့်စိတ်အတွေးတို့က ပစ္စက္ခရင်ခွင်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါ၏။





'ကျို ..ကျွိ ..ကျွိ ..ကျွိ ..'

'ဖျော ..ဖရော ..ဖျော ..'

တိတ်ဆိတ်နေသည့် နေဝင်ရိုးရီအချိန်မှ ကျိုးကျိုးကျည်ကျည်အသံများက သတ္တိခဲငှက်ကြီးအား ခြောက်လှန့်နေကြသည်သို့။ သူ၏ရှေ့မှ စီးမိုးကာ ငုံ့ကြည့်နေသည့် ငုတ်တုတ်မည်းမည်းကြီး တွေ့မြင်နေရသော ဘိုတဲပျက်ကြီးက ဆည်းဆာအမှောင်အောက်ဝယ် တစ္ဆေအိုကြီးတကောင်နှယ်။ သရဲတစ္ဆေကို မယုံကြည်ပါ၊ မကြောက်ရွံ့ပါဆိုသော သတ္တိရှင်ငှက်ကြီးတစ်ယောက်နာမည်ကျော်ဘိုတဲပျက်ကြီးရှေ့သို့ရောက်ရှိလာသည်နှင့် ကြောက်သွေးများ တစ်စက်ချင်း တစ်ပေါက်ချင်း ယိုစီးကျလာခဲ့ပါချေပြီကော။

''ဘုရား ...ဘုရား ... ဆရာဟန်သတိပေးထားတဲ့ ကြားထဲက ငါ့ကိုယ်ငါ အထင်ကြီးပြီး တစ်ယောက်တည်းလာခဲ့တာ မှား ...မှားပြီထင်တယ်''

ငှက်ကြီးမှာ အမှောင်ရိပ်တို့မိုးမိုးလာသည့် ပတ်ဝန်းကျင်ကိုကြည့်လိုက်၊ စီးကျလာသောချွေးစီးများကို လွှတ်နေသည့် ဘယ်လက်ခုံနှင့် သုတ်ဖယ်လိုက်နှင့် ဂနာမငြိမ်ဖြစ်လာပါ၏။ နေလုံးပျောက်ကွယ်လုလုဖြစ်နေသည်မို့ အိပ်တန်းဝင်သတ္တဝါတို့၏အသံဗလံများကို စိတ်မလုံမလဲဖြင့် နားစွင့်ရင်း မျက်လုံးအစုံက ကျိုးကန်းတောင်းမှောက်ကြည့်ကာ ကြောက်စိတ်တို့က လွှမ်းခြုံစပြုလာခဲ့ပါပြီ။ ရုံဖန်ရံခါ တစ်ဖက် ဂုံမင်းမြောင်တောင်မကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘက်ဆီမှ တောကောင်အချို့၏ဟိန်းဟောက်သံများကိုပင် ကြားနေရပြီဖြစ်ပါ၏။ ညဉ့်ငှက်တို့၏ ဟိုသည် ပျံဝဲပြေးလွှားရင်း အတောင်ခတ်သံတဖျန်းဖျန်းက တိတ်ဆိတ်နေသော ဘိုတဲကုန်းတစ်ပိုက်တွင် ကျယ်လောင်စွာ ကြားနေရသည်။

ထင်မှတ်မထားသည့် ကြောက်စိတ်များက တဖွားဖွားနှင့်ဖိစီးလာခဲ့သည်မို့ ငှက်ကြီးတစ်ယောက် ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်ဖြစ်နေပါချေပြီကော၊ သည်ကြားထဲ လေအဝေ့တွင် သူ၏ထမင်းထုပ်ထဲမှ အမဲသားဟင်းအနံ့က သင်းပျံ့မွှေးကြိုင်စွာ ပျံ့လွင့်လျက်ရှိသည်မို့ ထမင်းထုပ်ကို ယောင်ယမ်း၍ပင် ဆုပ်ကိုင်လိုက်မိသည်။ ထိုစဉ်မှာပင် ဗိန္ဓောဆရာဦးဘိုးဟန်၏ တပည့် သက်မောင်၏စကားသံကို ငှက်ကြီး ကြားယောင်လိုက်မိသလိုလို ...။

“ငှက်ကြီး ...ဖုန်းမသိမ်ကုန်းကို မင်းတစ်ယောက်တည်းသွားပြီး ခေါ်စာပစ်ရဲလို့လား၊ မသွားရဲဘူးဆိုရင် ငါပါလိုက်ပေးလှည့်မယ်လေ၊ အေး ...ဆရာဟန်ပြောသလို ဘိုတဲပျက်ကြီးထဲက သရဲမက မင်းထမင်းထုပ်ကို လာပြီးဆွဲလုရင်တော့ အသာတကြည်ပေးလိုက်နော် ...အေး ...မပေးလိုက်လို့ကတော့ မင်းမလွယ်ဘူး ငှက်ကြီးရေ”

ထိုအခိုက် သူ၏နောက်ဘက်မှ သစ်ရွက်ခြောက်များပေါ်သို့ သဲများသွန်ချသကဲ့သို့ တဖျောဖျောနှင့် အသံများကို ပီပီပြင်ပြင်ကြားလိုက်ရသဖြင့် ငှက်ကြီး ကြက်သီးမွေးညင်းများ





တဖြန်းဖြန်းထကာ ခေါင်းနားပန်းများပင် ကြီးသွားပါလေ၏။

“ကြည့်လည်းလုပ်ဦး ငှက်ကြီးရေ ...ဟိုတလောကမှ မြိုင်သာကနေ အမဲပေါ်ပြီး နေဝင်မိုးချုပ်မှာ ပြန်လာကြတဲ့ သာဒင်တို့သားအဖရဲ့အမဲသားစိမ်းတွဲကြီးကို ဖုန်းမသိမ်ကုန်းက ဘိုတဲပျက်သရဲမကြီး လိုက်လုလို့ ထွက်ပြေးခဲ့ကြရတာ နာမည်ကြီးနေတာပဲလေ၊ မင်းရဲ့ ခေါ်စာပစ်မယ့်ထမင်းထုပ်ကို အဲဒီသရဲမက လိုက်ပြီးလုနေမှ ပြေးပေါက်မှားနေဦးမယ်ဟော့နော်”

ဖုန်းမသိမ်ကုန်းသို့ ခေါ်စာပစ်ရန် ထွက်မလာမီ ပြောကြားလိုက်သည့် သက်မောင်၏သတိပေးစကားသံကို နားထဲတွင် ပြန်လည်၍ကြားယောင်နေမိပါ၏။ ထိုအချိန်တွင် ငှက်ကြီးမှာ ထမင်းထုပ်ကို ရင်ခွင်ထဲတွင် ပိုက်၍ ဘိုတဲပျက်ကြီးအနီးမှ ဖြတ်ကျော်လိုက်သည်။ မထင်မှတ်ဘဲနှင့် ငှက်ကြီး၏စိတ်ထဲတွင် အတန်ငယ် လေးသလို ခံစားနေရပါ၏။ ခြေလှမ်းနှစ်ဆယ်ခန့် လှမ်းမိသည်နှင့် သူ၏နောက်မှ ခြေသံတရှပ်ရှပ်နှင့် တစ်စုံတစ်ယောက် လိုက်လာသလို ကြားလိုက်ရသည်။

“ဟင် ...ခြေသံ ...ခြေသံတရှပ်ရှပ်နဲ့ ငါ့နောက်က လိုက်လာပါလား ...ဘုရား ဘုရား ...အခုမှ ခက်ပြီထင်တယ်”

လက်ကျန်အလင်းရောင်မှိန်ပျပျနှင့် အမှောင်ကြီးစိုးစ ဖုန်းမသိမ်ကုန်းကြီးထက်ရှိ ကညင်ပင်ကြီးရှိရာသို့ ငှက်ကြီး ခပ်သွက်သွက်လျှောက်လှမ်းလိုက်သည်။ ထိုအခါမှာပင် နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ခြေသံတရှပ်ရှပ်အပြင် ညည်းညူသံကြီးလိုလို စကားပြောသံလိုလို ထပ်မံ၍ကြားလိုက်ရပြန်ပါ၏။

'ရှပ် ..ရှပ် ..ရှပ် ..ကျို ..ကျို'

'အင်း ..ဟီး ..ဟီး ..ဟီး ..အင်း ..ဟင်း'

ယခုကဲ့သို့ အမှောင်ရိပ်များကြီးစိုးစ နေဝင်ရီသရော နွားရိုင်းသွင်းချိန်တွင် နာနာဘာဝ မိစ္ဆာသရဲနှင့် နပူးတွေ့ ဒူးတွေ့ တွေ့ကြုံလိုက်ရသည့် ငက်ကြီးခမျာ ခေါင်းနားပန်းများကြီးသွားပြီး ကြက်သီးမွေးညင်းများပင်ထကာ နောက်သို့ လုံးဝပြန်လှည့်မကြည့်တော့ဘဲ ခြေဦးတည်ရာသို့ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးပါလေတော့သည်။

''အား ...သ ...သ ...သရဲ ...သရဲ ...သရဲ လိုက် ...လိုက်လာပါတယ်ဗျို့''

သို့တိုင်အောင် နောက်မှ တရှပ်ရှပ်လိုက်လာသည့် ခြေသံကလည်း ထက်ကြပ်မကွာ ကြားနေရပါချေပြီကော။

''ဒီမှာ ငက်ကြီး ...မင်းရဲ့ထမင်းထုပ်ကိုလာလုခဲ့ရင် အသတာကြည့်ပေးလိုက်နော်၊ သူဆွဲကိုယ်ဆွဲ ပြန်ပြီးလုမနေနဲ့၊ မပေးလိုက်လို့ကတော့ မင်း ပြေးပေါက်မရှိတော့ဘူးလို့သာ မှတ်ယူလိုက်ပေတော့''

ကြောက်လန့်တုန်လှုပ်မှုကြောင့် ပြေးလွှားနေရသည့်ကြားမှ သက်မောင်၏ပြောစကားများကို ငက်ကြီး ကြားယောင်နေမိပြန်ပါ၏။ ယခုအခြေအနေတွင် ပြေးမိပြေးရာသို့ ထွက်ပြေး





လာခဲ့ရင်း ဖုန်းမသိမ်ကုန်းကြီး၏ အတွင်းပိုင်းထိတိုင် နယ်ကျွံသွားခဲ့ပါပြီ။ နောက်မှ ခြေသံကလည်း တရှပ်ရှပ်နှင့်ကြားနေရသေးသဖြင့် နောက်ဆုံး ကြံရာမရဖြစ်ပြီး လက်ထဲမှ အမဲသားနှပ်မွှေးကြိုင်နေသည့် ထမင်းထုပ်ကို သံယောဇဉ်ဖြတ်လိုက်ပြီး နောက်ပြန် ပစ်ပေးခဲ့ကာ ခြေကုန်သုတ်၍ ထွက်ပြေးခဲ့ပါတော့သည်။

ကြောက်လန့်တကြားဖြင့် ပြေးထွက်လာခဲ့သည့် ငက်ကြီးခမျာ ချုံနွယ်များရှင်းလင်းနေသည့် လမ်းကြောလေးတစ်ခုပေါ်သို့ ခြေချမိလိုက်သည်နှင့် ...

'ဝှပ် ..ဖရော ..ဖျော'

'ဟာ ..အ ..အား'

ရုတ်တရက် ကျွံကျသွားသည့်ခြေအစုံနှင့်အတူ ရှိုးတွင်းခြင်ဆီနိုက်မှု နာကျင်စူးရှလှသောဝေဒနာဆိုးကြီးကို ခံစားလိုက်ရပြီးချိန်မှာတော့ သူ၏ကမ္ဘာတစ်ခုလုံး မှောင်အတိကျသွားပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

# လွမ်းစေတီကုန်းမှ သံဝေဂတေးဘုမ္မာ

အချိန်ကား ညနေစောင်းချိန်ကာလဖြစ်သည်။ တိမ်နီသလွှာတိမ်ဝါနှော၍ ဆည်းဆာကောင်းကင်တစ်ပြင်လုံး ကြည်လင်တောက်ပ၍နေပါ၏။ လေပြည်လာ သာညင်းညင်းဖြင့် ... နေရဥရာရွာဦးထိပ်ကုန်းမြင့်ထက်ရှိ လွမ်းစေတီကလေးဝန်းကျင်ဝယ် သွဲ့သွဲ့ညင်ညင်တိုက်ခတ်နေသည်သို့။

ထုံးဖြူဆေးရေးပျက်ပြယ်လုလုလွမ်းစေတီငယ်လေးဆီမှ တချွင်ချွင်ရိုက်ခတ်နေသည့် ဆည်းလည်း လှုပ်ခတ်သံများက ညနေခင်းလေပြည်ထဲတွင် စီးမျောလွင့်ပျံ့လျက်။ လွမ်းစေတီငယ်လေးရှိရာ ကုန်းမြင့်ထိပ်ဝန်းကျင်တစ်ဝိုက်မှာတော့ သစ်ပင်ဝါးရုံများကြားမှ တိုးဝှေ့တိုက်ခတ်လာသည့် လေတိုးသံသဲ့သဲ့က ဂီတတေး ပဥ္စင်တစ်ပုဒ်နှယ် ပျံ့လွင့်ဝေ့ဝဲနေသည်။ လွမ်းစေတီကုန်း





ပေါ်သို့တက်သည့် ပျက်စီးယိုယွင်းနေသော ကျောက်လှေကားထစ်များအတိုင်း ဒေါက်တာလင်းမောင် တက်လာခဲ့သည်။

တိမ်ရောင်စုံလင်းလက်နေသည့်ဆည်းဆာညနေအောက်တွင် လွမ်းစေတီကုန်း၏အောက်ခြေမှ ရစ်ဝိုက်ကောက်ကွေ့ကာ စီးဆင်းလျက်ရှိသည့် နေရဥရာချောင်းလေးကို ပုစွန်ဆီရောင်သန်းလျက် တွေ့မြင်နေရပါ၏။

လွမ်းစေတီကုန်းထက်တွင် လူရှင်းလျက်ရှိသည်။ စင်စစ် ဒေါက်တာလင်းမောင်မှာ နေရဥရာရွာလေးသို့ လုပ်ငန်းတာဝန်နှင့် ပြောင်းရွှေ့ရောက်ရှိလာသည်မှာ လပိုင်းမျှသာ ရှိပါသေးသည်။ တာဝန်ကြီးကျရာ မြို့ပြင်သာဆေးရုံသို့ မော်တော်ဆိုင်ကယ်တစ်စီးဖြင့်သွားလာရင်း နေရဥရာရွာလေးတွင် 'မေတ္တာ'ဟူသည့် အခမဲ့ဆေးခန်းလေးကို ဖွင့်လှစ်ကာ တပည့်တစ်ဦးနှင့်အတူ နေထိုင်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာလင်းမောင်တစ်ယောက် နေဝင်ချိန်ဆည်းဆာအလှတွင် မည်မျှကြာကြာ နစ်မျောနေသည်မသိ ... အကြားအာရုံသို့ ထိုးဖောက်ဝင်ရောက်လာသည့် တယောသံသဲ့သဲ့နှင့် သီချင်းသံတို့ကြောင့် တန်ဆောင်းတွင်မှိုရပ်နေရာမှ သတိဝင်လာခဲ့သည်။ ဟုတ်သည် ...။ လွမ်းစေတီကုန်းတစ်နေရာမှ ထွက်ပေါ်လာသော သီချင်းသံနှင့် တယောလက်သံတွင် အမှတ်မထင် စီးမျောနစ်ဝင်သွားပါလေ၏။

♫ မကောင်းတဲ့ဒုစရိုက်တွေကို ××× နည်းအောင်ကျင့်ပါ



www.burmeseclassic.com

www.burmeseclassic.com



××× နှစ်လနေ့ရက်တွေဟာ ××× အချိန်အလကားမကုန်စေရာ ကာမဂုဏ်ရမ္မက်ဆိုး ဖျက်ချိုးနိုင်မှသာ ××× ဖြစ်ရာဘဝသံသရာ ×× ပညာပါရမီ ကြီးရင့်အောင်ဖို့ပါ ×× အံ့တီတာ ×× မိုက်စပျိုးလို့ ××× မိုက်ဆိုးခဲ့တာ ××× ယခုလည်းပဲ မိုက်ဆဲမှန်စွာ ×× ရှေ့ကို တိုးလို့ တပိုးမိုက်ဦးမှာ ××× အဆုံးသတ်သင့်ကြတာ ××× ♫

တယောလက်သံနှင့်သီဆိုဟန်က လိုက်ဖက်လွန်းလှသဖြင့် ဒေါက်တာလင်းမောင်တစ်ယောက် တယောသံ ထွက်ပေါ်လာရာသို့ တရွေ့ရွေ့တိုးဝင်လာခဲ့သည်။ သီချင်းက မဟာဂီတ ဆရာကြီး ကျိုက်လတ်ဦးပြုံးချိုရေးဖွဲ့ သီဆိုထားသည့် တေးဘုမ္မာ သီချင်း၏နိဂုံးပိုဒ်ကို ဆွေးဆွေးမြည့်မြည့်နှင့် သံဝေဂရဖွယ် သီဆိုနေ၏။

♫ ကိုယ့်ကိုယ်ကိုယ် ××× သနားပါ ××× များသတ္တဝ် ××× လောဘ၊ ဒေါသ၊ မောဟဆိုတာဟာလေ ××× လောင်မီး ကိလေသာ ××× တဟုန်းဟုန်းတောက်လို့သာ ××× တဖြုန်းဖြုန်း မောက်မို့စွာ ××× အကုသိုလ် စရိုက်ဆိုးတွေဟာ ××× ပြုကွယ် ဖြစ်ကွယ် ××× စိတ်အားထက်သန်စွာ ××× ♫

ဤလွမ်းစေတီကုန်းတွင်နေ့ထိုင်သည့် ဦးသက္ကာ၏အသံ ကြီးနှင့် သီဆိုနေဟန်၊ နွဲ့နွဲ့လူးလူး၊ မူးမူးသိမ့်သိမ့် ခွဲကာ ကွန့်က ထိုးငင်နေသည့် တယောသံတို့က လူ့ဘဝ၊ လူ့ကမ္ဘာကြီး လောဘ၊ ဒေါသ၊ မောဟ အရှုပ်တော်ပုံကြီးကို တိတိပပ ဖွင့်ဆ ညွှန်းနေသည့်နှယ်ပါတည်း။





♫ နတ်ရွာနိဗ္ဗာန်လမ်းကို ××× လှမ်းဖို့အမှုဟာ ××× ထဲစိတ်ကမပါ ××× နေရပ်ဟောင်းကို ××× လွန် အောက်မေ့တာ ××× လေးဘုံပယ်ရွာ လေးဘုံပယ်ရွာထဲမှာ နေပြုသည့်သာ များသည်သတ္တဝါ ××× ♫

ဆည်းဆာလေပြည်အသွဲ့တွင် သီချင်းသံက တရားဓမ္မ သံဝေဂအပြည့်နှင့် အဆုံးသတ်သွားခဲ့သည့်တိုင် အလူးအလိမ့် အလွဲအနွဲ့များနှင့် ထိုးငင်နေသည့် တယောလက်သံလေးကမူ ဆွဲဆွဲငင်ငင်နှင့်ထွက်ပေါ်နေဆဲ။

အသက် (၆၀) ကျော်ခန့်ရှိပြီဖြစ်သည့် ဦးသက္ကာမှာ လွမ်းစေတီကုန်းထောင့်ရှိ သူ၏ဝါးတဲလေးတိုင်လုံးတွင်မှီကာ မျက်လုံးအစုံကို မှေးစင်းလျက် သူ၏တယောလက်သံအဆုံးပိုဒ်အချတွင် စျာန်ဝင်စားနေလေသည်ထင့်။ သူ့အနီးသို့တိုင် ရောက်ရှိလာသည့် ဒေါက်တာလင်းမောင်ကိုပင် ဂရုမထားနိုင်ခဲ့ပါလေ၊

တယောသံကို စိတ်ဝင်တစားဖြင့် ခံစားနားထောင်နေသည့် ဒေါက်တာလင်းမောင်ကလည်း ဆွဲဆွဲငင်ငင်နှင့် တစ်စ တစ်စ တိုးတိမ်သွားသည့် တယောသံတိတ်သွားမှပင် နှုတ်ဖျားမှ စကားတချို့ ထွက်ကျလာခဲ့သည်။

"ကောင်းလိုက်တဲ့ တယောလက်သံပါလား ဦးသက္ကာရယ်၊ အဆိုကလည်းပိုင်, သံစဉ်စာသားတွေကလည်း တကယ့် လူ့လောကီဇာတ်ထုပ်ထဲက အရှုပ်တရားတွေကို မီးမောင်းထိုးပြထားတဲ့ ဂန္ထဝင်သီချင်းတစ်ပုဒ်ပါပဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ တယောရှင်ဦးသက္ကက ပါးနှင့်အပ်ထားသည့် သူ၏တယောပြားအိုလေးကို အသာအယာ ချလိုက်ရင်း တဲရှေ့မှ ဒေါက်တာလင်းမောင်ကို မော့၍ ကြည့်လိုက်သည်။

"ဩော် . . . ဘယ်သူများလဲ မှတ်တယ် . . . ဆရာဝန် လေးပါလား။ ဘာလဲ . . . လွမ်းစေတီကုန်းပေါ်တက်လာပြီး ညနေ ဆည်းဆာနဲ့ နေရဥရာချောင်းကို လာပြီးခံစားတာထင်တယ်"

"ဟင်း ဟင်း . . . ဆိုပါတော့ ဦးသက္ကရယ်၊ မြို့ငသာ ဆေးရုံက ပြန်လာပြီး ခေါင်းထဲမှာ ငြီးစီစီဖြစ်နေတာနဲ့ လွမ်းစေတီ ကုန်းပေါ်တက်လာခဲ့တာ၊ နောက်ပြီး ဟိုတစ်နေ့က ရွာဦးကျောင်း မှာ ကပ္ပိယကြီးဦးသူတော်တို့နဲ့ စကားပြောလက်စ . . . ဟို . . . ဟို . . . ဖုန်းမသိမ်ကုန်းရဲ့ပါးစပ်ရာဇဝင်အကြောင်းတွေကိုလည်း သိချင်သေးတာနဲ့ ဦးသက္ကဆီကို ထွက်လာခဲ့တာပါ"

ဒေါက်တာလင်းမောင်က အဖြေပေးလိုက်ရင်း ဝါးတဲ လေး၏ကွပ်ပျစ်ပေါ်သို့ အသာအယာတက်လာပြီး ဦးသက္က အနီးတွင် ထိုင်လိုက်သည်။

"ဩော် . . ဆရာဝန်လေးကလည်း ငှက်ကြီးကိစ္စနဲ့ ပတ် သက်ပြီးပြောခဲ့ကြတဲ့ 'စုန်းဒဏ္ဍာရီ' ဆိုတဲ့ ပါးစပ်ရာဇဝင် ပုံပြင် လေးကို စိတ်ဝင်စားနေပြီထင်တယ်၊ ကဲ . . . ထိုင်ပါဦး . . . ကျုပ် ရေနွေးကြမ်းတစ်အိုး ထည့်လိုက်ဦးမယ်၊ အညာထန်းလျက်ခဲနဲ့ ပဲကြီးလှော်နဲ့မြည်းရင်း ပြောပြတာပေါ့ ဆရာဝန်လေးရယ်"

ပြောပြောဆိုဆိုနှင့် ဦးသက္ကမှာ သူ၏တယောအိုလေးကို





တဲနံရံတွင် ချိတ်လိုက်ပြီး မြေကရားမည်းမည်းကြီးကို မီးခွင်မှ ချကာ ဒေါက်တာလင်းမောင်ရှေ့ရှိ ကရွတ်ခွက်တွင် တည့်လိုက် ပါ၏။ ပြီးလျှင် လက်ဖက်ခြောက် ကျကျရေနွေးကြမ်းနှစ်ခွက်ကို ငှဲ့လိုက်ပြီး ဒေါက်တာလင်းမောင်အား ကမ်းပေးလိုက်သည်။

"ရော့ . . . သောက်လိုက်ဦး ဆရာဝန်လေး၊ လူ့လော ကနယ်ပယ်ထဲမှာတော့ စောစောက ဆရာကြီးဦးပြုံးချို ရေးစပ် သီဆိုထားတဲ့ တေးဘွဲ့မှာသီချင်းထဲကလို အမိုက်ရှုပ်တွေ, အရှုပ် ထုပ်တွေကိုရှင်းနေကြရတာနဲ့ပဲ အချိန်တွေကုန်နေကြတာပဲနော်"

"ဟုတ်တယ် ဦးသက္က . . . ဒီကြားထဲမှာ လောဘ, ဒေါသ, မောဟတွေ ဖက်လာကြတော့ မဖြစ်သင့်တာတွေဖြစ်ကြ, မကြားသင့်တာတွေ ကြားရနဲ့၊ အခုဆိုရင် ကိုငှက်ကြီးရဲ့အဖြစ်က တကယ့်ကို မယုံကြည်နိုင်စရာကြီးတစ်ခုလို, မဖြစ်သင့်တာကြီး တစ်ခုလို့လည်း ပြောရမလိုဖြစ်နေပြီ၊ အင်း . . . ဖုန်းမသိမ်ကုန်း တောကြီးထဲမှာ တစ်ပတ်လောက်တောင် ရှာလို့မတွေ့နိုင်တော့ဘူး ဆိုတော့ ရွာသားတွေလည်း လက်လျှော့ကုန်ကြပြီထင်တယ်"

ကုန်လွန်ခဲ့သော ရက်တစ်ပတ်ခန့်က ဖုန်းမသိမ်ကုန်းသို့ သားဖြစ်သူ၏ကျန်းမာရေး၊ ပယောဂအနှောင့်အယှက်များ အတွက် ညနေစောင်းအချိန်တွင် ခေါ်ဆောင်သွား၍ပစ်ရာမှ ရွာသို့ ပြန်လည်ရောက်ရှိမလာတော့ဘဲ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ သည့်အဖြစ်အပျက်တစ်ခု ပူပူနွေးနွေးဖြစ်ခဲ့သည် မဟုတ်ပါလား။

ဖြစ်ပုံမှာ ငှက်ကြီး၏သားဖြစ်သူမှာ ဆယ့်သုံးလေးနှစ်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်မျှ ရှိသည်။ လယ်ပိုင်ရှင်ဦးသာဖြိုး၏နွားများကို တောထဲရှိ စားကျက်မြေတွင်လွှတ်၍ ကျောင်းရသော နွားကျောင်းသားလေး တစ်ယောက်လည်းဖြစ်ပါ၏။ နေ့ခင်း (၁၁) နာရီခန့်တွင် ထမင်း စားသောက်ပြီး ဦးသာဖြိုး၏နွားများနှင့်အတူ ဖုန်းမသိမ်ကုန်း တောစပ်ရှိ စားကျက်မြေတွင် လွှတ်ထားလေ့ရှိသည်။

ထို့နောက် သူနှင့်ရွယ်တူ နွားကျောင်းသားလေးများနှင့် လေးခွကိုယ်စီကိုင်စွဲလျက် ဖုန်းမသိမ်ကုန်းအစပ်တွင် ကြက်ပစ် ငှက်ပစ်ထွက်ကြသည်။ နွားကျောင်းသားလူငယ်များဖြစ်သဖြင့် အကြောက်အလန့် အထိန်းအကွပ်မရှိ ဟိုဝင်သည်ထွက် သွားလာ ကြရင်း ပြေးလွှားဆော့ကစားကြသည်။

ဖုန်းမသိမ်ကုန်းထက်တွင် သဘာဝအလျောက် သီးပွင့် နေကြသည့် ချဉ်ပြွတ်သီး၊ တည်သီး၊ ကြို့သီးများကို သစ်ပင် ထက်သို့ မျောက်လွှဲကျော်ရှုံးလောက်အောင် တက်ကာ ခူးစားလေ့ ရှိကြပါ၏။

ရံဖန်ရံခါ စစ်အတွင်းမှ အမြောက်ဆန်၊ ပုံးဆန်များ ကြောင့် ချိုင့်ကျင်းကြီးများဖြစ်ကာ မိုးရာသီကာလများတွင် တင် ကျန်ရစ်ခဲ့သော ရေကန်ကြီးများထိတိုင် နွားများကိုဆွဲကာ နေ့ လယ်ခင်း ရေတိုက်ကြသည်။

ထိုကဲ့သို့ ရေတိုက်ပြီးမှ တောင်ခြေတွင်းစပ် စားကျက် မြေတွင် သွားရောက်၍စားစေပြန်ပါ၏။ နေဝင်မိုးချုပ် နွားရိုင်း သွင်းချိန်သို့ရောက်ခါမှ နွားများကို စားကျက်မှကောက်၍ နေရွ





ရာရွာကြီးအတွင်းသို့ ပြန်လည်၍ မောင်းနှင်၍ ဝင်ရောက်ကြ သည်။ ဤသည်မှာ နွားကျောင်းသားများ၏ နိစ္စဓူဝဆောင်ရွက် လုပ်ကိုင်ရသောလုပ်ငန်းပင်ဖြစ်ပါ၏။

တစ်ခုသောညနေ နွားရိုင်းသွင်းချိန်မှာတော့ တဒိဒိ တရိရိနှင့် အလန့်တကြား အော်ဟစ်ရုန်းကန်နေသည့် ငှက်ကြီး၏ သားငယ် သံလုံးက သူငယ်ချင်းတစ်စု ချုပ်နှောင်ခေါ်ငင်၍ အိမ်တိုင်ရာရောက် လာရောက်၍ ပို့ဆောင်ကြသည်။

ရွာဦးကျောင်းဆရာတော်ကြီး၏ပရိတ်ရေဖြင့် တောက် ခြင်း၊ ပက်ဖျန်းခြင်း၊ သောက်ခြင်းတို့ဖြင့် ပြုစုကုသပေးခဲ့သည့် တိုင် မသက်သာသဖြင့် ပယောဂဆရာတစ်ပိုင်းဖြစ်သော ဗိန္ဒော ဆရာဦးဘိုးမာန်နှင့် ကုသခဲ့သည်။

ကိုယ်ပူ၍ ဖျားနာခဲ့ခြင်းမှ သက်သာပျောက်ကင်းလာ သည့်အပြင် အစားအသောက်ပါ အနည်းအကျဉ်းမျှ ဝင်လာပါ၏။ အချိန်တိုင်း ကယောင်ကတမ်း ဟစ်အော်နေရာမှ သက်သာလာခဲ့ သော်လည်း ညဉ့်သန်းခေါင်ကျော်တွင် ထထ၍လန့်အော်နေခြင်း ကမူ ထူးခြားမလာခဲ့ပါလေ။

ထို့ကြောင့် ဗိန္ဒောဆရာကြီးဦးဘိုးဟန်မှာ သံလုံး၏ နွား ကျောင်းသားသူငယ်ချင်းများအား သေချာစွာ စုံစမ်းမေးမြန်းခဲ့ သည်။ သူငယ်ချင်းများပြောကြသည်မှာ ဖုန်းမသိမ်ကုန်းထက်ရှိ အထင်ကရကညင်ပင်ကြီးအနီးရှိ တည်ပင်ပေါ်မှ တည်သီးခူးစား ရင်း သံလုံးတစ်ယောက် အပေါ့စွန့်ချသည်ဟု သိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဖုန်းမသိမ်ကုန်းထက်ရှိ အထင်ကရကညင်ပင်ကြီးအောက်တွင် (တောခလေ့အရ) ခေါ်စာ (ထမင်းထုပ်)ကို ပစ်ပေးပြီး ဆိုင်ရာပိုင်ရာအစောင့်အရှောက်များကို သွားရောက်တောင်းပန်ရန်အတွက် ဖခင်ဖြစ်သူ ငှက်ကြီးကို ဦးဘိုးဟန်ခိုင်းစေခဲ့ခြင်းဖြစ်ပါ၏။

ဖြစ်ချင်တော့ မည်ကဲ့သို့ဖြစ်သည်မသိ . . . ငှက်ကြီးတစ်ယောက်မှာ နွားရိုင်းသွင်းချိန် နေဝင်ရီတရောခန့်တွင် ဖုန်းမသိမ်ကုန်းသို့ ခေါ်စာပစ်ရန် ထွက်သွားခဲ့ရာမှ ရွာသို့ လုံးဝပြန်လည်ရောက်ရှိမလာနိုင်တော့ဘဲ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ခြင်းကြောင့် တစ်ရွာလုံး အလုပ်ရှုပ်သွားခဲ့ကြခြင်းပင် ဖြစ်ပါ၏။

''အင်း . . . ဖုန်းမသိမ်ကုန်းမှာ ဒီလိုမျိုး ပျောက်ဆုံးသွားကြတာဟာ အခုမှမဟုတ်ဘူး ဆရာဝန်လေးရဲ့ . . . ကျုပ်တို့ငယ်ငယ်ကတည်းက အဲဒီဖုန်းမသိမ်ကုန်းထဲကိုရောက်သွားခဲ့ရင် နွားကျူးရင် နွားပျောက်တယ်၊ ရွာတွေက ကလေးငယ်တချို့နဲ့ လူကြီးတွေကိုယ်တိုင်တောင် တစ်ခါတလေ ထူးထူးဆန်းဆန်း အလောင်းတော်ရှာမရဘဲ ပျောက်ဆုံးသွားခဲ့ကြတာဟာ နည်းမှ မနည်းတော့ဘဲကွယ်''

ဦးသက္ကက သူ၏လက်စွဲတော် ဝါးဆေးတံကြီးကို မီးညှိဖွာလိုက်ရင်း ဒေါက်တာလင်းမောင်အား ရှင်းလင်းပြောပြနေခြင်းဖြစ်ပါ၏။ ဒေါက်တာလင်းမောင်မှာ ပန်းကန်ထဲမှ ထန်းလျက်ခဲကို ကောက်ယူဝါးလိုက်ရင်း . . .





''နေပါဦး ဦးသက္ကရဲ့ . . . အဲဒီဖုန်းမသိမ်ကုန်းတောကြီးထဲမှာ ကျားတွေ ဝံတွေနဲ့ သားစားသတ္တဝါတွေ ရှိတယ်လို့လည်း မကြားမိပါလား။ ဟိုတောပစ်ထွက်လေ့ရှိတဲ့ မုဆိုးလေး ဒေါနကတောင် ဒီကိစ္စကို စဉ်းစားရ တော်တော်ခက်တယ်လို့ ပြောသံကြားရတယ်''

''အင်း . . . နက်ရှိုင်းလှတဲ့ တောတောင်တွေတိုင်းမှာ ကျုပ်တို့ နားမလည်နိုင်တဲ့ တောရဲ့မာယာ ပဟေဠိတွေ ရှိတယ်ကွယ့်၊ တစ်ခါတစ်ခါ တောချောက်တာတို့, တောမှောက်တာတို့လည်း ဖြစ်တတ်ကြတယ်လေ၊ ကျုပ်တို့ရဲ့ ဖုန်းမသိမ်ကုန်းကလည်း စာချိုးတွေ, တဘောင်တွေနဲ့ နာမည်ကြီးခဲ့တာကလား ဆရာဝန်လေးရဲ့၊

အင်း . . . ဘာတဲ့ . . . ဖုန်းမသိမ်ကုန်းထိပ် ညမအိပ်နဲ့, အိပ်သာအိပ်လေ မမိုတ်လေနဲ့၊ စုန်းကဝေပျော်ပါး မစော်ကားနဲ့ . . . တဲ့လေ၊ ဟင်း ဟင်း ဟင်း . . . ဆရာဝန်လေးသိချင်တဲ့ ဖုန်းမသိမ်ကုန်းရဲ့ ပါးစပ်ရာဇဝင် ပုံပြင်လေးတွေမှာ ဒီတဘောင်စာချိုးလေးက ရှေ့ဆုံးက ပါတာပေါ့ကွယ်''

ဤသို့ဖြင့် လွမ်းစေတီကုန်း၊ ဖုန်းမသိမ်ကုန်းနှင့် ပတ်သက်ဆက်နွယ်သည်ဟုဆိုသော ပုံပြင်ဆန်ဆန်၊ ဒဏ္ဍာရီတစ်ပုဒ်၏ရေစီးတွင် ဒေါက်တာလင်းမောင်တစ်ယောက် စီးမျောပါဝင်သွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## ဖုန်းမသိမ်ကုန်းမှ စုန်းဒဏ္ဍာရီတစ်ပုဒ်

ဆည်းဆာလေပြည်ညင်းက လွမ်းစေတီကုန်းထက်ရှိ စေတီငယ်မှ ဆွဲလည်းလေးများကို တိုးဝှေ့တိုက် ခတ်သွားသဖြင့် ဘချွင်ချွင်မြည်သံလေးများက ဓမ္မတေးပဒ္ဒင်တစ်ပုဒ်နှယ် ပျံ့လွင့်လျက် ရှိသည်။

''အင်း . . . တကယ်တော့ ဖုန်းမသိမ်ကုန်းရဲ့ပါးစပ်ရာဇဝင်လို့ပဲ ပြောရမလား။ သက်ကြီးစကား သက်ငယ်ကြားလို့ပဲ ပြောရမလား . . . လောကလူသားတွေရဲ့လောဘ, ဒေါသ, မောဟတွေနဲ့ သံသယအဝိဇ္ဇာအမှောင်တွေကြားမှာ ပျက်စီးဆုံးရှုံးခဲ့ရတဲ့ မိသားစုလေးတစ်စုရဲ့ ရင်နာစရာဇာတ်လမ်းတစ်ပုဒ်ပဲ ဆရာဝန်လေးရေ၊ စောစောက ကျုပ်ကိုယ်တိုင် တယောနဲ့သီဆိုခဲ့တဲ့ ဆရာကြီးဦးပြုံးချိုရဲ့ တေးဘုမ္မာသီချင်းထဲက ဓမ္မစာသားတွေလိုပဲ





လေး ဘုံပယ်ရှာဆိုတဲ့ အပါယ်လေးဘုံထဲက ပြိတ္တာဘုံနဲ့တိရစ္ဆာန်ဘုံဟာ ကျုပ်တို့လူ့ဘုံလောကနဲ့ တစ်ဆက်တည်းရှိခဲ့တာကလား။

ကိုယ့်ကိုယ်ကိုယ် သနားကြပါ မျှားသတ္တဝါ . . . လို့ဆိုသလို လူသားတွေအားလုံးဟာ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းဆင်ခြင်သုံးသပ်ပြီးသာ ရှုမှတ်ပွားကြမယ်ဆိုရင် ကမ္ဘာမြေတစ်ခုလုံးမှာ ဖြစ်ပျက်ရတဲ့ ပြဿနာတွေချည်း ပုံးကွယ်သွားကြမှာပါ၊ ဒါပေမဲ့ ဘယ်လိုမှ ဖျောက်ဖျက်လို့မရကြတဲ့ လောဘ, ဒေါသ, မောဟ, အတ္တမာနတွေနဲ့ သံသယဆိုတဲ့အမှားတွေကြောင့် တရားတွေပျောက်ကွယ်ခဲ့ကြရတယ်၊ တကယ်တော့ စောစောကပြောသလို အပါယ်လေးဘုံထဲမှာ ပြိတ္တာဘုံနဲ့ တိရစ္ဆာန်ဘုံဟာ လူ့ဘုံနဲ့ တစ်ဆက်တည်းရှိနေကြတာကြောင့် ဘီလူး, နဂါး, ရက္ခစိုး, ဥစ္စာစောင့်, မြေဘုတ်, ဖုတ်, ကျတ်, သရဲ, မှင်စာ . . . စတဲ့သတ္တဝါတွေဟာ ပရ,သတ္တဝါအဖြစ်နဲ့ ပြိတ္တာဘုံမှာ ပါဝင်ကြတယ် ဆရာဝန်လေးရဲ့''

လွမ်းစေတီကုန်းမှ ဦးသက္ကက တရားဓမ္မစကားများဖြင့် နိဒါန်းချီလာခဲ့သဖြင့် ဒေါက်တာလင်းမောင်တစ်ယောက် သောက်လက်စရေနွေးပန်းကန်ကိုချကာ စိတ်ဝင်စားနားစွင့်နေပါ၏။

''တချို့လူတွေက ဘုရားကျောင်းစေတီပုထိုးတွေမှာ အစောင့်အရှောက်အဖြစ်နဲ့ နေထိုင်ကြတဲ့ ဘီလူးတို့, နဂါးတို့, ရက္ခစိုးတို့ကို ပွဲတွေပေးပြီး အမွှေးတိုင်, အလင်းတိုင်တွေနဲ့ ပူဇော်ပသကြနဲ့ ကြောက်ရွံ့ထိတ်လန့်ကြပေမယ့် ဆင်းရဲဒုက္ခမျိုးစုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



နေစရာမရှိ၊ စားစရာမရှိနဲ့ ပေတအဆိမ်းသရဲတွေကိုတော့ မရှိကြဘူးလို့ ယူဆကြတယ် . . . ၊

အမှန်တော့ လူတွေဟာ သေလွန်ပြီး မကျွတ်မလွတ်ဘဝနဲ့ မှီတွယ်စရာမရှိကြတဲ့ 'ပရိဒ္ဓာဉ်တွေရဲ့ဘဝကို' စာနာသနားစိတ်နဲ့ မေတ္တာပို့အမျှဝေတာတွေကို ပြုလုပ်သင့်ကြတာပေါ့ကွယ်၊ သူတို့ဟာ အကုသိုလ်ကံတွေ ကြီးမားရင် ကြီးမားသလောက် ဆင်းရဲဒုက္ခတွေ, ဝဋ်ကြွေးတွေကို ခါးစည်းပြီးခံကြရတယ်၊

အင်း . . . အဲဒီလိုပဲ မုန်းမသိမ်ကုန်းလို့ နောင်မှာအမည်တွင်လာမယ့် မာဂဓေကုန်းမှာ လောဘ, ဒေါသ, မောဟ အတ္တမာနတွေနဲ့ သံသယန္တတွေအောက်မှာ ဘဝတွေပျောက်ခဲ့ရရှာတဲ့ ဒေါ်အိုဇာဆိုတဲ့ မိသားစုလေးရဲ့ ရင်နာစရာဇာတ်ကြောင်းလေးကတော့ ကြားရသူတိုင်းကို မျက်ရည်ဝဲစေခဲ့တာပေါ့ ဆရာဝန်လေးရယ် . . . ၊

ဒေါ်အိုဇာဆိုတာက အရုပ်ဆိုးဆိုး ဆံပင်ဖြူတွေ ကျိုးတိုးကျဲတဲနဲ့ ပိန်လှီခြောက်ကပ်နေတဲ့ အသက်ခြောက်ဆယ်လောက်ရှိတဲ့ မိန်းမကြီးတစ်ယောက်ပေါ့၊ ဒါပေမဲ့ သူ့မှာ ရွှေမင်းသမီးလေးလိုချောမောလှပတဲ့ သမီးလေးတစ်ယောက်နဲ့ ဘီလူးတစ်ကောင်လို ကြမ်းတမ်းတဲ့ သားကြီးသြရသတို့ရှိကြတယ်၊ ခက်တာက အနေစုတ်စုတ်, အရောင်မွဲမွဲ, ခါးကုန်းကုန်းနဲ့ တောင်ဝှေးကြီးတစ်ချောင်းကို အမြဲကိုင်ပြီး နေ့နေ့ညည ရွာရိုးကိုးပေါက်





သွားလာနေလေ့ရှိတာကြောင့် မာဂဓေကုန်းတစ်ရွာလုံးက စုန်းမကြီးလို့ ပြောကြတယ် . . . ၊

ပြောလည်း ပြောစရာပဲလေ . . . ဒေါ်အိုဇာတို့နေထိုင်ကြတဲ့ မာဂဓရွာပြင်က ခြံကြီးထဲမှာ လင်းတကြီးတွေ, ကျီးကန်းတွေနဲ့ ခွေးနက်ကြီးတွေပါ မွေးကျွေးထားလေတော့ ပိုပြီးပြောစရာဖြစ်ကုန်ခဲ့တာပေါ့ ဆရာဝန်လေးရဲ့၊ ဒီကြားထဲ တိုက်ဆိုင်မှုလို့ပဲ ဆိုရမလား . . . ဒေါ်အိုဇာနဲ့ စကားများတာတို့, အပေါက်အလမ်းမတည့်တာတို့ စတဲ့ တစ်ခုခုများဖြစ်ခဲ့ရင် အဲသည့်ရွာသူရွာသားတွေဟာ ရုတ်တရက် ဖျားနာတာတို့, လန့်ပြီးအော်တတ်တာတို့နဲ့ နောက်ဆုံး . . . အဆင်မသင့်ခဲ့ရင် သေတောင် သေသွားခဲ့ရတယ်လေ၊ ဒါကြောင့် မာဂဓတစ်ရွာလုံးက ဒေါ်အိုဇာကြီးကို စုန်းမကြီးတစ်ယောက်လို့ နိုင်နိုင်မာမာယုံကြည်ကြပြီး တစ်ရွာလုံး ဘယ်သူမှအဆက်အဆံ မလုပ်ကြဘူးကွယ့် . . . ၊

မာဂဓေကုန်းတစ်ရွာလုံးက ဒေါ်အိုဇာတို့မိသားစုကို ပစ်ပယ်ထားကြသလို ဒေါ်အိုဇာတို့မိသားစုကလည်း မာဂဓရွာကလူတွေနဲ့ လုံးဝအဆက်အဆံမလုပ်ကြဘူး၊ ခက်နေတာက သိပ်ချောသိပ်လှပြီး သိပ်ချစ်စရာကောင်းလှတဲ့ စုန်းမကြီးရဲ့သမီး 'မစပယ်' လေးပဲလေ၊ ရွာသားကာလသားလူပျိုပေါက်တွေကချစ်ခင်မြတ်နိုး စုံမက်ချင်ကြပေမယ့် သူ့အမေ စုန်းမကြီးဒေါ်အိုဇာနဲ့ အစ်ကိုဖြစ်သူ ဘီလူးသရဲပေါက်ကျိုင်းကြောင့် အဝေးကနေပဲလျှောက်ပြန်သံပေးနဲ့ ငေးကြည့်နေကြရတော့တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာလင်းမောင်မှာ ဦးသက္က၏ ဖုန်းမသိမ်ကုန်းမှ စုန်းဒဏ္ဍာရီတစ်ပုဒ်ကို နားထောင်နေရင်းမှ ပြုံးချင်ချင်ပင် ဖြစ်သွားပါလေ၏။

"အင်း . . . ဦးသက္ကပြောသလို လူ့ဘဝဆိုတာ ပဥ္စလက်ဆရာကြီးတစ်ဦးလိုပဲနော်၊ ဘယ့်နှယ့် . . . အရုပ်ဆိုးဆိုး စုန်းမကြီးရဲ့သမီးကျမှ နတ်သမီးလေးတစ်ပါးလို သိပ်ချောသိပ်လှနေရတယ်လို့၊ ဒီကြားထဲ နတ်သမီးလေးကိုလည်း ချစ်ချင့်ရည်းစားလည်းဖြစ်ချင်နေကြတဲ့ ကာလသားတွေရဲ့ဒုက္ခကလည်း တစ်မျိုးဆိုတော့ . . . ဟင်း ဟင်း"

"အင်းပေါ့ ဆရာဝန်လေးရယ် . . . ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်ရကြတာမှ မဟုတ်ဘဲကလား၊ ဘဝက်ဇာတ်ဆရာ ကြိုးဆွဲတဲ့နေရာမှာ ကပြနေကြရတာဆိုတော့၊ ဒါပေမဲ့ သိပ်ပြီးဆန်းကြယ်လှတဲ့ ကံကြမ္မာက စုန်းမကြီးရဲ့သမီးလို့ နာမည်ကြီးနေတဲ့ မစပယ်လေးဆီကို ဝေပုလ္လတိုင်းပြည်ကြီးရဲ့ အိမ်ရှေ့စံမင်းသားလေးတစ်ပါးကို ပို့လွှတ်ပေးလိုက်တယ်လေ၊ အဲဒီမှာ မယုံကြည်နိုင်စရာ ကံကြမ္မာအပြောင်းအလဲတွေဟာ မျက်လှည့်ပြလိုက်သလို တစ်ခုပြီးတစ်ခု ပြောင်းလဲသွားခဲ့တာပေါ့ကွယ်"

တကယ့်ဇာတ်ကောင်းခန်းသို့ရောက်မှ ဦးသက္ကခမျာ အာခေါင်ခြောက်သွားရှာသည်ထင့်။ ရေနွေးကြမ်း နှစ်ခွက်ကိုဆင်း၍ သောက်လိုက်ပြီး သူ၏ဝါးဆေးတံကြီးကိုပါ ကောက်ကိုင်လိုက်သည်။ ထို့နောက် ဝါးဆေးတံထဲသို့ ဆေးတစ်ဆုံထည့်လိုက်ပြီး





သူ၏ကြေးမီးခြစ်ကြီးနှင့် စိတ်ရှည်လက်ရှည် မီးညှိအောင် ညှိနေသည်။

ဒေါက်တာလင်းမောင်မှာလည်း နေရဌရာချောင်းထက်တွင် မေးတင်နိုနားစပြုနေပြီဖြစ်သည့် နေလုံးနီနီကြီးရှိရာသို့ စိတ်မှတ်မဲ့ငေးမောကြည့်နေရင်း ဦးသက္က၏စုန်းဒဏ္ဍာရီပုံပြင်ထဲမှ မင်းသမီးလေးတမျှ ချောမောသည့် 'မစပယ်'လေးကို မြင်ယောင်ကြည့်နေပါ၏။ ထို့ကြောင့် နှစ်ဦးသားကြားတွင် အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်သွားပါသည်။ အတန်ကြာမှ ဆေးတံမီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ရင်း ဦးသက္ကထံမှ စကားတချို့ ထွက်ကျလာခဲ့သည်။

"အေး . . . မစပယ်လေးက စုန်းမကြီးဒေါ်အိုဇာရဲ့ သမီးဖြစ်ပေမယ့် ဘုရားတရားတော့ အလုပ်သားကွယ့်၊ ဥပုသ်နေ့တိုင်း ရွာဦးကျောင်းကိုသွားပြီး ဆွမ်းအုပ်ပို့ တရားနာလေ့ရှိတယ်၊ တစ်နေ့မှာ ရွာနီးချုပ်စပ်က လူရမ်းကားတစ်သိုက်နဲ့တွေ့ပြီး လမ်းလယ်ကောင်မှာ ဆွဲကြလွဲကြနဲ့ ရုတ်ရုတ်သဲသဲဖြစ်နေကြတဲ့အချိန်မှာ မြင်းနှစ်စီး ကဆုန်စိုင်းပြီးဝင်လာကြတယ် . . .၊

အင်း . . . အချိန်မီရောက်လာတဲ့ ကယ်တင်ရှင်ကတော့ ဝေပုလ္လတိုင်းပြည်ကြီးက အိမ်ရှေ့စံမင်းသားလေး သီဟကုမ္မာပေါ့၊ မင်းသားလေးရဲ့သွက်လက်ထက်မြက်လှတဲ့ ဓားရေးအောက်မှာ လူရမ်းကားတွေ အလဲလဲအကွဲကွဲနဲ့ ထွက်ပြေးသွားခဲ့ကြရတယ်လေ၊ ချစ်ခြင်းအစ မျက်စိကဆိုရင် အဲဒီအချိန် အဲဒီနေရာလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ယုန်ဖြူမလေးတစ်ကောင်လို ထိတ်လန့်ကြောက်ရွံ့နေတဲ့ မစပယ်လေးကို သီဟကုမ္မာမင်းသားလေး ချစ်မိသွားခဲ့ပြီပေါ့ ...

ဒါပေမဲ့ ... သီဟကုမ္မာမင်းသားလေးဟာ ချစ်ရသူ မစပယ်လေးရဲ့မျက်နှာလှလှကလေးကို ကြည့်လို့မဝခင်မှာပဲ ဘီလူးသဘက်လို ကြမ်းတမ်းခက်ထန်လှတဲ့ မစပယ်လေးရဲ့ အစ်ကို ပေါက်ကျိုင်းနဲ့ဒေါ်အိုဇာတို့ ရောက်လာကြပြီး မစပယ်လေးကို ဆွဲခေါ်သွားကြတာ မကြည့်ချင်မြင်လျက်သား ဖြစ်သွားခဲ့ရတယ်လေ၊ မင်းသားလေးကတော့ ခဏတာလေးအတွင်းမှာ သူ့ရဲ့နှလုံးသားကို လုပ်ခပ်နိုင်စွမ်းရှိတဲ့ အချစ်နတ်သမီးလေး မစပယ်ကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ရှာတယ် ... တဲ့ ... လေ''

ဦးသက္ကပြောနေချိန်မှာပင် နေရဋ္ဌရာချောင်းစပ်တွင် မေးတင်ခိုနားနေသည့် နေလုံးနီနီကြီးမှာ ချောင်းရေပြင်ထဲသို့ တစ်စတစ်စ ငုပ်လျှိုးပျောက်ကွယ်စပြုနေပါပြီ။ ချောင်းတစ်ပြင်လုံးရှိ ရေပြင်ထက်တွင် မျက်စိတစ်ဆုံး ပုစွန်ဆီရောင်မြန်းလျက် ... အနီရောင်အနားသတ်၍ အပြာရောင်မှိုင်းမှိုင်းတို့သည်ပင် ညို့မှိုင်းစပြုနေပါ၏။

ဆည်းဆာညနေ၏နောက်ဆုံးအချိန်ရောက်ပြီမို့ လွမ်းစေတီကုန်းထက်ရှိ သစ်ပင်ဝါးပင်တို့ထက်တွင် အိပ်တန်းဝင်ငှက်ငယ်တို့၏အော်မြည်သံတို့ တစီစီညံလျက် ရှိသည်။ လွမ်းစေတီကုန်းထိပ်ရှိ ကညင်ပင်ကြီးထက်မှ ဖျိုင်းသိုက်များတွင် ဖျိုင်းတွေ





အော်မြည်နေကြပါ၏။

''အင်း ... တိုတိုပြောကြပါစို့ကွယ် ... အဲဒီအိမ်ရှေ့စံ မင်းသားလေးနဲ့ တောသူအရိုင်းမစပယ်လေးတို့ဟာ အတားအဆီးအနှောင့်အယှက်တွေနဲ့ မိုးနဲ့မြေ ကွာဟလွန်းလှတဲ့ ဘဝအခြေအနေတွေကြားထဲကပဲ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်အမျှင်တန်းနဲ့ ချစ်သူတွေဘဝကို ရောက်ရှိသွားခဲ့ကြတယ်၊ ဒါပေမဲ့ မစပယ်လေးက မင်းသားလေးကို အိမ်ရှေ့ဉပရာဇာမှန်းမသိဘဲ သာမန်ကုန်သည်တစ်ယောက်အနေနဲ့ပဲ သိခဲ့တာလေ၊ အဲသလိုပဲ မင်းသားလေးကလည်း ဒေါ်အိုဇာဟာ စုန်းမကြီးတစ်ယောက်, မစပယ်လေးဟာ စုန်းမကြီးရဲ့သမီးဆိုတာ သိသိကြီးနဲ့ ကျွန်ယုံတော်တွေတားတဲ့ကြားထဲကနေ ဖွတ်အဝမ္မချစ်ခင်တွယ်တာခဲ့တယ် ...၊

အေး ... ဒါပေမဲ့ ဒေါ်အိုဇာဆိုတဲ့ စုန်းမကြီးကတော့ မင်းသားလေးရဲ့ဇာတိအမှန်, ဘဝအမှန်ကို ဘယ်လိုလုပ်ပြီး သိသွားသလဲမသိဘူး ... တစ်နေ့မှာ သူ့ရဲ့တောင်ဝှေးကောက်ကောက်ကြီးနဲ့ ခါးကြီးကုန်းပြီး မင်းသားလေးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အခုလိုပြောလိုက်သတဲ့ ဆရာဝန်လေးရေ ...၊

ဟင်း ဟင်း ဟင်း ... ဒီမှာ နင် ဘယ်သူလဲဆိုတာ ငါသိတယ်၊ နင့်ကို လက်ခံစကားပြောရင်တောင် ငါတို့မိသားစု ဒုက္ခရောက်သွားနိုင်တယ်၊ ငါ့သမီးကို နောက်ထပ်တွေ့ဖို့ မကြိုးစားပါနဲ့၊ အကောင်းဆုံးကတော့ ဟောဒီမာဂဓကုန်းကနေ နင့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ကြီးရှိရာကို အမြန်ဆုံးပြန်သွားပေတော့''

ဒေါ်အိုဇာရဲ့ မီးဝင်းဝင်းတောက်နေတဲ့မီးလုံးကြီးနဲ့ ရင်ခေါင်းသံစကားကြီးကြောင့် မင်းသားလေး မျက်စိမျက်နှာတွေပျက်သွားခဲ့ရတယ်၊ နောက်ပြီး သူရဲ့လျှို့ဝှက်ချက်တွေကို ဒေါ်အိုဇာကြီးသိသွားလို့လည်း ထိတ်လန့်အံ့သြသွားတယ်၊ ဒီနယ်တစ်ဝိုက်မှာ သူဟာ ဝေပုလ္လတိုင်းပြည်က ဘုရင်မင်းမြတ်ရဲ့သားတော် အိမ်ရှေ့ဥပရာဇာ မင်းသားတစ်ပါးဆိုတာ အထောက်တော်တချို့ကလွဲပြီး ဘယ်သူမှမသိရတဲ့ လျှို့ဝှက်သတင်းတစ်ခုပဲလေ၊ ဒီလျှို့ဝှက်သတင်းကိုသိရှိသွားတဲ့သူဟာ သေဒဏ်ပဲ မဟုတ်လား၊

အေး ... ဒါပေမဲ့ ခက်နေတာက စုန်းမကြီးလို့သတင်းကြီးနေတဲ့ ဒေါ်အိုဇာဟာ သူ့ရဲ့ချစ်သူ မစပယ်လေးရဲ့မိခင်ကြီးဖြစ်နေလေတော့ လျှို့ဝှက်စစ်ရေးနဲ့ အချစ်ရေးကြားမှာ အိမ်ရှေ့ဥပရာဇာမင်းသားလေးဟာ အကျဉ်းအကျပ် ပိတ်မိနေခဲ့ရှာတယ်ကွယ်၊ နောက်ဆုံးတော့ ချစ်စိတ်မွှန်နေရှာပြီဖြစ်တဲ့ မင်းသားလေးဟာ နန်းတွင်းကိုမပြန်ဘဲ ချစ်ရသူမစပယ်လေးနဲ့ ဆုံတွေ့ဖို့ကြိုးစားရာက မစပယ်လေးရဲ့အစ်ကို လူ့ဘီလူးကြီးပေါက်ကျိုင်းနဲ့ ရင်ဆိုင်တွေ့ကြရတော့တာပေါ့ကွယ် ...၊

တစ်ချိန်တည်းမှာပဲ အထောက်တော်တွေကတစ်ဆင့် မင်းသားလေးရဲ့သတင်းကိုသိရှိသွားတဲ့ ဝေပုလ္လဘုရင်မင်းမြတ်ကြီးကလည်း ဒေါ်အိုဇာတို့မိသားစုအားလုံးကို သတ်စေအမိန့်ပေးလိုက်ပြီး မင်းသားလေးကို နန်းတော်ကြီးကို ပြန်ခေါ်ဆောင်လာဖို့





စစ်သူကြီးနေမျိုးဗလကို အမိန့်ပေးခိုင်းစေခဲ့လေတော့ နှစ်ဦးနှစ်ဖက် ရင်ဆိုင်တိုက်ပွဲတွေဟာ မာဂဓကျွန်းမှာဖြစ်ပွားခဲ့ရပြီပေါ့ ဆရာဝန်လေးရယ်''

အမောင်ရိပ်တို့က လွှမ်းစေတီကျွန်းတစ်ဝိုက်တွင် ယှက်သန်းစပြုလာခဲ့ပါပြီ။ ကျေးငှက်တို့ပင် သူတို့၏ အသိုက်အမြုံထဲတွင်နေရာယူကာ အိပ်တန်းဝင်သွားကြလေပြီထင့်။ ကျိုးကျိုးကျည်ကျည်သံများကို မကြားရပါလေတော့။ သို့တိုင်အောင် ဖုန်းမသိမ်ကျွန်း၏စုန်းဒဏ္ဍာရီဇာတ်ကြောင်းတွင် စီးမျောနစ်ဝင်နေကြသည့် ဦးသက္ကနှင့်ဒေါက်တာလင်းမောင်တို့ကမူ ပတ်ဝန်းကျင်မှ ဖြစ်ပျက်ပြောင်းလဲမှုမှန်သမျှကို မသိမမြင်နိုင်ကြပါလေတော့။

''အင်း ... နောက်ဆုံးတော့ မမျှတတဲ့တိုက်ပွဲမှာ စုန်းမကြီးဒေါ်အိုဇာနဲ့ ဘီလူးကြီးပေါက်ကျိုင်းတို့ သေဆုံးသွားခဲ့ကြရတယ်၊ မစပယ်လေးကိုတော့ သိဟကမ္ဗာမင်းသားလေးက သူ့ရဲ့မြင်းညိုကြီးပေါ်ကိုတင်ပြီး ထွက်ပြေးခဲ့ကြရာမှာ နောက်က ဘုရင့်ရဲမက်စစ်သည်တွေက ခြောက်လှန့်ပစ်ခတ်လိုက်တဲ့မြားထိမှန်ပြီး ဟောဒီလွှမ်းစေတီကျွန်းကနေ မြင်းရော ချစ်သူနှစ်ဦးပါ လိမ့်ကျပြီး အသက်ဆုံးပါးခဲ့ရရှာတယ် ဆရာဝန်လေးရယ် ...၊

အင်း ... ဒီလိုအဖြစ်မျိုးတွေဟာ ဘယ်လိုမှဖြစ်သင့်တဲ့ ကိစ္စတွေ မဟုတ်ပါဘူး၊ ဒါပေမဲ့ လူသားတွေရဲ့ရင်မှာ အမြစ်တွယ်ကိန်းအောင်းနေပြီဖြစ်တဲ့ လောဘ, ဒေါသ, မောဟ, အတ္တမာန်မာနတွေ, သံသယတွေကြောင့် အထင်အမြင်တွေလွဲမှားပြီး အခု



www.burmeseclassic.com

www.burmeseclassic.com



လို မဖြစ်သင့်တာတွေ ဖြစ်ကုန်ခဲ့ရတာတော့တာပဲ မဟုတ်လား၊

နောင်တဆိုတာ နောင်းပြီးလွန်ပြီးမှရခဲ့ကြတာမို့ ဝေပုလ္လဘုရင်မင်းမြတ်ကြီးက သူ့ရဲ့သားတော်အလောင်းကို ဆယ်ယူပြီး ဟောဒီလွမ်းစေတီကုန်းဖြစ်လာမယ့်ကမ်းစပ်မှာ ခမ်းခမ်းနားနားနဲ့ မီးသင်္ဂြိုဟ်ခဲ့သလို နေရဥရာချောင်းတစ်ဖက်က မာဂဓရွာသားတွေကလည်း သူတို့သယ်ယူရရှိလာတဲ့ မစပယ်လေးရဲ့ ရုပ်အလောင်းကို သူပျော်စံရာ မာဂဓကုန်းထိပ်မှာပဲ မီးသင်္ဂြိုဟ်ခဲ့ကြတယ်၊ အဲ . . . ထူးဆန်းတာက လူ့ဘဝတုန်းက ဂုဏ်မာနတွေ၊ ရာဇမာန်တွေတက်ပြီး ချစ်သူနှစ်ဦးကို အတင်းအဓမ္မခွဲခဲ့ကြလို့ မပေါင်းဖက်ကြရပေမယ့် ဟော . . . အံ့ဩဖွယ်ရာ မီးခိုးချင်း ကောင်းကင်မှာ ပေါင်းဆုံစည်းခဲ့ကြတာဟာ စစ်မှန်တဲ့၊ ဖြူစင်တဲ့၊ မြင့်မြတ်တဲ့ အနှိုင်းမဲ့ချစ်ခြင်းရဲ့သစ္စာတရားကို သက်သေပြလိုက်ကြသလိုပါပဲ ဆရာဝန်လေးရယ်၊ တကယ့်ကို ငြိမ်းချမ်းလွတ်လပ်တဲ့ အပြာရောင်မိုးကောင်းကင်မှာ ချစ်သူနှစ်ဦးက မီးခိုးငွေ့ဝိညာဉ်ဘဝလေးတွေနဲ့ လွတ်လပ်စွာပေါင်းစည်းခွင့်ရသွားကြတယ်လို့ လူကြီးသူမတွေ ပါးစပ်ရာဇဝင်ပြောဆိုသွားခဲ့တယ်ကွယ့်''

ရှည်လျားစွာရှင်းပြပြောဆိုလိုက်ရသဖြင့် ဦးသက္ကာ မောပန်းသွားသည်ထင့်။ ဝါးလုံးတိုင်ကိုမှီကာ သူ၏ငြိမ်းသေသွားပြီဖြစ်သော ဝါးဆေးတံကြီးကို အတန်ကြာမျှ မီးညှိရှိုက်ဖွာနေပါလေ၏။ ဒေါက်တာလင်းမောင်ကမူ ချစ်ခြင်းမေတ္တာတစ်ခုအတွက် အသက်စွန့်ကာ ချစ်ပြသွားကြသည့် သီဟကုမ္မာမင်းသားလေးနှင့်





မစပယ်လေးတို့အား ရင်ထဲမှ ဦးညွှတ်ဂုဏ်ပြုလိုက်ပါသည်။

''အင်း . . . ဒီလိုဆိုတော့လည်း ဦးသက္ကာပြောတဲ့ မှန်းမသိမ်ကုန်းနဲ့ပတ်သက်တဲ့ စုန်းဒဏ္ဍာရီပုံပြင်လေးက မျက်ရည်ဝဲစရာအကောင်းသားပဲ၊ အချစ်ကြီးကြတဲ့ချစ်သူနှစ်ဦးရဲ့ သမိုင်းတွင်ရစ်စေမယ့် အချစ်ပြယုဂ်ကြီးတစ်ခုပေါ့နော်''

''အေး . . . ဟုတ်တယ် ဆရာဝန်လေးရဲ့ . . . ဒါကြောင့် . . . နောင်းနောင်တတွေနဲ့ ရင်မှာဒဏ်ရာတွေ အပြည့်ခံစားခဲ့ရတဲ့ ဝေပုလ္လဘုရင်ကြီးဟာ သူ့ရဲ့သားတော်အိမ်ရှေ့စံမင်းသားလေး သီဟကုမ္မာနဲ့ မစပယ်လေးတို့ရဲ့အချစ်ကို နောင်းလူတွေ သိရှိနားလည်ကြရအောင်၊ ဟောဒီနေရဥရာကမ်းခြေနဲ့နီးတဲ့ ကုန်းပေါ်မှာ လွမ်းစေတီတစ်ဆူကို တည်ထားပေးခဲ့တာလို့လည်း ပြောကြတယ်လေ''

ဦးသက္ကာပြောဆိုခဲ့သည့် မှန်းမသိမ်ကုန်းမှ ပါးစပ်ဒဏ္ဍာရီပုံပြင်တစ်ပုဒ်က ကြေကွဲရင့်နင့်ဖွယ်အပြည့်နှင့် ပြီးဆုံးခြင်းသို့ ရောက်ရှိသွားခဲ့ပါပြီ။ သို့တိုင်အောင် ဒေါက်တာလင်းမောင်၏ရင်ထဲတွင် ချစ်သူနှစ်ဦး၏အငွေ့အသက်များက ကြွင်းကျန်ရစ်သကဲ့သို့ မစပယ်လေး၏ပုံရိပ်လေးများကလည်း သူ့အနီးဝန်းကျင်တွင် ဝေ့ဝဲစီးမျောနေသည့်နှယ်ပါတည်း။

''ကိုင်း . . . စကားပြောလို့လည်းကောင်းပါရဲ့၊ အမှောင်ရိပ်တွေသန်းလို့ မိုးတောင်ချုပ်တော့မယ် ဆရာဝန်လေးရေ၊ ဒါ့ထက် စကားမစပ် . . . ဟောဒီမှန်းမသိမ်ကုန်းကြီးမှာလည်း လွန်



www.burmeseclassic.com


www.burmeseclassic.com



ခဲ့တဲ့တစ်နှစ်ကျော် နှစ်နှစ်နီးပါးလောက်ကတည်းက ရောက်နေကြတဲ့ ပုံပြင်ထဲက ဘီလူးကြီးပေါက်ကျိုင်းတို့မောင်နှမနှစ်ယောက်လို ခပ်ပေပေ မောင်နှမနှစ်ဦးရောက်နေကြပြန်ပြီလေ၊ သတိလည်းထားဦး ဆရာဝန်လေးရေ ...စုန်းဒဏ္ဍာရီပုံပြင်ထဲကလိုကံကြမ္မာမျက်စိလည်ပြီး ဖုန်းမသိမ်ကုန်းက မင်းသမီးချောလေးနဲ့တွေ့နေဦးမယ်ဗျို့ ...ဟင်း ဟင်း ဟင်း''

ဦးသက္က၏ရယ်မောပြောဆိုလိုက်သည့်စကားသံလေးများက လွမ်းစေတီကုန်း၏ကျောက်လှေကားထစ်လေးများအတိုင်း တရွေ့ရွေ့ဆင်းသွားပြီဖြစ်သည့် ဒေါက်တာလင်းမောင်နောက်သို့ မမိမကမ်းနှင့် လိုက်ပါလွင့်မျောသွားပါချေတော့သည်။





## အခန်း (၄)

## ပုံပြင်ထဲကမဟုတ်တဲ့ ...ဒေါင်းမိုက်

နံနက်ခင်း၏ မြောက်ပြန်လေကလေးက သိမ့်ခနဲ တစ်ချက်မျှ တိုက်ခတ်သွားသည်။ ဒေါင်းမိုက်တစ်ယောက် လက်ထဲမှ နှစ်လုံးပြူးသေနတ်ကြီးကို အသင့်ကိုင်လျက် ဂုံမင်းမြောင်တောကြီးထဲသို့ သတိကြီးစွာဖြင့် တိုးဝင်လာခဲ့သည်။ သစ်ကိုင်း သစ်ခက် သစ်ရွက်တို့မှတစ်ဆင့် တပေါက်ပေါက်၊ တဖျောက်ဖျောက် ကျဆင်းနေကြသည့် နှင်းမိုးစက်တချို့နှင့်တွေ့ထိမိသည့်အခါတိုင်း အေးစိမ့်စိမ့်အရသာက ဒေါင်းမိုက်၏ခန္ဓာကိုယ်ရိုးတွင်းခြင်ဆီထိတိုင် စိမ့်ဝင်သွားကြသည်သို့။

သို့တိုင်အောင် ...ထူထပ်သောသက္ကလတ်အနွေးထည်ကြီးကို အံတုကာ ယိုစီးကျလာသည့် ချွေးသီးချွေးပေါက်များက ဒေါင်းမိုက်၏နဖူးပြင်နှင့်ပါးပြင်တို့ထက်တွင် တွဲခိုစီးကျလျက်။



www.burmeseclassic.com

www.burmeseclassic.com



ဂုံမင်းမြောင်တောကြီး၏ရှေ့နှင့်ဝဲယာတစ်ဝိုက် မျက်စိရှင်ရှင်၊ နားပါးပါးဖြင့် သတိမလပ်ကြည့်ရင်း တစ်လှမ်းချင်း တက်လာခဲ့ပါ၏။

ဟေမန္တ၏မြောက်ပြန်လေရူးတစ်ချက် ဝှေ့ခတ်လိုက်တိုင်း သစ်ပင်၊ သစ်ခက်လေးများလှုပ်ယမ်းသွားခဲ့ပါလျှင် မုဆိုးလေး ဒေါင်းမိုက်၏ ကျင့်သားရနေသည့် မျက်စိများက ဖျတ်ခနဲ မလွတ်စတမ်းကြည့်ရှုစစ်ဆေးပြီးသားဖြစ်နေသည်။ ချွတ်ခနဲ သစ်ကိုင်းခြောက်ကလေးတစ်ခု မြေပေါ်သို့ကျိုးကျသံ၊ ရှဲခနဲ သဏ္ဍာဝါ တစ်ကောင်ကောင် သစ်ပင်ချုံနွယ်များပေါ်သို့ တိုးဝင်ဖြတ်သန်းပြေးသံ ရွှေ့ခနဲတောငှက်တစ်ကောင် အလန့်တကြား အော်မြည်ပျံသန်းသံ၊ တဝီဝီအော်မြည်နေသော ပုစဉ်းရင်ကွဲ သို့မဟုတ် တောပုရစ်ကောင်ကြီးများ တဝီဝီအော်မြည်နေရာမှ ငြိုးခနဲ ထိုးရပ်သွားသည့်အသံမျိုးများ ကြားလိုက်ရသည့်အခါတိုင်း ရုတ်တရက် သွားလက်စခြေလှမ်းများကို တုံ့ခနဲရပ်လိုက်ကာ ပတ်ဝန်းကျင်တစ်ဝိုက်ကို မုဆိုးနား၊ မုဆိုးမျက်စိဖြင့် အထပ်ထပ်အခါခါ ပြန်လှန်စစ်ဆေးရင်း ရှေ့ခရီးကို တရွေ့ရွေ့ တိုးဝင်လာခဲ့ရသည် မဟုတ်ပါလား။

တကယ်တော့ . . . ဂုံမင်းမြောင်တောကြီးနှင့် ဒေါင်းမိုက်တို့ ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ အခါလည်ပင် မပြည့်တတ်သေး။ သူတို့မောင်နှမနှစ်ယောက် ဖုန်းမသိမ်ကုန်းသို့ စစ်ဘေးစစ်ဒဏ်ကို ရှောင်တိမ်းရင်းရောက်ရှိလာခဲ့ကြရာ ရွာနီးစပ်ချုပ်ရှိ ဘဝတူမုဆိုးများမှတစ်ဆင့် ဂုံမင်းမြောင်ကို သိရှိခဲ့ရခြင်းဖြစ်သည်။





သို့သော် . . . ဒေါင်းမိုက်သည် မုဆိုးစစ်စစ်တော့မဟုတ်ပါ။ မိသားစုစားဝတ်နေရေးအတွက် . . . အထူးသဖြင့် သူ၏ဘဝတွင် တစ်ဦးတည်းသာရှိသော အချစ်ဆုံးညီမလေး 'နေကြာ'၏ ရှေ့ရေး၊ နောက်ရေးအတွက် ဖုန်းမသိမ်ကုန်းရွာစွန်ရှိ မည်သူမျှမစိုက်ပျိုးရဲ၊ မလုပ်ကိုင်ရဲသော ယာမြေတွင် တောင်ယာစိုက်ပျိုးကာ ဘဝကို ရုန်းကန်ခဲ့သူဖြစ်ပါ၏။

ငယ်စဉ်ကတည်းကပင် မိခင်မုဆိုးမအိုကြီးတစ်ယောက်၊ အရွယ်ငယ်သေးသည့် ညီမငယ်တစ်ယောက်တို့နှင့်အတူ ဘဝကို ခက်ခဲပင်ပန်းစွာ တည်ဆောက်ခဲ့ရခြင်း၊ စရိုက်ကြမ်းကြမ်း၊ ဗိဇသန္ဓေကြမ်းကြမ်းနှင့်လူကြမ်းလူရိုင်းများကြားတွင် ရင်သန်ကြီးပြင်းခဲ့ရခြင်း၊ ပညာမဲ့ခဲ့ရခြင်း စသည်တို့ကြောင့် ဒေါင်းမိုက်မှာ အပြောကြမ်း၊ စရိုက်ကြမ်းနှင့်မုဆိုးကြမ်းကြီးဘဝသို့ ငယ်ငယ်ရွယ်ရွယ်နှင့် ကူးပြောင်းရောက်ရှိသွားခဲ့ရပါလေ၏။ ယခုလည်း သူ၏ယာခင်းအား ဖျက်ဆီးစားသောက်သွားကြသည့် တောဝက်များနောက်သို့ ခြေရာခံ၍လိုက်နေခြင်းဖြစ်သည်။

ဒေါင်းမိုက် အတွေးစိတ်ကူးတို့ မည်မျှကြာအောင် ပျံ့လွင့်သွားကြသည်မသိ သူ၏သွေးသောက်ရဲဘော် ရန်လုံ၏ တအိအိအော်သံကြောင့် ဖျတ်ခနဲ ပစ္စုပ္ပန်ရင်ခွင်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

``ဟား . . . ဒီကောင် ဘာလဲကွ . . . တအိအိနဲ့''

ဟုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုံမင်းမြောင်တောကြီး၏ လျှိုကြီးတစ်ခုကိုဖြတ်ကျော်၍ အထွက်တွင် သူ၏အမဲလိုက်ခွေးကြီးရန်လုံက သူ့ရှေ့သို့ ဖြတ်ကျော် တက်ပြေးလိုက်၊ မြက်ရိုင်းပင်များကြားတွင် ကူးသန်းပြေးလွှားရင်း တစ်စုံတစ်ရာကို အနံ့ခံလိုက်နှင့် တစ်ကောင်တည်း အလုပ်ရှုပ်လျက်ရှိသည်ကို ဒေါင်းမိုက် တွေ့မြင်လိုက်ရသည်။

''လုပ်လိုက်စမ်း သားကြီးရေ . . . ငါ့ယာကိုဖျက်သွားတဲ့ ဝက်မသားတွေကိုသာ တွေ့လိုက်ရရင်တော့လား . . . မင်းကိုပါ တဝကြီးကျွေးမယ် ရန်လုံရေ . . . ဟင်း ဟင်း''

မုဆိုးလေးဒေါင်းမိုက်မှာ ယခုအချိန်ထိတိုင် တောဝက်များ၏အရိပ်အယောင်ကိုမျှပင် မတွေ့ရှိသေးသဖြင့် မကျေမနပ် ရေရွတ်မြည်တမ်းကာ ရန်လုံ၏နောက်မှ ခပ်ခွာခွာပြုလျက် လိုက်ပါလာခဲ့ခြင်းဖြစ်သည်။ သူ့ရှေ့မှ ရန်လုံကတော့ တရှူးရှူးနှင့် အနံ့ခံလိုက်၊ ခုန်ပေါက်ပြေးလွှား၍သွားလိုက်နှင့် သူ၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါသည်။

မကြာမီ . . . မုဆိုးလေးဒေါင်းမိုက်နှင့် ရန်လုံတို့မှာ ဂုံမင်းမြောင်တောကြီး၏အတွင်းပိုင်းထိတိုင် ထိုးဖောက်ဝင်ရောက်လာခဲ့ကြပါ၏။ ဤသို့ဖြင့် မွန်းလွဲလုလုအချိန်ခန့်တွင် ခဲပုပ်တောင်ခြေမှ ပတ်ခွေစီးဆင်းလာသော စမ်းချောင်းငယ်တစ်ခုကို သစ်ပင်ချုံနွယ်များနောက်ဘက်မှ ခပ်ရေးရေး မြင်တွေ့လိုက်ရသည်။

''အင်း . . . ဒီကောင်တွေ စမ်းချောင်းဘက်မှာများ ခိုနေကြမလားမသိဘူး . . . အဲဒီဘက်မှာ ဝါးရုံတောတွေနဲ့ သစ်ရိပ်ဝါး





ရိပ် ပိုပြီးကောင်းတယ်''

ထုံးစံအတိုင်း ရန်လုံက ရှေ့မှဦးစွာပြေးထွက်သွားပြီး ချောင်းစပ်ရှိရာသို့ မြက်ရိုင်းပင်များကြားမှ ပြေးလွှားတိုးဝင်သွားပါလေ၏။ ဒေါင်းမိုက်ကမူ နှင်းရည်အဝသောက်ထားသဖြင့် စိမ်းရင့်ရောင်ပြေးနေသည့် မြေလွှာဆီသို့ ဖျတ်ခနဲငုံ့ကာ စစ်ဆေးရင်း ခြေရာခံလျက်ရှိသည်။

ထိုစဉ်မှာပင် . . . အမဲလိုက်ခွေးကြီးရန်လုံမှာ . . . သခင်ရှိရာသို့ ပြန်လည်ပြေးဝင်လာပြီး တအုအုနှင့်အော်မြည်နေပါ၏။

'ဝု . . အု . . အီ . . အီ '

ဒေါင်းမိုက်က ရှေ့သို့တိုးဝင်သွားသည့်တိုင် ရန်လုံက ခါတိုင်းကဲ့သို့ သွက်လက်လျင်မြန်စွာပြေးလိုက်လာခြင်းမရှိဘဲ တွန့်ဆုတ်တွန့်ဆုတ်နှင့်သာရှိပါချေ၏။ တအီအီနှင့် ဆုတ်ကန်ကန်လုပ်နေသည့် ရန်လုံကို တစ်ချက်မျှလှည့်ကြည့်လိုက်ရင်း ဒေါင်းမိုက် စဉ်းစားရခက်နေသည်သို့။ တစ်ဆက်တည်းမှာပင် သူ့အနီးကွင်သာ ပေကပ်ကပ်လုပ်နေသည့် ရန်လုံကို ဒေါင်းမိုက် အော်ဟစ်ငေါက်ငမ်းလိုက်ပြန်ပါ၏။

''ရှော် . . . ဒီကောင် ဘာဖြစ်နေတာလဲ၊ လာစမ်း . . . ချောင်းစပ်ဘက်ကိုသွားကြမယ် . . . ပေကတ်ကတ်လုပ်မနေနဲ့''

ဒေါင်းမိုက် အော်ဟစ်မာန်မဲနေသည့်တိုင် ရန်လုံကမူ ရှေ့သို့ အတန်ငယ်ပြေးသွားလိုက်၊ သခင့်ခြေရင်းသို့ ပြန်လည်၍ ပြေးကပ်လိုက်နှင့် ပျာယာခတ်လျက်သာ ရှိပါချေ၏။ အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသော အခြေအနေကြောင့် ချုံတန်းကြီးများကွယ်နေသည့် ချောင်းစပ်ရှိရာသို့ဆက်၍ မသွားသေးဘဲ ခေတ္တရပ်ကာ ဝန်းကျင်တစ်ဝိုက်ကို မှဆိုးမျက်စိ၊ မုဆိုးနားဖြင့် သေချာစွာအကဲခတ်နေပါ၏။ ထိုအခိုက် ...

'ဂဲ ..ဖရူး ..'

ဂွဲခနဲအော်မြည်ကာ ကြောက်လန့်တကြားဖြင့် ကောင်းကင်ယံထက်သို့ ပျံတက်သွားသော လင်းမြီးဆွဲငှက်တစ်ကောင်၏ အော်မြည်သံကြောင့် ဒေါင်းမိုက်သည် သူ၏နှစ်လုံးပြူးသေနတ်ကို ချက်ချင်းမကာ ထိုလင်းမြီးဆွဲငှက်ထပျံရာဘက်သို့ ပြောင်းဝလှည့်လိုက်သည်။

''အင်း ...တစ်ခုခုတော့ တစ်ခုခုပဲ ...ကြည့်ရတာ အန္တရာယ်ကောင်ကြီးတစ်ကောင်ကောင်တော့ ရှေ့က ချောင်းစပ်မှာ ရှိနေပြီထင်တယ်''

သူ၏အတွေ့အကြုံအရ မှတ်ချက်ချလိုက်ရင်း ညာဘက်လက်ညှိုးကိုသေနတ်မောင်းကွင်းပေါ်၌ ဖိကပ်လျက် လတ်တလော ပစ်ခတ်နိုင်ရေးအတွက် အသင့်ပြင်လိုက်ရင်း ရှေ့သို့တစ်လှမ်းချင်းတိုးဝင်လိုက်သည်။

အမဲလိုက်ခွေးကြီးရန်လုံကမူ နေရာတွင်ရပ်၍ကျန်နေခဲ့ရင်း သူ၏သခင်ဖြစ်သူကို စိတ်မချဟန်ဖြင့် လှမ်းမျှော်ကြည့်နေပါလေ၏။ ဒေါင်းမိုက်ချောင်းစပ်နားသို့ရောက်လုရောက်ခင်တွင် သူ့ရှေ့ရှိပိစပ်ချုံကြီးအကွယ်မှ ထူးခြားသောလှုပ်ရှားမှုများ နှင့်





အသံတချို့ကို ကြားလိုက်ရသည်။

'ဖွမ်း ..ပလုံ ..ပလပ် ..ဝရော'

ရုတ်တရက် ပိစပ်ချုံနောက်ဘက်ရှိချောင်းရေစပ်တွင် သတ္တဝါတစ်ကောင်ကောင်လှုပ်ရှားနေသည့် အသံမျိုးကြား လိုက်ရသဖြင့် ဒေါင်းမိုက် ဒိတ်ခနဲရင်ခုန်သွားသည်။ သို့သော် လှုပ်ရှားနေသည့်ရေသံများနှင့် အသံဗလံတချို့ကိုသာ ကြားနေရသည်။ ပိစပ်ချုံကြီးတစ်ခုခြားနေသဖြင့် ဘာကိုမျှသဲကွဲစွာ မမြင်ရ။

''ရော် ...ဘာသံတွေပါလိမ့် ...ကြေ ...တောဝက်တွေများ ရေစိမ်နေကြတာများလား''

သံသယအတွေးများနှင့်အတူ ချောင်းစပ်ကိုတွေ့မြင်နိုင်မည့် ကညင်ပင်ကြီးတစ်ပင်၏ နောက်ကွယ်သို့ခြေသံမကြားရလေအောင် အသာလေးလျှို၍ကပ်လိုက်ပါ၏။ ပြီးမှ ...သေနတ်ကိုအသင့်ပြင်လိုက်ပြီး ချောင်းစပ်မှအသံထွက်ပေါ်ရာသို့ကြည့်လိုက်သည့်တွင်။

''ဟင် ...တော ...တောဝက်နှစ်ကောင်ပါလား''

တွေ့ပြီ ...သူ၏ယာခင်းတစ်ဝက်နီးပါးကို ဖျက်ဆီးစားသောက်သွားကြသည့် တောဝက်အုပ်ထဲမှ တောဝက်နှစ်ကောင်ဖြစ်ရမည်။ ဤသို့ဆိုလျှင် အနီးအနားတစ်ဝိုက်တွင် တောဝက်အုပ်ရှိရမည်။ ထိုတောဝက်အုပ်စုထဲမှ ဤတောဝက်နှစ်ကောင်သည် ချောင်းစပ်တွင် ရေသောက်ဆင်းလာကြဟန်တူ၏။

မည်သို့ပင်ဖြစ်စေ ...ဒေါင်းမိုက်မှာမူ သဲသဲမဲမဲရှာဖွေနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် တောဝက်များကိုတွေ့ရှိလိုက်ရပြီမို့ သူ၏လက်ထဲမှ နှစ်လုံးပြူးသေနတ်ပြောင်းဝအား ပစ်မှတ်ဆီသို့ချိန်ရွယ်ကာ သေနတ်မောင်းကွင်းပေါ်သို့ ညာဘက်လက်ညှိုးကိုဖိကပ်လိုက်သည်။

ထိုစဉ် ချောင်းရေကို ငုံ့ကာသောက်နေသည့် တောဝက်ကောင်သည် အန္တရာယ်နံ့အသက်ကို ရရှိလိုက်သည်ထင့် ... ဖျတ်ခနဲ ခေါင်းကိုမော့ကာ လှည့်ကာကဲ၍ကြည့်လိုက်စဉ်မှာပင် ဝေါခနဲ ကျောက်ဆောင်ထိပ်မှ အနက်စက်ပြောက်များနှင့် ကျားသစ်ပျိုတစ်ကောင်က တောဝက်ပေါ်သို့ လွှားခနဲခုန်အုပ်လိုက်ပါသည်။

'ဂါး ..ဂရား'

'ကွိ ..ကွိ ..ကွိ ..ကွိ'

ရုတ်တရက်ဖြစ်ပေါ်သွားသည့် အခြေအနေကြောင့် သေနတ်မောင်းဖြုတ်လုဆဲဆဲ ဒေါင်းမိုက်မှာ တွန့်ခနဲဖြစ်သွားကာ ဒေါသလည်း ထွက်သွားပါလေ၏။ သူ၏ပစ်မှတ်သားကောင်ကို ကျားသစ်ပေါက်တစ်ကောင်က ကြားဖြတ်ဝင်ရောက် သတ်ဖြတ်လိုက်ခြင်းကြောင့်ပင်ဖြစ်သည်။

သို့သော် ...လောလောဆယ်မှာမူ သူ့အား ကျားသစ်ကောင် တွေ့မြင်သွားမည်စိုး၍ ကညင်ပင်ကြီးနောက်တွင် ပြားနေအောင် ကပ်ထားလိုက်ပါ၏။

'ဂါး ..ဂရား''

'ကွိ ..ကွိ ..ဝရော ..ဖျော'

---

ခု နှစ် စဉ် ကြယ် တာ ပေ



သူ့နည်းတူပင် အနီးရှိ တောဝက်တစ်ကောင်မှာလည်း လန့်ဖျပ်ကာ ချောင်းဖျားဘက်ဆီသို့ တစ်ဟုန်ထိုးပြေးထွက်သွားပါတော့သည်။ ချောင်းစပ်ရေပြင်တိမ်မှာတော့ ကျားသစ်ပေါက်နှင့် တောဝက်လုံးထွေးသတ်ပုတ်ကြရင်း လဲပြိုသွားရာမှ ကျားသစ်၏ သွားစွယ်ချွန်မြမြတို့က တောဝက်၏လည်ကုပ်တွင် စူးနစ်ဝင်ရောက်လျက် ရှိပါချေပြီတည်း။

ချောင်းရေစပ်တွင် တစောင်းလဲကျနေသည့် တောဝက်ခမျာ နာကျင်လွန်း၍ အော်ဟစ်ရုန်းကန်ကြည့်သေးသည်။

'ကွိ ..ကွိ ..ကွိ'

သို့သော် ...ရုန်းကန်လေ ကျားသစ်၏သွားစွယ်တို့က လည်ကုပ်သားထဲတွင် စူးနစ်ဝင်လေမို့ မည်သို့မျှမလှုပ်သာပါလေတော့။ နောက်ဆုံးကျားသစ်ပေါက်၏ဆွဲရမ်းခါမှုကြောင့် ခဏမျှအော်မြည်လူးလွန့်ကာ တောဝက်ခမျာ ငြိမ်သက်သွားပါလေတော့သည်။ သို့တိုင်အောင် ...အသက်ရှူမရပ်သေး။ ဝမ်းဗိုက်သည် ပိန့်လိုက်ဖောင်းလိုက်နှင့် ...။

ထို့နောက်မှာတော့ ကျားသစ်ပေါက်က ငုံခဲထားသည့် လည်ကုပ်ကိုလွှတ်လိုက်ကာ တောဝက်ကောင်၏ဝမ်းဗိုက်ကို ငုံခဲဆွဲဖွဲ့လိုက်ပါလေ၏။

'ဗြဲ ..ဖောက် ..ဂိး'

ငြိမ်သက်နေသည့် တောဝက်ကောင်ခမျာ တစ်ချက်မျှ တွန့်ခနဲဖြစ်သွားကာ အသက်ရှူရပ်သွားပါလေတော့သည်။

---

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ ကျားသစ်ပေါက်မှာ သူဖမ်းယူထားရရှိထားသော သားကောင်၏ ဝမ်းဗိုက်ကိုဖောက်ကာ အူ၊ အသည်း ကလီစာတို့ကို နှိုက်ယူဆွဲထုတ်၍ မြိန်ယှက်စွာ အငမ်းမရစားသောက်နေပါတော့၏။

''ဟင်း ..ဟင်း ..ဟင်း''

ဒေါင်းမိုက်ကလည်း ထိုအချိန်ကို တိတ်တဆိတ် စောင့်ဆိုင်းနေခြင်းသာဖြစ်ပါ၏။ သူ၏ပစ်မှတ်သားကောင်အား မုဆိုးစည်းဖောက်ကာ ကြားဖြတ်ဝင်ရောက်လုယက်၍ သတ်ဖြတ်စားသောက်သည့်ကျားသစ်ပေါက်၏လက်ပြင်ကို သေချာကျနစွာ ချိန်ရွယ်လိုက်သည်။ ထို့နောက် စိတ်ကိုတည်ငြိမ်စွာထားကာ ဘယ်ရောညာရောပြောင်းနှစ်ဖက်မှ ကျည်ဆန်များကို တစ်ချက်စီဆွဲဖြုတ်ချလိုက်ပါတော့သည်။

'ဒိန်း ..ဒိန်း'

'ဂါး ..ဂရား'

သေနတ်သံများ ကျားသစ်ကြီး၏ မာန်ဖီညည်းတွားအော်ဟစ်သံများက ဂုံမင်းမြောင်တောကြီးတစ်ခုလုံး ပွဲတင်ရိုက်ခတ်သွားလေသည်ထင်၏။ ဒေါင်းမိုက်မှာ ဘယ်လက်ချောင်းများကြားတွင် အသင့်ညှပ်၍ထားသော ကျည်ဆန်နှစ်တောင့်ကို ကျင်လည်စွာဖြင့် ခါးထိုးပြီးထားသော နှစ်လုံးပြူးသေနတ်၏ ပြောင်းနှစ်ဖက်အတွင်းသို့ ပစ်ထည့်ကာ မောင်းတင်လိုက်ရင်း ဒုတိယအကြိမ်ပစ်ခတ်နိုင်ရန် အသင့်ပြင်ဆင်လိုက်ပါ၏။

---





သို့သော် ...နောက်ထပ်ပစ်ခတ်ရန်မလိုအပ်တော့ပါ။ ကျားသစ်ကြီးကား သူသတ်ဖြတ်စားသောက်ထားသည့် တောဝက်ကြီး အနီးမှာပင် စင်းစင်းကြီးငြိမ်သက်လျက် ...သို့ရာတွင် သူမသေခင် သွေးရူးသွေးတန်းများနှင့်ကိုက်ဖဲ့တိုက်ခိုက်ခဲ့သောကြောင့် မြက်ရိုင်းပင်များ၊ သက်ကယ်ပင်များမှာ ကျိုးပြတ်ကြေမွကာ ထောင်းလမောင်းထလျက် ရှိပါချေတော့သည်။

''ဟွန်း ...မှတ်ပြီလားကွ ...ငါ့ရဲ့သားကောင်ကို လုယူတဲ့သူဟာ ငါ့ရဲ့ရန်သူပဲ ..ဟင်း ..ဟင်း ..ဟန်ကျကျသေးတော့၊ တစ်ချီတည်းနဲ့ တောဝက်ကောင်ရော ကျားသစ်ပေါက်ရော နှစ်ကောင်တောင်ရပါသေးလားဟေ့ ...ဟင်း ဟင်း''

ထို့နောက်မှာတော့ ဂုံမင်းမြောင်တောစပ်တွင် ထားရစ်ခဲ့သည့် သူ၏မြင်းညိုကြီးရှိရာသို့ ပြန်သွားယူကာ ကျားသစ်ပေါက်နှင့်တောဝက်ကောင်တို့ကိုတင်ဆောင်လျက် ဂုံမင်းမြောင်တောကြီးထဲမှ ပြန်လည်၍ထွက်လာခဲ့ပါ၏။

သူ၏ရှေ့မှာတော့ အမဲလိုက်ခွေးကြီးရန်လုံက သခင်၏အောင်မြင်မှုအတွက် တဝုတ်ဝုတ်နှင့်အော်မြည်ကာ ဂုဏ်ပြုရင်း ဂုံမင်းမြောင်တောကြီးအတွင်းမှ ကျောခိုင်းထွက်ခွာလာခဲ့ကြပါတော့သတည်း။

❖ ❖ ❖

---



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

### ဒဏ္ဍာရီအပြင်ဘက်က လောကလူသားများ

အချိန်က ညနေလေးနာရီကျော်ကျော်မျှသာ ရှိသေးသည်။ မိုးလုံးပြည့်မှိုင်းညို့မှောင်ရီနေသည့် မိုးရိပ်မိုးသားများကြောင့် နေရောင်ကိုမမြင်ရပါလေတော့။ အရေးထဲ မိုးသက်လေပြင်းက ရှဲမှန်ရှဲခါ တဝုန်းဝုန်းနှင့် စစ်ဆင်ရေးဝင်ချင်သေးသည်။

သည်သို့သောအချိန်ကာလကျမှ ဒေါက်တာလင်းမောင်၏ ဦးခေါင်းတစ်ခုလုံး တဆစ်ဆစ်နှင့်ကိုက်ခဲမူးဝေလာပြီး ရင်တစ်ခုလုံး ပူလောင်လျက်ရှိပါ၏။ ရင်အပူကြောင့် အာခေါင်တစ်ခုလုံးပင် ကွဲခြောက်လာသကဲ့သို့။ ထို့အပြင် ခန္ဓာကိုယ်ကြီးတစ်ခုလုံးမှာလည်း တဆတ်ဆတ်နှင့် တုန်ယင်လာခဲ့ပါ၏။

သို့တိုင်အောင် ဆိုင်ကယ်ကိုထိန်း၍မောင်းနှင်လာရင်း ရှေ့ခရီးကိုတွက်ဆကြည့်နေမိသည်။ မြို့သာမှထွက်လာကတည်းက





ညို့မှိုင်းအုပ်ဆိုင်းနေသည့် မိုးကိုလည်း ဒေါက်တာလင်းမောင် စိတ်ပျက်နေခဲ့မိသည်မဟုတ်ပါလား။ အရေးထဲ အရာပေါ်ဆိုသကဲ့သို့ သူ၏ရောဂါဟောင်းသည်လည်း ပင်ပန်းမှုဒဏ်၊ စိတ်ဖိစီးမှုဒဏ်တို့ကြောင့် ပြန်ပေါ်လာခဲ့ပြီး ယခုကဲ့သို့ ခရီးသွားနေစဉ်အတွင်းဝယ် ဒေါက်တာလင်းမောင်ကို ဒုက္ခပေးနေခြင်းပင် ဖြစ်ပါသည်။

“အား ... ကျွတ် ကျွတ် ...နေရှာရာကို ရောက်ဖို့ကလည်း နောက်ထပ် တစ်နာရီနီးပါးလောက် မောင်းရဦးမယ်ထင်တယ် ...ဟူး”

ဒေါက်တာလင်းမောင်တစ်ယောက် ဝေဒနာကိုကြိတ်မှိတ်ခံစားရင်း သူစီးနင်းလာသည့်ဆိုင်ကယ်လေးကို တစ်ဖက်မြေနီလမ်းကြောပေါ်သို့ ဆွဲကွေ့တင်လိုက်ရင်း ခပ်မှန်မှန်မောင်းနှင်လာခဲ့သည်။ ဟုတ်သည် ...မြို့သာနှင့်ဖုန်းမသိမ်ကုန်းသည် အနည်းဆုံး တစ်နာရီသာသာခန့် မောင်းနှင်ရသည်။ သည်ခရီးစဉ်ကြားတွင် ရွာဆက်ပြတ်သည်။ သာမန်အချိန်မျိုးတွင် ဤခရီးစဉ်ကို သွားလာရသည်မှာ ဒေါက်တာလင်းမောင်အတွက် အခက်အခဲမရှိသော်လည်း ယခုကဲ့သို့ ဝေဒနာခံစားနေရသည့်အချိန်တွင်မူ ခရီးလမ်းကြောက ပို၍ရှည်ကြာနေသည်ထင့်။

ဆိုင်ကယ်ကို ဂရုတစိုက်မောင်းနှင်လာစဉ် မိုးသက်လေကိုးဝင်လာနေသည့်ကြားမှ ဒေါက်တာလင်းမောင်၏နဖူးပြင်ထက်တွင် ချွေးသီးချွေးစလေးများက တွဲခိုစီးကျလာပါ၏။ ရင်သည်



www.burmeseclassic.com

www.burmeseclassic.com



တလှပ်လှပ်နှင့် တုန်ယင်မောဟိုက်လာသည်။ သူ့တွင် ဆေးသေတ္တာပါသော်လည်း သူသောက်နေကျဆေးက ပါမလာခဲ့ပါ။

"ဘုရား ဘုရား . . . ရင်ထဲက တလှပ်လှပ်နဲ့ အသက်ရှူ ရ ကျပ်ကျပ်လာတယ်၊ တစ်နေရာရာမှာ ခဏတစ်ဖြုတ်လောက် နားလိုက်ရရင် ကောင်းမလားမသိဘူး"

ထိုကဲ့သို့ စိတ်ကူးလိုက်စဉ် 'နေရွှေရာ'ရှိ သူ၏မေတ္တာရိပ် မွန်ဆေးခန်းတွင် သူပြန်လာချိန်ကိုစောင့်မျှော်နေကြမည့် သူ၏ လူနာများကို မျက်စိထဲတွင်မြင်ယောင်လာမိသည်။ ထို့အပြင် တစ်မိုးလုံး မှိုင်းညို့မည်းမှောင်နေသည့် မိုးကိုလည်း ဒေါက်တာလင်းမောင် စိတ်မချနိုင်။ သည်မိုးမရွာခင် ဖုန်းမသိမ်ကုန်းရှိ သူ၏မေတ္တာရိပ်မွန်ဆေးခန်းသို့လည်း ရောက်ချင်သည့်ဆန္ဒက သူ့တွင်စိုးမိုးနေပြန်သည်မဟုတ်ပါလား။

"အင်း . . အီး . . ကျွတ် ကျွတ် . . . ဟုတ် . . ဟုတ်တယ်၊ ငါ . . . ငါ နားလို့မဖြစ်သေးပါဘူးလေ . . . ဆိုင်ကယ်ကို ဖြည်းဖြည်းချင်းထိန်းစီးပြီး ဖုန်းမသိမ်ကို ရောက်အောင်ပြန်ရမယ်၊ အရေးထဲ မိုးတွေက ညို့လာပြန်ပြီ၊ မိုးရွာချလာရင်တော့ ဒုက္ခပဲ"

ဟုတ်သည် . . . ကောင်းကင်ပြင်တစ်ခုလုံး ခဲသားပုပ်ရောင်မိုးရိပ်မိုးသားများက လွှမ်းခြုံအုံ့ဆိုင်းထားသည်မို့ တစ်လောကလုံး မှိုင်းမှုန်မည်းမှောင်နေပါ၏။ သည်ကြားထဲ မိုးသက်လေကပါ ရှဲဖန်ရှဲခါ တဝေါဝေါတိုက်ခတ်နေသည်မို့ မိုးနှင့်လေ အပြိုင်ကြကြတော့လေမည်ထင့်။





တဟူးဟူး၊ တဝေါဝေါတိုက်ခတ်နေသည့် မိုးသက်လေပြင်းကြောင့် မြေနီလမ်းတစ်ဖက်တစ်ချက်တွင်ပေါက်ရောက်နေကြသော သစ်ပင်ကြီး၊ ဝါးပင်ကြီးတို့ အကိုင်းချင်း၊အပင်ချင်း ကြိတ်သံ၊ ရိုက်ခတ်သံများက ဒေါက်တာလင်းမောင်၏ဆိုင်ကယ်စက်သံကိုပင် ဖုံးလွှမ်းလျက်ရှိပါ၏။

မှိုင်းမှုန်သောမိုးသား၊မိုးတိမ်များကြောင့်လည်းကောင်း၊ ထူထပ်သောသစ်ရိပ်၊ဝါးရိပ်များကြောင့်လည်းကောင်း၊ ကျဉ်းမြောင်းသောမြေနီလမ်းကြောလေးထဲတွင် အလင်းရောင်လုံလောက်စွာ မရချင်တော့။ နေဝင်ဆည်းဆာအချိန်ကဲ့သို့ ခပ်မှောင်မှောင်ဖြစ်နေပါ၏။

ထိုစဉ်မှာပင် . . . ဆို့ကျပ်လာသောရင်က နှလုံးကို ဝင်၍ဆောင့်လေသည် ထင်၏။ မွန်းကျပ်လာသော အသက်ရှူ မမှန်ကန်မှုတို့ကြောင့် ဒေါက်တာလင်းမောင်၏ခန္ဓာကိုယ်ကြီးတစ်ခုလုံး ငှက်ဖျားတက်သကဲ့သို့ တုန်တုန်ယင်ယင် ဖြစ်လာပါတော့သည်။ သို့တိုင်အောင် ခရီးပေါက်နိုင်သလောက်ပေါက်အောင် ဆို့ကျပ်လာသည့်ဝေဒနာဆိုးကြီးကို ကြိတ်မှိတ်၍ခံစားရင်း ဆိုင်ကယ်ကို မီးဖွင့်၍မောင်းနှင်လာခဲ့သည်။

သို့သော် . . . မိုးသက်လေနှင့်အတူရောနှော၍ လိုက်ပါလာသည့် မိုးစက်မိုးပေါက်များက ခပ်ကဲ့ကဲ့ရွာချလာကြပြီမို့ ဒေါက်တာလင်းမောင်တစ်ယောက် အခက်ကြုံရပါပြီ။ သူ့အတွက်တော့ ဘူးလေးရာဖရုံဆင့်ခဲ့လေပြီထင့်။ နောက်ဆုံး ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



မောင်းနှင်ရင်း နှလုံးက မခံမရပ်နိုင်အောင် အောင့်လာခဲ့သည်။ ဆိုင်ကယ်ကိုလမ်းချိုးကွေ့လေးထဲသို့ ချိုးဝင်လိုက်ပြီး သစ်ပင်ရိပ် အောက်တွင် ရပ်လိုက်ရပါတော့သည်။

ထို့နောက် . . . ဆိုင်ကယ်ပေါ်မှဒယီးဒယိုင်နှင့်ဆင်းလိုက် ပြီး ရင်ဝကိုလက်နှင့်ဖိကာ သစ်ပင်ရိပ်အောက်သို့လှမ်းဝင်လာ ခဲ့သည်။

''အ . . အီး . . ကျွတ် ကျွတ် . . . ငါရင်ထဲက စူးပြ အောင့်လာပါလား၊ အင်း . . . လောလောဆယ် ငါနားခိုဖို့ နေရ တစ်ခုခု ရမှဖြစ်တော့မယ်၊ ကြာလာရင် ငါ ဒုက္ခဖြစ်လိမ့်မယ် . . အီး . . ကျွတ် ကျွတ်''

ဒေါက်တာလင်းမောင် ကံကောင်းသည်က တဝေါ တိုက်ခတ်နေသည့် မိုးသက်လေပြင်း အတန်ငယ်အားပျော့သွားပြ ခပ်ကျဲကျဲရွာချနေသည့်မိုးကလည်း တဖျောက်ဖျောက်သာ ရွာ နေသည်မို့ မိုန်ပျပျတောလမ်းလေးအတိုင်း ကြိတ်မှိတ်၍ တိုးဝ လျှောက်လှမ်းလာခဲ့ပါတော့သည်။

✥

လှမ်းထားသည့်နေကြာများကို တဲအတွင်းသို့ ပြန်လည် ရုပ်သိမ်းရင်း . . . နေကြာတစ်ယောက် ညို့မှိုင်းနေသည့် ကော





ကင်ပြင်ကြီးကိုမော့ကြည့်လိုက်သည်။ ရှစ်ခွင်တိုင်းလုံးညို့မှိုင်း အုပ်ဆိုင်းလျက် တရိပ်ရိပ်တက်လာနေသည့် မိုးရိပ်မိုးသားများ ကိုကြည့်ကာ နေကြာ၏စိုးရိမ်ပူပန်မှုတို့က အထွတ်အထိပ်သို့ ရောက်လာပါ၏။

''ဘုရား ဘုရား . . . မိုးတွေကလည်း ကောင်းကင်တစ်ခု လုံး ပြိုကျလာတော့မလိုပါလား . . . ကိုကြီးဒေါင်းတစ်ယောက် ကလည်း ခုချိန်ထိတောင် ပြန်မရောက်သေးဘူးလား၊ အင်း . . . မိုးတွေလေတွေများ မိနေရင်တော့ ဒုက္ခပဲ . . . ဟူး''

နောက်ဆုံး နေကြာတောင်းလေးကိုပွေ့ကာ တဲအတွင်း သို့ ထားသိုလိုက်ရင်း နပူးပြင်ဝင်းဝင်းလေးတွင် စို့လာသည့် ချွေးစီးအချို့ကိုအညာဖျင်တဘက်လေးဖြင့် နေကြာ သုတ်ဖယ် လိုက်သည်။ ဟုတ်သည် . . . ခါတိုင်းသည်အချိန်ဆို ကိုကြီးဒေါင်း တစ်ယောက် မြင်းညိုကြီးကိုစီးကာ အမဲလိုက်ရာမှ ပြန်ရောက်နေ ပါပြီ။ သည်နေ့မှ ဘာကြောင့်များနောက်ကျနေရပါလိမ့်ဟု တွေး ရင်း နေကြာခမျာ အစ်ကိုဖြစ်သူလာရာလမ်းသို့ မျှော်ငေးလျက် ကြည့်နေမိပါသည်။

တစ်ဆက်တည်းပင် သူမ၏ ယုန်ဖြူမလေး . . . ဖြူဖွေး ကိုပါ ဖျတ်ခနဲသိရလိုက်မိသည်။ တစ်မိုးလုံးမည်းမှောင်နေသည့် ရာသီဥတုကြောင့် အစ်ကိုဖြစ်သူအတွက် စိတ်မချ၊ လက်မချ ဖြစ်နေရသည့်အထဲ သည်ဖြူဖွေးဆိုသည့်အကောင်က တစ် မှောင့်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မိုးကလည်းရွာတော့မယ်ထင်တယ် ... ညို့နေတာပဲ ... မိုးသက်လေပါ ပါမလားမသိဘူး။ အရေးထဲ ဖြူဖွေးတစ်ကောင်ကလည်း အိမ်မှာကိုကပ်တယ်မရှိဘူး၊ ဘယ်အထိများ ခြေရှည်နေတာပါလိမ့်"

အစ်ကိုဖြစ်သူ ဒေါင်းမိုက် ... အမဲလိုက်ပစ်ထွက်ရာမှ ညီမဖြစ်သူနေကြာအတွက် သတိတရဖမ်းယူလာခဲ့သော ချစ်စရာယုန်ဖြူမလေးဖြူဖွေးက ယခုဆိုလျှင် နေကြာနှင့် အဖော်အလှော်ပင် ရနေပါပြီ။

"ဖြူဖွေးရေ ဖြူဖွေး ... ဖြူဖွေးရေ"

ဖုန်းမသိမ်ကုန်းရှိ သစ်လုံးအိမ်အတွင်းသို့ ပြန်ဝင်၍ ခမောက်ကလေးဆောင်းကာ ဖြူဖွေးကို တကြော်ကြော်ဟစ်အော်ခေါ်ငင်ရင်း နေကြာခင်းများဘက်သို့ ထွက်လာခဲ့သည်။

ဟုတ်သည် ...။ အနောက်တောင်ထောင့်မှ မိုးရိပ်ဆင်ကာ တစ်စတစ်စ မိုးလုံးပြည့်မှိုင်းညို့လာသော မိုးသားတိမ်လိပ်များက မိုးသက်လေနှင်ရာသို့ တရွေ့ရွေ့ခရီးနှင်လျက်။ ဟူးဟူးရားရား တိုက်ခတ်လျှက်ရှိသော မိုးသက်လေကြောင့် နေကြာခင်းကြီးများပင် မြေပြင်သို့ဦးညွှတ်လှုပ်ယမ်းနေကြသည်။ မှိုင်းညို့ညို့ခဲပုပ်ရောင်ထနေသည့် မိုးသားတိမ်လိပ်များက မကြာခင် ပြိုဆင်းကျလာကာ မိုးစက်မိုးပေါက်များအဖြစ် ရွာသွန်းချကြပေတော့မည်။

"ဖြူဖွေးရေ ... ဖြူဖွေး"





နေကြာတစ်ယောက် ထဘီစလေးကို တစ်ဖက်ကဆွဲ ... ဦးခေါင်းထက်မှဝါးခမောက်လေးကို တစ်ဖက်ကကိုင်လျက် ယုန်ဖြူမလေးဖြူဖွေးကို တကြော်ကြော်ခေါ်ငင်ရင်း ဖုန်းမသိမ်ကုန်းနှင့်ဆက်နေသည့် ဘိုတဲကုန်းဘက်သို့ ရောက်ရှိလာခဲ့ပါ၏။

သစ်ပင်ချုံနွယ်များအုပ်ဆိုင်းနေသည့် ဘိုတဲကုန်းထိပ်မှ ဘိုတဲပျက်ကြီးကတော့ ခဲပုပ်ရောင်မိုးရိပ်မိုးသားများအောက်တွင် တစ္ဆေအိုကြီးတစ်ကောင် ငုတ်တုတ်ငိုက်မျဉ်းနေလေသည်သို့။ ယခုကဲ့သို့ ... ညို့မှိုင်းမည်းမှောင်နေသည့်အချိန်ကာလ ... မိုးသက်လေကြမ်းကလည်း တဝေါဝေါတိုက်ခတ်နေသည့်အချိန်ကာလများတွင် ကျိုးပြတ်နေသည့် သွပ်ပြားလန်သံများ၊ တဗျမ်းဗျမ်း တံခါးရွက်များရိုက်ခတ်သံ၊ တဂျွမ်းဂျွမ်းနှင့် ဆူညံနေသည့် ဘိုတဲပျက်ကြီးဝန်းကျင်မှာတော့ မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးများ ဆူညံဗွာညည်းတွားဟစ်အော်နေကြသည့်နှယ်ပါတည်း။

"ဟေး ... ဖြူဖွေး ... ဖြူဖွေးရေ ... ရော် ... ဒီကောင် ဒီဘက်ကုန်းမှာလည်း မရှိပါဘူး၊ ဘယ်ထိအောင်များ ခြေရှည်နေသလဲ မသိဘူး"

တဟူးဟူးတိုက်ခတ်နေသည့် မိုးသက်လေပြင်းကြောင့် သစ်ပင်ဝါးပင်တို့၏ အကိုင်းချင်း,အခက်ချင်း ပွတ်ကြိတ်သံ၊ ရိုက်ခတ်သံများနှင့် ဘိုတဲပျက်ကြီးမှ ကျိုးကျိုးကျည်ကျည်အသံများမှလွဲ၍ ဘိုတဲကုန်းဝန်းကျင်တွင် နေကြာ၏ခေါ်သံ၊ အော်သံသဲ့သဲ့လေးက ရံဖန်ရံခါ ထွက်ပေါ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညို့မှိုင်းသောမိုးသားတိမ်လိမ်များနှင့် အုံ့ဆိုင်းထူထပ်စွာပေါက်ရောက်လျက်ရှိသည့် သစ်ကြီးဝါးကြီး၊ သစ်ရိုပ်ချုံရိုပ်များကြောင့် ဖုန်းမသိမ်ကုန်းနှင့် ဘိုတဲကုန်းတစ်ဝိုက်တွင် အလင်းရောင်က အားပျော့လျက်ရှိပါချေပြီ။ နေလုံးမကွယ်ပျောက်သေးသည့်တိုင် ခပ်မှောင်မှောင်အလင်းပျော့နှင့် နေဝင်ဆည်းဆာအချိန်ကဲ့သို့ ရှိနေပါချေသည်။ ထိုအချိန်တွင် . . .

မိုးသက်လေပြင်းအောက်တွင် သံစုံအော်မြည်နေသည့် ဘိုတဲပျက်ကြီး၏ နောက်ဘက်ခြမ်း တံခါးပျက်ကြီးတစ်ခုနောက်ကွယ်မှ လှစ်ခနဲပြေးထွက်သွားသည့် အရိပ်မည်းကြီးတစ်ခုကိုတော့ နေကြာ မတွေ့လိုက် မမြင်မိလိုက်ပါ။

'ဂျွမ်း . . ဂျွမ်း . . ဂျွမ်း' . . . 'ဖြန်း . . ဖြန်း . . ဂျွမ်း'

မိုးသံလေသံ၊ သွပ်ပြားရိုက်ခတ်သံများအောက်တွင် သူမ၏သံယောဇဉ် ယုန်ဖြူမလေးဖြူဖွေးကိုသာ တကြော်ကြော် ဟစ်အော်ခေါ်ငင်ရင်း မြေနီလမ်းကြောဘက်သို့ ရောက်မှန်းမသိရောက်ရှိလာခဲ့ပါတော့သည်။

ထိုစဉ်မှာပင် . . . တဟူးဟူးရိုက်ခတ်လျက်ရှိသော မိုးသက်လေပြင်းနှင့်အတူ ရောနှော၍ပါလာသည့် ကြီးမားသောမိုးစက်မိုးပေါက်များကလည်း တဖွဲဖွဲနှင့်ရွာသွန်း၍ချလာခဲ့ပါချေပြီကော။





မိုးက ခပ်ဖွဲဖွဲရွာချနေရာမှ အတန်ကြာ ကျဲပါးသွားပါလေ၏။ သို့သော် . . . သစ်ပင်ချုံနွယ်များအုပ်ဆိုင်းနေသည့် ခပ်မှောင်မှောင်မြင်ကွင်းတွင် ဒေါက်တာလင်းမောင်မှာ တစ်စုံတစ်ရာကို အသည်းအသန်ရှာဖွေနေမိသည်။

"အင်း . . . ကျွတ် . . . ကျွတ်"

သစ်ပင်တစ်ပင်တွင် လက်ထောက်ရင်း တစ်ချက် တစ်ချက် သတိလက်လွတ်လုမတတ်ဖြစ်သွားသည့်စိတ်ကို ထိန်းချုပ်ကာ အသက်ကို ခဲယဉ်းပင်ပန်းစွာရှူရှိုက်နေပါ၏။ သည့်ထက်ပို၍ အမှောင်ကြီးစိုးမသွားခင် . . . လူသူတစ်ဦးဦး သို့မဟုတ် နားခိုရာတစ်ခုခုကို ရှာဖွေတွေ့ရှိနိုင်မှဖြစ်မည်။ သူ၏နှလုံးသွေးကြောကျဉ်းမှုနှင့် ပင်ပန်းမှုဒဏ်တို့ကြောင့် ဆို့ကျပ်စူးနစ်လာသော ဝေဒနာသည် သည်တစ်ကြိမ် ပို၍ဆိုးဝါးလာသည်ဟု ထင်မိသည်။

ထိုစဉ် . . . ဒေါက်တာလင်းမောင်၏ မှုန်ဝါးဝါးအမြင်အာရုံတွင် တောင်ကုန်းငယ်ထိပ်မှ . . . မည်းမည်းသဏ္ဌာန်အဆောက်အအုံကြီးတစ်ခုကို သစ်ပင်ချုံနွယ်များကြားမှ ဝိုးတဝါးတွေ့မြင်လိုက်ရသည်။

"ဟင် . . . ဟို . . . ဟို . . . ကုန်းမြင့်ထိပ်မှာ အဆောက်အအုံကြီးတစ်လုံးပါလား။ ငါ . . . ငါ သိပ်ပြီး ကံ . . . ကံကောင်းတယ်၊ မိုးမချုပ်ခင် နားခိုရာတစ်ခုကို တွေ့ . . . တွေ့ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အင်း ...ကျွတ် ကျွတ်''

သို့သော် ဒေါက်တာလင်းမောင်တွက်ဆထားသလို ကုသိုလ်ကံတော့သိပ်ကောင်းလိမ့်မည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ထူထပ်သိပ်သည်းလှသော ချုံနွယ်ပိတ်ပေါင်းများနောက်မှ မည်းမည်းသဏ္ဍာန်အရိပ်မည်းကြီးတစ်ကောင်က ဒေါက်တာလင်းမောင်၏လှုပ်ရှားမှုမှန်သမျှကို မမိုတ်မသုန်ဖြင့် တိတ်တဆိတ်လိုက်လံချောင်းမြောင်းလျက်ရှိသည်မဟုတ်ပါလား။

ဆိုးဝါးလှသောဝေဒနာကြီးကို ကြိတ်မှိတ်ခံစားရင်း ယိုင်နဲ့နဲ့ခြေလှမ်း၊ လက်ကျန်အင်အားအနည်းငယ်ဖြင့် မှောင်ပျပျမြင်ကွင်းအောက်တွင် ပိုးတဝါးတွေ့မြင်နေရသည့် အဆောက်အအုံမည်းမည်းကြီးဆီသို့ လျှောက်လှမ်းလာခဲ့သည်။ အိမ်ရှိလျှင်တော့ လူတစ်ယောက်ယောက်ရှိနိုင်သည်။ ထိုအတွေးစိတ်ကူးနှင့် ဘိုတဲလိုလိုအဆောက်အအုံကြီးရှိရာသို့ ဒယိမ်းဒယိုင်သွားနေသည့် ဒေါက်တာလင်းမောင်ကမူ သူ့အား အမှောင်နောက်ကွယ်မှ စူးစူးရဲရဲစိုက်ကြည့်နေသည့် အရိပ်မည်းတစ္ဆေကောင်ကြီးကို လုံးဝသတိမမူနိုင်ခဲ့မိပါ။

မျက်နှာပြင်ထက်သို့ အဆက်မပြတ်စီးကျလာသည့် ချွေးသီးချွေးပေါက်များကို လက်ခုံဖြင့်သုတ်ဖယ်လိုက်ရင်း ...

သစ်ကိုင်းတစ်ခုကို အားပြုဆွဲကာ မြေလမ်းဖုန်ဖုန်လေးအတိုင်း ဒေါက်တာလင်းမောင်လျှောက်လှမ်းလာခဲ့စဉ် ...

'ဟီး ဟီး ..ဟား ဟား ..ဟိုး ဟိုး ..ဟင်း ဟင်း'





ရုတ်တရက် သူ၏ရှေ့တည့်တည့် သစ်ပင်ချုံနွယ်ကြီးဆီမှလိုလို၊ တွေ့မြင်နေရပြီဖြစ်သော ဘိုတဲလိုလိုအဆောက်အအုံကြီးဘက်ဆီမှလိုလို ရယ်မောသံကြီးတစ်ခုကို ပြုန်းခနဲကြားလိုက်ရသဖြင့် ... ဒေါက်တာလင်းမောင် ထိတ်လန့်တုန်လှုပ်သွားမိပါသည်။

''ဟာ ... ဘာ .. ဘာသံကြီးလဲ ... ရယ်သံကြီးလိုလိုနဲ့ ဘယ်ကထွက်လာတာလဲ''

ဒေါက်တာလင်းမောင်ခမျာ ဝေဒနာကိုကြိတ်မှိတ်ခံစားရင်း ... မည်သည့်နေရာမှထွက်ပေါ်လာမှန်းမသိသည့် သွေးပျက်ချောက်ချားဖွယ်ရယ်မောသံကြီးကြောင့်စိတ်လှုပ်ရှားနေစဉ် ...

'ဝုန်း ..ဖရော'


'ဟီး ..ဟီး ..ဟား ..ဟား ..ဟိုး ..ဟိုး'

ရုတ်တရက် ... သူ၏ရှေ့သို့ အရိပ်မည်းတစ္ဆေကောင်ကြီးတစ်ကောင် မိုးပေါ်မှပြုတ်ကျလာသကဲ့သို့ ပြုန်းခနဲရောက်ရှိလာသည့်အချိန်နှင့် တစ်ဆက်တည်းမှာပင် ဝေဒနာအခံစိတ်နှင့် သွေးပျက်ထိတ်လန့်နေသည့်ဒေါက်တာလင်းမောင်ခမျာ ... လန့်ဖျပ်ကာ သတိလစ်မေ့မြောသွားပါချေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

# ရာဇဝင်တွေထဲက ဖုန်းမသိမ်ကုန်းပုံပြင်

ဖုန်းမသိမ်ကုန်း . . . ။

အမည်နာမလေးက လှသလောက် သူ၏နောက်ကြောင်းရာဇဝင်များက သွေးပျက်ချောက်ချားဖွယ်၊ ထိတ်လန့်အံ့သြဖွယ်၊ မယုံကြည်နိုင်ဖွယ်ရာများနှင့် စိတ်ဝင်စားဖွယ် ရောပြွမ်းရှုပ်ထွေးနေပါ၏။ တချို့က ဖုန်းမသိမ်ကုန်းကို မကောင်းဆိုးဝါးများနေထိုင်ရာ ကျတ်ကုန်းဟုလည်း ခေါ်ဆိုကြသည်။

ဟုတ်သည် . . . ။ သူတို့ ဝိဂြိုဟ်ပြုထားသကဲ့သို့ပင် ဖုန်းမသိမ်ကုန်း၏ညနေ နေဝင်ရီသရောအချိန်များနှင့် လမိုက်ညရက်များတွင် ဖုန်းမသိမ်ကုန်းနှင့်ဘိုတဲကုန်းဘက်များဆီမှ အော်ဟစ်ညည်းတွားသံကြီးနှင့်အတူ ဆံပင်ဖားလျားချထားသည့် အရိပ်မည်းတစ္ဆေကောင်ကြီးများကို မကြာခဏဆိုသလို တွေ့မြင်ကြား





သိကြရသည်ဟုလည်း ဆိုကြပါ၏။

ရံဖန်ရံခါ နေ့ခင်းကြောင်တောင်မှာပင် ဖုန်းမသိမ်ကုန်းဘက်သို့နယ်ကျွံရောက်ရှိသွားကြသော ကျွဲနွားတချို့မှာလည်း ထူးဆန်းစွာပျောက်ဆုံးသွားတတ်လေ့ရှိပါ၏။ ထို့အတူ နွားကျောင်းသားတချို့နှင့် ကလေးသူငယ်များမှာလည်း တစ်ယောက်တည်းအဖော်ကွဲ၍ ဖုန်းမသိမ်ကုန်းဘက်သို့ရောက်ရှိသွားခဲ့လျှင် ပြန်လမ်းမရှိဖြစ်ခဲ့ဖူးသည့် သာဓကများစွာရှိခဲ့ကြသဖြင့် အနီးဝန်းကျင်ရှိရွာများက ဖုန်းမသိမ်ကုန်းကို 'အမင်္ဂလာကုန်း'၊ 'သူသတ်ကုန်း' ဟုခေါ်ဆိုကြကာ ဝေးဝေးမှပင် ရှောင်ကွင်းသွားလေ့ရှိကြပါ၏။

သည်ကြားထဲ သစ်ကြီးဝါးကြီးများနှင့်ညို့မှိုင်းအုပ်ဆိုင်းနေသည့် ဖုန်းမသိမ်ကုန်းထက်တွင် ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်လက်ထက်ကတည်းက ဆောက်လုပ်ထားဟန်တူသည့် ဘိုတဲပျက်ကြီးတစ်ခုကလည်း လူသူမနေတော့ဘဲ ပျက်စီးယိုယွင်းလျက်ကျန်ရှိနေခဲ့ခြင်းကလည်း ဖုန်းမသိမ်ကုန်း၏ရာဇဝင်ကို ပိုမို၍ချောက်ချားသွေးပျက်ဖွယ်ရာဖြစ်အောင် ပံ့ပိုးပေးနေသည်သို့။

တစ်ဖန် . . . ဂျပန်ခေတ်သို့ရွေ့လျောရောက်ရှိလာပြန်တော့လည်း ဂျပန်များက ယင်းဘိုတဲပျက်ကြီးကို ဂျပန်ကင်ပေတိုင်ရုံးစခန်းအဖြစ်ဖွင့်လှစ်ကာ တော်လှန်ရေးသမားများအားဖမ်းဆီးချုပ်နှောင်ခြင်း၊ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ကာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းတို့ကြောင့်လည်း ဘိုတဲကုန်းဟုပင် ထပ်ဆင့်နာမည်ကြီးခဲ့သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသူမများနှင့် ရှေ့မီနောက်မီ အဘိုးအဘွားများကမူ ဂျပန်ခေတ်တစ်လျှောက်လုံး အညှဉ်းဆဲအသတ်ဖြတ်ခံရသူများသည် မကျွတ်မလွတ်ကြဘဲ ထိုဘိုတဲပျက်ကြီးနှင့် အနီးရှိသချိုင်းကုန်းပျက်ကြီးတွင် ယနေ့တိုင် မီကပ်တွယ်ခိုနေကြသေးသည်ဟုလည်း ပြောကြသည်။

နောက်ဆုံးတော့ . . . ဖုန်းမသိမ်ကုန်းခေါ် အမင်္ဂလာကုန်းကြီး၏နေဝင်မိုးချုပ်တွင် ဘိုတဲပျက်ကြီးဆီမှ ငိုညည်းသံလိုလို၊ ဟစ်အော်ငိုကြွေးနေသံလိုလိုများကို ကြားသိနေရခြင်း၊ အရိပ်မည်းမကောင်းဆိုးဝါးတစ္ဆေကောင်ကြီးများ သွားလာနေကြသည်ဆိုခြင်းတို့ကြောင့် ဖုန်မသိမ်ကုန်းဘက်သို့ မည်သူမျှ အသွားအလာမလုပ်ကြဘဲ ခပ်ကင်းကင်းပင်နေထိုင်ခဲ့ကြသည် မဟုတ်ပါလား။

ဤသို့ . . . ဤနယ် သတင်းမျိုးစုံတို့ဖြင့် နာမည်ကြီးချင်တိုင်းကြီးနေသည့် ဖုန်းမသိမ်ကုန်းသို့ ဒေါင်းမိုက်တို့မောင်နှမနှစ်ဦး လွန်ခဲ့သောတစ်နှစ်ကျော်ကျော်က ရောက်ရှိလာခဲ့ကြသည်။ ဘီလူးသရဲတစ်ကောင်ကဲ့သို့ မုတ်ဆိတ်မွေး, ပါးမြိုင်းမွေးကြီးများ ထိုးထိုးထောင်ထောင်၊ ဆံပင်ရှည်ကြီးက လည်ကုပ်ထိတိုင် ရှည်လျားသည့် မုဆိုးလူကြမ်း ဒေါင်းမိုက်နှင့် ဖြူနုဝင်းမွတ်နေသောအသားအရေ၊ နက်မှောင်ထူထဲသောဆံပင်ရှည်ကြီးနှင့် မင်းသမီးလေးတစ်ပါးကဲ့သို့ ချောမောလှပသော နေကြာဆိုသည့် မိန်းမချောလေးတို့၏ဆက်နွယ်ပုံ ပဋ္ဌာန်းဆက်က လွန်စွာမှပင် ထူးခြားဆန်းပြားနေပါသည်။





မည်သည့်ရွာ၊ မည်သည့်ဒေသ၊ မည်သည့်အရပ်မှ ပြောင်းရွှေ့လာကြသည် မသိ . . . ဤမောင်နှမနှစ်ယောက်တို့သည် မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီးသည့်အချိန်တွင် နေရဋ္ဌရာရွာကြီးသို့ ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။

သို့တိုင်အောင် လွတ်လပ်ရေးရပြီးခါစ မတည်ငြိမ်သောဖယောဂအခြေအနေကြောင့် နေရဋ္ဌရာရွာကြီးကလည်း ဒေါင်းမိုက်တို့မောင်နှမနှစ်ဦးကို ရွာကြီးထဲတွင် လက်သင့်မခံရဲကြပါ။ ဖြူဖြူချောချော နေကြာလေးကို သနားစိတ်ဝင်မိကြသည့်တိုင် ခပ်ကြမ်းကြမ်းစရိုက်ဆိုးနှင့် မုဆိုးကြမ်းကြီး ဒေါင်းမိုက်ကြောင့် ရွာသူကြီးမှအစ ထိတ်လန့်ကြောက်ရွံ့လျက်ရှိကြပါ၏။

နောက်ဆုံး . . . စိတ်မြန်ကိုယ်မြန်နှင့် စိတ်ကြမ်းလူကြမ်းကြီး မုဆိုးဒေါင်းမိုက်က နေရဋ္ဌရာရွာနှင့်မြိုင်သာရွာနှစ်ရွာကြားရှိ ဖုန်းမသိမ်ကုန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါ၏။ ဖုန်းမသိမ်ကုန်းထက်ရှိ မြေရိုင်းများကို မောင်နှမနှစ်ယောက်တည်း ခုတ်ထွင်ရှင်းလင်းကာ ယာမြေအဖြစ်ပြုပြင်ကာ ရာသီပေါ်သီးနှံများနှင့် နေကြာတို့ကို စနစ်တကျစိုက်ပျိုးလုပ်ကိုင်ခဲ့သည်။ တစ်ဖက်မှလည်း ဝါသနာကြီးရာ မုဆိုးလုပ်ငန်းကိုလည်း မပျက်မကွက်လုပ်ကိုင်ခဲ့ပါလေ၏။

သို့သော် . . . ဒေါင်းမိုက်က သူတို့မောင်နှမအား နှိမ့်ချဆက်ဆံကာ လက်သင့်မခံခဲ့သည့် နေရဋ္ဌရာရွာကြီးနှင့် ရွာသားများအား စိတ်မှတ်ထားသည့်ထင့်။ ညီမဖြစ်သူ နေကြာလေးအား



www.burmeseclassic.com

www.burmeseclassic.com



နေရဋ္ဌရာရွာသားများနှင့်သာမက ပတ်ဝန်းကျင်တစ်ခုလုံးနှင့် ကင်းကင်းရှင်းရှင်းနေစေခဲ့သည်။ သူကိုယ်တိုင်လည်း မည်သူနှ မျှ အရောတဝင်မနေဘဲ ရံဖန်ရံခါ အမဲရလျှင်သာ နေရဋ္ဌရာ သို့ သွားရောက်ရောင်းချလေ့ရှိပါချေ၏။

ဤသို့ဖြင့် . . . မည်သူမျှမနေရဲ မသွားရဲကြသည့် ဖု မသိမ်းကုန်းထက်တွင် သစ်လုံးအိမ်တစ်လုံးကို သပ်သပ်ရပ်ရ ဆောက်လုပ်နိုင်ခဲ့ပြီး ယာမြေကွက်များနှင့်အတူ မုဆိုးလေး ဒေါ မိုက်နှင့်ညီမဖြစ်သူနေကြာတို့မှာ တစ်လောကလုံးတွင် သူ မောင်နှမနှစ်ဦးတည်းသာ ရှိကြသည်အထင်နှင့် ပတ်ဝန်းကျ ရွာကြီးများနှင့် ကင်းကင်းရှင်းရှင်းနေထိုင်ခဲ့ကြပါတော့သည်

သို့သော်လည်း . . . ဒေါင်းမိုက်က မမြင်နိုင်၊ မသိနိုင်သေ ကံကြမ္မာကိုမေ့လျော့ထားခဲ့မိသည်။ ဟုတ်သည် . . . လုံထ လာတာကိုသာ မြင်နိုင်သည်။ ကံထမ်းလာသည်ကိုမူ မမြင်နိ ဟူသော စကားပုံလေးအတိုင်းပင် တစ်နေ့သောအခါဝယ် အ ကြီးချစ်ကြသော မောင်နှမနှစ်ယောက်၏သံယောဇဉ် ကမ္ဘာကျ လေးထဲသို့ အခြားတစ်ပါးသောအရပ်မှ လူစိမ်းတစ်ယောက် သ ဟုတ် မင်းသားလေးတစ်ပါး ကံကြမ္မာမျက်စိလည်လမ်းမှားက ဝင်ရောက်လာခဲ့သောအခါမှာတော့ . . .





## အခန်း (၇)

## အိပ်မက်တစ္ဆေရှင်ခွင်မှ လွတ်မြောက်ခြင်း

''ဟီး . . ဟီး . . ဟား . . ဟား . . ဟိုး . . ဟိုး''

သွေးပျက်ချောက်ချားဖွယ် ရယ်မောသံကြီးနှင့်အတူ သူ၏ အနောက်ဘက်မှ ခြေသံတဘုန်းဘုန်းက လေစီးအဟုန်နှင့်အတူ သူပြေးရာနောက်သို့ လွင့်မျောလိုက်ပါလာကြသည်။ ရင်အစုံသည် ပင် ပြေးလွှားရလွန်းသဖြင့် တုန်ယင်မောဟိုက်လျက်ရှိပါပြီ။ သို့ သော် ပြေးနေသည့်အရှိန်နှုန်းကို မမှန်ချင်တော့။ သည်ကြားထဲ နှုံးပြင်ထက်မှ ယိုစီးကျလာသော ချွေးသီးချွေးပေါက်များက မျက်လုံးများအတွင်းသို့ စီးဝင်လာကြသဖြင့် ကျိန်းစပ်သွားကြ သည်။ ထိုစဉ် . . .

''ဟေး ဟေး . . . ပြေး . . . ပြေးစမ်း . . . နင် ဘယ်အထိ ပြေးနိုင်မလဲ . . . ပြေးထားစမ်း ကောင်လေးရေ . . . မိများ မိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်တော့လား . . . ဟော့ . . . ဟင်း ဟင်း . . . တစ်စစီကို ဆုတ်ဖြဲပစ်လိုက်မယ် . . . ဟေး ဟေး''

''ဟီး . . ဟီး . . ဟား . . ဟား . . ဟိုး . . ဟိုး''

နောက်ဘက်မှအရိပ်မည်းတစ္ဆေကောင်ကြီးနှင့် သူ၏အ ပေါင်းအဖော် မကောင်းဆိုးဝါးကောင်ကြီးများက ကြောက်မက် ဖွယ် ပုံသဏ္ဍာန်မျိုးစုံဖြင့် ယခုထက်တိုင် မကျေမချမ်းအော်ဟစ် ရင်း သဲသဲမဲမဲလိုက်ပါနေကြသဖြင့် ရှိသမျှအင်အားနှင့် ခြေကုန် သုတ်၍ပြေးလွှားနေရပြန်ပါ၏။ နောက်ကျသည့်ခြေထောက် သစ္စာဖောက်ဟူသော ထုံးကိုနှလုံးမူလျက် အသည်းအသန် ပြေး လွှားနေသည့်တိုင် ခြေအစုံက ညွှတ်ခွေကျသွားခဲ့သည်။ တုန်ယင် မောဟိုက်နေသည့် ရင်အစုံက သူ့အား စိတ်သွားတိုင်း ကိုယ်မပ နိုင်ပါလေတော့။

သည်ကြားထဲ ကုန်းအဆင်းတွင် ကန့်လန့်ဖြတ် သစ်ငုတ် တစ်ခုကို ဒုန်းခနဲဝင်ရောက်တိုက်မိလိုက်သည်မို့ သူ၏ခန္ဓာကိုယ် ကြီးက ကုန်းဆင်းခြေလျှောအတိုင်း တလိမ့်ခေါက်ကွေး ပြုတ်ကျ သွားပါလေတော့သည်။

'အင့် . . အား'

'ဝုန်း . . ဖရော . . ဖရော . . ဝရော'

တစ်ချိန်တည်းမှာပင် လဲပြိုကျသွားသော သူ၏ခန္ဓာကိုယ် ပေါ်သို့ ချောက်ချားဖွယ်ရယ်မောသံကြီးနှင့် အရိပ်မည်းတစ္ဆေ ကောင်ကြီးက ဝုန်းခနဲ ခုန်အုပ်လိုက်သည့်ခဏ။





'ဟီး . . ဟီး . . ဟီး . . 'ဝုန်း . . ဘုန်း'

''အား . . . အ . . . သွား . . . သွားကြ . . . မလာနဲ့ ငါ့ဆီကိုမလာကြပါနဲ့ . . . လွှတ် . . . လွှတ် . . . ငါ့ကို . . . ဖမ်းချုပ်မထားကြနဲ့လေ . . . လွှတ် . . . လွှတ်ကြ . . . အ . . . အား . . . ကယ် . . . ကယ်ကြပါဦးဗျို့''

ကြောက်လန့်တကြားဖြင့် ဝူးဝူးဝါးဝါးအော်မြည်ကာ . . . အရိပ်မည်းတစ္ဆေကောင်ကြီး၏ ချုပ်နှောင်ထားမှုအောက်မှ လူး လွန့်ရုန်းကန်ရင်း ဒေါက်တာလင်းမောင်တစ်ယောက် သတိပြန် လည်၍ရလာခဲ့ပါသည်။

'အ . . အီး . . အီး . . ကျွတ် . . ကျွတ်'

''ဒီ . . . ဒီမှာ . . . ဆ . . . ဆရာ . . . ဆရာလေး သတိ . . . သတိရ . . . ရလာပြီနော်''

ရုတ်တရက်ကြားလိုက်ရသော ချိုမြိန်သောသံစဉ်လှိုင်းခတ် သံလေးတစ်ခုကြောင့် လေးလံနေသည့်မျက်ခွံများကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။ သူ၏မျက်နှာပေါ်သို့ မိုး၍ကြည့်နေသည့် အစိုးရိမ်မျက်နှာလှလှလေးတစ်ခုက ဒေါက်တာလင်းမောင်၏ မျက်ဝန်းထဲသို့ ထိုးဖောက်ဝင်ရောက်လာပါ၏။

''ဟင် . . . ငါ . . . ငါ ဘယ် . . . ဘယ်ကို ရောက် . . . ရောက်နေတာလဲ၊ မင်း . . . မင်းကရော ဘယ် . . . ဘယ် သူလဲ . . . အား . . . ကျွတ် ကျွတ်''

ထင်မှတ်မထားသည့်ဖြစ်ရပ်မြင်ကွင်းကြောင့် ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



လင်းမောင် ခုတင်ထက်မှ ကုန်းရုန်း၍ထလိုက်ရင်း အံ့သြတကြီး မေးမြန်းလိုက်ပါ၏။ သို့တိုင်အောင် တဆစ်ဆစ်နှင့်ကိုက်လာသည့် ဦးခေါင်းနားထင်ကို လက်မနှင့်ဖိထောက်ကာ စုတ်သပ်ညည်းတွားလိုက်သည်။

''ဟို ...ဟို ...ဆရာ ...ဆရာလေးက ...ဟိုးဖုန်းမသိမ်ကုန်းအစပ်မှာ ကိုယ်တွေခြစ်ခြစ်တောက်ပူပြီး သတိလစ်လဲကျနေတာ တွေ့ ...တွေ့ရလို့ နေကြာတို့ရဲ့တဲကို ခေါ်လာခဲ့တာ၊ အ ...အခုတော့ အဖျားကျ ...ကျသွားပြီထင်တယ်၊ နေကြာ ဆေးတစ်ထုပ်တိုက်ထားတာ ချွေးစီးတွေ ထွက်သွားပြီး ကိုယ်တွေလည်း အေးသွားပြီ''

နေကြာ ...တဲ့။ မြန်မာဆန်ဆန်လှလိုက်သည့် နာမည်လေး၊ သွင်ဟန်လေးကိုက အပြစ်ကင်းစင်၍ ငြိမ်းအေးသည့် အလှမျက်နာပိုင်ရှင်မလေး။ ဟုတ်သည် ...မြိုင်သာသို့ ဆေးကုသွားရာမှ အပြန်တွင် သူ၏နလုံးသွေးကြောကျဉ်းရောဂါနှင့် ပင်ပန်းမှုဒဏ်တို့ပေါင်းစည်းကာ သူ့အား အလစ်အငိုက် တိုက်ခိုက်ခြင်း ခံလိုက်ရခြင်းဖြစ်သည်။ ရင်တစ်ခုလုံး ဆို့ကျပ်လာသဖြင့် အသက်ရှူနှုန်းက မမှန်ချင်တော့။ ရုတ်တရက်ဖြစ်ပေါ်လာသည့် ဝေဒနာဆိုးကြီးကို ကြိတ်မှိတ်ခံစား၍ ခရီးဆက်ခဲ့သည့်တိုင် ဖောက်ပြန်ဆိုးဝါးလာသောရာသီဥတုကြောင့် ဆိုင်ကယ်ပေါ်မှ ဆင်းကာ နီးစပ်ရာအိမ်တစ်ဆောင် သို့မဟုတ် လူတစ်ယောက်ကို အကူအညီတောင်းရန် ရှာဖွေကြည့်ခဲ့သည်။

---

ခု နှစ် စဉ် ကြယ် တာ ပေ



ထိုစဉ်မှာပင် ...ဘိုတဲပျက်သဏ္ဌာန်အဆောက်အအုံကြီး အနီးဝန်းကျင်တစ်ဝိုက်မှ ရယ်မောသံကြီးများကို သွေးပျက်ချောက်ချားဖွယ်ကြားလိုက်ရပြီး ကြောက်မက်ဖွယ်ရာမျက်နှာပေါက်ဆိုးဝါးလှသည့် အရိပ်မည်းတစ္ဆေကောင်ကြီးနှင့် ရင်ဆိုင်တိုးမိကာ သတိလစ်မေ့မြောသွားခဲ့ရခြင်းပင် ဖြစ်ပါလေ၏။

နေကြာတစ်ယောက်မှာလည်း သူ၏အစ်ကိုကြီး ဒေါင်းမိုက်အား စောင့်ကြိုရင်း မိုးထဲလေထဲတွင် အလည်လွန်နေသည့် ယုန်ဖြူမလေး ဖြူဖွေးကိုရှာဖွေရင်း မမျှော်လင့်ဘဲ နေကြာခင်းအစပ်တွင် သတိလစ်မေ့မြောနေရှာသည့် ဒေါက်တာလင်းမောင်ကို တွေ့ရှိရသဖြင့် ကယ်တင်လိုက်ခြင်းဖြစ်ပါသည်။

ပြီးခဲ့သည့် ကဆုန်လ နေရဥရာရွာကြီးထဲသို့ ရောက်ရှိလာခဲ့စဉ်က မေတ္တာဟူသောအပြာရောင်ဆေးကုသခန်းမှ ဆရာဝန်လေး ဒေါက်တာလင်းမောင်ကို တွေ့ဖူးမြင်ဖူးထားခဲ့မိသဖြင့်လည်း ယခုကဲ့သို့အချိန်မီကယ်တင်ပေးခဲ့နိုင်ခြင်းဖြစ်သည်။ ထိုစဉ်က နေရဥရာရွာကြီးထဲမှ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်ကြီးနှင့်ကြုံကြိုက်သဖြင့် ရွာကြီးထဲသို့ အစ်ကိုဖြစ်သူနှင့်အတူလာခွင့်ရရှိခဲ့ခြင်းဖြစ်ပါ၏။

ယခုကဲ့သို့ နေရဥရာရွာကြီးထဲမှ ဆရာဝန်လေး ဒေါက်တာလင်းမောင်ကို ကယ်တင်ပြုစုကုသပေးခဲ့ကြောင်းကိုသာ ကိုကြီးဒေါင်းမိုက်သိရှိသွားခဲ့မည်ဆိုပါလျှင် ဂူမှာန်တစ်ထောင်အားဆောင်သည့် ဒေါသကမ္ဘာရကြီးမှာ မည်မျှဒေါသပုန်ထသွားပါမည်နည်း။

---

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တွေးနေမိရင်းမှပင် နေကြာခမျာ ကြောက်ရွံ့တုန်လှုပ်မှုကြောင့် ကြက်သီးလေးများပင် ဖြန်းခနဲထသွားပါလေ၏။

ဟုတ်သည်။ သူမ၏ချစ်ကြောက်ရိုသေရသော အစ်ကိုကြီးဖြစ်သူ ဒေါင်းမိုက်၏ ပညတ်တော်ဆယ်ပါးထဲတွင် နေရွှေရာမှ ယောကျ်ားသားလူရွယ်များအား အထူးရှောင်ကျဉ်ရမည်ဟူသော အချက်က နံပါတ်တစ်ဦးစားပေးထိပ်တန်းအချက်ကြီးပင် မဟုတ်ပါလား။

''ဟို ... ဟို ... ဒါနဲ့ ... နေ ... နေပါဦး ... ကိုယ့်ကိုတွေ့တဲ့နေရာမှာ ဟို ... ဟို ... အရုပ်ဆိုးဆိုးနဲ့ ကြောက်စရာကောင်းတဲ့ တ ... တ ... တစ္ဆေမကြီးတစ်ကောင်ကိုရော မ ... မတွေ့မိဘူးလား နေကြာ ... ဟင်''

''ဟင့်အင်း ... ဆရာလေးတစ်ယောက်တည်း သတိလစ်ပြီး လဲကျနေတာပဲတွေ့ရတယ်၊ တခြားတော့ ဘာကိုမှ နေကြာ မတွေ့ခဲ့ရပါဘူးရှင့်''

သူမေးမြန်းသမျှကို ကြောက်ကြောက်လန့်လန့်နှင့် ဖြေကြားနေသည့် နေကြာဆိုသော မိန်းမချောလေး၏ ဖြူစင်ဝင်းမွတ်နေသည့် မျက်နှာလေးက ပကာတိအပြစ်ကင်းစင်လျက် ရှုပ်ထွေးပွေလီလှသော လူ့လောကကြီးအကြောင်းကို ဘာတစ်ခုမှ မသိသယောင်ပါတည်း။

ဒေါက်တာလင်းမောင်ကတော့ အတန်ငယ်သက်သာလာသည်မို့ အိပ်ရာထက်မှထကာ ခုတင်ထက်တွင်ပင် ခြေဆင်း၍ထိုင်





ရင်း သူဝေဒနာခံစားရဆဲ သတိမလစ်ခင် သေသေချာချာ မြင်တွေ့လိုက်ရသော တစ္ဆေတစ်ကောင်၏မျက်နှာနှင့် မိန်းမကြီးတစ်ယောက်အကြောင်းကို ဇဝေဇဝါအတွေးများနှင့်စဉ်းစားနေမိသည်။

''ဟင်း ... ငါကိုယ်တိုင် သေသေချာချာကို မြင်လိုက်ရတာပါ၊ ဒါပေမဲ့ နေကြာဆိုတဲ့ကောင်မလေးက မတွေ့မမြင်ရပါဘူးလို့ အနိုင်အမာပြောနေတယ်၊ ဒီ ... ဒီလိုဆို အဲဒီတစ္ဆေမကြီး ဘယ်နေရာကိုရောက်သွားပြီလဲ ... ဟူး''

ဒေါက်တာလင်းမောင်၏ အတွေးဝက်ပါထဲမှာတော့ အဖြေမရှိသည့် ပဟေဠိပုစ္ဆာများက တဝဲလည်လည်နှင့်။

ထိုစဉ် ... မည်သို့မျှထင်မှတ်မထားခဲ့သော စကားများက နေကြာဆိုသော မိန်းမချောလေး၏ နှုတ်ခမ်းလှလှလေးမှ စီးမျောလွင့်ပျံ့လာပါ၏။

''ဟင်း ... နေမကောင်းဖြစ်လာတဲ့ ဧည့်သည်ကို နှင်တော့ မနှင်ရက်ပါဘူးရှင့်၊ ဒါပေမဲ့ ဆရာ သွားလာလှုပ်ရှားလို့ရပြီဆိုရင် ဒီ ... ဖုန်းမသိမ်ကုန်းကနေ အမြန်ဆုံးထွက်သွားပေးပါလို့ ပြောချင်ပါတယ် ဆရာ''

''ဗျာ''

ရုတ်တရက်ကြားလိုက်ရသော စကားသံကြောင့် နေကြာ၏မျက်နှာလှလှဖူးဖူးလေးကို ဒေါက်တာလင်းမောင် နားမလည်နိုင်သလိုငေးမောကြည့်လိုက်မိသည်။ ရင်ထဲတွင်လည်း ပိုမိုရှုပ်ထွေးသွားပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ်ပါတယ်ဆရာ . . . ဆရာ့ကို နေကြာ ကောင်းကောင်းမှတ်မိပါတယ်ရှင့်၊ ဆရာဟာ နေရွှေရာရဲ့ မေတ္တာ ဆေးကုခန်းက ဆရာဝန်တစ်ယောက်ဆိုတာ၊ ဒါ . . . ဒါပေမဲ့ ကိုကြီးဒေါင်း အမဲလိုက်ရာက ပြန်ရောက်မလာခင် ဆရာ ပြန်ကို ပြန်မှ ဖြစ်မှာမို့ပါရှင့်"

သနားစဖွယ် တောင်းတောင်းပန်ပန်နှင့် နှင်နေရှာသည့် သူ၏ကျေးဇူးရှင်မလေး၏ ညှိုးလျှလျှမျက်နှာလေးကိုကြည့်ကာ ဒေါက်တာလင်းမောင်တစ်ယောက် ခုတင်ထက်မှ အသာအယာ ဆင်းလိုက်ပါ၏။ ဘာပဲဖြစ်ဖြစ် သည်နေ့တစ်နေ့တော့ အသက် သခင်ကျေးဇူးရှင်မလေး စိတ်မချမ်းမသာဖြစ်ရမည့်ကိစ္စမျိုး နည်း နည်းလေးမျှ မဖြစ်စေချင်ပါ။

ထို့ကြောင့် . . . နေရွှေရာသို့အချိန်မီပြန်ရန် ဒေါက်တာ လင်းမောင် သစ်လုံးအိမ်လေး၏ တံခါးဝဆီသို့လျှောက်လှမ်းလာ ခဲ့သည်။ သူ၏နံဘေးမှ မိန်းမချောလေး နေကြာက မသိနိုးနားစွာ ဖြင့် ယှဉ်တွဲ၍ပါလာခဲ့ပါ၏။ ဒေါက်တာလင်းမောင် တံခါးဝသို့ ရောက်သည်နှင့် နေကြာ၏အပြစ်ကင်းစင်နေသည့် မျက်နှာဖူးဖူး လှလှလေးကို စူးစူးနှစ်နှစ်ကြည့်လိုက်ရင်း . . .၊

"ဘာပဲဖြစ်ဖြစ် ကိုယ်သတိလစ်နေတာကို ကယ်တင်ပြုစု ကုသပေးခဲ့တဲ့အတွက် နေကြာကို ကျေးဇူးတင်ပါတယ်၊ အင်း . . . နေကောင်းသွားခဲ့ရင်တော့ ဟောဒီ ဖုန်းမသိမ်ကုန်းကို ကိုယ် ဆက်ဆက်ပြီး တစ်ခေါက်ပြန်လာခဲ့ပါဦးမယ်၊ အခုတော့ . . .





ကိုယ့်ရဲ့အသက်သခင်ကျေးဇူးရှင်မလေးနေကြာ စိတ်ချမ်းသာ ဖို့အတွက် ကိုယ်သွားပြီ . . . နေကြာလေးရေ"

ပြောပြောဆိုဆိုနှင့် ဒေါက်တာလင်းမောင်မှာ မိန်းမချော လေးအား နှုတ်ဆက်စကားဆိုရင်း နေကြာဆိုသော စေတနာရှင် မလေးနှင့် သစ်လုံးအိမ်ကလေးကို ကျောခိုင်း၍ ထွက်သွားပါလေ တော့သည်။ အတော်လှမ်းလှမ်း နေကြာစိုက်ခင်းအကွေ့သို့ ရောက်ခါမှ ဒေါက်တာလင်းမောင်တစ်ယောက် သမင်လည်ပြန် ကြည့်ကာ နေကြာထံသို့လက်ပြနှုတ်ဆက်လိုက်ပြီး သူ၏ဆိုင် ကယ်လေးရှိရာသို့ ထွက်ခွာသွားပါတော့သည်။


နေကြာကိုယ်တိုင်မှာလည်း တဒင်္ဂအခိုက်အတန့်မျှသာ တွေ့ကြုံလိုက်ရသည့် နေရွှေရာမှ ဆရာဝန်ကိုလူချောအား သစ် လုံးအိမ်လေးအား ကျောမှိုကပ်ရင်း မျက်စိအောက်မှ လုံးလုံးလျား လျား ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေမိသည်။ ထိုစဉ်ခိုက်မှာပင် နေကြာ၏ရင်တွင်းဝယ် အမျိုးအမည်မသိသော ဝေဒနာတစ်ခု ဖျတ်ခနဲ သန္ဓေတည်မွေးဖွားသွားခဲ့သည်ကို နေ ကြာကိုယ်တိုင်ပင် သိနိုင်လိုက်မည်မထင်ပါ။

မကြာမီ . . . စက်သံတဝူးဝူးနှင့် မောင်းနှင်ထွက်ခွာသွား သော ဆိုင်ကယ်စက်သံသဲ့သဲ့က နေကြာ၏နှလုံးသားတစ်ဝိုက် ကွင်း ပဲ့တင်ကျန်ရစ်ခဲ့လေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## သံယောဇဉ်ကမ္ဘာလေးထဲက မောင်နှမနှစ်ယောက်

နေဝင်လုပြီ။

ဝင်လုဆဲနေလုံးနီနီကြီးရှိရာသို့ အမျိုးအမည်မသိ ငှက်တစ်အုပ်က မဓိမကမ်းနှင့်ပျံသန်းလိုက်ပါနေကြသည်။ ဂုံမင်းမြောင်တောစပ်ဆီမှထွက်ပေါ်လာသော မြင်းခွာသံတဖျောင်းဖျောင်းမြည်သံကြောင့် မြေနီလမ်းကြောအနီးမှ မြေဝပ်ငှက်ကောင်တချို့ ဝူးခနဲ ပျံထွက်သွားကြပါ၏။

ဟုတ်သည် ... အချိန်နှောင်းနေပြီဖြစ်သဖြင့် ဒေါင်းမိုက်တစ်ယောက် မြင်းညိုကြီးကိုဇက်ဖွင့်ကာ မြေနီလမ်းကြောလေးအတိုင်း တက်သုတ်နှင်စိုင်းလာခဲ့ခြင်းဖြစ်သည်။ အမဲလိုက်ခွေးကြီးရန်လုံကမူ ရံဖန်ရံခါရှေ့မှပြေးထွက်သွားလိုက် မြင်းညိုကြီးနောက်မှ မှေး၍ပြေးလိုက်လာလိုက်နှင့် အပြန်ခရီးကြောင်းကို သခင့်





အလိုကျ ခပ်သွက်သွက် ပြေးလွှားလိုက်ပါလာခဲ့သည်။

နေညိုချိန်ကျမှတွေ့ရသည့် ဒရယ်ကောင်တစ်ကောင်နောက်သို့ ဒေါင်းမိုက်နှင့်ရန်လုံတို့ လိုက်ကြရာမှ ယခုကဲ့သို့ နေဝင်လုလုအချိန်သို့တိုင် ရောက်ရှိသွားခဲ့ရခြင်းဖြစ်ပါ၏။ နံနက်ခင်း စိတ်ကူးအတိုင်းဆိုလျှင်တော့ ယနေ့ အမဲပစ်ခတ်ရာမှ စောစောပြန်ကာ နေရာဥရရွာကြီးသို့တက်ပြီး သားကောင်သားရေချပ်များနှင့်ကျိုသားခြောက်များကို သွားရောက်ရောင်းချရန် စိစဉ်ထားပါ၏။ နောက်ပြီး ညီမငယ်အတွက်လည်း ဝတ်စုံနှစ်စုံလောက် ဝယ်ယူခဲ့မည်ဟု စိတ်ကူးထားချက်များက ဒရယ်ကောင်နောင့်ယှက်သဖြင့် ပျက်ပြယ်သွားခဲ့ရပါချေပြီကော။

"အင်း ... နေကြာလေးကတော့ ငါ့ကိုမျှော်နေတော့မှာပဲ ... ကိုင်း ... ရွှေနီရေ ခပ်သွက်သွက်လေးနှင်လိုက်စမ်းပါဦးဟေ့ ... ဟိုင်း"

ညီမငယ် နေကြာထံသို့ရောက်ရှိသွားသော အတွေးစိတ်ကူးများနှင့်အတူ သူ၏မြင်းညိုကြီးရွှေနီတင်ပါးကို ဖနောင့်ဖြင့်တစ်ချက်တို့ခတ်လိုက်ရင်း ခပ်သွက်သွက် စိုင်းနှင်လိုက်သည်။ မြင်းညိုကြီးရွှေနီမှာ အမြီးကြီးတဖွားဖွား၊ လည်ဆံမွေးများ တဖားဖားနှင့် တန်းနေအောင် စိုင်းနှင်လာခဲ့သဖြင့် မကြာမီမှာပင် ဖုန်းမသိမ်ကုန်းထက်မှ ဘိုတဲရိပ်မည်းမည်းကြီးကို မြူနှင်းမှုန်ကြားတွင် ရေးရေးပျပျမျှ တွေ့မြင်နေရပါချေပြီကော။

ရှေ့တစ်ကွေ့ကိုလွန်လျှင် ဖုန်းမသိမ်ကုန်းကိုလှမ်းမြင်ရပေ



www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ မြင်းညိုကြီး၏ ဇက်ရှိန်ကိုသတ်လိုက်ပြီး ဖုန်းမသိမ်ကုန်းဘက်သို့ ချိုးကွေ့ရသည့် မြေနီလမ်းကြောလေးထဲသို့ ချိုးကွေ့ဝင်ရောက်လာခဲ့သည်။ ဤမှာဘက်တွင် မကြာမြင့်မီ အချိန်အတွင်းကမှ မိုးခပ်ကျဲကျဲရွာချသွားခဲ့လေသည်ထင့် ...မြေနီလမ်းဖုံဖုံထက်တွင် မိုးစက်မိုးပေါက်ကလေးများကို ခပ်ထပ်ထပ်တွေ့မြင်နေရသည်။

ထိုစဉ်ဒိုက်မှာပင် ဒေါင်းမိုက်၏စူးရှသော မုဆိုးမျက်လုံးများက မြေနီလမ်းမထက်မှ လတ်လတ်ဆတ်ဆတ် မော်တော်ဆိုင်ကယ်ဘီးရာများကိုတွေ့မြင်လိုက်ရသဖြင့် မျက်မှောင်ကြုတ်သွားပါ၏။

"ရော် ...ဘယ်ကမော်တော်ဆိုင်ကယ်က ...ဒီဘက်လမ်းကြောကိုရောက်လာရတာလဲ၊ ကြည့်ရတာ ...ငါတို့နေတဲ့ ဖုန်းမသိမ်ကုန်းဘက်ကို ဦးတည်သွားတဲ့ပုံပဲ"

ဒိတ်ခနဲခုန်သွားသည့် ရင်အစုံနှင့်အတူ ဖုန်းမသိမ်ကုန်းကြီးဘက်သို့ လှမ်းမျှော်ကြည့်လိုက်မိသည်။ ကုန်းထိပ်မှ မည်းမည်းရိပ်ရိပ်ဘိုတဲပျက်ကြီးနှင့် အုံ့ဆိုင်းညို့မှိုင်းနေသည့် ဖုန်းမသိမ်ကုန်းကြီးကတော့ နေဝင်ဆည်းဆာအောက်တွင် ပီဘိတိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေတောသည်သို့။

မြင်းညိုကြီးကို တစ်လှမ်းချင်းလှမ်းစေရင်း လတ်လတ်ဆတ်ဆတ်ဆိုင်ကယ်ဘီးရာနောက်သို့ ဒေါင်းမိုက် လိုက်လံစစ်ဆေးကြည့်နေမိသည်။ မော်တော်ဆိုင်ကယ်ဘီးရာလမ်းကြောင်း





သည် ဖုန်းမသိမ်ကုန်းဘက်သို့ ချိုးကွေ့ရာလမ်းခွဲအနီးတွင် ပြတ်တောက်သွားသည်ကိုတွေ့ရပါ၏။

"အင်း ...ဒီနေရာမှာ ဆိုင်ကယ်ရပ်သွားသေးတာပဲ၊ နောက်ပြီး ...ဆိုင်ကယ်ပေါ်ကဆင်းပြီး ခြေရာတွေက ရှုပ်ထွေးနေတယ်၊ ပုံမှန်ခြေရာလည်း မဟုတ်တော့ဘူး ဘယ်လိုဖြစ်တာပါလိမ့်"

ထိုနေရာသည် မလှမ်းမကမ်းရှိ ဘိုတဲပျက်ကြီးနှင့်လည်း နီးစပ်သကဲ့သို့ သူတို့မောင်နှမနေထိုင်ရာ နေကြာခင်းအစပ်နှင့် သစ်လုံးအိမ်နှင့်လည်း မနီးမဝေးတွင်ဖြစ်နေသည်မို့ ညီမငယ်လေးအတွက် စိတ်မချစွာဖြင့် မြင်းညိုကြီးကို အသော့နှင်လိုက်ပါ၏။

'ဝုတ် ..ဝုတ် ...ဝေါင်း'

မကြာမီ ရန်လို့၏ဟောင်သံနှင့်အတူ ညီမငယ် နေကြာကို သစ်လုံးအိမ်ပေါက်ဝတွင်တွေ့မြင်လိုက်ရသဖြင့် ဒေါင်းမိုက်ရင်ထဲမှသောကအပူလုံးကြီးတစ်ခု လူမသိသူမသိ လျှောခနဲ ကျသွားပါလေတော့သည်။

ထို့နောက်မှာတော့ သူ၏မြင်းညိုကြီးကို ညီမငယ်လေးစောင့်ကြိုနေသည့် သစ်လုံးအိမ်ပေါက်ဝထိတိုင် စီးနှင်းရောက်လာပြီး အနားသို့ရောက်သည်နှင့် မြင်းညိုကြီးထက်မှ လွှားခနဲခုန်ဆင်းလိုက်သည်။

"နောက်ကျလိုက်တာ ကိုကြီးဒေါင်းရယ် ...ဒီနေ့ စောစောပြန်လာခဲ့မယ်ဆိုလို့ ညီမလေးက မျှော်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



မြင်းညိုကြီးထက်မှ ဒရယ်ပေါက်ကြီးကို ဝိုင်းဝန်း၍ကူညီချပေးရင်း တတွတ်တွတ်ပြောဆိုနေသည့် ညီမဖြစ်သူကို ဒေါင်းမိုက်စူးစူးရဲရဲကြည့်လိုက်ရင်း ...

''ဒီကို ... ဘယ်သူတွေ ... လာသွားကြသေးလဲ ... နေကြာ''

ရုတ်တရက် ချက်ချင်းကောက်ကာငင်ကာ မေးလိုက်သည့် ကိုကြီးဒေါင်း၏မေးခွန်းတစ်ခွန်းကြောင့် နေကြာတစ်ယောက် ထိတ်ခနဲရင်ခုန်သွားပါ၏။

''ဘယ် ... ဘယ်သူမှမလာပါဘူး ကိုကြီး ... ဘာဖြစ်လို့လဲဟင်''

ဘာမှမဖြစ်သလို ဟန်ဆောင်ရင်းဖြေကြားလိုက်သည့်တိုင် နေကြာ၏မျက်ဝန်းထဲတွင် ဖြူဖြူချောချော ဆရာဝန်လေး၏မျက်နှာကိုမြင်ယောင်လာမိကာ ရင်တွေတဒိတ်ဒိတ် ခုန်လာခဲ့သည်။

''ဪ ... ဟိုဘက်က လမ်းခွဲလေးမှာ မော်တော်ဆိုင်ကယ်ဘီးရာတွေတွေ့ခဲ့ရလို့၊ အေး ... ဘယ်သူမှမလာဘူးဆိုရင်လည်း ပြီးရော ကိုကြီးသေသေချာချာမှာထားရက်နဲ့ ကိုကြီးမသိဘဲ ညီမလေး ဘာတစ်ခုမှတော့မလုပ်မိပါစေနဲ့နော်၊ အထူးသဖြင့် ... ဟို ... နေရွာရာက ကောင်တွေကို သတိထား''

မြင်းညိုကြီးရွှေနီ၏ ပါးချပ်ကြိုးများ၊ မြင်းကုန်းနှီးများကို တစ်ခုချင်းဖြုတ်ယူနေရာမှ ဒေါင်းမိုက်မှာ သူ၏ညီမငယ်နေကြာ





အား ဖွင့်နေကျခေတ်ပြားဟောင်းကြီးကို ဖွင့်ပြနေပြန်သည်မို့ နေကြာမှာ အလိုက်သိစွာပင် ငြိမ်သက်စွာနားထောင်နေပါ၏။

''လူဆိုတာ ... ကောင်းတဲ့သူတွေက နည်းတယ်၊ ဖျက်လိုဖျက်ဆီးနဲ့ ပျက်စီးရာလမ်းကြောင်းတွေကိုပဲ လုပ်တဲ့သူ များကြတယ်၊ ကိုကြီးဒေါင်းတို့ရဲ့အေးချမ်းတဲ့ဘဝလေးထဲကို ဘယ်လိုလူစိမ်းမှဝင်မလာပါစေနဲ့၊ တို့မိသားစုအကြောင်းကို ညီမလေးလည်း အသိဆုံးပဲမဟုတ်လား၊ ရွာကြီးထဲက လူတွေနဲ့ ငါ့ညီမ အဆက်အသွယ်မလုပ်ပါနဲ့၊ လိုချင်တာ, ဖြစ်ချင်တာ, သွားချင်တာရှိရင် ကိုကြီးဒေါင်းကိုပြော ဟုတ်ပြီလား''

အစ်ကိုဖြစ်သူ ဒေါင်းမိုက်၏စကားအသွားအလာကြောင့် နေကြာခမျာ သူ၏ရင်ထဲမှအမျိုးအမည်မသိ ဝေဒနာပျိုးပင်လေးပင် ညှိုးခွေနွမ်းလျသွားလေပြီထင့်။ သို့သော် ... အစ်ကိုဖြစ်သူ ဒေါင်းမိုက်မှာ 'သူ့ကိုမျှော်ထားမတတ် တုန်နေအောင်ချစ်မှန်း နေကြာ သိပါ၏။ သူ၏မျက်နှာ တစ်ချက်ညှိုးသည်နှင့် ဖြစ်ချင်တာမှန်သမျှ အစ်ကိုဖြစ်သူက ချက်ချင်းစီစဉ်ပေးသည်။ ဖြစ်နိုင်လျှင် ဒေါင်းမိုက်၏ဆန္ဒမှာ ညီမငယ်လေးပျော်ရွှင်ချမ်းမြေ့နေခြင်းကိုပဲ မြင်ချင်သည်။ အချစ်ကြီးသည်ပဲဆိုဆို၊ အတ္တကြီးသည်ပဲပြောပြော သူ၏ရင်ခွင်ထဲမှ ညီမငယ်နေကြာကို ဆွဲထုတ်ယူငင်သူသည် သူ၏အကြီးမားဆုံး ရန်သူစစ်စစ်သာဖြစ်ပါချေ၏။

အချစ်ဆုံး၊ သံယောဇဉ်အကြီးမားဆုံး ညီမဖြစ်သူနှင့် ပတ်သက်လာခဲ့လျှင် မိုးကိုပင်တက်၍ မီးနှင့်ရှို့ရလေမည်လား၊ အချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသူဒဿဂီရိကဲ့သို့ သိယ်ိုရ်ပြည်ကြီးတစ်ခုလုံးကို မီးလောင်တိုက်သွင်းရစေဦးတော့ ဒေါင်းမိုက် မတွန့်မဆုတ်လုပ်မည်သာဖြစ်ပါ၏။

တကယ်တော့ သူ၏ညီမလေးကို ဒေါင်းမိုက်သနားနေမိပါ၏။ ငယ်ငယ်ရွယ်ရွယ်သက်တူရွယ်တူအပေါင်းအသင်းများနှင့် ပျော်ရွှင်မြူးတူးနေရမည့်အချိန်တွင် လူသူတို့စွန့်ပယ်ထားခြင်းခံရသည့် ဖုန်းမသိမ်ကုန်း သို့မဟုတ် အမင်္ဂလာကုန်းဟူသော အစွန့်ပယ်ခံကုန်းမြေထက်တွင် အထီးကျန်အစွန့်ပယ်ခံလူသားတစ်ယောက်အဖြစ်နေထိုင်ရသောဘဝသည် ညီမငယ်လေးအတွက် လွန်စွာမှစိတ်ပျက်အားငယ်ဖွယ်ရာကိစ္စကြီးပင် မဟုတ်ပါလား။

ထို့ကြောင့် တားမြစ်ချက်များထဲတွင် နေရဥ္စရာရွာမှ ရွာသားများနှင့်ညီမလေးကို အဆက်အဆံမလုပ်စေခဲ့ခြင်းပင်ဖြစ်ပါ၏။ နေရဥ္စရာကို သူစိတ်နာမုန်းတီးမိသည်။ နေရဥ္စရာသည် ...သူ့အား အားကိုးတကြီးပြောင်းရွှေ့လာသည့် သူတို့မောင်နှမ၏ဘဝကို နင်းချေဖျက်ဆီးပစ်ခဲ့သည်။ ခေတ်ပျက်ကာလတစ်ခုတွင် နေရဥ္စရာထံ ချဉ်းကပ်လာကြသူများကို လက်သင့်မခံချင်ကြ။ တစ်ကိုယ်ကောင်းဆန်လွန်းကြသည်။ ထိုသို့သော အဖြစ်အပျက်များကြောင့် နေရဥ္စရာနှင့်သူ အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်းနေခဲ့သည်။ ဈေးဖွင့်သော ငါးရက်တစ်ဈေးနေ့တစ်နေ့သာ နေရဥ္စရာဈေးကြီးသို့ အရောင်းအဝယ်ကိစ္စများဖြင့် သွားရောက်





လေ့ရှိသည်မှအပ ကျန်သောရက်များတွင် ယောင်ယမ်း၍ပင် ခြေဦးမလှည့်မိ။

သူ၏လုပ်ငန်း၊ သူတို့မောင်နှမနှစ်ယောက်ဘဝနှင့် သူ၏လက်ရှိ ဗီဇရိုက်တို့ကလည်း နေရဥ္စရာရွာကြီးမှ အနံ့ကြီးကွင်းကျယ်များနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေခဲ့သည် မဟုတ်ပါလား။ သို့သော် ချွင်းချက်အဖြစ်မူ နေရဥ္စရာရွာကြီးထဲတွင် ပျော်ပွဲရွှင်ပွဲနှင့်ဘုရားပွဲများဖြစ်ခဲ့လျှင် သူ၏ညီမဖြစ်သူနေကြာကို အများတကာထက်သာလွန်အောင် အစွမ်းကုန်ဆင်ယင်ပေးလျက် သူကိုယ်တိုင် လိုက်လံပို့ဆောင်ပေးလေ့ရှိပါ၏။ ထိုသို့သောအချိန်တွင် အစွမ်းကုန်လန်းစွင့်နေသော နေကြာတစ်ပွင့်ကဲ့သို့ ပျော်ရွှင်မြူးတူးနေသည့် ညီမငယ်လေး၏မျက်နှာလေးကိုကြည့်ကာ ယောက်ျားကြီးတန်မဲ့ ပီတိမျက်ရည်လည်ခဲ့မိသည်။

စင်စစ် ...ဒေါင်းမိုက်မှာ ဝါသနာနှင့်မစွန့်လွှတ်နိုင်သော ဗီဇသန္တေကြောင့် မုဆိုးလုပ်ငန်းကိုလုပ်ကိုင်ရသော်လည်း တစ်ဖက်တွင်ညီမငယ်နှင့်အတူ ဖုန်းမသိမ်ကုန်း၏မြေလွတ်မြေရိုင်းများပေါ်တွင် ယာခင်းများစိုက်ပျိုးခြင်း၊ နေကြာပင်များ စိုက်ပျိုးခြင်း စသည့် ဥယျာဉ်ခြံမြေလုပ်ငန်းများကြောင့် မောင်နှမနှစ်ဦး ချောင်ချောင်လည်လည်နှင့် နေနိုင်စားနိုင်ခဲ့ကြပါလေ၏။

သို့ရာတွင် ...ဖုန်းမသိမ်ကုန်းသည် အနီးဝန်းကျင်မှ ရွာကြီးများအဖို့တော့ ရွံ့ရှာစက်ဆုပ်ဖွယ်၊ ကြောက်ရွံ့ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ် 'အမင်္ဂလာနယ်မြေဆိုးကြီးတစ်ခုအဖြစ် ခေတ်ကာလ အဆက်ဆက် အယူအစွဲရှိခဲ့ကြသည်မို့ ထိုယုံကြည်ချက်ကိုမူ ပယ်ရှင်းဖျောက်ဖျက်နိုင်ရန်မလွယ်ကူလှပါ။ သည်ကြားထဲ ကိုလိုနီနယ်ချဲ့ခေတ်၊ ဂျပန်ခေတ်တစ်လျှောက် နာမည်သတင်းကြီးခဲ့သော ဘိုတဲပျက်ကြီးတစ်လုံးနှင့် သင်္ချိုင်းကုန်းပျက်ကြီးတစ်ခု ရှိနေခြင်း၊ မကောင်းဆိုးဝါးကျတ်တစ္ဆေများ ကြီးစိုးရာနယ်မြေဟု ထင်မြင်ခဲ့ကြခြင်း၊ ကလေး၊ လူကြီးနှင့်ကျွဲနွားတချို့ ဖုန်းမသိမ်ကုန်းသို့ မျက်စိလည်လမ်းမှားကာ ရောက်ရှိသွားခဲ့လျှင် ထူးဆန်းစွာ ပျောက်ဆုံးသွားတတ်ကြခြင်း။

နေဝင်မိုးချုပ်တွင် ဖုန်းမသိမ်ကုန်းထက်ရှိ ဘိုတဲပျက်ကြီးဆီမှ ငိုညည်းသံလိုလို၊ တောက်ခေါက်သံကြီးများလိုလို ကြားနေရခြင်း၊ ရုံဖန်ရံခါ အရိပ်မည်းမကောင်းဆိုးဝါးတစ္ဆေကောင်ကြီးများကို တွေ့မြင်ရသည်ဆိုခြင်း အစရှိသော နာမည်ဆိုးကြီးများဖြင့် သတင်းကြီးကျော်ကြားနေခြင်းတို့ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှအသွားအလာမလုပ်ကြဘဲ ဖုန်မသိမ်ကုန်းနှင့်လည်းကောင်း၊ လူကြမ်းစိတ်ကြမ်း ဘီလူးကြီးဒေါင်းမိုက်တို့မောင်နှမဖြင့်လည်းကောင်း ခပ်ကင်းကင်းသာ နေထိုင်လျက်ရှိကြပါတော့သည်။





## အခန်း (၃)

## ဖုန်းမသိမ်ကုန်းကို လှမ်းမောနေသူ

လပြည့်ခါနီး လဆန်းလ,ကလေးသည် အရှေ့ဘက်တောင်တန်းမြင့်မြင့်ကြီးများပေါ်မှ ဖြတ်ကျော်၍ တစ်စတစ်စပြင့်တက်လာခဲ့သည်။ ဆောင်းနှင်းမြူခပ်ပါးပါးမျှဝေဝဲဖြန့်ဆင်းကျနေသည့်ကြားမှ ရွှန်းမြမြသာနေသည့်လရောင်အောက်တွင် နေရွှေရာရွာလေးကမူ တိတ်ဆိတ်စွာ အိပ်မောကျလျက်ရှိပါ၏။

သို့သော် . . . ထိုနှင်းမှုန်မှုန်ကြားမှ လရောင်အောက်တွင် အိပ်မပျော်နိုင်သူနှစ်ဦးကမူ ရွှန်းမြမြလရောင်ကို ငေးမောခံစားရင်းရင်ဖွင့်စကားများကို ပြောဆိုနေကြပါ၏။ ထိုသူနှစ်ယောက်ကတော့ မေတ္တာဆေးခန်းမှ ဒေါက်တာလင်းမောင်နှင့် သူ့အားကူညီလုပ်ကိုင်ပေးနေသည့် နေရွှေရာရွာသား တိုးမောင်တို့ ?င်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''မသွားချင်ပါနဲ့ ဆရာလေးရယ် . . . ဖုန်းမသိမ်ကုန်းဟာ ဆရာလေးလို လူတစ်ယောက် မသွားသင့်၊မလာသင့်တဲ့နေရာ တစ်ခုပါ . . . နောက်ပြီး''

တိုးမောင်မှာ ယနေ့မှ မြို့တက်၍ဝယ်ယူလာသည့် ဆေးဝါးပစ္စည်းများကို ဆေးဗီရိုလေးထဲတွင် စနစ်တကျစီစီရီရီထားရင်း သူ၏ဆရာဒေါက်တာလင်းမောင်အား ဖုန်းမသိမ်ကုန်းသို့ မသွားရန် တားမြစ်နေခြင်းဖြစ်ပါ၏။

''နောက်ပြီး ဘာဖြစ်လဲ ကိုတိုးမောင် ဆက်ပြီးပြောလေ ကျွန်တော်က ဘာဖြစ်လို့ ဖုန်းမသိမ်ကုန်းကို မသွားသင့်ရတာလဲ''

တိုးမောင်က သူ၏ဆရာအမေးကို ချက်ချင်းမဖြေသေးဘဲ ဗီရိုတံခါးကို အသာအယာဆွဲ၍ပိတ်လိုက်သည်။ ပြီးမှ လက်ကျန်ဆေးပုလင်းတချို့ကို ဆန်ခါခြင်းကလေးထဲတွင် တစ်ခုချင်း ထည့်လိုက်ရင်း . . .

''အင်း . . . သူ့ရဲ့အစ်ကို ဒေါင်းမိုက်ဟာ ဘီလူးသရဲစီးနေတဲ့ မဆိုးအရိုင်းအစိုင်းတစ်ယောက်ပဲ ဆရာလေး၊ အဲဒီ မဆိုးလူကြမ်းကြီးဟာ ဆရာလေးအတွက် အချိန်မရွေး အန္တရာယ်ရှိနိုင်တယ် . . . နောက်ပြီး ဆရာလေးသွားပြီးတွေ့မှာကလည်း သူ့ရဲ့တစ်ဦးတည်းသော အချစ်ဆုံးညီမလေးဆိုတော့ . . .''

ဤနေရာတွင် တိုးမောင်က စကားကိုခဏရပ်ကာ လုပ်လက်စလုပ်ငန်းများကို လက်စသတ်လိုက်ပြီး ပြတင်းပေါက်ပေါင်တွင် မှီကာရပ်နေသည့် ဒေါက်တာလင်းမောင်နှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်သည်။

''မသွားပါနဲ့ဆရာလေးရယ် . . . ဘာပဲဖြစ်ဖြစ် အကောင်းဆုံးကတော့ ဖုန်းမသိမ်ကုန်းကို မေ့ပစ်လိုက်တာဟာ ဆရာလေးအတွက် အသင့်တော်ဆုံးပဲလို့ ကျုပ်ထင်တယ်''

ဆောင်းနှင်းမြူခပ်ပါးပါးကြားမှ ရွှန်းမြဝင်းပနေသည့် ငွေလရောင်က ခြံတွင်းရှိ အုန်းခက်အုန်းလက်များပေါ်သို့ လင်းလက်ပြာကျနေပါ၏။ လရောင်နမ်းရှိုက်ခံထားရသည့် အုန်းလက်ဖျားချွန်ချွန်ထက်မှ မိုးနှင်းစက်တစ်ပေါက်က မြက်ခင်းစိမ်းစိမ်းထက်သို့ လျှောကျကြွေသက်သွားသည်။

ဒေါက်တာလင်းမောင်မှာ တိုးမောင်၏တားမြစ်ဟန့်တားချက်များကို တွေဝေစွာစဉ်းစားနေမိသည်။ ကယ်တင်သူ ကင်းမဲ့နေသည့် သတိမေ့မြောလျက်ရှိသော အမည်မသိလူစိမ်းတစ်ယောက်အား မျှော်လင့်ချက်မဲ့ ကယ်တင်ပြုစုပေးခဲ့သည့် ဖုန်းမသိမ်ကုန်းမှ နေကြာဆိုသည့် မိန်းမပျိုတစ်ယောက်။

ဝေဒနာခံစားရင်း သတိလစ်အဖျားတက်နေစဉ် အချိန်မီကုသကယ်တင်ပေးခဲ့သည့် သူ၏အသက်သခင်ကျေးဇူးရှင်မလေးကိုတော့ ဘာပဲဖြစ်ဖြစ် သူထပ်မံ၍ဆုံဆည်းချင်ပါသေးသည်။ အမှန်တကယ်လည်း သွားရောက်တွေ့ဆုံ၍ ကျေးဇူးတင်စကားများ ထပ်မံပြောဆိုမှ သင့်တော်မည်ဟု သူထင်မြင်ယူဆမိပါ၏။

''အင်း . . . ဘာပဲဖြစ်ဖြစ် အဲဒီဖုန်းမသိမ်ကုန်းကိုတော့ ကျွန်တော်နောက်တစ်ခေါက်ထပ်သွားမှဖြစ်မယ် ကိုတိုးမောင်၊





ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ဖုန်းမသိမ်ကုန်းက နေကြာဆိုတဲ့ ကောင်မလေးဟာ ကျွန်တော့်ရဲ့အသက်သခင် ဖြစ်နေလို့ပဲ၊ ခင်ဗျားပြောသလို သူ့ရဲ့အစ်ကိုဟာ ဘီလူးတစ်ယောက်လို ကြမ်းတမ်းတဲ့မုဆိုးကြမ်းကြီးဖြစ်နေစေဦးတော့ သူ့မှာ နှလုံးသားတော့ ရှိနေမှာပါ''

''ဟာ . . . မဟုတ်သေးပါဘူး ဆရာလေးရယ်၊ အဲဒီမုဆိုးလူကြမ်းကောင်ဒေါင်းမိုက်တင်မကသေးဘူး . . . ဖုန်းမသိမ်ကုန်းမှာ ကျုပ်တို့မသိနိုင်,မမြင်နိုင်တဲ့ အန္တရာယ်ကြီးတွေလည်း အများညကြီးရှိသေးတယ် ဆရာလေးရဲ့ . . . ပြောရမယ်ဆိုရင် ဆရာလေးကိုယ်တိုင်အခြောက်ခံခဲ့ရတဲ့ အရိပ်မည်းတစ္ဆေကောင်ကြီးတွေနဲ့ မကောင်းဆိုးဝါးကျတ်တစ္ဆေတွေဟာ 'အမင်္ဂလာကုန်း' လို့ခေါ်နေကြတဲ့ ဖုန်းမသိမ်ကုန်းကြီးမှာ ကျက်စားနေထိုင်ကြတယ်၊ နေဝင်ရီတရောအချိန်နဲ့ ညဘက်တွေဆိုရင် ပိုတောင်ဆိုးသေးတယ်၊ တော်ကြာ . . . အော်ဟစ်ညည်းညူသံကြီးတွေ ကြားလိုကြားရ၊ တော်နေကြာ . . . တောက်ခေါက်သံကြီးတွေ, ရယ်မောသံကြီးတွေ ကြားလိုကြားရနဲ့ တကယ့်ကို သွေးပျက်ထိတ်လန့်စရာကောင်းတဲ့ နယ်မြေကြီးတစ်ခုပါပဲ ဆရာလေးရယ်''

တိုးမောင်မှာ သူ၏စကားကို ဒေါက်တာလင်းမောင် စိတ်ဝင်တစားနားထောင်လျက်ရှိကြောင်း သိရှိလိုက်ရသဖြင့် ဆက်လက်၍ ပြောဆိုလိုက်ပြန်ပါ၏။

''ဒါတင်မကသေးဘူးဆရာလေးရေ . . . အဲဒီဖုန်းမသိမ်ကုန်းဘက်ကို နယ်ကျွံပြီးရောက်သွားကြတဲ့ ကျွဲနွားတိရစ္ဆာန်တွေ,





နွားကျောင်းသားတွေနဲ့ကလေးတွေဆိုရင်လည်း အခန့်မသင့်ရင်ပျောက်သွားလေ့ရှိကြတယ်၊ အဲဒီလိုပျောက်ဆုံးသွားပြီဆိုရင်တိရစ္ဆာန်ဖြစ်ဖြစ်, လူဖြစ်ဖြစ် လုံးဝကိုသတင်းအစအန ရှာမတွေ့အောင်ကို လက်စပျောက်သွားတော့တာပဲ ဆရာလေးရေ၊ အဲဒီအန္တရာယ်မျိုးတွေကြောင့် ဖုန်းမသိမ်ကုန်းဘက်ကို ဆရာလေးတစ်ယောက်တည်း မသွားပါနဲ့လို့ တားနေရတာပေါ့ ခင်ဗျာ''

သည်တစ်ကြိမ်တော့ ချက်ကျလက်ကျ ပြောဆိုဟန့်တားနေသည့် တိုးမောင်၏စကားများကြောင့် ဒေါက်တာလင်းမောင်အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်သွားပါ၏။ ညဦးရင်ခွင်မှာတော့ပိုးပုရစ်ကောင်ငယ်လေးများ၏ တကျည်ကျည် အော်မြည်သံလေးများနှင့် ရံဖန်ရံခါတိုက်ခတ်ဝှေ့ယမ်းလာသည့် မြောက်ပြန်လေတိုးဝှေ့သံများကသာ ကြီးစိုးမင်းမူနေကြသည်။

ညဦးနက်လာသည်နှင့် အတန်ငယ်အေးလာသည့်ထင့် ဒေါက်တာလင်းမောင်မှာ သူဝတ်ဆင်ထားသည့် ဂျာကင်အင်္ကျီမှဇစ်ကို ရင်ညွန့်ထိတိုင် ဂျစ်ခနဲဆွဲတင်လိုက်ရင်း ပြတင်းဝမှဖယ်ကျဉ်ကာ တိုးမောင်ထိုင်နေသည့် ခုံရှည်တန်း၏တစ်ဖက်စွန်းတွင်ထိုင်လိုက်ရင်း . . .

''အင်း . . . ခင်ဗျားပြောနေတဲ့ ဖုန်းမသိမ်ကုန်းက အဖြစ်အပျက်တွေဟာ ကျွန်တော့်အတွက် ယုံတမ်းပုံပြင်တွေလို ဖြစ်နေတယ်၊ မကောင်းဆိုးဝါးတွေ၊ ကျတ်မတွေ၊ သရဲတွေဆိုတာလည်းခေတ်နောက်ပြန်ဆွဲနေတဲ့ အရိုးစွဲနေတဲ့ အယူအဆတွေလို့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ထင်တယ်၊ နောက်ပြီး ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့မြင်ခဲ့ရတဲ့ အရိပ်မည်းတစ္ဆေကောင်ကြီးဆိုတာ မကောင်းဆိုးဝါးတစ္ဆေသရဲ ရယ်လို့ ကျွန်တော် မထင်ဘူး၊ ကြောက်စရာကောင်းတဲ့ မျက်နှာ ပိုင်ရှင်နဲ့ မိန်းမကြီးတစ်ယောက် ဒါမှမဟုတ်ရင် လူသားစစ်စစ် တစ်ယောက်ပဲ ဖြစ်ရမယ်''

တိုးမောင်မှာ မမျှော်လင့်ဘဲ သူ၏ဆရာဒေါက်တာလင်းမောင်၏စကားများကြောင့် မျက်လုံးကြီးများပင် ပြူးကျယ်သွားကာ အံ့အားသင့်သွားပါလေ၏။ တစ်ဆက်တည်းမှာပင် မပြီးဆုံးသေးသော ဒေါက်တာလင်းမောင်၏စကားများက တိတ်ဆိတ်လျက်ရှိသော ညဦးရင်ခွင်ဝယ် ပွဲတင်စီးမျောလျက်ရှိပါသည်။

''အင်း . . . တစ်ခုတော့ရှိတယ် . . . လူတွေသွားရင် တစ်ခါ တစ်ခါပျောက်သွားတတ်ကြတယ်၊ ကျွဲနွားတိရစ္ဆာန်တွေဟာလည်း အဲဒီဖုန်းမသိမ်ကုန်းဘက်ကိုနယ်ကျွံသွားရင် ပျောက်ဆုံးသွားလေ့ရှိကြတယ်ဆိုတာကတော့ လျှို့ဝှက်ချက်တစ်ခုခု ဒါမှမဟုတ်ရင် မသမာမှုတစ်ခုခုလို့ ကျွန်တော်ထင်တယ်ကိုတိုးမောင်၊ နောက်ပြီး ခင်ဗျားတို့ပြောသလိုသာဆိုရင် ဖုန်းမသိမ်ကုန်းမှာ နှစ်ယောက်တည်းနေကြတဲ့ အဲဒီဒေါင်းမိုက်တို့ မောင်နှမနှစ်ယောက်ကျတော့လည်း ဘာမှမဖြစ်ကြပါလား။ တကယ်ဆို သူတို့နှစ်ယောက်တည်းရှိကြတာ ပိုပြီးတောင်မှ ဖြစ်ဖို့ကောင်းသေးတယ် မဟုတ်လား ကိုတိုးမောင်''

သူ စိတ်သန်ထင်မြင်ရာ ဖွတ်တရွတ်ဆွဲယူပြောဆိုနေသည့်





ဆရာဖြစ်သူကိုကြည့်ကာ တိုးမောင်တစ်ယောက် စိတ်ပျက်လက်လျှော့ဟန်ဖြင့် သက်ပြင်းမောကြီးတစ်ခုကိုသာ ချလိုက်ပါတော့သည်။

''ဟင်း . . . ဆရာလေးကြောင့်တော့ ခက်တော့တာပဲ၊ ကျုပ်တို့က ဆရာလေးကို ခင်မင်လေးစားလွန်းလို့ ဒီလောက်ရှည်ရှည်ဝေးဝေးပြောပြီး တားမြစ်နေရတာပါ၊ ဖြစ်နိုင်ရင် ဖုန်းမသိမ်ကုန်းနဲ့ မပတ်သက်ဘဲ ကင်းကင်းရှင်းရှင်းနေတာဟာ ဆရာလေးအတွက် အသက်ရှည်ဆေးတစ်ခွက်ပဲ ဆရာလေးရေ''

ထိုညဉ့်က ဒေါက်တာလင်းမောင်နှင့်တိုးမောင်တို့ ဆရာဟပည့်နှစ်ယောက် ဖုန်းမသိမ်ကုန်းမှဖြစ်ရပ်များကို ကိုယ့်အတွေးအခေါ်နှင့်ကိုယ် ငြင်းခုန်ပြောဆိုကြရင်း ညဉ့်တော်တော်နက်မှပင် အိပ်ရာသို့ အသီးသီးဝင်ဖြစ်ခဲ့ကြပါတော့သည်။

သို့တိုင်အောင် ဒေါက်တာလင်းမောင်၏ အိပ်မပျော်နိုင်သော မျက်လုံးများနှင့် ဘဝင်မကျနိုင်သော စိတ်သဏ္ဍာန်အတွေးကွန်ယက်ထဲမှာတော့ ဖုန်းမသိမ်ကုန်းမှ သနားစဖွယ် နေကြာဆိုသော မိန်းမချောလေး၏ပုံရိပ်လှလှလေးများကသာ ဝဲလည်ကြီးစိုးနေပါတော့သည်တကား။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

## ဖုန်းမသိမ်ကုန်း နောက်ကြောင်းပြန်

သည်နေ့က ...ပြာဆိုလပြည့်နေ့ ...ဥပုသ်နေ့ အခါ
သမယ။

နေရဥရာရှု၊ဦးထိပ်ရှိ ဆရာတော်ဦးပညာဝံသ၏ ဘုန်းကြီး
ကျောင်းတွင် တရားနာသူ ဆွမ်းဟင်းချိုင့်လာပို့သူ အရွယ်အကြီး
အငယ်၊ အလတ်များ၊ သက်ကြီးရွယ်အိုယောဂီကြီးများနှင့်
စည်ကားသိုက်မြိုက်လျက်ရှိပါ၏။ သရက်ပင်၊ ပိန္နဲပင်၊ မန်ကျည်း
ပင်ရိပ်များနှင့် ကျယ်ဝန်းလှသောကျောင်းဝင်းကြီးထဲတွင်
ဆရာတော်ထံမှ တရားနာယူပြီးကြသည်နှင့် ကိုယ့်အုပ်စုနှင့်ကိုယ်
သစ်ပင်ရိပ်များအောက်၌စုဝေးကာ တရားစကားများ ပြောဆို
ဆွေးနွေးကြခြင်း၊ ဗဟုသုတရဖွယ်များ၊ ရပ်ရေးရွာရေးကိစ္စများ
...စသည်ဖြင့် အေးချမ်းစွာ ဆွေးနွေးတိုင်ပင်ကြရင်း ဥပုသ်ရက်





တစ်ရက်ကို ငြိမ်းအေးစွာကျော်ဖြတ်ကြသည် မဟုတ်ပါလား။

ကျယ်ပြောလှသော ကျောင်းဝင်းကြီး၏ ဆွမ်းချက်ဆောင်
နောက်ဘက်တွင် ထန်းရွက်များမိုးကာထားသည့် တဲငယ်လေး
တစ်လုံးရှိသည်။ ထိုတဲငယ်လေးသည်ကား ကပ္ပိယကြီး ဦးသူ
တော်၏ ဖိုရုံကလေးပင်ဖြစ်ပါ၏။ သည်နေ့ ...ဥပုသ်နေ့မို့
ကပ္ပိယကြီးခမျာ သူဝါသနာပါသည့်ဖိုရုံကလေးကို တစ်ချက်မျှ
လှည့်မကြည့်နိုင်ပါ။

ကျောင်းထိုင်ဆရာတော်ကြီးအတွက် ဆွမ်းရေး၊ ကွမ်းရေး
ကို သူကိုယ်တိုင် အစစအရာရာပြုလုပ်ရသည်။ တခြားသူကို
မျက်နှာလွှဲလျှင် သူ့မကြိုက်။ သာသနာအကျိုး၊ ဘာသာအကျိုး
နှင့်ရင်ရွာအကျိုးတို့ကို အားတက်သရော စိတ်နှစ်ကာ ကြိုးစား
လုပ်ဆောင်နေသည့် ဆရာတော်ကြီး စိတ်ဖြောင့်လက်ဖြောင့်
လုပ်ကိုင်နိုင်စေရန် ဦးသူတော်က နောက်ပိုင်းမှ လိုအပ်သမျှကို
ဖြည့်ဆည်းပေးနေရသည် မဟုတ်ပါလား။

နေ့လယ်နေ့ခင်း ဆရာတော်ကြီး တစ်နာရီမျှကျိန်းစပ်
ပြီး ပြန်လည်နိုးလာသည်နှင့် ကမ္မဋ္ဌာန်းတိုက်လေးထဲသို့ဝင်ကာ
နှစ်နာရီခန့် ကမ္မဋ္ဌာန်းတရား အားထုတ်နေချိန်ကျမှသာ ...
ဦးသူတော် အားလပ်ခွင့်ရသည်။ ယနေ့ ဥပုသ်နေ့မှာတော့ သူ၏
အားလပ်ချိန်ကို ကြိုတင်စောင့်ဆိုင်းနေကြသည့် မန်ကျည်းပင်ရိပ်
မှ လူလေးငါးယောက်စုဝေးထိုင်နေကြရာသို့ ကပ္ပိယကြီးဦးသူ
တော် လျှောက်လာခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"လာဗျို့ . . . ဦးသူတော် . . . ဒီနေ့အထူးညှိသည်တစ်ယောက်ပါလာတာမို့ ဒီနေ့စကားဝိုင်းက ပိုပြီးစည်မယ့်သဘောရှိတယ်ဗျို့"

နေရွှေရာရွာမှ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်က ကပ္ပိယကြီးဦးသူတော်အား ဆီးကြိုခေါ်ငင်လိုက်ရင်း တိုးမောင်နှင့်အတူလိုက်ပါလာသည့် မေတ္တာဆေးကုခန်းမှ ဒေါက်တာလင်းမောင်အား မေးငေါ့ပြလိုက်ပါ၏။

သူတို့ မန်ကျည်းပင်ရိပ်အောက်မှအုပ်စုတွင် ပင်စင်ယူပြီးပြီဖြစ်သည့် ကျောင်းအုပ်ဆရာကြီးဦးဝင်းမောင်၊ အသက်ဆယ်ကျော်လာပြီဖြစ်သည့် ဗိန္ဒောဆရာကြီးဦးသာဟန်ခေါ် အဘမာန်ရပ်ကွက်လူကြီး ဦးမောင်ကိုနှင့် ဒေါက်တာလင်းမောင်တို့ ဆရာတပည့်တို့ပင် ဖြစ်ကြသည်။ လက်ဖက်ရည်ကြမ်းဝိုင်းအလယ်တွင် လက်ဖက်သုပ်၊ ထန်းလျက်၊ ပေါက်ပေါက်ဆုပ် . . . စသည့် မြန်မာ့ရိုးရာစားစရာများက စုံလင်စွာနှင့်။

အချိန်ကမူ . . . တရားနာ ထမင်းစားပြီးစ ဆယ်နာရီသာသာခန့်သာ ရှိသေးသဖြင့် လက်ဖက်ရည်ကြမ်းစကားဝိုင်းက မြိုင်မြိုင်ဆိုင်ဆိုင်ရှိလာပါ၏။ ထို့ထက်မူ ဗဟုသုတအရာတွင် ဟင်းလေးအိုးကြီးဟုအခေါ်ခံရသည့် ကပ္ပိယကြီး ဦးသူတော်ရောက်လာသဖြင့်လည်း မန်ကျည်းရိပ်စကားဝိုင်းက ပို၍စည်ကားလာခဲ့ပါသည်။

ထိုကဲ့သို့သော အချိန်ကျမှ တိုးမောင်က ဒေါက်တာလင်း





မောင်တစ်ယောက် ပြီးခဲ့သော ရက်တစ်ပတ်ခန့်က ဖုန်းမသိမ်ကုန်းတွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်နှင့် မှဆိုးလူကြမ်းဒေါင်းမိုက်တို့မောင်နှမအကြောင်းများကို ဖွင့်ဟပြောပြရင်း ဖုန်းမသိမ်ကုန်းမှ ကြုံတွေ့ခဲ့ရဖူးသောဖြစ်ရပ်များကို နောက်ကြောင်း ပြန်ပြောပြနေပါလေ၏။

"အဲဒီလိုဖြစ်ရပ်ဆိုးမျိုးတွေ ဖုန်းမသိမ်ကုန်းမှာ တွေ့ခဲ့ကြုံခဲ့ဖူးလို့ ကျွန်တော်က ဖုန်းမသိမ်ကုန်းဘက်ကို နောက်ထပ်မသွားဖို့ ဆရာလေးကို တားမြစ်နေရတာ ဦးသူတော်ရေ . . . ဟင်း ဟင်း"

တိုးမောင်က ဒေါက်တာလင်းမောင်၏ အဖြစ်အပျက်တချို့ကို ကပ္ပိယကြီးဦးသူတော်တို့အား ရှည်လျားစွာပြောပြလိုက်ပြီး အာခြောက်သွားသည်ထင့် ရေနွေးကြမ်းနှစ်ခွက်ကိုဆင့်၍ သောက်လိုက်သည်။

"အင်း . . . တိုးမောင်ပြောတာတွေက အခုအချိန်ထိတော့ အားလုံးအမှန်တွေချည်းပဲ ဆရာလေးရေ၊ ခက်တာက ဖုန်းမသိမ်ကုန်းရဲ့ရာဇဝင်ကြောင်းကလည်း တယ်မသေးလှဘူးဗျနော။ ဒီကြားထဲ . . . ဖုန်းမသိန်ကုန်းမှာ ဟို . . . မုဆိုးကောင် မောင်နှမသွားပြီးနေထိုင်ကြတော့ ဓာတ်လမ်းက ပိုပြီးရှုပ်ကုန်ကြတော့တာပဲပေါ့"

"နေပါဦး . . . ဦးသူတော်ရဲ့ သူတို့မောင်နှမက ဒီရွာက မဟုတ်ကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... တိုးမောင်ရေ မင်းရဲ့ဆရာက ရှင်ဘုရင်တစ်ပါးက အောင်ပင်လယ်ကန်မှာ နတ်သမီးချောတစ်ပါးကို တွေ့ခဲ့ရသလို ဖုန်းမသိမ်ကုန်းက နေကြာနတ်သမီးလေးကို စွဲလမ်းနေပြီထင်တယ် ... ဟင်း ဟင်း"

ဦးသူတော်၏စကားကြောင့် တစ်ဝိုင်းလုံး ဒေါက်တာလင်းမောင်ကို ပြုံးစိစိဖြင့် ကြည့်လိုက်ကြသည်။ လူပျိုလူရိုးကြီး ဒေါက်တာလင်းမောင်ကမူ ဦးခေါင်းကြီးကိုငုံ့လျက် လက်ဖက်တစ်ဇွန်းကို နှိုက်ယူစားနေပါ၏။

"ဟင်း ဟင်း ... သွားမလုပ်နဲ့ဆရာလေး ... မဉ္ဇူသက နတ်ပန်းကို နတ်ဘီလူးတွေစောင့်ကြပ်နေသလို ဖုန်းမသိမ်ကုန်းက နေကြာ ... ဆိုတဲ့ပန်းကလေးတစ်ပွင့်ကိုတော့ တာနောယကွ ဘီလူးကြီးတစ်ကောင် စောင့်နေလေရဲ့ ဆရာလေးရေ"

ကျောင်းအုပ်ဆရာကြီးဦးဝင်းမောင်ကပါ ... ဒေါက်တာလင်းမောင်အား ရယ်ရွှန်းပတ်ရွှန်းပြောကာ ... ဥပါယ်တံမျဉ်နှင့် တားမြစ်ဟန့်တားနေပါ၏။

"အင်း ... အဲဒီ မုဆိုးလေးမောင်နှမက ကျုပ်တို့ရဲ့ နေရဋ္ဌရာရွာက မဟုတ်ဘူးလေ၊ ပြောရမယ်ဆိုရင်တော့ သူတို့ရဲ့ ဇစ်မြစ်ကိုတောင် မသိကြပါဘူးကွယ်၊ မြန်မာပြည်ကနေ ဂျပန်တွေအဆုတ်မှာ စစ်ဘေးစစ်ဒဏ်ကြောင့် မြို့တွေ, နယ်တွေက စစ်ပြေးဒုက္ခသည်တွေ ဂြေးကြလွှားကြရင်း တောရွာတွေမှာ ခိုကပ်နေထိုင်ကြတယ်မဟုတ်လား ... တစ်ချိန်တည်းမှာပဲ သူခိုးဓားပြ





တွေကလည်း စစ်ပြေးဒုက္ခသည်တွေယောင်ဆောင်ပြီး ရွာကြီးတွေမှာ ဝင်ခွင့်ရအောင် ရောယောင်ပြီးကြိုးစားကြတယ်လေ၊ နောက်တော့ ... ကိုယ့်ကိုခိုလှုံခွင့်ပေးတဲ့ရွာကို ပြန်ပြီး ဓားပြတိုက်သွားကြတယ်၊ တချို့ဆိုရင် ရွာလုံးကျွတ်တောင် ဓားပြတိုက်ခံကြရတယ် ဆရာလေး"

ဦးသူတော်က ... ဒေါက်တာလင်းမောင်နားဝင်စေရန် တစ်လုံးချင်း စိတ်ရှည်လက်ရှည် ပြောဆိုရှင်းပြနေပါ၏။

"အဲဒီလိုဖြစ်ရပ်တွေက ကျုပ်တို့ရဲ့ရွာနီးချုပ်စပ်က ရွာတွေမှာတောင် ကြုံတွေ့ခဲ့ရတာမို့ စစ်ပြေးဒုက္ခသည်တွေကိုတောင် ရွာထဲမှာ လက်ခံခေါ်ယူထားကြဖို့ တော်တော့်ကို သွေးလန့်နေကြတာပေါ့၊ ဖြစ်ချင်တော့ အဲဒီလိုအချိန်မှာ ... သူတို့ မောင်နှမနှစ်ယောက် နေရဋ္ဌရာကိုရောက်လာခဲ့ကြတယ်၊ ရွာသူကြီးထံမှာ ခွင့်တောင်းပြီး နေရဋ္ဌရာရွာမှာ နေထိုင်လုပ်ကိုင်စားသောက်ခွင့်တောင်းတယ်၊ အင်း ... ဒီနေရာမှာ အကူအညီတောင်းခံတဲ့ သူ့ရဲ့ပုံစံက လက်ထဲမှာနှစ်လုံးပြူးသေနတ်ကြီးကို ကိုင်လို့၊ ရင်ဘတ်မှာလည်း ကျည်ဆန်တောင့်တွေ လွယ်သိုင်းထားတာက တစ်သီကြီး။ နောက်ပြီး ဆံပင်က ညှဉ်းသိုးသိုး, မုတ်ဆိတ်မွေး, ပါးမြိုင်းမွေးတွေနဲ့၊ နှုတ်ခမ်းမွေးတွေကဆို ဗရပျစ်နဲ့၊ ဒီလိုပုံစံမျိုးနဲ့လူကို ဒီလိုအချိန်မှာ ဘယ်ရွာကမှ လက်သင့်ခံရဲကြမယ်လို့ ကျုပ်မထင်ဘူး ဆရာလေး ...၊

အမှန်တော့ စစ်ပြေးဒုက္ခသည်အများစုဟာ ကိုယ့်အဆက်



www.burmeseclassic.com

www.burmeseclassic.com



အနွယ်ရှိတဲ့ တောရွာတွေမှာ အသိမိတ်ဆွေသားချင်းတွေနဲ့ ဆက်သွယ်ပြီး နိုလှုံနေထိုင်ကြတာကလား။ သူတို့မှာက ဘယ် အသိမိတ်ဆွေမှလည်း မရှိ၊ ဒီကြားထဲ သူ့အပြောအဆိုနဲ့ သူ့ရဲ့သွင်ပြင်ဟန်ကလည်း လက်သင့်ခံရဲစရာ တစ်စက်မှမရှိတာနဲ့ ... နေရဌရာက ရွာလူကြီးတွေ့ သူတို့မောင်နှမနှစ်ဦးကို လက်မခံခဲ့ကြဘူးလေ ...၊

အဲဒီကိစ္စကို အကြောင်းပြုပြီး ဒေါင်းမိုက်ဆိုတဲ့ မုဆိုးဟာ ကျုပ်တို့ရွာကို အမျက်သိုခဲ့ဟန်တူပါရဲ့ ... ဘယ်သူမှမနေရဲတဲ့ ရွာကြီးနှစ်ရွာကြားက ဖုန်းမသိမ်ကုန်းမှာ အရွဲ့တိုက်ပြီး နေထိုင်ကြတယ်၊ မြေလွတ်မြေရိုင်းတချို့ကို ရှင်းလင်းခုတ်ထွင်ပြီး ယာခင်းတွေ လုပ်တယ်၊ တချို့မြေကွက်မှာ နေကြာစမ်းပြီးစိုက်ပျိုးတယ်၊ အင်း ...အကြောင်းမှန်လို့ အကျိုးပေးတာလားတော့မသိဘူး လူသူမနေရဲတဲ့ ဖုန်းမသိမ်ကုန်းထက်မှာ တစ်နှစ်,နှစ်နှစ်အတွင်းမှာဘာမှမဖြစ်ဘဲ စီးပွားတောင်ဖြစ်လာကြသေးတယ် ဆရာလေးရေ''

ဦးသုတော်မှာ စကားကိုရှည်ကြာစွာ ပြောဆိုရှင်းပြလိုက်ပြီး အသင့်ငှဲ့ထားသော ရေနွေးကြမ်းပူပူကို မှုတ်၍သောက်နေပါ၏။ ဒေါက်တာလင်းမောင်ကမူ မည်သို့မျှမှတ်ချက်မပြုသေးဘဲ စိတ်ဝင်တစားပင် နားထောင်လျက်ရှိသည်။

''အင်း ...ဒါကလည်း ဒီလိုရှိတယ်ဦးသုတော်ရဲ့ ... သူတို့လုပ်ကိုင်စားသောက်ကြတဲ့ ယာခင်းစိုက်ခင်းတွေက ဖုန်း





မသိမ်ကုန်းရဲ့အစပ်မှာရှိနေကြတာကတစ်ကြောင်း၊ ကုသိုလ်ကံအကျိုးပေးချိန် မတန်သေးတာကလည်းတစ်ကြောင်း၊ နောက်ပြီး သူတို့ရဲ့ကုသိုလ်ကံက မြင့်နေသေးတာကလည်းတစ်ကြောင်း ဖြစ်နိုင်တယ် ဦးသုတော်ရဲ့''

ဆရာကြီးဦးဝင်းမောင်က မုဆိုးဒေါင်းမိုက်၏ လက်ရှိအခြေအနေနှင့်စပ်လျဉ်း၍ သူ၏အမြင်ကို ပြောပြလိုက်သည်။ ထိုစဉ်မှာပင် တစ်ချိန်လုံး ငြိမ်၍နားထောင်နေသည့် ဗိန္ဒောဆရာကြီး အဘဟန်က သောက်လက်စရေနွေးကြမ်းပန်းကန်ကိုချကာ စကားဝိုင်းထဲသို့ဝင်လာသဖြင့် အားလုံးငြိမ်၍နားထောင်နေကြပါ၏။

''အင်း ...တချို့ကိစ္စရပ်တွေက လက်ရှိပစ္စုပ္ပန်အမြင်တွေနဲ့ ကွာခြားနေကြတာတွေလည်းရှိကြတယ်ကွယ့် ...အဲဒီလိုဖြစ်ခဲ့ ကြုံခဲ့ရတဲ့ကိစ္စရပ်တိုင်းဟာလည်း ကာလဒေသ၊ ပယောဂ အခြေအနေကိုလိုက်ပြီး ပြောင်းလဲလာတာတွေလည်း ရှိတယ်၊ အရာရာကို လေ့နံ့ဓားထစ်တော့ မှတ်ယူစွဲထားလို့ မရပေဘူးကွယ့် ...၊

အင်း ...တစ်ဆက်တည်းပြောရရင် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်,သုံးဆယ်ကျော်လောက်က ဖုန်းမသိမ်ကုန်းနဲ့ အခုလက်ရှိ ပစ္စုပ္ပန်ဖုန်းမသိမ်ကုန်းဟာ အခြေအနေချင်း, အဖြစ်အပျက်ချင်းတွေဟာ မတူကြတော့ဘူးလေ၊ အဘရဲ့ အသက်ငါးဆယ်ကျော်လောက်ကဆိုရင် ဟောဒီဖုန်းမသိမ်ကုန်းရဲ့ ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ အဆိုးဝါးဆုံးအချိန်ပဲလို့တောင် ထင်ရတယ်၊ ဖုန်းမသိမ်ကုန်းထဲကို ကျွဲဝင်သွားရင် ကျွဲပျောက်, နွားဝင်သွားရင် နွားပျောက်နဲ့ အဲ ... ကံမကောင်းခဲ့ရင် နွားပျောက်လို့သွားရှာကြတဲ့ နွားရှင်တွေပါ လုံးဝရှာမရအောင်ကို ပျောက်ဆုံးသွားခဲ့ကြရတာတွေဟာ နည်းမှမနည်းတော့တာကလား''

ဗိန္ဒောဆရာကြီးအဘဟန်သည် လူမှန်၊ စေတနာမှန်သော ဗိန္ဒောဆရာကြီးတစ်ဦးဖြစ်သည်။ နေရွှေရာရွာကြီးပေါ်တွင် သံယောဇဉ်ကြီးသလောက် ရပ်ရေးရွာရေးတွင်လည်း လူကြီးသူမတစ်ဦးပီပီ မှန်ကန်စွာဆုံးဖြတ်ရဲသူ၊ ပြတ်သားသူတစ်ဦးလည်း ဖြစ်ပါလေ၏။ အသက်အရွယ်အရ၊ အတွေ့အကြုံဗဟုသုတ ဝမ်းတမျှားကလည်း ပြည့်လျှံနေပါ၏။ ထို့ကြောင့် ထိုကဲ့သို့ ပုဂ္ဂိုလ်တစ်ဦး စကားပြောနေပြီဆိုလျှင် စိတ်ဝင်တစားနားထောင်သူများသည်။

''မှတ်မှတ်ရရပြောရရင်တော့ အဘရဲ့ညီ သာဉာဏ်ရဲ့ အကြောင်းကစပြီး ခြေရာကောက်ရလိမ့်မယ်ထင်တယ်၊ ဒီကောင်က ငယ်ကတည်းက တစ်ဖွတ်ထိုး, တဇောက်ကန်းသမား၊ အရပ်ပုသလောက် စိတ်မြန်, စိတ်ဆတ်တာကလည်း လွန်ရောကွယ်၊ အရက်ကလေးကလည်း သောက်တတ်လေတော့ မူးလာရင် သွေးနည်းနည်းဆိုးတတ်တယ်၊ ဒါပေမဲ့ ... ဒီကောင်ကသူ အမွေရထားတဲ့လယ်ကွက်တွေနဲ့ ခိုင်းနွားကြီးနှစ်ကောင်ကိုတော့ အချစ်တတ်သား။ အင်း ... တိုတိုပြောကြပါစို့ကွယ်





... တစ်နေ့တော့ လယ်ကွက်ထဲကနေ ညနေစောင်းအိမ်အပြန်မှာ သူ့ရဲ့ခိုင်းနွားနှစ်ကောင်ထဲက နွားပြာကြီးဟာ ဘယ်နွားကျောင်းသားအုပ်စုတွေရဲ့ နွားတွေနဲ့ ရောပြီးပါသွားသလဲမသိဘူး၊ မိုးချုပ်သွားတာတောင် အိမ်ကို ပြန်ရောက်မလာခဲ့ဘူးလေ ...၊

ဖြစ်ချင်တော့ သာဉာဏ်ကလည်း စိတ်ချလက်ချနဲ့ ငတင်ရဲ့အရက်ဆိုင်မှာ အရက်ဝင်ပြီးသောက်နေသေးတယ်၊ အဲဒါ ... အရက်ဆိုင်အထိ သူ့မိန်းမ မယ်ဖော့လာပြီးပြောမှပဲ သူ့ရဲ့ နွားပြာကြီး ပျောက်နေမှန်းသိလိုက်ရတော့တယ်၊ အဲဒါနဲ့ ချက်ချင်းပဲ နွားကျောင်းသားတွေကတစ်ဆင့် စုံစမ်းကြည့်တော့ ဘယ်နွားအုပ်ထဲမှ ရောပြီးပါမလာမှန်းသိပြီး တစ်ကောင်တည်း ထွက်သွားတယ်ဆိုတာ သိလိုက်ရတော့တယ်''

ထို့နောက်မှာတော့ မန်ကျည်းပင်ရိပ်မှ အုပ်စုတစ်ခုလုံး ဗိန္ဒောဆရာကြီးအဘဟန် ပြောပြနေသည့် သာဉာဏ်၏ နွားပြာကြီးပျောက်ဆုံးမှုနှင့် ဖုန်းမသိမ်ကုန်းတို့ ဆက်နွယ်လျက်ရှိသော ထူးဆန်းသည့်ဇာတ်ကြောင်းတွင် စီးမျောပါဝင်သွားကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

### ဖုန်းမသိမ်ကုန်းမှ သွေးပျက်ထိတ်လန့်ဖွယ်ဖြစ်ရပ်များ (တစ်)

'ဒူ ဒူ ..ဒူ ဒူ ..ဒူ ဒူ ..ဒူ ဒူ'

အချိန်က ညဥ့်ကိုးနာရီကျော်ခဲ့ပြီမို့ နေရွှေရာရှိ တချို့အိမ်များဆိုလျှင် မီးမှိတ်၍ပင် အိပ်မောကျလျက်ရှိကြပါပြီ။ ထိုကဲ့သို့သောအချိန်တွင်မှ ရွာသူကြီးအိမ်ဆီမှ ထွက်ပေါ်လာသော မောင်းသံ တဒူဒူကြောင့် နေရွှေရာရွာကြီးတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြပါတော့သည်။

''ဟေး ...ဘယ်လိုလဲဟ ညဥ့်ကြီးအချိန်မတော် ရွာခေါင်းတွေလည်း ကြိုတင်ပြီး ပြောမထားကြပါဘူး၊ သူကြီးအိမ်က မောင်းသံတဒူဒူနဲ့ ဘာတွေများ ဖြစ်ကုန်ကြပြန်ပြီလဲဟ''

''ဪ ...နေဦးဗျ ...ဦးဖိုးသာရဲ့မောင်းသံက နှင်ချက်စီ ခြားပြီးထုနေတာဆိုတော့ သိပ်တော့မစိုးရိမ်ရပါဘူး





ကေန္တ ...တစ်ခုခုအတွက် အရေးပေါ်လူစုတာပဲဖြစ်မယ်''

ဟုတ်သည် ...နေရွှေရာရွာကြီးသည် အနီးဝန်းကျင်ရှိရွာငယ်များ၏ စံပြရွာဖြစ်သည်။ ရွာသူကြီး၏နေအိမ်မှ မောင်းထုခေါ်သံကအစ သင်္ကေတစနစ်ရှိသည်၊ သာရေးနာရေးရှိ၍ လူစုရန်ခေါ်လျှင်လည်းကောင်း၊ ရွာခေါင်းများကြိုတင်ဆော်ဩထားလျှင်သော်လည်းကောင်း မောင်းထု၍ခေါ်ငင်လျှင် ...ဒူဒူ ...ဟု တစ်ချက်ချင်း လေးလေးမှန်မှန်ထုသည်။ အကြောင်းကြီးငယ်တစ်စုံတစ်ရာကြောင့် အရေးပေါ်လူစုလိုလျှင် ဒူဒူ ...ဒူဒူဟု မောင်းထုသံနှစ်ချက်ဆင့်၍ထုသည်။

မြို့ပြများတွင် မီးကင်းသံချောင်းခေါက်သကဲ့သို့ တဒူဒူနှင့်အဆက်မပြတ် လျင်မြန်စွာမောင်းထုပြီဆိုလျှင်တော့ ချက်ချင်းအရေးတကြီး အရေးပေါ်လူခေါ်ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့အဆက်မပြတ်မောင်းထုပြီဆိုလျှင်တော့ ရွာရှိ အရွယ်ရောက်ပြီးရွာသားအားလုံး တုတ်၊ ဓား၊ လက်နက်ရရာစွဲကိုင်လျက်ရွာသူကြီးအိမ်သို့ ချက်ချင်းမရောက်ရောက်အောင် ပြေးလာကြရသည်။ ကျန်ရှိနေသော နေအိမ်မှမိသားစုများမှာမူ လုံခြုံစိတ်ချရာနေရာတစ်နေရာကိုရှာဖွေ၍ ပုန်းခိုနေကြရသည်။

ထိုကဲ့သို့ အဆက်မပြတ်မောင်းထုရခြင်းမှာ ...သူခိုး၊ ဓားပြ၊ မုတိမ်းတန္တမျာနှင့် တောရိုင်းတိရစ္ဆာန်ကြီးများဖြစ်သော ကျား၊ ဆင်၊ တောဝက်များစသည့် လူကိုအန္တရာယ်ပြုနိုင်သော သတ္တဝါတစ်ကောင်ကောင် ရွာတွင်း၊ ရွာပြင်တွင် ရောက်ရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း သင်္ကေတများနှင့် အချက်ပေး၍ လှူစုခြင်း၊ ရှောင်တိမ်းခြင်းများကို အချိန်မီပြုလုပ်ကြရသည်။

ယခု မောင်းထုသံမှာမူ ထိုကဲ့သို့မဟုတ် ချက်ချင်းလက်ငင်း အရေးပေါ်သင်္ကေတမဟုတ်ပါ။ တစ်စုံတစ်ခုသော အန္တရာယ်ကျရောက်နိုင်သည် သို့မဟုတ် အန္တရာယ်ကျရောက်လျက် ရှိသည်ဟု အသိပေးနှိုးဆော်ရန်လှူစုခြင်း၊ မောင်းထုအချက်ပေးခြင်းသာဖြစ်ပါလေ၏။

မကြာမီ ရွာသူကြီးအိမ်ရှေ့ တလင်းပြင်သို့ ရွာသားများ တဖွဲဖွဲနှင့်စုရုံးရောက်ရှိလာကြသည်။ ကြိုတင်ဆော်သြ၍ခေါ်သော အစည်းအဝေးပုံစံမျိုးမဟုတ်ခြင်းကြောင့် ရွာသားများမှာ လရောင်အောက်တွင် ဟိုနေရာတစ်စု သည်နေရာတစ်စု တီးတိုးတီးတိုးနှင့် မောင်းထု၍ဆင့်ခေါ်ရခြင်းအကြောင်းကို သူတို့ ထင်မြင်ယူဆထားသလို တီးတိုးသဖန်းပိုးထိုးနေကြသည်။

''ဘာဖြစ်တာတဲ့လဲ သာဒင် ... ညကြီးမိုးချုပ်မှ မောင်းထုခေါ်တာဆိုတော့ ဘယ်သူမှား ဘာဖြစ်လို့လဲမသိဘူး၊ ဒီနေ့ညနေ ရွာထဲမှာ ဘာသတင်းကြားသေးလဲကွ''

''ဘာမှတော့ ထွေထွေထူးထူးမကြားမိပါဘူး၊ အေး ... ရွာလယ်ပိုင်းက သာညာဏ်ရဲ့နွားကြီးတစ်ကောင်တော့ ပျောက်တယ်လို့ ကြားရတယ်''

''အေးကွ ... ဟုတ်မယ်ထင်တယ်၊ ဒါကြောင့် ... သာညာဏ် ငတင်ရဲ့အရက်ဆိုင်မှာ အရက်သောက်နေတုန်း သူ့ရဲ့





မိန်းမ လာခေါ်သွားတာတွေ့လိုက်ရတယ်၊ ဘုရား ဘုရား ... ဘာတွေများဖြစ်ကုန်ကြပြီလဲ မသိဘူး''

ရပ်ရွာထဲတွင် ဘာပဲဖြစ်လိုက်,ဖြစ်လိုက် ရှေ့ဆုံးမှ ရောက်လာပြီး ဘုရားတ,ကာ ညည်းတွားလေ့ရှိသော ကြက်သူခိုးကျောက်ဒိုး၏ထုံးစံအတိုင်း ဘုရားတ,သံကြီးက လူအုပ်ကြားထဲမှ ပျံ့လွင့်လာသည်။

ထိုအချိန်တွင် သူကြီးအိမ်ပေါ်မှ လက်ဆွဲအောက်လင်းဓာတ်မီးကြီးမှာ လင်းထိန်သွားပြီး ဝရန်တာထက်ရှိ ခေါင်မိုးတုတ်တန်းတွင် ချိတ်ဆွဲလိုက်သည်။ တစ်ဆက်တည်းမှာပင် ရွာသူကြီးဦးတောကျော်၏အသံသြသြကြီးက ဝရန်တာထက်မှ ထွက်ပေါ်လာပါလေ၏။

''အေး ... ရွာသားတွေအားလုံးပဲ ငြိမ်ငြိမ်လေးနားထောင်ကြစမ်း ... အခုလိုမောင်းထုပြီး လှူစုရတဲ့အကြောင်းရင်းက သာညာဏ်တစ်ယောက် နွားပျောက်သွားရာရင်းနဲ့ ခုချိန်ထိ အိမ်ကိုပြန်ရောက်မလာဘဲ ပျောက်ဆုံးနေလို့ ခေါ်လိုက်ရတာ၊ ရွာတံခါးဟာ ညဉ့်ကိုးနာရီထိုးတာနဲ့ပိတ်တယ်ဆိုတာ အားလုံးအသိပဲမဟုတ်လား၊ အခုဆယ်နာရီတောင်နီးပြီဆိုတော့ သာညာဏ်ဟာ တစ်စုံတစ်ခုသောပယောဂကြောင့် ဒုက္ခရောက်နေပြီလို့ ယူဆရတယ် ...।

စောစောလေးကမှ သူ့ရဲ့မိန်းမ မယ်ဖော့ဟာ ကယ်ပါ, ယူပါနဲ့ ငိုယိုပြီး ငါ့ဆီကို အကြောင်းကြားတိုင်တန်းလို့ ဒီကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



ညတွင်းချင်း ဖြေရှင်းရမယ်ဆိုတာသိလို့ အခုလို လူစုလိုက်ရတာပဲ''

သူကြီးဦးတောကျော်၏စကားကြောင့် နွားကျောင်းသားလေးပေသီးက သူသိသမျှကို ထုတ်ဖော်ပြောဆိုလိုက်သည်။

''ဒါဆိုရင် ... ဦးသာညဏ်ဟာ သူ့ရဲ့နွားပြာကြီးကို သွားရှာတာပဲဖြစ်ရမယ်၊ ညနေစောင်းက ကျုပ်ဆီကိုရောက်လာသေးတယ်ဗျ၊ ကျုပ်ရဲ့နွားတွေထဲမှာ သူ့ရဲ့နွားပြာကြီးများရောပြီး ပါလာသလားဆိုပြီးလာမေးတာ ... ဒီမှာတင် ကျုပ်က ပြန်ပြောလိုက်တယ်၊ ဦးလေးရဲ့နွားလား၊ ဘာလားတော့မသိဘူး နွားကြီးတစ်ကောင်တော့ ဖုန်းမသိမ်ကုန်းအစပ်နားမှာ ကျုပ် ညနေက တွေ့လိုက်ရသေးတယ်လို့ ပြန်ပြောလိုက်တော့ ချက်ချင်း လှည့်ပြန်သွားတာပဲ သူကြီး၊ ကျုပ်အထင်တော့ ဖုန်းမသိမ်ကုန်းဘက်သွားပြီး သူ့နွားကြီးကို သွားရှာတယ်ထင်တယ်''

နွားကျောင်းသားပေသီး၏စကားကြောင့် ရွာသားတစ်စု အုတ်အုတ်ကျက်ကျက်ဖြစ်သွားကြသည်။ သူကြီးဦးတောကျော်က ပေသီးအား သူ့ထံသို့ခေါ်၍ အသေးစိတ်မေးမြန်းနေပါ၏။

''ဟာ ... ဒီကောင် တော်တော်ခက်တဲ့ကောင်ပဲ၊ ဖုန်းမသိမ်ကုန်းဘက်ကိုများ အချိန်မတော်ကြီးထွက်သွားရတယ်လို့ ... ဖုန်းမသိမ်ကုန်းအကြောင်းလည်း သိရဲ့သားနဲ့''

''ဟုတ်ပါ့ စံကျူးရာ ... ဒါပေမဲ့ ဒီကောင်က သူ့ရဲ့နွားပြာကြီးကို သိပ်ချစ်တာကွ၊ ဒါကြောင့် အန္တရာယ်မကြောက်





ဘာမကြောက်နဲ့ ဖုန်းမသိမ်ကုန်းကို ထွက်သွားတာနေမှာပေါ့''

''ဟာ ... ဒီအတိုင်းဆိုရင်တော့ ကျုပ်တို့ ကိုသာညဏ်တော့ ဒုက္ခဖြစ်ပြီထင်တယ်ဗျို့ ... ဘုရား ... ဘုရား ကိုသာညဏ်ကြီးတစ်ယောက် ဘာတစ်ခုမှ မဖြစ်ပါစေနဲ့''

တီးတိုးသဖန်းပိုးစကားဝိုင်းထဲသို့ ကြက်သူခိုးကျောက်ဒိုးက ထုံးစံအတိုင်း ဘုရားတ,ကာ ဝင်ရောက်လာခဲ့ပြန်သဖြင့် စံကျူးက အော်ဟစ်ငေါက်ငမ်းလိုက်မှ စကားသံတိတ်သွားပါလေ၏။

''ဟာ ... တိတ်တိတ်နေစမ်းပါ ကြက်သူခိုးရာ ... ဘာမှန်းမှမသိသေးဘဲ စွတ်ပြီး ဘုရား .. ဘုရား .. တနေတာပဲ''

ထိုစဉ်မှာပင် ဝရန်တာထက်မှ ရွာသူကြီးဦးတောကျော်၏ စကားသံကြီးက ထွက်လာပြန်ပါ၏။ ဦးတောကျော်မှာ ဝရန်တာလက်ရမ်းအား လက်ထဲမှ ဝါးဆစ်တုတ်တိုနှင့်တဒုံးဒုံး ရိုက်နက်လိုက်ရင်း ...

'ဒုံး .. ဒုံး .. ဒုံး'

''ဟေး ... အားလုံးငြိမ်ကြစမ်းဟေ့ ဒီမှာ ပေသီးပြောတဲ့အတိုင်းဆိုရင် သာညဏ်ဟာ ဖုန်းမသိမ်ကုန်းဘက်ကိုသွားပြီး သူ့ရဲ့နွားကြီးကိုရှာတာပဲဖြစ်မယ်၊ ခက်တာက ဖုန်းမသိမ်ကုန်းဆိုတာကလည်း နွားကျွံရင် နွားပျောက်၊ လူကျွံရင် လူပျောက်ဆိုတော့ ကျုပ်တို့တစ်တွေ အခုချက်ချင်း လူစုပြီး သာညဏ်နောက်ကို လိုက်မှဖြစ်မယ်''

ဤသို့ဖြင့် ... နေရာရာမှ ရွာသားများမှာ တုတ်၊ ဓား။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်၊ မီးတုတ်၊ မီးရှူးတိုင်များ ထွန်းညှိလျက် အစုနှစ်စု ခွဲကာ ဖုန်းမသိမ်ကုန်းထက်သို့တက်၍ တောနင်းရှာဖွေကြပါတော့သည်။

သူတို့လူစု ဖုန်းမသိမ်ကုန်းထက်သို့ ရောက်ကြတော့ လဆန်းပက္ခတစ်ခြမ်းပဲ့လကလေးက အနောက်ဘက်တောင်တန်းများနောက်သို့ ငုပ်လျှိုးခိုဝင်သွားပြီဖြစ်ပါ၏။ လရောင်ကွယ်သွားသဖြင့် မီးတုတ်၊ မီးရှူးတိုင်များ၏ ဝါကြင်ကြင်မီးရောင်များက ဖုန်းမသိမ်ကုန်းဝန်းကျင်တစ်ဝိုက်တွင် ပို၍လင်းလက်သွားကြသည်သို့။

''ဟေး ... သာညာဏ်ရေ ... ဟေး''

''မောင်သာညာဏ်ရေ ... ဦးကြီးသာညာဏ်ရေ''

'ဟေး .. ဟူး .. ဟူး''

ဖုန်းမသိမ်ကုန်းတောကြီးထဲရှိ သာညာဏ်တစ်ယောက် အန္တရာယ်ကျရောက်နေခဲ့လျှင် ကြားသိနိုင်စေရေးအတွက် ရွာသားများ၏ ဟစ်အော်ခေါ်ငင်သံများက ဖုန်းမသိမ်ကုန်းထက်တွင် ပဲ့တင်ညံလျက်ရှိပါတော့သည်။

သို့သော် ... အာရုဏ်ကျင်း၍ နံနက်ခင်းမိုးလင်းလုနီးလာသည့်တိုင် သာညာဏ်၏အရိပ်အယောင်နှင့် ပျောက်ဆုံးနေသော နွားပြာကြီး ခြေစလက်နကိုမျှ မတွေ့မြင်ကြရသဖြင့် ရှာဖွေသူတို့ စိတ်ပျက်အားလျော့လျက် ရှိနေကြပါ၏။ မကြာမီ ... မိုးသောက်ရောင်ခြည်တန်းများနှင့်အတူ နံနက်ခင်းတစ်ခု၏ အလင်း





ရောင်တို့ ယှက်ဖြာကျဆင်းလာသည့်အချိန်သို့ရောက်ခါမှ ဖုန်းမသိမ်ကုန်းကြီး၏ နက်ရှိုင်းသော မြောက်ဘက်ခြမ်းဘက်မှ ထူးခြားမှုတစ်ခုကိုတွေ့လိုက်ကြရသည်ထင့်၊ ခေါ်သံဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာကြသည်။

''ဟောဒီမှာဟေ့ ... ဟောဒါ သာညာဏ်ရဲ့ခေါင်းပေါင်းသဘက်ကလေးမဟုတ်လား ... သေချာကြည့်ကြစမ်း''

''ဟာ ... ဟုတ်တယ် ဟုတ်တယ် ... ဒီကောင် ငတေရဲ့အရက်ဆိုင်က ထွက်သွားတော့ အဲဒီတဘက်လေးကို ခေါင်းပေါင်းသွားတာ တွေ့လိုက်တယ် ... ဟင် ... ဒီလိုဆို ... သာညာဏ် ဖုန်းမသိမ်ကုန်းကိုရောက်လာတာ သေချာသွားပြီပေါ့''

ကာလသားခေါင်း ဖိုးစိကာ ဝါးရုံကိုင်းတစ်ကိုင်းတွင် ငြိ၍ကျန်ရစ်ခဲ့ဟန်တူသည့် အပြာစင်းကြားတဘက်တစ်ထည်ကို ဖြုတ်ယူ၍သိမ်းဆည်းလိုက်သည်။ ထို့နောက်မှာတော့ လူပျောက်ရှာဖွေသူများမှာ အားတက်လာကြပြီမို့ ဖုန်းမသိမ်ကုန်းအတွင်းပိုင်းထိတိုင် ထိုးဖောက်ဝင်ရောက်ရှာဖွေကြပြန် ္သည်။ လူပျောက်ရှာရင်း တွေ့ရသော ဆက်တစ်ကောင်နှင့် ယုန်သုံးကောင်ခန့်ကိုပင် ရွာသားများက ဝိုင်းဝန်းပစ်ခတ်ကြပြီး နေရာမှာပင် တံမို့ထိုးမီးကင်၍ စားသောက်ပစ်လိုက်ကြသည်။

မကြာမီ မြက်ခင်းစိမ်းစိမ်းထက်တွင် နွားပြာကြီးမှ ကျွတ်ကျခဲ့ဟန်တူသည့် နွားခလောက်တစ်ခုကို ကြိုးတန်းလန်းနှင့် တွေ့ကြရပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



''အင်း ...ဒီနွားခလောက်နဲ့ကြိုးကတော့ သာဉာဏ် မိန်းမမယ်ဖော့ကိုပြမှပ သိတော့မယ်၊ ကိုင်း ...ရသမျှသဲလွန်စ တွေ သူကြီးဆီမှာအပ်ရအောင် ယူခဲ့ကြဟော့''

ဖုန်းမသိမ်ကုန်း၏တည်နေရာက သားကောင်များ ကြိုက်နှစ်သက်ရာနယ်မြေ ဖြစ်နေပါ၏။ ဖုန်းမသိမ်ကုန်း၏ မြောက်ဘက်တွင် တောင်နီတောင်ကြီးက တစ်ဆက်တည်း၊ တစ်ကြောတည်းလို တည်ရှိနေပြန်သဖြင့် ရံဖန်ရံခါ ဖုန်းမသိမ်ကုန်းအတွင်းသို့ ဟင်းကောင်(ကျား)ကြီးများနှင့် ဝံကောင်တချို့ပင် နယ်ကျူးကာ ခိုဝင်ရောက်ရှိလာလေ့ရှိပါ၏။

ယခုပင် သာဉာဏ်ကိုတောနင်း၍ရှာဖွေကြရင်း ပျားကြီးအတုပ်ခံရသူ၊ ဆူးစူးသူ၊ ခွေးလယားသီးထိသူ၊ မြွေ၊ ကင်း၊ ပွတ်၊ ပဒတ်ကောင်ငယ်များတွေ့သူနှင့် ဒရယ်၊ ဆက်နှင့်ဝံကောင်ကြီးများကို တွေ့ရှိရသူများပင် မနည်းတော့ပါ။

ဤသို့ဖြင့် ...နှစ်ရက်နှင့်နှစ်ညတိတိ ဆက်တိုက်ရှာဖွေခဲ့ကြသည်မို့ ရွာသားများမှာ ပင်ပန်းမောဟိုက်လျက်ရှိကြပါပြီ။ သို့သော်လည်း လူ့အသက်တစ်ချောင်းဖြစ်နေသည်မို့ ရှာသူရှာ၊ နားသူနားဖြင့် ထပ်မံ၍ အလှည့်ကျရှာဖွေနေကြဆဲပင်။ သို့သော် ...မျှော်လင့်ချက်ကတော့ တစ်စတစ်စဖြင့် နည်းပါးလာခဲ့ပြီ မဟုတ်ပါလား။ ယခင်ကလည်း ဤကဲ့သို့ပင် ဖုန်းမသိမ်ကုန်းကြီးထဲသို့ နယ်ကျူးကာ ဝင်ရောက်ရှိသွားခဲ့သဖြင့် ကျွဲနွားတိရစ္ဆာန်များနှင့် လူအချို့ သဲလွန်စရှာ၍မရအောင် စုတ်စပျောက်ဆုံးခဲ့ဖူး





သော သာဓကများကလည်းရှိနေသည်မို့ အသက်ရှင်လျက်မတွေ့လျှင်သော်မှ ရုပ်အလောင်းကို ပြန်တွေ့လိုတွေ့ငြား ရှာဖွေနေကြခြင်းသာဖြစ်သည်။

ကျားကိုက်၍သေလျှင် ကျားစားထားသည့် ကြွင်းကျန်သော တစ်ပိုင်းတစ်စအလောင်းကိုတွေ့ရမည်။ ထို့အတူ ဝံကုတ်၊ ဝံကိုက်၊ တောဝက်ပက်၊ မြွေကိုက်၍သေဆုံးခဲ့သည်ဆိုလျှင်လည်း အလောင်းကိုတော့ မလွဲမသွေတွေ့ကြရပေမည်။ ယခုမူ ...အလောင်းနှင့်ပတ်သက်၍ မည်သည့်သဲလွန်စအထောက်အထားမျှ မတွေ့ကြရသဖြင့် သာဉာဏ်ပျောက်ဆုံးမှုက ထူးခြား၍ ဆန်းပြားနေသည် မဟုတ်ပါလား။

တစ်ဖက်တွင် ရွာသူကြီးဦးတောကျော်ကလည်း သာဉာဏ်၏အစ်ကို ဗိန္ဒောဆရာဦးသာဟန်နှင့်မယ်ဖော့တို့ကို ခေါ်ယူကာ တိုးတိုးတိတ်တိတ် စုံစမ်းစစ်ဆေးမေးမြန်းလျက် ရှိပါ၏။

''ဒီမှာ မယ်ဖော့ ...မှန်မှန်ပြောစမ်း ...နင့်လင် သာဉာဏ်ဟာ ရွာမြောက်ပိုင်းက သံချောင်းတို့အုပ်စုနဲ့ စကားများရန်ဖြစ်ကြသေးတယ်ဆို၊ အခု ငါတို့ကို ကျိတ်ကျိတ်လုပ်ပြီး စုံစမ်းမှ သိခဲ့ရတာ၊ နင့်လင် သာဉာဏ်ကည်း တဖောက်ကန်းသမား၊ အရက်မူးလာရင် ကြိုဟ်ဆန်ချင်သေးတယ်၊ နောက်ထပ် သာဉာဏ်နဲ့ ရန်ငြိုးရန်စရှိတဲ့သူတွေ ကျန်သေးလား ...နင် သေသေချာချာ စဉ်းစားစမ်း''

သူကြီးဦးတောကျော်၏အမေးစကားကို မယ်ဖော့ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မပြေနိုင်သေး။ ရစ်ဝိုင်းနေသည့် မျက်ရည်တချို့ကို သုတ်ဖယ်လိုက်ရင်း ရွှမ်းခနဲ နှပ်ညှစ်လိုက်ပြန်ပါ၏။ ပြီးမှ . . .

"မ . . . မဟုတ်ပါဘူး သူကြီးရယ် သံချောင်းတို့နဲ့က ရေမြောင်းဖောက်ချတဲ့ကိစ္စနဲ့ပတ်သက်ပြီး စကားနည်းနည်း များကြတာပါတော် ရန်မဖြစ်ကြပါဘူး၊ တကတဲမှပဲ လူတွေက မပြောလိုက်ချင်ဘူး၊ ဟွန်း . . . ချဲ့ကားပြောကြဖို့ပဲ စိုင်းပြင်းနေကြတာ၊ နို့ . . . ကျုပ်လင်မှာ ဘယ်သူနဲ့မှလည်း ရန်ငြိုးရှိခဲ့တာ မဟုတ်ဘူး"

"ဟ . . . ဟ . . . တိုးတိုးပြောပါဟဲ့၊ နင်ကလည်း သူများတွေ ကြားကုန်မှဇာတ်တွေပိုပြီးရှုပ်ကုန်မယ်၊ ငါ့အနေနဲ့က မေးသင့်မေးထိုက်လို့ နင့်ကိုမေးရမြန်းရတယ်ဆိုတာ သဘောပေါက်၊ တစ်ပတ်ကျော်လို့မှအကြောင်းမထူးရင် မြို့တက်ပြီး ဌာနအုပ်ကြီးကို သွားပြီးတိုင်တန်းရမှာ"

ရွာသူကြီးဦးတောကျော်က သူ၏တာဝန်ဝတ္တရားများနှင့် ရှေ့ဆက်လုပ်ကိုင်ရမည့်ကိစ္စရပ်များကြောင့် ကာယကံရှင်နှင့် ပတ်သက်ဆက်နွယ်သူများအား ခေါ်ယူတွေ့ဆုံရခြင်းဖြစ်သည် မဟုတ်ပါလား။

"အင်း . . . ခက်တယ် အဲဒီတစ်ဖွတ်ထိုးတဖောက်ကန်း စိတ်နဲ့ စိတ်မြန်လက်မြန်ဆုံးဖြတ်တဲ့ ဉာဉ်ဆိုးတွေကြောင့် တစ်နေ့နေ့ ဒုက္ခရောက်လိမ့်မယ်လို့ ကျုပ်ကိုယ်တိုင် ဒင်းကို အမြဲတမ်း သတိပေးဆုံးမနေတာပဲ သူကြီးရေ"





ဗိန္ဒောဆရာကြီးဦးသာဟန်ကလည်း ညီဖြစ်သူအတွက် သောကဖိစီးနေသည့်ထင့် အတန်ငယ် မျက်နှာညှိုးနေပါ၏။

"ကျုပ်ကလည်း ဖြစ်နိုင်ခြေတွေကိုလှည့်ပြီး တွေးနေရတာ ဆရာဟန်ရေ . . . မြို့က ဌာနကိုရောက်သွားရင် ဒီကိစ္စတွေဟာ ရာဇဝတ်ကြောင်းဖြစ်သွားပြီဗျ၊ ကျုပ်ကလည်း ကျုပ်ရဲ့အပိုင်နယ်မြေထဲမှာ လူသတ်မှုတွေ၊ အမှုကြီးတွေ မဖြစ်ချင်ဘူး ဆရာဟန်ရဲ့၊ ဒါကြောင့် . . . သတင်းတွေကို ကျုပ် ရသမျှ စုံစမ်းနေရတာ"

ရွာသူကြီးဦးတောကျော်က မယ်ဖော့နှင့်ဆရာဟန်တို့ထံ တိုးတိုးတိတ်တိတ်မေးမြန်းစုံစမ်းနေသကဲ့သို့ မယ်ဖော့ကလည်း သူ့ယောက်ျား သာညာဏ်အတွက် နတ်ကတော်မေးခြင်း၊ ဗေဒင်မေးခြင်းတို့ကို ပြုလုပ်လျက်ရှိပါ၏။ သို့သော် . . . အချိန်တွေသာ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားသည်၊ သာညာဏ်နှင့် ပတ်သက်ဆက်နွယ်သည့် သတင်းအချက်အလက်များက ရေရေရာရာ မတွေ့ရှိခဲ့ကြပါလေတော့။

နောက်ဆုံးမှာတော့ ထုံးစံအတိုင်းပင် ဖုန်းမသိမ်ကုန်းဝင်ရောက်သွားကြသူများထဲမှ ထူးဆန်းစွာပျောက်ဆုံးသွားခဲ့သည့်စာရင်းထဲတွင် သာညာဏ်တစ်ယောက်ထပ်မံ၍ တိုးပွားခဲ့ပါချေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

### ဖုန်းမသိမ်ကုန်းမှ သွေးပျက်ထိတ်လန့်ဖွယ်ဖြစ်ရပ်များ (နှစ်)

ဖုန်းမသိမ်ကုန်း ...။

စင်စစ် ဖုန်းမသိမ်ကုန်းသည် တောင်နီတောင်နှင့် ဆက် နွယ်လျက်ရှိသော တောင်စွယ်ကုန်းမြင့်ကြီးတစ်ခုဖြစ်သည်။ သို သော် အဝန်းအဝိုင်းက ကျယ်ပြောလှသဖြင့် တောင်ပြန့်လွင့်ပြ ကဲ့သို့ ဖြစ်နေပါ၏။ သို့တိုင်အောင် သစ်ကြီးဝါးကြီးများ၊ လျှိုကြ များနှင့် ရေအိုင်တချို့ရှိသဖြင့် ဖုန်းဆိုးတောကြီးသဖွယ် တည်ရှိနေ ခြင်းဖြစ်သည်။ ထို့အပြင် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့ အုပ်ချု ခဲ့စဉ်က ဖုန်းမသိမ်ကုန်းထက်တွင် ဘိုတဲကြီးတစ်ခုဆောက်လု ခဲ့သည်ကို ဂျပန်တို့ပြန်လည်၍အုပ်စိုးစံခဲ့စဉ်ကမူ ထိုဘိုတဲကြီးသည် ဂျပန်ကင်ပေတိုင်စခန်းကြီးတစ်ခု ဖြစ်ခဲ့ပြန်ပါချေ၏။

သို့သော်လည်း စစ်မက်ရေးရာကာလများတွင် ထိုဘို





ကြီးမှာလည်း ဗုံးဒဏ်ကြောင့် ပြိုပျက်သည့်နေရာက ပြိုပျက်၊ ချုံနွယ်များ ဖုံးလွှမ်းသည့်နေရာက ဖုံးလွှမ်းနှင့် ယာမြေပေါ် တောဆိုင်း၍ သင်္ချိုင်းပေါ်ချုံအုပ်ဆိုသကဲ့သို့ ပိဘိချုံရိုင်းသစ်ပင် များ ဖုံးလွှမ်းလျက်ရှိသော ဘိုတဲပျက်ကြီးတစ်ခုအဖြစ်သာ ကျန်ရှိ နေခဲ့ပါတော့သည်။ ထို့အပြင် စစ်အတွင်းက ဤဘိုတဲကြီးတစ် ဝိုက်တွင် ဗုံးဒဏ်၊ အမြောက်ဒဏ်နှင့်စစ်ဘေးဒဏ်တို့ကို အလူးအ လဲခံထားရသည်ထင့် ဖုန်းမသိမ်ကုန်းထက်ရှိ ဘိုတဲဝန်းကျင်တွင် ကျယ်ပြန့်လှသော ဗုံးကျင်းကြီးများနှင့် ချိုင့်ဝှမ်းအချို့က စစ်၏ အနိဋ္ဌာရုံပြကွက်အဖြစ် ကြွင်းကျန်ရစ်ခဲ့ပါလေသည်။

ထိုဗုံးကျင်းနှင့်ချိုင့်ဝှမ်းကြီးများက မိုးတွင်းကာလဆိုလျှင် မိုးရေများဖြင့် ပြည့်လျှံကာ ရေအိုင်ကြီးများနှင့်ရေကန်ငယ်လေး များနှင့် အိုင်ကြီးအိုင်ငယ်ဘဝသို့ အသွင်ကူးပြောင်းသွားကြသည်။ ထိုရေအခါတွင် ဖုန်းမသိမ်ကုန်းတစ်ဝိုက်နှင့် နွားစားကျက်များ တွင် ကျွဲကျောင်း၊ နွားကျောင်းရောက်လာကြသည့် နွားကျောင်း သားများက ထိုရေကန်၊ ရေအိုင်ကြီးငယ်များတွင် နွားကျောင်း ရင်း ငါးမျှားလေ့ရှိကြပါ၏။ တချို့ဆိုလျှင် ဤရေအိုင်များအနီး မှာပင် တစ်ရေးတစ်မောများပင် အိပ်စက်လေ့ရှိကြသည်။

ထို့ထက်ပို၍ ခြေရှည်ကြသော၊ အကြောက်လန့်မရှိသော နွားကျောင်းသားများက ဖုန်းမသိမ်ကုန်းတောကြီးထဲသို့ ဝင် ရောက်၍ ဖွတ်၊ ပဒတ်၊ ယုန်စသောသတ္တဝါငယ်များနှင့် ငှက် များကိုပစ်ခတ်ဖမ်းဆီးကာ မီးကင်၍စားသောက်လေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဆယ်ကျော်သက်နွားကျောင်းသားလေးများ ဖြစ်ကြသော ဖိုးနီ၊ သံခဲနှင့်စိန်တိုးတို့သုံးယောက်သား လေးခွ ကိုယ်စီဖြင့် ဖုန်းမသိမ်ကုန်းအတွင်းဘက်သို့ ဖွတ်ရှာငှက်ပစ်ရန် အလို့ငှာ ဝင်ရောက်လာခဲ့ကြသည်။

''ဟော့ကောင် ဖိုးနီ ... မင်းအသံပြဲကြီးနဲ့ အော်မနေနဲ့ ဦးနော်၊ တော်ကြာ ငှက်တွေ, ဖွတ်တွေ လန့်ပြီးပြေးကုန်မှ ငါတို့ တစ်ကောင်မှမရဘဲ ငတ်နေဦးမယ်''

သံခဲက ဖိုးနီကို လှမ်း၍သတိပေးရင်း သစ်ပင်သစ်ကိုင်းများထက်သို့ အလစ်မပေးစတမ်း ကြည့်လာခဲ့သည်။ ထိုအခိုက်

''ရှုတ် ... ဖိုးနီ ... ဟိုသစ်ကိုင်းဖျားထိပ်မှာ တွေ့လား''

သံခဲညွှန်ပြရာသို့ ဖိုးနီရော စိန်တိုးပါ လေးခွကိုအသင့် ကိုင်လျက် မော့ကြည့်လိုက်ကြသည်။ ချုံနွယ်ပိတ်ပေါင်းများ အုံ့ဆိုင်းနေသည့် ဘိုတဲပျက်ကြီး၏မြောက်ဘက်ခေါင်မိုးအနီးသို့ ညွတ်ကိုင်းကျနေသည့် သစ်ကိုင်းပေါ်တွင် ဝေဖြိုးလှသည့် ချိုး မောင်နှံကို တွေ့မြင်လိုက်ကြရသည်။

''ကိုင်း စိန်တိုး ... မင်းက ညာဘက်ကကောင်ကိုပစ်၊ ငါက ဘယ်ဘက်က ချိုးကိုပစ်မယ် ... သံခဲ မင်းက နံပတ်စဉ် ခေါ်စမ်းကွာ''

''ကောင်းပြီ ... နင်တို့နှစ်ကောင် အသင့်ပြင်ထား''

ထို့နောက်မှာတော့ ဖိုးနီနှင့်စိန်တိုးတို့၏အလေ့အကျင့် ရပြီးသားလက်များက သစ်ကိုင်းထက်မှ ကလူကျီစယ်နေကြဟန်





တူသည့် ချိုးမောင်နှံကိုပြိုင်တူလိုလို ထိုးချိန်ရွယ်လိုက်ကြသည်။

''ရှုတ် ... ပစ်မယ်ဟေ့ ... တစ် ... နှစ် ... သုံး''

'ဖြန်း .. ဖြန်း'

'ဝှစ် .. ဝှစ်'

'ဂစ် .. ဖလပ် .. ဖလပ် .. ဂီး'

လေးခွအိမ်ထဲမှ လောက်စာလုံးနှစ်လုံးက ကျည်ဆန်နှစ် တောင့်နှယ် တစ်ပြိုင်တည်းလိုလို ပြေးထွက်သွားကြသည်နှင့် သစ်ကိုင်းထက်မှ ချိုးနှစ်ကောင် ဂီးခနဲသာ အော်နိုင်ပြီး ပြုတ်ကျ သွားကြပါတော့သည်။

''ဟေး ... ထိတယ်ဟေ့ ဒီနှစ်ကောင်ကို တည့်တည့် မှန်တယ်''

''ဟာ ... ဟို ... ဟို ... ဘိုတဲပျက်ကြီးနောက်ဘက်ကို ပြုတ်ကျသွားပြီဟေ့ ... လိုက် ... လိုက်''

ဖိုးနီ၏ အာပြဲကြီးနှင့်အော်ဟစ်သံနောက်တွင် ... သုံး ယောက်သား ချိုးငှက်နှစ်ကောင် ပြုတ်ကျလွင့်စဉ်သွားရာ ဘိုတဲ ပျက်ကြီး၏အနောက်ဘက်ခြမ်းသို့ ပြေးဝင်သွားကြပါတော့သည်။ နောက်မှ သံခဲက သတိရသွားသည်ထင့် ... ရှေ့မှ ပြေးလွှား ရောက်နေသည့် ဖိုးနီကို အော်ဟစ်သတိပေးလိုက်သည်။

''ဖိုးနီရေ ... သတိထားဟေ့ ... အရမ်းကာရော စွတ် ပြီးမဝင်နဲ့ဟ ... အဲ ဘိုတဲပျက်က တစ္ဆေခြောက်တယ်လို့ ငါ့အမေ ပြောဖူးတယ်''



www.burmeseclassic.com

www.burmeseclassic.com



''အဟေး ဟေး ...လာမှာသာ လာစမ်းပါကွာ၊ အဲဒီ တစ္ဆေကောင်ကိုပါ ချိုးနှစ်ကောင်နဲ့အတူ မီးကင်စားပစ်လိုက်မယ်ကွ၊ ဟ ...စိန်တိုးရေ ...ဟောဟိုရှေ့ဘက်နားကို ပြုတ်ကျသွားတာကွ ...သေသေချာချာ ရှာစမ်းပါကွာ''

နှစ်ယောက်သား ပြုတ်ကျသွားသည့် ငှက်နှစ်ကောင်ကို အလျင်အမြန်တွေ့လိုဇောနှင့် အမိုးများ ကျိုးပျက်လန်ကျနေသည့် ဘိုတဲပျက်ကြီး၏နောက်ဖေးဆောင်ထဲထိတိုင် အတင့်ရဲစွာဖြင့် ဝင်ရောက်ရှာဖွေကြသည်။ ယခုအချိန်ထိ ဖိုးနီနှင့်စိန်တိုးတို့မှာ ချိုးငှက်နှစ်ကောင်မှလွဲ၍ တစ္ဆေကောင်ကြီးများကိုပင် မေ့လျော့နေကြပါချေပြီကော။

သံခဲကမူ ဘိုတဲပျက်ကြီးအဝမှနေ၍ အရိပ်မည်းတစ္ဆေတစ်ကောင်ကြီးထွက်၍ ဆွဲတတ်သည်ကိုလည်း ကြားဖူးနားဝရှိခဲ့သည်မို့ ဖိုးနီတို့နှစ်ယောက်ကိုသာမဝံ့မရဲနှင့် ငေးကြည့်နေမိသည်။ ထိုစဉ်မှာပင် ...

'ဖြန်း ..ဝုန်း ..ဖရော ..ဖြန်း'

ခပ်ကြမ်းကြမ်းတိုက်ခတ်လိုက်သော လေသရမ်းကြောင့် ခေါင်မိုးသွပ်ပြားချက်တို့ တဖြန်းဖြန်းနှင့်ရိုက်ခတ်အော်မြည်သွားသဖြင့် သံခဲ ထိတ်လန့်တုန်လှုပ်သွားပါ၏။ တစ်ချိန်တည်းမှာပင် အနောက်ဘက်ထောင့်ဆီမှ တဝေါဝေါနှင့်တိုက်ခတ်လာသော မိုးသက်လေနှင့်အတူ ကောင်းကင်ပြင်ကြီးတစ်ခုလုံးသည်လည်း ရုတ်ခြည်းပင် ပြိုတော့မည့်မိုးကဲ့သို့ ညို့လာခဲ့ပါချေပြီကော။

---

ခ နှစ် စဉ် ကြယ် တာ ပေ



'ဝေါ ..ဝေါ ..ဖရော ..ဝေါ'

မမျှော်လင့်ဘဲ တိုက်ခတ်လာသော မိုးသက်လေပြင်းနှင့်အတူ မိုးစက်မိုးပေါက်တို့ကလည်း တဖျောက်ဖျောက်နှင့် ခပ်ကျဲကျဲ ကျလာခဲ့သည်။ မိုးများရွာချတော့မည်လေလားဟု သံခဲ စိုးရိမ်နေမိသည်။

''ဖိုးနီရေ ...မိုးတွေတောင် တစ်ပေါက်နှစ်ပေါက်ကျလာပြီဟေ့၊ ချိုးငှက်တွေကိုရှာတွေ့ရင်လည်း ဘိုတဲကြီးထဲက မြန်မြန်ထွက်ခဲ့ကြဟေ့''

''ဟာ ...နေပါဦးဟ သံခဲရ ...ဘာဖြစ်နေတာလဲ၊ သူ့ဘာသာ မိုးရွာတာ ရွာပေ့စေပေါ့၊ ဒီမှာ ချိုးနှစ်ကောင်ကို မတွေ့ရသေးလို့ စိတ်တိုနေရတဲ့အထဲ ...သူက တစ်မျိုး''

''ဟုတ်ပါ့ကွာ ...သရဲကြောက်တတ်လိုက်တာလည်း သူ့အပြင်မရှိဘူး နေပလေ့စေ ငါတို့ပစ်ချလိုက်တဲ့ ချိုးနှစ်ကောင်သာ ရအောင်ရှာဟေ့''

ဖိုးနီနှင့်စိန်တိုးတို့မှာ နွားကျောင်းသားမျက်စိဖြင့် ကျိုးကန်းတောင်းမှောက်ရှာဖွေနေကြရာမှ ယက်မတန်းကြီးများ ပြုတ်ကျလျက်ရှိသည့် အုတ်ကျိုးများနောက်သို့ ရောက်ရှိလာကြသည်။ ထိုစဉ် ...ယက်မတန်းကြီးနောက်ဘက်မှ တောင်ပံခတ်သံ တဖျပ်ဖျပ်ကို ရုတ်တရက်ကြားလိုက်ရသဖြင့် မျက်နှာများမှာ ဝင်းလက်သွားကြသည်။

'ဖျန်း ..ဖျန်း ..ဖလပ် ..ဖလပ်'

---

ခ နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



''ဟာ ...ဟို ...ဟိုမှာ မိုးနီရေ ...ချိုး ...ချိုးနှစ်ကောင်၊ ဒီလောက် ထိချက်ကောင်းတာတောင် မသေဘူးကွ၊ ဟော ...ဟော ...သစ်ပုံကြီးအောက်ကို ဝင် ...ဝင်သွားပြီကွ ...လိုက် ...လိုက်''

မိုးနီနှင့်စိန်တိုးတို့မှာ ချိုးငှက်ကောင်ဖောကပ်နေကြသဖြင့် အန္တရာယ်ကိုမမြင်နိုင် မတွက်ဆနိုင်ခဲ့ကြပါ။ ဘိုတဲပျက်ကြီး၏ အပြင်မှာတော့ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ဝါးပင်ကြီးများမှာ တဝေါဝေါ၊ တဝုန်းဝုန်းနှင့် ဆူညံစွာ လူပ်ယမ်းလျက်ရှိကြသည်။ ကောင်းကင်ပြင်တစ်ခုလုံးမှာလည်း မှိုင်းညို့မည်းမှောင်နေသည့် ခဲပုပ်ရောင် တိမ်စိုင်တိမ်ခဲများက မိုးသက်လေနှင်ရာသို့ တရွေ့ရွေ့ပြေးလွှားလျက် လျှပ်စီးများ တဝင်းဝင်း၊ မိုးခြိမ်းသံ တဂျိမ်းဂျိမ်းနှင့် မာန်စောင်ပစ်ခွင်းနေသံများကို ကြားလိုက်ကြရတော့မှ မိုးနီနှင့်စိန်တိုးတို့နှစ်ယောက် ချိုးသေနှစ်ကောင်ကို ရရှိလာခဲ့ကြသည်။

''တောက် ...အရေးထဲ ဒီမိုးက တစ်မှောင့်ဟော့၊ ငါတို့ရဲ့ နွားအုပ်တွေကို ပေသီးတို့ မိုးညိုတို့ သိမ်းထားမယ်နဲ့တူတယ်၊ ကိုင်း ...ချိုးနှစ်ကောင်လည်းရပြီ၊ ငါတို့ ဒီဘိုတဲပျက်ကြီးထဲကနေ ထွက်ကြစို့ဟော့''

ထို့နောက် မိုးနီတို့သုံးယောက် ဘိုတဲကြီး၏နောက်ဖေးပေါက်ရှိရာသို့ မှန်းဆ၍ထွက်လာခဲ့ကြသည်။ ဘိုတဲပျက်ကြီးအတွင်းတွင် အမှောင်ရိပ်တို့က သိသိသာသာ ကြီးစိုးမင်းမူနေကြ





ပါ၏။ အလင်းရောင်ပင် ပျောက်ကွယ်လုလုဖြစ်နေပါပြီ။ ဖြစ်ချင်တော့ သူတို့ဝင်လာသည့် ဘိုတဲပျက်ကြီး၏နောက်ဖေးပေါက်ကရှာမတွေ့ဖြစ်နေပါ၏။

''ဘယ်လိုလဲဟ ...ငါတို့ဝင်လာတုန်းက ဒီလောက်မကြာပါဘူး၊ အခုဟာက တို့ဝင်လာခဲ့တဲ့ နောက်ဖေးပေါက်ကပျောက်နေပါလား''

''ဟုတ်တယ် သံခဲရေ ...ကြည့်ရတာ ငါတို့ ထွက်လမ်းမှားလာပြီထင်တယ်၊ မိုးကလည်းမှောင်နေတော့ ဘိုတဲပျက်ကြီးရဲ့ ဘယ်နေရာကိုရောက်နေမှန်းတောင် မသိတော့ဘူး''

ချိုးငှက်နှစ်ကောင်ရလိုဇောဖြင့် ဘိုတဲပျက်ကြီးအတွင်းဝယ် ဟိုဝင်သည်ကွေ့ဖြင့် တိုးဝင်ရှာဖွေခဲ့ကြသူများမှာ ယခုတော့ ဘိုတဲပျက်ကြီးထဲမှာပင် ချာချာလည်လျက်ရှိနေပါချေပြီကော ...ထိုစဉ် ...

'အီး ..ဟီး ..ဟီး ..အီး ..ဟီး ..ဟီး'

ဘိုတဲပျက်ကြီး၏အတွင်းပိုင်းဆီကလိုလို၊ အပြင်ဘက်ကလိုလိုနှင့် ညည်းညူသံကြီးတစ်ခုကို မိုးနီတို့သုံးယောက်စလုံးသဲသဲကွဲကွဲကြားလိုက်ရသဖြင့် ကြက်သီးမွေးညင်းများ ထသွားကာ ခေါင်းနားပန်းများပင်ကြီးသွားကြသည်သို့ ...

''ဟာ ...ဘာ ...ဘာသံကြီးလဲ စိန်တိုး''

''ငါ ...ငါလည်း မ ...မသိဘူးလေ၊ ကေန္တ ...ဟို ...ဟို ...သ ...သ ...သရဲကောင်ကြီးတွေ ညည်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာလား မ . . . မသိဘူး''

''ဘုရား ဘုရား . . . ငါ့အမေပြောတာ 'မှန်ပြီထင်တယ် . . . ဟိုတစ်ခါ ငါ့ဘကြီးကိုလည်း ဘို . . . ဘိုတဲပျက်ကြီးထဲက တ . . . တစ္ဆေခြောက်ဖူးတယ်တဲ့''

'ဟီး . . ဟီး . . ဟီး . . ဟိုး . . ဟိုး . . ဟိုး'

ဟုတ်သည် . . .။ ရယ်သံကြီးလိုလို၊ ညည်းညူသံကြီးလိုလို အက်ကွဲကွဲအသံကြီးက မိုးသံလေသံများကြားမှ တဖြည်းဖြည်း ကျယ်လောင်လာကြသည်ထင့် . . .။ ထိုစဉ်မှာပင် ဖိုးနီမှာ သူတို့ဝင်လာခဲ့သည့် တံခါးပျက်ကြီးကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။

''ဟာ . . . ဟို . . . ဟိုမှာ ငါတို့ဝင်ခဲ့တဲ့ တံခါးပျက်ကြီးတွေ့ပြီဟေ့၊ လာ . . . လာကြ . . . မြန်မြန်ထွက်ကြမယ်ဟေ့''

သုံးယောက်သား တံခါးပျက်ကြီးရှိရာသို့ ကြောက်အားလန့်အားနှင့် ဝရုန်းသုန်းကား ပြေးထွက်လာခဲ့ကြသည်။ ထိုအခိုက် . . . သူတို့သုံးယောက်အရှေ့သို့အရိပ်မည်းကြီးတစ်ခု ဝုန်းခနဲ မိုးပေါ်မှကျလာသဖြင့် . . .

'ဝုန်း'

'ဟီး . . ဟီး . . ဟား . . ဟား . . ဟား . . ဟီး ဟီး'

''ဟား . . . ဟား''

''အား . . . အ . . . မယ်လေး . . . သ . . . သရဲ . . . သရဲမကြီး''





ရုတ်တရက် ဝင်းခနဲပျက်သွားသည့် လျှပ်ရောင်အောက်တွင် ကြောက်မက်ဖွယ်မျက်နှာကြီးဖြင့် သူတို့ထံ လက်ကြီးနှစ်ဖက်ဆန့်၍ ဝင်လာနေသည့် အရိပ်မည်းတစ္ဆေကောင်ကြီးကို တွေ့မြင်လိုက်ကြရပါချေတော့သည်။

''ဟာ . . . အား . . . တ . . . တစ္ဆေ . . . တစ္ဆေမကြီးလာနေပြီ . . . ပြေး . . . ပြေးဟ''

''ပြေး . . . ပြေးဟေ့ . . . နောက်က လိုက်လာနေပြီဟ''

'ဟီး . . ဟီး . . ဟား . . ဟား . . ဟား . . ဟီး ဟီး'

သွေးပျက်ချောက်ချားဖွယ်အော်ဟစ်သံကြီးများကြောင့် သုံးယောက်သား ဝရုန်းသုန်းကားထွက်ပြေးကြရာမှ ပြေးမိပြေးရာ ပြေးကြရင်း လူချင်းကွဲသွားခဲ့ကြသည်။ ဖြစ်ချင်တော့ ဖိုးနီတစ်ယောက် ခလုတ်တိုက်၍ လဲကျသွားခြင်းကြောင့် သူ့အပေါ်မှ အုပ်မိုးကြည့်နေသည့် အရိပ်မည်းတစ္ဆေကောင်ကြီးကို အနီးကပ်မြင်တွေ့လိုက်ရပါသည်။

''ဟာ . . . အ . . . အမလေး''

ဖိုးနီမြင်တွေ့လိုက်ရသည်ကား ရှည်လျားစွာလွင့်ပျံနေကြသည့် ဆံပင်ရှည်ကြီးများအောက်မှ မျက်နှာတစ်ပြင်လုံး အဖြူအနီကွက်များ၊ အဖုအပိန့်များ၊ မျက်နှာမည်းကြီး တစ်ခြမ်းအောက်မှ မျက်တွင်းဟောက်ပက်ချိုင့်ကြီးများဖြင့် လက်ကားယားခြေကားယားတိုးဝင်လာသည့် အရိပ်မည်းတစ္ဆေကောင်ကြီးအား ထိတ်လန့်ချောက်ချားစွာကြည့်ရင်း သတိလစ်မေ့မြောသွားပါလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

နိဂုံးချုပ်အနေဖြင့် ဖုန်းမသိမ်ကုန်းရောက် နွားကျောင်းသားသုံးဦး၏အဖြစ်အပျက်များကို စာရင်းချုပ်လိုက်လျှင် သတ်လစ်မေ့မြောနေခဲ့ရာမှ ပြန်လည်ထွက်ပြေးလာသည့် ဖိုးနီနှင့်သံးတို့နှစ်ဦးသား နေရှဉ္စရာသို့ပြန်လည်ရောက်ရှိလာခဲ့ကြပြီး စိန်တိုးတစ်ယောက်မှာမူ ဖုန်းမသိမ်ကုန်းတော်ကြီးထဲမှာပင် ထူးဆန်းစွာပျောက်ဆုံးသွားခဲ့ပါလေတော့သတည်း။

✥ ✥ ✥





## အခန်း (၁၃)

## တာနောယက္ခအီလူးတစ်ကောင်နှင့်တွေ့ဆုံခြင်း

ဆည်းဆာနေသည် အားပျော့လျက်ရှိပါချေပြီ။

ဝင်လုဆဲနေလုံးနီနီကြီးသည် နီထွေးသော မျက်နှာဝိုင်းကြီးဖြင့် နေရှဉ္စရာချောင်းရေစပ်ရှိ ကိုင်းပင်မြက်ခင်းထက်တွင် ဝဲနေပါ၏။ ဆိုရပါမူ- နေရှဉ္စရာချောင်းအနောက်ဘက်ကမ်းစပ်အထိ ရေပြင်တွင် နေလုံးနီနီကြီး၏မျက်နှာပုံရိပ်သည် တန်း၍ ထင်ဟပ်နေသည်။

နေရှဉ္စရာချောင်း၏ ရေပြင်သည်ကား မျက်စိတစ်ဆုံးပွစွန်ဆီရောင်သန်းလျက်ရှိနေပြန်ပါ၏။ ထို့ကြောင့် ရေပြင်သည် အနီရောင်အနားသွတ်၍ အပြာရောင်မှိုင်းမှိုင်းနှင့် ညို့စပြုနေပါချေပြီကော။

ဒေါက်တာလင်းမောင်တစ်ယောက်တည်း ကုက္ကိုဝါပင်



www.burmeseclassic.com

www.burmeseclassic.com



အမြစ်ကြီးများထက်တွင်ထိုင်ကာ နေရဦရာချောင်း၏ညနေဆည်းဆာအလှတွင်နစ်မျောနေလေသည်သို့ အနောက်တောင်လေက ချောင်းရေကိုဆန်၍တိုက်ခတ်နေသဖြင့် လှိုင်းကြက်ခွပ်လေးများက ချောင်းရေစီးကိုကန်၍ ခုန်ပေါက်မြူးတူးနေကြသည်၊

''အင်း . . . ငါလည်းပဲ အနောက်တောင်လေလို ချောင်းရေကိုဆန်ပြီးတက်ရင် ဘယ်လိုနေမလဲ၊ ဦးသူတော်တို့ ဗိန္ဒောဆရာကြီးအဘဟန်နဲ့ တိုးမောင်တို့ကတော့ ဖုန်းမသိမ်ကုန်းနဲ့ပတ်သက်တဲ့ အနိဋ္ဌာရုံအဖြစ်ဆိုးတွေပြောပြပြီး ငါ့ကို ဥပါယ်တံမျဉ်နဲ့ တားမြစ်နေကြတယ်၊ ဒါပေမဲ့ . . . ငါ့ရင်ထဲမှာ နွယ်တစ်ပင်လိုရစ်ချည်နေတဲ့ နေကြာဆိုတဲ့ မိန်းမချောလေးကို ဆွဲဖယ်ပစ်ဖို့ကထင်သလောက်မလွယ်ဘူးဖြစ်နေပြန်တယ်လေ . . . ဟူး''

ဒေါက်တာလင်းမောင်တစ်ယောက် ဘယ်နှကြိမ်မြောက်ချိမှန်းမသိတော့သော သက်ပြင်းမောကြီးတစ်ခုကို မသက်မသာနှင့် ချလိုက်သည်။ တစ်ဆက်တည်းမှာပင် လူကိုယ်တိုင်မမြင်ဖူးမတွေ့ဖူးသေးသည့်တိုင် မှဆိုးကြမ်းလေးဒေါင်းမိုက် . . .၊ လူမိုက်လူရမ်းကားဒေါင်းမိုက် . . . ဆိုသောအသံလှိုင်းများက ဒေါက်တာလင်းမောင်အနီးဝယ် ပွဲတင်ညံလျှက် ရှိချေပါ၏။

''အင်းလေ . . . ဘယ်လိုဗီဇသန္ဓေမျိုးစေ့ထဲမှာ နေကြာလိုနတ်သမီးချောလေးက သွားပြီးခါတ်သက်ကြွေရသလဲ မသိဘူးနော်၊ သူ့အစ်ကိုဒေါင်းမိုက်ဆိုတဲ့ မုဆိုးကောင်ရဲ့ပုံစံဟန်ပန်တွေကတော့ အသံကြားရတာနဲ့တင် အတော်လေးကို မြင်ပြင်းကတ်





စရာ၊ မျက်မှန်းကျိုးစရာကောင်းလှပြီ၊ ဒါပေမဲ့ . . . သူ့ရဲ့ညီမလေးက ငါ့ရဲ့အသက်သခင်ကျေးဇူးရှင်ဆိုတော့ ငါ ဘာလုပ်ရမလဲ၊ ဘာဆက်လုပ်ရင်ကောင်းမလဲ''

ဒေါက်တာလင်းမောင်၏အတွေးအာရုံများက အနောက်တောင်လေအတိုက်ခံနေရသည့် လှိုင်းကြက်ခွပ်လေးများနှယ် ခုန်ပျံလူးလွန့်လှုပ်ခတ်နေကြသည်။ ပကာတိသန့်စင်ဖြူဥနေသည့် နေကြာ၏မျက်နှာနွမ်းနွမ်းလေးကလည်း သူ့ကို လာလှည့်ခေါ်လှည့်ပါဟု ညို့ငင်ခေါ်ယူနေသည်သို့။

ဝင်လုဆဲနေလုံးနီနီရဲရဲသည်လည်း အနောက်ဘက် ကိုင်းတောစပ်ကို တစ်ခြမ်းကွယ်၍မေးတင်ခိုနားလျက်ရှိပါပြီ။ နေရဦရာချောင်းရေမှာ လှိုင်းကြက်ခွပ်ကလေးများကလည်း အနောက်ဘက်လေကြောင့် ရေဆန်ကိုတဖျပ်ဖျပ်လှုပ်ခတ်လျက် ပုစွန်ဆီရောင်အဆင်းကိုဆောင်လျက် ချောင်းစပ်ရှိ ကြာပွင့်၊ ကြာရွက်၊ ကြာဖူးများကလည်း ဆည်းဆာနေနီနီတွင် ရွှေရောင်သမ်းနေကြသည့်နှယ်ပါတည်း။

''အို . . . ဘာပဲဖြစ်ဖြစ် မနက်ဖြန်မနက်ကျရင် မြို့ငသာကိုသွားရင်း ဖုန်းမသိမ်ကုန်းကိုဝင်ကြည့်လိုက်မယ်၊ ငါ့အထင်တော့ နေကြာလည်းရှိနေတော့ သိပ်ပြီးအခြေအနေ ဆိုးဆိုးဝါးဝါးကြီးတော့ဖြစ်မယ်မထင်ပါဘူး၊ ဒီအတိုင်းကြီး ငြိမ်နေတာထက်စာရင် လှုပ်ရှားလိုက်တာကမှ ငါ့အတွက် အဖြေတစ်ခုခု ထွက်လာနိုင်သေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဒေါက်တာလင်းမောင်တစ်ယောက် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချမှတ်လိုက်ပြီး နေရဋ္ဌရာ၏လွမ်းမောဖွယ်ဆည်းဆာအလှကို ကျောခိုင်းထွက်ခွာခဲ့ပါတော့သည်။

❖

အရိပ်အာဝါသကောင်းလှသော အပင်ကြီးတစ်ပင်အောက်တွင် မော်တော်ဆိုင်ကယ်စက်ကိုသတ်ကာ ရပ်လိုက်ပါ၏။ ပြီးလျှင် . . . ဆိုင်ကယ်စီးဦးထုပ်ကိုချွတ်ကာ ဆိုင်ကယ်လက်ကိုင်တွင်ချိတ်လိုက်သည်။ အားလုံးပြီးစီးသည်နှင့် ဒေါက်တာလင်းမောင်တစ်ယောက် ဖုန်းမသိမ်ကုန်းအစပ်ရှိ နေကြာစိုက်ခင်းအနီးမှ မြေနီလမ်းကြောလေးအတိုင်းလမ်းလျှောက်၍ ဝင်လာခဲ့သည်။

ညို့မှိုင်းအုပ်ဆိုင်းနေသည့် နာမည်ကျော် ဖုန်းမသိမ်ကုန်းကြီးက ဒေါက်တာလင်းမောင်ကို တိတ်ဆိတ်ငြိမ်သက်စွာ ဆီးကြိုနေပါ၏။ ခပ်ဝေးဝေးတောင်ကုန်းမြင့်ထက်မှာတော့ သစ်ပင်ချုံနွယ်များဖြင့် ဖုံးလွှမ်းနေသည့် ဘိုတဲပျက်ကြီးက အချွန်အတက်ထိုးထိုးထောင်ထောင်များထွက်လျက် မကောင်းဆိုးဝါးကြီး တစ်ကောင် ငုတ်တုတ်ငိုက်မျဉ်းနေသကဲ့သို့။

မည်သည့်ငှက်အမျိုးအစားမှန်းမသိသော အဖြူနှင့်အနက်စပ်ထားသည့် ငှက်ကျားလေးများက ဟိုသည်ပျံဝဲလျက် တစ်ကောင်နှင့်တစ်ကောင် ခွန်းတုံ့ကျီစယ်နေကြသည်။ အနက်နှင့်





အဝါရောင်ရောစပ်ခြယ်သထားသည့် လင်းသက်ခေါ် ရှဉ့်ပေါ်ကြီးများကလည်း တကြုတ်ကြုတ်နှင့်အော်မြည်ရင်း ပင်မြင့်ယံသစ်ကိုင်းများတွင် ခုန်ကာ၊ ဝဲကာနှင့် တောသံပေးနေကြပါသည်။

ဒေါက်တာလင်းမောင်မှာ ခါးတစ်ဝက်သာသာခန့် ပေါက်ရောက်နေသည့် နေကြာစိုက်ခင်းနံဘေးမှ ကွေ့ဝိုက်၍ သစ်လုံးအိမ်လေးရှိရာသို့ မှန်းဆ၍လျှောက်လာခဲ့ပါ၏။ ယခုအချိန်ထိတိုင် လူရိပ်လူယောင်မမြင်ရသေးသဖြင့် သစ်ပင်ရိပ်တစ်ခုအောက်တွင် ခဏရပ်ရင်း ပတ်ဝန်းကျင်တစ်ဝိုက် အကဲခတ်ကြည့်နေမိသည်။

''အင်း . . . ကြည့်ရတာ ဒေါင်းမိုက်ဆိုတဲ့ မုဆိုးကောင်ရှိယ်မထင်ဘူး၊ စိုက်ခင်းတွေဘက်မှာ အရိပ်အယောင်တောင်မမြင်ရပါလား၊ ကေန္တ သစ်လုံးအိမ်လေးမှာပဲ ရှိမယ်ထင်တယ်''

ဒေါက်တာလင်းမောင် မှတ်ချက်ချလိုက်စဉ်မှာပင် သူ့ရှေ့လက်ပံပင်ကြီးတစ်ပင်ပေါ်သို့ ကြီးမားလှသောငှက်ကြီးတစ်ကောင်လာနားသည်ကို ရိပ်ခနဲမြင်တွေ့လိုက်ရသည်။ သေသေချာချာကြည့်လိုက်တော့ အတန်သင့်ကြီးမားသော လင်းယုန်ငှက်ကြီးတစ်ကောင်မှန်း သိလိုက်ရပါသည်။ ခန္ဓာကိုယ်တစ်ခုတည်း လှုပ်ရှားမှုမရှိသော်လည်း ဦးခေါင်းကြီးကမူ အငြိမ်မနေပါ။ ဟိုလှည့်သည်လှည့်နှင့် ရန်သူကိုရှာဖွေနေလေသည်လား၊ သားကောင်ကိုရှာဖွေနေလေသည်လား သူ မသိတတ်နိုင်ပါ။

စင်စစ် လင်းယုန်ငှက်ကြီးသည် ကျရောက်လာနိုင်မည့် အန္တရာယ်ကို သတိမပြုတ် စောင့်ကြည့်နေခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လာပါက အန္တရာယ်ကိုရှောင်တိမ်းနိုင်ရန်အတွက်လည်း အသင့်ပြင်ဆင်ထားခြင်းဖြစ်ဟန်တူပါ၏။ ထိုလင်းယုန်ငှက်ကြီးသည် မြေပြင်သို့ငုံ့ကာ သားကောင်ရှာဖွေနေသည့်နှယ် စူးစူးစိုက်စိုက်ကြည့်နေသည်ကို ဒေါက်တာလင်းမောင် မြင်တွေ့နေရပါသည်။

ဘာရယ်မဟုတ် . . . လင်းယုန်ငှက်ကြီးကို ဒေါက်တာလင်းမောင် အနိုက်အတန့်မျှငေးမောကာကြည့်နေမိပါ၏။ ထိုစဉ်

'ဒိန်း'

ရုတ်တရက် ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြီးတစ်ခုနှင့်အတူ လင်းယုန်ငှက်ကြီးမှာ လျှပ်တစ်ပြက်ဆိုသလိုပင် သစ်ကိုင်းထက်မှ ခုန်လွှားကာ လေဟုန်စီး၍ ပျံထွက်သွားပါလေ၏။ သို့သော် . . . လင်းယုန်ငှက်ကြီးမှာ ဝေးဝေးသို့မပျံနိုင်ရှာ

'ဒိန်း'

ဒိန်းခနဲနောက်ထပ်တစ်ကြိမ် သေနတ်သံတစ်ချက် ပေါ်ထွက်လာပြီး ရုတ်ခြည်းဆိုသလိုပင် လင်းယုန်ငှက်ကြီးမှာ ပျံသန်းနေရာမှ ချာချာလည်၍ ဒေါက်တာလင်းမောင်နှင့် မနီးမဝေးမြေပြင်ထက်သို့ ဘုန်းခနဲပြုတ်ကျလာခဲ့ပါတော့သည်။ လင်းယုန်ကြီးမှာ မြေပြင်ပေါ်တွင် တစ်ချက်နှစ်ချက်မျှ ဆန့်ငင်ဆန့်ငင်ဖြစ်ကာ နောက်ဆုံး လုံးဝငြိမ်သက်သွားပါလေ၏။

မထင်မှတ်သော အဖြစ်အပျက်ကြောင့် ဒေါက်တာလင်းမောင် ခဏမျှမှင်တက်အံ့သြသွားသည်။ ပတ်ဝန်းကျင်တစ်ခု





လုံးလည်း ရုတ်ခြည်းပင် ပြန်လည်ငြိမ်သက်သွားပြန်ပါ၏။ မည်သူက မည်သည့်နေရာမှနေ၍ ပျံသန်းသွားသည့် လင်းယုန်ငှက်ကိုပစ်ခတ်လိုက်ပါသနည်း။ တော်ရုံတန်ရုံ သေနတ်ပစ် လက်ဖြောင့်ရုံမျှဖြင့်တော့ လေထဲဝယ်ပျံသန်းနေသည့် ငှက်တစ်ကောင်ကို ထိမှန်အောင်ပစ်ဖို့ဆိုသည်မှာ မဖြစ်နိုင်။ ဤသို့ဆိုလျှင် . . .

ဒေါက်တာလင်းမောင်အတွေးစကိုဖြတ်ကာ လင်းယုန်သေကောင်ကြီးထံမှ အကြည့်ကိုလွှဲလိုက်ပြီး ခပ်လှမ်းလှမ်းတွင် မြင်တွေ့နေရပြီဖြစ်သော သစ်လုံးအိမ်ရှိရာသို့ လျှောက်လှမ်းလိုက်သည်တွင် . . .

'ဒိန်း'

''ဟာ''

ဒေါက်တာလင်းမောင်၏ ခြေထောက်နှစ်ဖက်ကြားမှ မြေစိုင်ခဲအချို့ သေနတ်ကျည်ဆန်ကြောင့် ဖွာခနဲ လွင့်စဉ်သွားကြသကဲ့သို့ ဒေါက်တာလင်းမောင်ကိုယ်တိုင်မှာလည်း လန့်ဖျပ်ကာ ဟစ်အော်လိုက်ရင်း နောက်သို့ခုန်ဆုတ်လိုက်သည်။ လမ်းနံဘေးနေကြာခင်းအစပ်မှ မြေဝပ်ငှက်တစ်ကောင် ဖရူးခနဲ အလန့်တကြား ထပျံသွားပါ၏။

ထိုစဉ်မှာပင် ဒေါက်တာလင်းမောင်ရှေ့သို့ အရိပ်မည်းကြီးတစ်ခု ပြုန်းခနဲရောက်ရှိလာခဲ့သည်။

''မင်း . . . ဘယ်သူလဲ . . . ဘာကြောင့် ငါ့ခြံနားမှာ ရစ်သီရစ်သီလုပ်နေရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



အောရှရှအသံကြီးကြောင့် ဒေါက်တာလင်းမောင် ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ တွေ့မြင်လိုက်ရပါပြီ ... တကယ့်ကို လူ့ဘီလူးကြီးတစ်ကောင်၏ပုံသဏ္ဌာန်အတိုင်းပါပေ။ ရှည်လျား နက်မှောင်သောဆံပင်များက လည်ကုပ်ပေါ်တွင် ခပ်ရှိုင်းရှိုင်း ဝဲဖြန့်ကျနေကြသည်။ ဝါညစ်ညစ်မျက်နှာပြင်ထက်မှာတော့ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနှင့် နှုတ်ခမ်းမွေးရှည်ကြီးများက ခပ်ကြမ်းကြမ်းဖုံးလွှမ်းထားသည်ကို တွေ့မြင်လိုက်ရသည်။ ခန္ဓာကိုယ်ထက်မှာ စစ်သုံးဂျာကင်ဖားဖားကြီးကိုဝတ်ဆင်ထားကာ ရှမ်းဘောင်းဘီအနက်ရောင်ကို စစ်ခါးပတ်တစ်ခုနှင့်ပတ်ထားပြီး ဂျာကင်အောက်မှ ကြီးမားလှသောအမဲလိုက် ဓားမြှောင်အိမ်ကြီးက ပိုင်ရှင်၏ဗီဇစရိုက်ကြမ်းကြမ်းကို ဖော်ပြနေသည်သို့။

အဲဒီ လူ့ဘီလူးကောင်ကြီးမှာ ရုတ်တရက် မိုးပေါ်ကကျလာသည်လား၊ မြေကြီးထဲက ဘွားခနဲပေါ်ထွက်လာသည်လား မပြောတတ်။ သေချာသည်ကတော့ မီးခိုးငွေ့တန်းလေးများ တလူလူလွင့်ပျံထွက်နေသည့် သူ၏လက်ထဲမှ နှစ်လုံးပြူးသေနတ်ပြောင်းဝကမူ ဒေါက်တာလင်းမောင်၏နှလုံးသားတည့်တည့်ဆီသို့ ချိန်ရွယ်ထားလျက်ရှိပါချေ၏။

"ဟော့ ငါမေးနေတယ်လေ ... မင်း ဘယ်သူလဲဆိုတာ"

နောက်တစ်ကြိမ် ခပ်ဆောင့်ဆောင့် ထွက်ကျလာသည့် လူ့ဘီလူးကောင်ကြီး၏မေးခွန်းကြောင့် ဒေါက်တာလင်းမောင် တည်ငြိမ်စွာပြန်လည်ဖြေကြားလိုက်သည်။





"ငါဟာ ... ဆရာဝန်တစ်ယောက်ပဲ ... နေရဥရာက မေတ္တာဆေးခန်းမှာနေတယ်"

နေရဥရာက ... ဟုကြားလိုက်ရသည်နှင့် လူ့ဘီလူးကြီး သေနတ်ပြောင်းဝက ဆတ်ခနဲ တုန်ခါသွားသယောင်။ ကြမ်းရှခက်မာသည့် မျက်နှာကြီးကလည်း ပို၍တင်းမာခက်ထန်သွားလေသည်သို့။

"ဩော် ... ဟော် ... နေရဥရာက ဆရာဝန်တဲ့လား၊ ဒီလိုဆိုရင်တော့ ပြန်ပေဦးတော့ ဆရာဝန်လေးရေ၊ ဒီမှာ ခင်ဗျား ဆေးကုသရမယ့်လူနာ တစ်ယောက်မှမရှိဘူးဗျ ... ဟင်း ဟင်း"

"ငါကလည်း လူမမာဆီကိုဆေးကုဖို့လာခဲ့တာ မဟုတ်ပါဘူး၊ ဖုန်းမသိမ်ကုန်းမှာရှိတဲ့ လှောင်ချိုင့်ထဲက နေကြာဆိုတဲ့ ကောင်မလေးဆီကိုလာခဲ့တာလေ"

"ဘာကွ"

လူ့ဘီလူးကောင်ကြီး အော်သံကြီးက ရုတ်တရက် မိုးခြိမ်းသံကြီးကဲ့သို့ ထွက်ပေါ်လာသဖြင့် ဒေါက်တာလင်းမောင်ပင် တွန့်ခနဲဖြစ်သွားပါ၏။ ဤသို့ အပြောကြမ်း၊ အဆိုကြမ်းနှင့် သူ့ရှေ့တွင် နှစ်လုံးပြူးသေနတ်ကြီးတကားကားနှင့် ရောက်ရှိနေသည့် လူ့ဘီလူးကောင်ကြီးသည် တိုးမောင်ပြောခဲ့သော နေကြာ၏အစ်ကို မုဆိုးကောင်ဒေါင်းမိုက်ဆိုသူပင် ဖြစ်ပါချိမ့်မည်။

"ရုပ်ရှုပ်ယှက်ယှက်ကွာ ... ဒီမှာ ဘာနေကြာမှ မရှိဘူး၊ ဒီနေရာကနေ အေးအေးဆေးဆေး လှည့်ပြီးပြန်သွားပါ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် . . . မင်းရဲ့ခြေလှမ်းတွေ ရှေ့ကိုတစ်လှမ်း တိုးလာခဲ့ရင် ဟိုမှာတွေ့လား . . . စောစောက ငါပစ်ချလိုက်တဲ့ လင်းယုန်ကောင်ကြီးလိုဖြစ်သွားမယ် . . . ဟွန်း''

'ဂျောက် . . ဂလောက်'

သူ့အား ချိန်ရွယ်ထားသည့် နှစ်လုံးပြူးသေနတ်ကြီး၏ မောင်းတင်လိုက်သံက ဒေါက်တာလင်းမောင်နားထဲတွင် ဗုံးတံလုံး ပေါက်ကွဲသွားသည့်အလား။ ထိုအခိုက် ဘီလူးမှဆိုးကောင် ဒေါင်းမိုက်နောက်မှ အပြေးကလေးထွက်လာသည့် နေကြာမင်းသမီးလေး၏ စိုးရိမ်မျက်နှာလေးကို ဒေါက်တာလင်းမောင် မြင်တွေ့လိုက်ရသည်။

''ဟော . . . နေကြာ''

ရုတ်တရက် မမျှော်လင့်ဘဲမြင်တွေ့လိုက်ရသည့် နေကြာ၏ အလှမျက်နှာနွမ်းနွမ်းလေးကြောင့် ဒေါက်တာလင်းမောင် သတိလက်လွတ်ဖြစ်သွားကာ ရှေ့သို့ ခြေတစ်လှမ်းရွှေ့သွားမိသည်နှင့် . . .

'ဒိန်း'

''အို . . . ကိုကြီးဒေါင်း''

ဒေါက်တာလင်းမောင် ခြေထောက်အနီးမှ မြက်ရိုင်းပင်တချို့ ပြတ်သတ်လွင့်စဉ်ထွက်သွားကြသည်။ နိဒါန်းချီကတည်းက သေနတ်သံတဒိန်းဒိန်းနှင့် မုန်တိုင်းဆင်လာသည့် ဒေါင်းမိုက်ကြောင့် ဒေါက်တာလင်းမောင်နောက်ဘက်သို့ အလန့်တကြား





ခုန်ဆုတ်လိုက်ရသည်။

''ကိုကြီးဒေါင်း . . . ကိုကြီးဒေါင်း . . . မလုပ်ပါနဲ့ ကိုကြီးဒေါင်းရယ်''

နေကြာမှာ မျက်စိမျက်နှာပျက်ယွင်းလျက် အစ်ကိုဖြစ်သူ ဒေါင်းမိုက်ကို ဝင်ရောက်ဆွဲကာ သံနားစဖွယ်ဟန့်တားနေရာပါ၏။ နေကြာ၏ သနားစဖွယ်သွင်ဟန်လေးကိုကြည့်ကာ ဒေါက်တာလင်းမောင်ရင်ထဲတွင် ဝေဒနာတစ်ခု တိုးဝင်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် အသိတရားကပါ ကပ်လိုက်လာပါ၏။ သူကြောင့် မှဆိုးကြမ်းကြီးဒေါင်းမိုက်က နေကြာလေးကို မဲလျှင် . . . မဖြစ်စေချင်ပါ။ လုံးဝမဖြစ်စေချင်ပါ။ ဒေါက်တာလင်းမောင်သာ ဖွတ်တိုးမည်ဆိုလျှင် ဒေါင်းမိုက်ကလည်း ငြိမ်၍ခံနေလိမ့်မည်မဟုတ်။ ထိုကဲ့သို့ဆိုလျှင် သူအသည်းနှင့်အောင်ချစ်ရပါသော နေကြာသခင်မလေးခမျာ ပဋိပက္ခကြားတွင် မြေစာပင်သဖွယ်ဖြစ်ရရှာတော့မည် မဟုတ်ပါလား။

ယခုပင် ချစ်ရသော နေကြာ၏မျက်နှာနွမ်းနွမ်းလေးက သူ့ကိုပြန်သွားပါရန် အသနားခံတောင်းပန်နေသည့်နှယ်ပါတည်း။

''ဖယ်စမ်း နေကြာ . . . ဒီဆရာဝန်ကောင်နဲ့ တစ်ခါတည်း အပြတ်ရှင်းတာကောင်းတယ်''

မှဆိုးကြမ်းဒေါင်းမိုက်က သူ့အားဖက်တွယ်ထားသည့် ညီမဖြစ်သူ၏လက်များကို ဖယ်ထုတ်ပစ်ရင်း ရမ်းရမ်းကားကားပင် အော်ဟစ်နေပြန်ပါ၏။ ဒေါက်တာလင်းမောင်က မုဆိုးလေး



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းမိုက်၏ နှစ်လုံးပြူးသေနတ်ပြောင်းဝကို တွန်းဖယ်လိုက်ရင်း

''သိပ်လည်း ဒေါသကြီးမနေနဲ့ မုဆိုးကောင်ရေ၊ ငါပြန်မယ်၊ ဒါပေမဲ့ . . . မင်းကိုကြောက်ရွံ့လို့၊ ရင်မဆိုင်ရဲလို့ ပြန်တာတော့ မဟုတ်ဘူး၊ ဟောဟိုက နေကြာလေးကို သနားလို့ ငါပြန်တာ၊ မှတ်ထားစမ်း ဒေါင်းမိုက် . . . လူတွေကို မင်းပစ်ခတ်သတ်ဖြတ်နေတဲ့ သားကောင်တွေလို ရိုင်းရိုင်းစိုင်းစိုင်း နှင်ထုတ်စရာ မလိုပါဘူး၊ အေး . . . ငါ့ရဲ့အသက်ကို တစ်ကြိမ်တစ်ခါ ကယ်တင်ပေးခဲ့ဖူးတဲ့ မင်းရဲ့ညီမ နေကြာဆီကို ကျေးဇူးတင်စကား လာပြီးပြောတာ''


''ကဲ . . . နေကြာ . . . ဆရာပြန်မယ်၊ လှောင်အိမ်ထဲက မင်းရဲ့ဘဝကလေး လွတ်လွတ်လပ်လပ်နဲ့ ပျံသန်းခွင့်ရတဲ့နေ့ကလေးကိုပဲ ဆရာမြင်ချင်ပါတယ်''

ဒေါက်တာလင်းမောင်မှာ နေကြာအား နှုတ်ဆက်စကားဆိုကာ ဖုန်းမသိမ်ကုန်းထက်မှ ချာခနဲလှည့်ထွက်လာခဲ့ပါတော့သည်။

''ဟာကွာ . . . တောက်''

သူ၏နောက်ဘက်ဆီမှ တာနေ့ာယက္ခဘီလူးကောင်ကြီး၏ မကျေမနပ်နှင့်တောက်ခေါက်သံကြီးက ဒေါက်တာလင်းမောင်၏ နောက်သို့ မမှိမကမ်းဖြင့် လွင့်ပျံ့လိုက်ပါလာခဲ့ပါသေးသည်။





## အခန်း (၁၄)

## ပင့်ပက္ခ၏သားကောင် . . . သို့မဟုတ်

ညဉ့်ဦးယံက အလင်းပေးလျက်ရှိသော တစ်ခြမ်းပဲ့ လကလေးက ကုက္ကိုဝါပင်ကြီး၏နောက်ဘက်တွင် ရောက်ရှိသွားပြီမို့ နေရှဌရာရွာအဝင်လမ်းသည် အတန်ငယ်မှိုင်းမှောင်သွားပါ၏။ ကြွင်းကျန်ရစ်ခဲ့သော မှုန်ဝါးဝါးကြယ်စုလေးများ၏ အလင်းဖျော့ဖျော့ညဉ့်ကောင်းကင်တွင် ဖြန့်ကြက်ပျော်ဝင်လျက် မေတ္တာဆေးခန်းနှင့် မနီးမဝေးတွင်ရှိသော ထန်းပင်တန်းများ အုပ်စိုးနေသည့်ရွာအဝင်လမ်းမဆီမှ ထန်းရွက်၊ ထန်းခက်များကြားသို့ လေတိုးတိုက်သံကို တရှီးရှီးနှင့်ကြားနေရသည်။

မန်ကျည်းပင်ကြီးများ၊ ကုက္ကိုဝါပင်ကြီးများ၊ ရွက်နုတွေစုံကာ ဖြန့်ကြက်အုပ်မိုးထားသည့် နေရှဌရာရွာကလေးကမှုန်ဝါးဝါးလရောင်အောက်တွင် တိတ်ဆိတ်စွာအိပ်မောကျလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပေ၏။ သို့သော် ရွာလယ်ရှိ မေတ္တာဆေးကုခန်းလေးအတွင်း မီးရောင်လဲ့လဲ့အောက်မှာတော့ သက်ရှိလူသားနှစ်ဦးက တစ်စုံတစ်ရာကို အကြိတ်အနယ်ပြောဆိုနေကြသည်သို့။

ဒေါက်တာလင်းမောင်က နေ့ခင်းက ဖုန်းမသိမ်ကုန်းတွင် မှဆိုးရှိုင်းဒေါင်းမိုက်နှင့်တွေ့ဆုံခဲ့ရပုံများကို တိုးမောင်အား ပြန်လည်၍ရင်ဖွင့်ပြနေခြင်းဖြစ်သည်။ ဒေါက်တာလင်းမောင်၏စကားများ ဆုံးသွားသည်နှင့် တိုးမောင်ခမျာ မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် အထိတ်ထိတ်အလန့်လန့် ဖြစ်သွားပါတော့သည်။

''ဘုရား ဘုရား ... ကျုပ် အတန်တန်တားခဲ့တဲ့ကြားထဲက ဆရာလေးက သွားဖြစ်အောင်ကိုသွားလိုက်သေးတယ်နော်၊ အင်း ... ကံကြီးပေလို့သာပေါ့ ဆရာလေးရယ်၊ အဲဒီ ဒေါင်းမိုက်ဆိုတဲ့ ဘီလူးလိုကောင်က နည်းနည်းလေး စိတ်ကောင်းဝင်သွားလို့သာ ဆရာလေး သက်သာသွားတာနေမှာ''

''ဗြော် ... ဥပဒေမဲ့တိုင်းပြည်မှ မဟုတ်တာဘဲ ကိုတိုးမောင်ရယ် ... သူလုပ်ချင်တိုင်း လုပ်လို့မရပါဘူး၊ ကျွန်တော်ကတော့ သူ့ညီမ နေကြာလေးကိုပဲ သနားနေမိတယ်ဗျာ ... ဟင်း''

ဒေါက်တာလင်းမောင်က သက်ပြင်းမောတစ်ချက် ချလိုက်ပြီး စားပွဲပေါ်ရှိ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကိုဆွဲထုတ်ကာ ဘူးပေါ်တွင် တဒေါက်ဒေါက်နှင့်ခေါက်နေသည်။ သူ၏အတွေးတို့သည်ပင် တစ်နေရာသို့ လွင့်ပါးနေပုံရသည်။ အတန်





ကြာမှ ပိရိလှသော သူ၏ဘယ်ဘက်နှုတ်ခမ်းဖျားတွင် တေ့လိုက်ပြီး မီးခြစ်ကိုထောက်ခနဲခြစ်ကာ မီးညှိလိုက်ပါ၏။ ထို့နောက် မီးခြစ်အဖုံးကိုထောက်ခနဲပြန်ပိတ်လိုက်ပြီး စီးကရက်မီးခိုးငွေ့များကို မျက်နှာကြက်ဆီသို့ အတားအဆီးမဲ့ မှုတ်ထုတ်နေပါတော့သည်။

တိုးမောင်မှာ သူ၏ဆရာဖြစ်သူ စိတ်ညစ်လျှင် အမြဲတမ်းလုပ်လေ့လုပ်ထရှိသော အပြုအမူကိုကြည့်ကာ လေပူတစ်ချက်ကို မသိမသာမှုတ်လိုက်ပါ၏။ အတူတွဲလာခဲ့သည်မှာ တစ်နှစ်ကျော်လာခဲ့ပြီမို့ ဆရာဖြစ်သူ၏ရင်ဘတ်ကြီးထဲမှာ နေကြာနှင့် ပတ်သက်ဆက်နွှယ်နေသည့် သံယောဇဉ်အရောင်တချို့ကို သူ မြင်တွေ့နေရသည် မဟုတ်ပါလား။

တိုးမောင်က နေရဥရာရွာသားစစ်စစ်။ သည်ရွာမှာမွေး၍ သည်ရွာမှာ ချက်မြှုပ်သူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ဟစ်နယ်တစ်ကျေးမှ တာဝန်နှင့်ရောက်ရှိလာသည့် ဒေါက်တာလင်းမောင်ထက် ဒီရွာအကြောင်း ဖုန်းမသိမ်ကုန်းအကြောင်းတို့ထက်မူ မုဆိုးရှိုင်းဒေါင်းမိုက်တို့မောင်နှမအကြောင်းများကို ပို၍သိရှိသူလည်းဖြစ်ပါ၏။ ထို့ကြောင့် စိတ်သဘောထားဖြူစင်သလောက် ရိုးသားတည်ကြည်သော သူ၏ဆရာဖြစ်သူ ဒေါက်တာလင်းမောင်အား အန္တရာယ်မကျရောက်စေလိုပါ။

မုဆိုးဒေါင်းမိုက်သည် ဟိုစဉ်ကတည်းက နေရဥရာကို အမြင်ကြည်လင်ခဲ့သူမဟုတ်။ နေရဥရာနှင့်ပတ်သက်၍ ဒေါင်း



www.burmeseclassic.com

www.burmeseclassic.com



မိုက်၏ရင်ထဲဝယ် အမုန်း၊ အငြိုး၊ အာဃာတများသာ ရှိသည်။ ဟိုယခင် ဘုရားပွဲနှစ်များကဆိုလျှင် သူ၏ညီမနှင့် ပတ်သက်၍ နေရွာရာရွာမှ လူပျိုကာလသားတချို့နှင့်လည်း ပြဿနာ ဖြစ်ခဲ့ဖူးသည်။ ပြောရမည်ဆိုလျှင် ဒေါင်းမိုက်သည် ဒဏ်ရာရနေသည့် ကျားနာတစ်ကောင်နှင့်တူသည်။ ငြိမ်သက်နေသည့် မြွေပွေး တစ်ကောင်နှင့်တူသည်။ သူ့ကိုသော်လည်းကောင်း၊ သူ၏ညီမကို သော်လည်းကောင်း ထိပါးနှောင့်ယှက်သည်ထင်လျှင် ကြမ်းရမ်းရမှာလည်း မကြောက်၊ သတ်ရဖြတ်ရမှာကိုလည်း မကြောက်။ ဆင်ကန်းတောတိုးသည့်နှယ် စိတ်လွတ်ကိုယ်လွတ် ပြုမူတတ်သူ တစ်ယောက်ဖြစ်သည်။ ထိုသို့သောအကြောင်းများကြောင့် သူ၏ ဆရာ ဒေါက်တာလင်းမောင်အား ဖုန်းမသိမ်ကုန်းမှ နေကြာနှင့် ဆပ်မိမဆက်သွယ်ရန်နည်းမျိုးစုံဖြင့် တိုးမောင် တားမြစ်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ...

တောရိုင်းနေကြာတစ်ပွင့်အပေါ်တွင် သံယောဇဉ်ငြိတွယ် နေပြီဖြစ်သော ဒေါက်တာလင်းမောင်ကမူ အန္တရာယ်ကို မမြင်နိုင်ရှာ။ ထက်မြလှသောဓားသွားပေါ်မှ ချိုမြိန်သော ပျားရည်တစ်စက်ကိုမှ မကြောက်မရွံ့ စားသုံးချင်နေမိသည်။ တစ်နည်းဆိုရပါလျှင် ဂုဏ္ဍာန်တစ်ထောင်စောင့်ကြပ်သော၊ ပဒ္မာသက နွယ်နီနတ်ပန်းကိုမှ လိုချင်နေမိသည်။ ထိုထိုသောအန္တရာယ်များကြားမှ မရောက် ရောက်အောင် သွားရောက်ခဲ့သည်။ ကံကောင်းသည်ဟုဆိုရမည်





ဘီလူးမှဆိုး အရိုင်းအစိုင်းကောင် စိတ်ကောင်းနည်းနည်းဝင်နေသည့်အချိန်မို့ နေရွာရာသို့ ဒေါက်တာလင်းမောင် ရှောရှောရှူရှူ ပြန်ရောက်လာခဲ့သည်မဟုတ်ပါလား နောက်ထပ်တစ်ကြိမ်သာ ဆိုလျှင် ...။

တိုးမောင် ဆက်၍မတွေးရဲပါလေတော့။ သူ၏ဆရာ ဒေါက်တာလင်းမောင်ကိုသာ မဖြစ်ဖြစ်အောင်တားဆီးရပေတော့မည်။ ဝရန်တာဒေါင့်ရှိ ပက်လက်ကုလားထိုင်တွင် အချစ်ဆိပ်တက်ကာထိုင်နေသည့် ဒေါက်တာလင်းမောင်ကတော့ တစ်စုံတစ်ရာကို စူးစူးနှစ်နှစ်တွေးတောနေသည်သို့။

"ဆရာလေးရယ် ... ဖုန်းမသိမ်ကုန်းအကြောင်းကိုလည်း ဆရာလေးကိုပြောပြပြီးပြီ၊ ဒေါင်းမိုက်တို့မောင်နှမအကြောင်းကိုလည်း ဆရာလေးကိုယ်တိုင်ကိုယ် တွေ့ကြုံခဲ့ရပြီးပြီ၊ ဆရာလေးဟာ ကျုပ်တို့ထက် ပညာအရာရော, အတွေးအခေါ်ပိုင်းမှာရော သာလွန်တဲ့သူတစ်ယောက်ပါ၊ ဘယ်ဟာက လုပ်သင့်တယ်, ဘယ်လိုဟာက မလုပ်သင့်ဘူးဆိုတာ ကျုပ်တို့ထက်ကို ဆရာလေးက ပိုပြီးနားလည်သိတတ်မယ်လို့ ထင်ပါတယ် ...၊

ဘာမှနားမလည်တဲ့ တောသားတစ်ယောက်က ဆရာလေးကို မိကျောင်းမင်းရေခင်းပြတာလည်း မဟုတ်ပါဘူး၊ သူတို့ဘဝနဲ့သူတို့ ပျော်မွေ့နေကြပြီဖြစ်တဲ့ မောင်နှမနှစ်ယောက်ပါ ဆရာလေးရယ်၊ အဲဒါကို ဆရာလေးသွားပြီး ဘာတစ်ခုမှ မလုပ်မိပါစေနဲ့တော့၊ နောက်ထပ်လည်း ဖုန်းမသိမ်ကုန်းနဲ့ နေကြာ



www.burmeseclassic.com

www.burmeseclassic.com



မ,တို့ကို လုံးဝအဆက်အသွယ် မလုပ်ပါနဲ့တော့ ဆရာလေးရယ်''

တစ်ခြမ်းပဲ့လရိပ်အောက်တွင် ပျော်ဝင်နေသည့် ညဥ့်သည် တိတ်ဆိတ်ငြိမ်သက်လျက်။ နေရဋ္ဌရာချောင်းဘက်ဆီမှ ရေစီးသံလိုလို၊ ထန်းရွက်,ထန်းခက်များကို လေတိုးသံလိုလို ရှဲရှဲငြိမ့်ငြိမ့်ကို သဲ့သဲ့ညင်ညင် ကြားနေရသည်။

ဒေါက်တာလင်းမောင်မှာ တိုးမောင်၏စကားများကို ပြန်လည်ခွန်းတုံ့စကား မဆိုရှာ။ သူတို့၏စေတနာကို သိသည်။ သူတို့၏ဖြူစင်မှုကို သိသည်။ သူတို့၏ရိုးသားမှုကို သိသည်။ ခက်နေသည်က ဒေါက်တာလင်းမောင်ကိုယ်တိုင်ပင်တည်း။

ဟုတ်သည် . . . တိုးမောင်အတန်တန်ပြောဆို ဟန့်တားနေသည့်ကြားမှ ဒေါက်တာလင်းမောင်၏ မျက်ဝန်းထဲဝယ် သနားစဖွယ် လှောင်ချိုင့်စံမင်းသမီးလေးနေကြာ၏မျက်နှာလှလှလေးကိုသာ တဝဲလည်လည်နှင့် မြင်ယောင်နေမိပြန်ပါတော့သတည်း။

နေကြာနှင့်ဆုံတွေ့ခဲ့ရပြီးသည့်နောက်ပိုင်း ဒေါက်တာလင်းမောင်တစ်ယောက် သူ၏ရင်ထဲမှ နေကြာကို အချိန်အားတိုင်း သတိရတမ်းတနေမိခဲ့သည်။ သို့သော် . . . ကိုတိုးမောင်တစ်ယောက်ကလည်း သူ့ကိုအချိန်ပြည့်နှိုးပါး မသိမသာ သတိ





ထားနေသကဲ့သို့ တစ်ဖက်တွင်လည်း နေကြာ၏အစ်ကို မုဆိုး အရိုင်းကောင်လူ့ဘီလူးကြီးကလည်း အလစ်မပေးစတမ်း စောင့်ကြပ်ကြည့်ရှုနေသည်ကြောင့် ချစ်သောနေကြာနှင့် နှစ်ကိုယ်ချင်း တွေ့ဆုံနိုင်ခွင့်အရေးက လွယ်မယောင်နှင့် ခက်နေရသည် မဟုတ်ပါလား။

ညနေဆည်းဆာလေပြည်ညင်းက ဒေါက်တာလင်းမောင်၏ဆံနွယ်များကြားမှ တိုးဝှေ့ဖြတ်သန်းသွားကြပါ၏။ နေရဋ္ဌရာချောင်းစပ်ရှိ သဲပြင်စွယ်တစ်ဝိုက်တွင် လှိုင်းကြက်ခွပ်လေးများက ဝင်လုဆဲဆဲနေခြည်ရဲရဲ၌ ဖွာခနဲ့,ဖွာခနဲ ရှိုက်ကာ,ငိုက်ကာ,ဝိုက်ကာ လွင့်ပျံနေကြသည်။ ထိုလှိုင်းကြက်ခွပ်လေးများကြားတွင် ခုန်ပျံမြူးတူးဆော့ကစားနေကြသည့် ရေတက်ငါးငယ်လေးများကို ဗျိုင်းတစ်အုပ်ကဝဲကာ,ပျံကာနှင့်ထိုးသုတ်ချီသွားကြသည်ကို ဒေါက်တာလင်းမောင် ငေးမောတွေဝေစွာကြည့်နေမိသည်။

ဟုတ်သည် . . . အမှန်ဆိုလျှင် ရေတက်ငါးတို့၏ဘဝသည် ရေစီး၌သာ ပျော်မြူးကျက်စားရသည်။ လေပြည်အနော့တွင် ဆော့ကစားလျက်ရှိသည့် လှိုင်းကြက်ခွပ်ဆော့မြူးရာနောက်တွင် မနေနိုင်,မထိုင်နိုင် လိုက်ပါခုန်ပျံမြူးတူးခဲ့ရာမှ အန္တရာယ်ကောင် ဗျိုင်း၏နှုတ်သီးကြားတွင် အသက်ဆုံးပါးခဲ့ရသည်မဟုတ်ပါလား။

''အင်း . . . ငါကိုယ်တိုင်လည်း လှိုင်းကြက်ခွပ်ကြားမှာ ပျော်မြူးဆော့ကစားချင်တဲ့ ရေတက်ငါးလိုများ ဖြစ်နေပြီလား၊ သဘာဝရေစီးထဲမှာ ကျက်စားပျော်မွေ့နေရမယ့်အစား သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တဲ့လေရူးကြောင့် ခဏတာ လူးလွန့်ခွင့်ရတဲ့ လောကလှိုင်းကြက်ခွပ်တွေအလယ်မှာ ငါဟာ ကျရှုံးသွားမယ့် လူလား''

သူ့ဘက်ကတော့ ကျရှုံးလိမ့်မည်မဟုတ်ဟု အနိုင်အမာ ယုံကြည်သည်။ အကြောင်းမှာ နေကြာအပေါ်တွင် ချစ်ခဲ့မိသော သူ၏အချစ်သည် တစ်သက်တွင် တစ်ကြိမ်သာ ဖူးပွင့်လာသည့် အချစ်ပန်းလေးဖြစ်ကြောင်း သူသာအသိဆုံးပင် ဖြစ်ပါ၏။ သူ၏ အချစ်နှင့် ရောင်ချိုင်စံမင်းသမီးလေးနေကြာ၏ ပိတ်လှောင်မွန်းကျပ်နေသည့်ဘဝလေးအား ကယ်တင်မည်။ နေကြာကို အတော မသတ်နိုင်အောင် ကျယ်ဝန်းလှသည့် ကောင်းကင်ပြင်ကျယ်ကြီး ထဲတွင် တောင်ပံဖြန့်ကာ လွတ်လပ်စွာပျံသန်းစေမည်။

ဤသို့ဆိုလျှင် သူဘက်မှပြတ်သားရဲရင့်ရပေမည်။ မုန်တိုင်းကို ဖြိုခွင်းနိုင်ရမည်။ ကျောက်ဆောင်ကိုလည်း ဖြိုခွဲဖျက်ဆီးပစ်နိုင်ရမည်။ နောက်ဆုံး ချစ်ရသူနေကြာအား ပိုင်ဆိုင်ရယူလိုလျှင် လူ့ဘီလူးကောင်ဒေါင်းမိုက်ကို ရင်ဆိုင်ရဲရမည် မဟုတ်ပါလား။ နောက်ဆုံးတော့ ဒေါက်တာလင်းမောင်တစ်ယောက် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်နှင့်ပြတ်သားစွာ ချလိုက်ပါတော့သည်။

စစ်မှန်သော အချစ်တစ်ခုကို ရယူပိုင်ဆိုင်နိုင်ရန်အတွက် ဆိုလျှင် သိယိုရ်ပြည်ကြီး မီးဟုန်းဟုန်းတောက်လိုက တောက်စေတော့ . . . ဟု။

သည့်အတွက် အချိန်ယူရသည်။ သို့သော် ဒေါက်တာ





လင်းမောင် သိပ်မစောင့်ရပါ။ တစ်လကျော်ကျော် နှစ်လနီးပါးခန့် ကြိတ်မှိတ်အောင့်အည်း၍ စောင့်စားနေခဲ့ရာမှ တစ်နေ့တွင် သူ့အား စောင့်ကြပ်ကြည့်ရှုနေသည့် တိုးမောင်တစ်ယောက် မြို့သို့ တက်၍ ဆေးဝါးပစ္စည်းများဝယ်ယူရန် အလှည့်တာဝန်ကျလာခဲ့သည်။

ဒေါက်တာလင်းမောင်မှာ လိုအပ်သည့်ဆေးဝါးပစ္စည်း အချို့နှင့် ဆေးခန်းသုံးပစ္စည်းစာရင်းများကို ရေးမှတ်နေစဉ်မှာပင် ရင်တွေတဒိန်းဒိန်းနှင့် ခုန်လှုပ်နေပါ၏။ မြို့သို့သွားရောက်ဝယ်ယူရမည့် တိုးမောင်အား မှာသာမှာနေရသည် သူ၏စိတ်စဉ်ကမူ ဖုန်းမသိမ်ကျွန်းသို့ လွင့်ပျံရောက်ရှိနေကြသည်သာ။

''အင်း . . . ငါဆိုင်ကယ်ယူသွားလို့တော့ ဖြစ်မယ်မထင်ဘူး။ တော်ကြာ . . . ကိုတိုးမောင်ပြန်လာခဲ့လို့ သိသွားရင်လည်းမကောင်းဘူး။ အဲဒီတော့ . . . သွားနေလာနေကျ လမ်းက မသွားတဲ့ နွားကျောင်းသားတွေသွားတဲ့ ဘိုတဲပျက်ကြီးရှိတဲ့ တောလမ်းဘက်ကနေ လှည့်သွားရင်ကောင်းမယ်ထင်တယ်၊ ဟုတ်တယ် အဲဒီအစီအစဉ်ကောင်းတယ်၊ ဒါမှ . . . ဘယ်သူမှ ငါ ဖုန်းမသိမ်ကျွန်းသွားတယ်ဆိုတာ သိကြမှာမဟုတ်ဘူး''

ဤသို့ဖြင့် . . . ကိုတိုးမောင်တစ်ယောက် မြို့သို့ ထွက်သွားသည်နှင့် မရေးမနှောင်းမှာပင် ဒေါက်တာလင်းမောင်မှာ စီးကရက်ဘူး၊ မီးခြစ် စသည်တို့ကို သူဝတ်ဆင်ထားသည့် ဂျာကင်အိတ်ထဲတွင်ထည့်ကာ တစ်ယောက်တည်း လမ်းလျှောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမသိမ်ကုန်းဘက်သို့ လစ်ထွက်လာခဲ့ပါတော့သည်။
မကြာမီ တစ်ဖက်တစ်ချက်တွင် ချုံနွယ်ပိတ်ပေါင်းမျာ
အုပ်မိုးနေသည့် လမ်းကြောလေးအတိုင်း ဒေါက်တာလင်းမော
ခပ်သွက်သွက်လျှောက်လာခဲ့ပါ၏။ ဤတောလမ်းခရီးစဉ်ကို ပြု
သည့်တစ်ပတ်လောက်က နွားကျောင်းသားလေး မောင်ကျော
ခဲအား ကြိုတင်၍ မလိုလည်း,လိုလည်း မေးထားခဲ့သည်မှ
ယခုတော့ မထင်မှတ်ဘဲ ဒေါက်တာလင်းမောင်၏လျှို့ဝှက်လ
ကြောင်း ဖြစ်သွားခဲ့ရပါချေပြီကော။
သို့သော် ...
ထိုကဲ့သို့ ဒေါက်တာလင်းမောင်တစ်ဦးတည်း တောလ
ခရီးကြောင်းမှတိတ်တဆိတ် ဖုန်းမသိမ်ကုန်းရှိရာသို့ ထွက်ခွာသ
ခဲ့ခြင်းသည် သူ၏ကံကြမ္မာကိုတစ်မျိုးတစ်ဖုံဖြင့် ဖောက်ထိုးမိ
ဖြစ်သွားခဲ့ရသည်ဆိုခြင်းကိုမူ ထိုစဉ်,ထိုအချိန်,ထိုကာလက
စဉ်းမျှပင် မသိနိုင်ခဲ့ပါချေပြီတည်း။
ထိုနေ့,ထိုရက်,ထိုအချိန်ကာလမှစ၍ ဒေါက်တာလ
မောင်တစ်ယောက် နေရပ်ရာရွာကြီးမှလည်းကောင်း၊ သူပိုင်
ရာ မေတ္တာဆေးခန်းလေးမှလည်းကောင်း ထူးခြားစွာ ပျောက်
မလှ ပျောက်ဆုံးသွားခဲ့သည်ဟု ... ဆိုပါလျှင်။
တစ်နည်းအားဖြင့် သည်နယ်တစ်ဝိုက်၏ ကေရာဇ်နာမ
ကျော်ဖုန်းမသိမ်ကုန်း သို့မဟုတ် အမင်္ဂလာကုန်းနှင့် ပတ်သက်
ပါသော သို့မဟုတ် မုဆိုးရိုင်းလူ့ဘီလူးကောင်ဒေါင်းမိုက်၊ သ





တစ်ဦးတည်းသော ညီမငယ်နေကြာတို့နှင့် ဆက်နွယ်ရှုပ်ထွေးခဲ့
ပါသော ဒေါက်တာလင်းမောင်၏ဘဝလေးသည် ဤမှာပင် တစ်
ခန်းရပ်သွားပြီး သတင်းမကြား,ဘာမကြားနှင့် စုတ်စ,မြုပ်စပင်
ပျောက်ကွယ်သွားခဲ့ပါချေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

## ခြေရာပျောက်သို့ ခြေရာကောက်ခြင်း

ညနေခင်းလေပြည်ရူးက မြေပေါ်တွင်ရှပ်ကာ ရွက်ဟောင်းအချို့ကို ဝှေ့ယမ်းကျီစယ်သွားပါ၏။ မြင်းညိုကြီးကို အသားကျစီးနင်လာသည့် လူရွယ်သည် ကမူစွန်းကလေး၏ထိပ်တွင် မြင်းညိုကြီး၏ဇက်ကိုဆွဲ၍ တန့်ရပ်လိုက်သည်။

ပါးချပ်တခဲခဲနှင့် မြင်းညိုကြီးကလည်း နှာခေါင်းနှစ်ပေါက်ပွချည့်ပိန်ချည်နှင့်ရှည်လျားလှပသော လည်ဆံတဖွားဖွားလန်ရင်း သခင်၏အလိုကိုကြည်ဖြူစွာလိုက်လျောပြီးလျှင် ခေါင်းကိုမော့မော့မြှုနေပါ၏။ မြစ်ကြီးထက်မှလူရွယ်သည် စစ်စိမ်းရောင်ဂျာကင်ဖားဖားကြီးကို သူ၏ကျစ်လျစ်ဖွံ့ထားသည့် ခန္ဓာကိုယ်တွင် အချိုးအစားကျနစွာဝတ်ဆင်ထားပါ၏။ အညိုရောင်ဘောင်းဘီရှည်အောက်မှ လုံးကျစ်သန်မာသော ပေါင်လုံးကြီးများနှင့် ခြေ





ဆံလက်ဆံတို့က ကျင့်သားရပြီးသားဖြစ်ကြောင်း ညွှန်းဆိုလှစ်ဟပြနေသည်သို့။

အသားအရေက မဖြူမညို၊ စူးရဲလင်းလက်သော မျက်လုံးအစုံနှင့် ပိရိသေသပ်သောနှုတ်ခမ်းနှစ်လွှာက လူရွယ်၏ရဲရင့်ပြတ်သားမှုတို့ကို ပေါ်လွင်စေပါ၏။ မျက်နှာထက်သို့ ခွေရစ်ကာ ကျနေသည့် နက်မှောင်သောဆံနွယ်ရှိုင်းရှိုင်းများကို လေပြည်ညင်းက ကလူကျီစယ်နေသဖြင့် ဝေ့ဝဲလွင့်ပျံလျက်။

ညနေခင်းနေခြည်ရဲရဲတွင် တစ်ပင်ပျံကျ တစ်ကိုင်းဝင်နားလျက်ရှိကြသော ငှက်ငယ်လေးများက သည်ကနေ့မှ မမြည်ကြ၊ မတမ်းကြပေ။ ညနေခင်းလေပြည်သွဲ့သွဲ့သာ မတိုက်ခတ်လျှင် တွေ့မြင်နေရသော စိမ်းညိုညို၊ မှိုမှိုမောက်မောက်နှင့် မှိုင်းညို့သောသစ်တောအလယ်ရှိ ဘိုတဲပျက်ကြီးတစ်ခုတို့၏ ရုပ်သဏ္ဍာန်ရှုမျှော်ခင်းများမှာ အသက်များမဝင်ပါလေစဟု စိုးထိတ်ဖွယ်ရာပင်ရှိချေပါ၏။

နေကျော်စပြုနေပြီဖြစ်သော တောင်နီတောင်၊ နေညိုချိန်အရိပ်အောက်မှ မှိုင်းညို့ပိတ်မှောင်နေသည့် ဖုန်းမသိမ်ကုန်းကြီးတို့သည်ပင် သက်မဲ့နေသော ပန်းချီကားတစ်ချပ်နှယ်။ ထိုမှတစ်ဆင့် စိမ်းညို့ပြာမှုန်လျက်ရှိသော တောင်တန်း၊ ခင်တန်း၊ လျှိုမြောင်၊ ယာခင်းရွာကျဉ်းကလေးများသည်ပင် နေညိုချိန်သဘာဝပန်းချီကားတစ်ချပ်ကို တိတ်ဆိတ်စွာပင် ဖြည့်ဆည်း၍ တန်ဆာဆင်ပေးနေသည်သို့။ ကြည့်လေရာ, မျှော်လေရာ, မြင်



www.burmeseclassic.com

www.burmeseclassic.com



လေရာတိုင်းသည် ကြည်နူးသာယာဖွယ်အပြည့်နှင့်။ သို့တိုင်အောင် မြင်းညိုရှင်လူရွယ်သည် သာယာကြည်နူးမှုကို မသိနားမလည်လေသည်လားမသိ မှုန်မှိုင်းမှိုင်းမျက်နှာဖြင့်သာ ထိုးထိုးထောင်ထောင်ရှိနေသည့် ဘိုတဲပျက်ကြီးနှင့် ညို့ဆိုင်းပိတ်မှောင်နေသည့် ဖုန်းမသိမ်ကုန်းဟုခေါ်တွင်သည့် တောအုပ်ညို့ညို့ကိုသာ မျက်တောင်မခတ်စတမ်း စူးစူးရဲရဲကြည့်နေပါလေ၏။

ထိုစဉ်မှာပင် နောက်ထပ် မြင်းတစ်စီးနှင့်လူတစ်ယောက်က ထိုကမူစွန်းလေးသို့ပင်ရောက်ရှိလာပြီး ကျောက်ဆစ်ရုပ်နှယ် ငေးမောတောင့်တင်းနေသည့် မြင်းညိုရှင်လူရွယ်၏အနီးတွင် ယှဉ်လျက်ရပ်လိုက်ပါသည်။ ထို့နောက် လူရွယ် စူးစူးနစ်နစ်ငေးမောကြည့်ရှုနေသည့် တောအုပ်ညို့ညို့ကို လက်ညှိုးညွှန်ပြလိုက်ရင်း

''အဲဒါပေါ့ . . . ဖုန်းမသိမ်ကုန်းဆိုတာ၊ ဒီအနီးနားကရွာတွေကတော့ အမင်္ဂလာကုန်းလို့လည်း ခေါ်ကြတယ် ကိုမင်းမောင်''

နောက်မှရောက်လာသည့် မြင်းစီးသမားက မင်းမောင်ဆိုသည့် စစ်စိမ်းရောင်ဂျာကင်ဖားဖားကြီးကို ဝတ်ဆင်ထားသော မြင်းညိုရှင်လူရွယ်အား တောင်ကုန်းမို့မို့နှင့် စိမ်းညို့ညို့တောအုပ်ငယ်တစ်ခုကိုညွှန်ပြကာ ရှင်းပြပြောဆိုနေပါ၏။ ထိုအခါမှပင် မင်းမောင်ဆိုသောလူရွယ်မှာ မြင်းစီးသမားညွှန်ပြနေသည့် စိမ်းစိမ်းညို့ညို့တောအုပ်ငယ်နှင့် ချုံနွယ်ပိတ်ဖုံးနေသည့် ဘိုတဲပျက်မှုန်ရေးရေးကို နှင်းထွေးစပြုနေပြီဖြစ်သည့် မိုးငွေ့မြူငွေ့များ





အောက်တွင် တိတ်ဆိတ်စွာပင် ငေးမောကြည့်နေပြန်ပါ၏။

သို့သော် မင်းမောင်ဆိုသူ၏မျက်ဝန်းထဲမှာတော့ သူ၏အမြွှာအစ်ကိုဒေါက်တာလင်းမောင် နောက်ဆုံး သူ့ဆီရေးခဲ့သောစာတစ်စောင်နှင့် အစ်ကိုဖြစ်သူ၏စကားသံများကိုသာ ကြားယောင်နေမိပါသည်။

''အင်း . . . သူတို့မောင်နှမက ဖုန်းမသိမ်ကုန်းမှာ နေကြတယ်လေ၊ သူ့နာမည်က နေကြာတဲ့ကွ၊ ငါကတော့ သူ့ကိုမြင်မြင်ချင်း သနားပြီး ချစ်စိတ်တွေ တရိပ်ရိပ်ဝင်လာခဲ့တယ် ညီရေ . . ဟင်း ဟင်း''

ဆရာဝန်လူရိုးကြီး အမြွှာအစ်ကိုဖြစ်သူ၏ ရင်တွင်းစကားများက မင်းမောင်၏နားထဲ သို့မဟုတ် နှလုံးသားတစ်ဝိုက်တွင်ပဲ့ထင်ထပ်မျှ စီးမျောလျက်။

''ဒါပေမဲ့ ညီရယ် . . . အဲဒီတောရိုင်းပန်းလေးဟာ ကုသိုလ်ကံမကောင်းရှာဘူး။ သူနဲ့ ရေခံမြေခံ လားလားမှမသင့်တဲ့နံ့အိုင်ကြီးထဲမှာ ပွင့်နေရရှာတယ်၊ သူရဲ့တစ်ဦးတည်းသောအစ်ကိုဟာ ဘီလူးသရဲစီးနေတဲ့ မုဆိုးရိုင်းတစ်ယောက်ပဲကွ၊ ကြမ်းတမ်းတယ်၊ ရိုင်းစိုင်းတယ်၊ ကြင်နာမှု, စာနာမှု, ငဲ့ညှာမှုဆိုတာ သူ့ရဲ့ကြမ်းရိုင်းတဲ့ဘဝထဲမှာ ရှာလို့တောင်မှ တွေ့ရမယ်မထင်ဘူး ညီရေ၊ ငါ့အထင်တော့ အဲဒီမုဆိုးကောင်ကြီးဟာအဏ္ဏဘီလူးကောင်ကြီးလို့တောင် ထင်မိတယ် . . .၊

ငါနဲ့ကတော့ ဆုံဖြစ်တိုင်း မျက်နှာကြောတင်းတင်းနဲ့ ဒေါ



www.burmeseclassic.com

www.burmeseclassic.com



သချင်းဆိုင်နေရတယ်ဟော့၊ ညီနဲ့သာဆိုရင်တော့ ခဏတိုင်း တကျိမ်းကျိမ်းနဲ့ ရန်ဖြစ်နေကြမှာ သေချာတယ်''

ဟုတ်သည် ...။ သူတို့ညီအစ်ကိုနှစ်ယောက်က ငါးမိနစ်သာကွာကြသော အထက်အောက်အမွှာညီအစ်ကိုနှစ်ယောက် ဖြစ်ကြသည်။ ရုပ်ရည်ချင်း တူညီကြသလောက် စိတ်နေသဘောထားနှင့် ဗီဇစရိုက်တို့က အရှေ့နှင့်အနောက်ကဲ့သို့ ဆန့်ကျင်ဘက်ကွာခြားကြသည်။ အမွှာအစ်ကိုကြီးဖြစ်သူ လင်းမောင်က အေးဆေးတည်ငြိမ်သလောက် ညီအမွှာဖြစ်သူ မင်းမောင်ကမူ ဆတ်ဆတ်ထိမခံ မတရားမှု၊ အနိုင်ကျင့်မှုတို့ကို မကြိုက်။ မျက်စိရှေ့မှောက်တွင် တွေ့ရမြင်ရလျှင် သူနှင့်ဆိုင်ဆိုင်,မဆိုင်ဆိုင် လက်ရဲဇက်ရဲဖြင့် ဝင်ရောက်ဖြေရှင်းလေ့ရှိသည်။

ကျောင်းနေစဉ်ဘဝကတည်းကပင် ဂျူဒို၊ ကရာတေး၊ လက်ဝှေ့ စသည့် ယောက်ျားတို့တပ်အပ်သော အဋ္ဌာရသပညာရပ်များကို စိတ်ဝင်တစားနှင့် ကျွမ်းကျင်စွာတတ်မြောက်ခဲ့သည်။ အထူးသဖြင့် အသတ်အပုတ်ဘက်တွင် ဝါသနာကြီးလှသူ ဖြစ်သည်။

အမွှာအစ်ကိုဖြစ်သူ လင်းမောင်က တစ်မျိုးတစ်ဘာသာ စာဖက်တွင်သာ စိတ်ကိုနှစ်ထားသည့် စာသမား,ပေသမား ဖြစ်သည်။ အနေအထိုင်အေးဆေးတည်ငြိမ်သလောက် စိတ်နေသဘောထားကပါ ဖြောင့်မတ်ပျော့ပျောင်းသည်။ ပဋိပက္ခနှင့်ပြဿနာဖြစ်ရမည့်ကိစ္စဆိုလျှင် သဘောထား၍ ရှောင်ရှားနေထိုင်ခဲ့





သည်။ အထူးသဖြင့် မိန်းကလေးများနှင့် ဝေးဝေးနေတတ်သူ အမွှာညီအရင်းဖြစ်သူ မင်းမောင်နှင့်မူ ငါးမိနစ်သာခြားသည့် ညီအစ်ကိုအရင်းခေါက်ခေါက်ဖြစ်သည့်တိုင် စိတ်နေသဘာဝ၊ ဗီဇစရိုက်ချင်းက အရှေ့နှင့်အနောက်၊ အပူနှင့်အအေး ...ဆန့်ကျင်ဘက်များနှင့်သာပါတည်း။

ယခုတော့ အေးဆေးတည်ငြိမ်ရိုးသားသော လူတော်လူကောင်းဆရာဝန်ကောင်းတစ်ယောက်သည် သူ တာဝန်ကျသောနယ်မြေထဲတွင် သေသည်၊ ရှင်သည်မသိရပါဘဲ ထူးခြားစွာပျောက်ဆုံးသွားခဲ့ခြင်းသည် မည်သို့မျှအဖြေရှာမရနိုင်သည့် ပဟေဠိပုစ္ဆာတစ်ပုဒ်ကဲ့သို့ ပြီးဆုံးသွားရတော့လေမည်လား။

''တောက်''

နာကြည်းခံပြင်းလှသည့် တက်ခေါက်သံတစ်ချက်က မင်းမောင်၏ရင်ခေါင်းထဲမှတစ်ဆင့် ခုန်ပျံလွင့်စဉ်၍ ထွက်ကျလာသည်။ အမွှာအစ်ကိုဖြစ်သူအတွက် ခံပြင်းဒေါသများက မင်းမောင်၏ရင်ပြင်ကျယ်ကြီးကို ဖားဖိုကြီးတစ်ခုကဲ့သို့ နိမ့်ချည်,မြင့်ချည်ဖြစ်စေသည်သို့။ ရောက်ခါစကတည်းက ဖုန်းမသိမ်ကုန်းရှိရာသို့ ကျားရဲတစ်ကောင်နှယ် စူးစူးရဲရဲကြည့်နေသည့် မင်းမောင်၏မျက်ဝန်းထောင့်တွင်မူ မျက်ရည်စတချို့ ရစ်ဝိုင်းနေလေသည်လား။

သူ ဆယ်နှစ်သားအရွယ်ခန့်လောက်မှစ၍ အစ်ကိုဖြစ်သူ လင်းမောင်၏လက်ထဲတွင် ကြီးပြင်းခဲ့ရသည်။ သူတို့၏မိဘနှစ်ပါးစလုံးသည် သူတို့ညီအစ်ကိုဆယ်နှစ်သားအရွယ်ခန့်လောက်ကပင်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးသွားခဲ့ကြသည် မဟုတ်ပါလား။ သူ၏ငါးမိနစ်ခြားသာကြီးသော အစ်ကိုဖြစ်သူ ဒေါက်တာလင်းမောင်သည်သာ သူ၏အစ်ကိုလည်းဟုတ်၊ မိဘဆိုလျှင်လည်း ဟုတ်ပါ၏။ ယခု သူ၏အစ်ကိုဖြစ်သူသည် လွန်စွာချောင်ကျလှသည့် ဖုန်းမသိမ်ကုန်းဟူသော သွေးပျက်ချောက်ချားဖွယ်နယ်မြေကြီးထဲတွင် ပဟေဠိပုစ္ဆာပေါင်းများစွာနှင့် သေသည်ရှင်သည်မသိ ပျောက်ဆုံးလျက် ရှိနေပါချေပြီကော။

မင်းမောင်မှာ ကမူစွန်းတွင် မြင်းကိုတန့်၍ ဖုန်းမသိမ်ကုန်းရှိရာသို့ စူးစူးနစ်နစ်ဖြင့် မတုန်မလှုပ်ကြည့်နေသည်မှာ အတန်ကြာမြင့်ခဲ့ပါပြီ။ မြင်းညိုကြီးမှာလည်း ဇက်အိကျနေသည့်တိုင် သခင့်အလိုကျ ခြေတစ်ဖက်မျှမဆတ်ဘဲ နားရွက်နှစ်ဖက်မှ တစ်ချက်ချင်းသာ ခတ်နေပါ၏။ မြင်းနှင့်လူမှာ ရုတ်တရက်ကြည့်လျှင် တစ်ကြောတည်းထုဆစ်ထားသည့် ကျောက်တုရုပ်လုံးကဲ့သို့ တစ်သားတည်းငြိမ်နေသည်မှာ ကြာမြင့်လှချေပြီထင့်။ ထိုအခိုက်မှာပင်

မင်းမောင်မှာ ရုတ်တရက် မြင်းညိုကြီးပေါ်မှ လွှားခနဲဆင်းကာ ဖုန်းမသိမ်ကုန်းအား ပို၍အနီးကပ်မြင်တွေ့နိုင်လောက်သည့်အထိ တိုးဝင်လျှောက်လှမ်းသွားပါ၏။ ထိုအခါမှ . . . သူနှင့်ယှဉ်တွဲကာ ရပ်နေသည့် မြင်းစီးလူရွယ်ကလည်း မြင်းပေါ်မှဆင်းကာ မင်းမောင်နောက်မှ လေးလေးမှန်မှန် လိုက်ပါလာခဲ့သည်။

ထိုလူရွယ်မှာ ဒေါက်တာလင်းမောင် ယခုကဲ့သို့ မပျောက်ဆုံးခင်အထိ အတူတကွနေထိုင်လာသည့် ဒေါက်တာလင်းမောင်





၏မေတ္တာဆေးခန်းတွင် ကူညီလုပ်ကိုင်ပေးနေသည့် ရွာခံတပည့်ရင်း ကိုတိုးမောင်ဆိုသူပင် ဖြစ်ပါ၏။

ကိုတိုးမောင်ခမျာမှာလည်း အမြွှာအစ်ကိုကြီးပျောက်ဆုံးနေသဖြင့် ရင်နှင့်စွာခံစားနေရရှာမည့် ညီဖြစ်သူ ကိုမင်းမောင်အတွက် နားလည်စာနာမိပါသည်။ သူကိုယ်တိုင်မှာလည်း ထူးခြားစွာ ပျောက်ဆုံးသွားခဲ့ရသည့် သူ၏ဆရာ ဒေါက်တာလင်းမောင်အတွက် မချင့်မရဲဖြစ်နေရသည် မဟုတ်ပါလား။

"ကျုပ် . . . ဒီလောက်အတန်တန်တားနေတဲ့ကြားကနေ ဖြစ်သွားရတာကိုက ကျုပ်ရင်ထဲမှာ မီးစနဲ့ထိုးသလို ခံပြင်းနေမိတယ် ကိုမင်းမောင်၊ အဖြစ်အပျက် အခြေအနေတွေအားလုံးကို ကျုပ်သိနေရပေမယ့် ဘာကိုမှလက်ဆုပ်လက်ကိုင်မပြနိုင်တဲ့အတွက် ကျုပ်ကို ခွင့်လွှတ်ပါဗျာ"

"ဟာ . . . ဒီကိစ္စမှာ ကိုတိုးမောင် အပြစ်မရှိပါဘူးဗျာ၊ နောက်ပြီး ကိုတိုးမောင်တို့၊ ဟို . . . ကပ္ပိယကြီးဦးသူတော်တို့၊ အဘဟန်တို့ အားလုံးဝိုင်းပြီးတားမြစ်ကြတာ တစ်ရွာလုံးသိနေကြတာကိုး . . . ဟင်း ဟင်း . . . ဒါပေမဲ့ တကယ့်တကယ် အပြစ်ရှိတဲ့သူကို ဘာမှလုပ်လို့မရတာကိုပဲ ကျွန်တော် ခံပြင်းနေမိတာပါ ကိုတိုးမောင်"

မင်းမောင်မှာ သူ၏လက်သီးဆုပ်ကြီးကို ဆုပ်လိုက်၊ ဖြန့်ချလိုက်နှင့် ရင်တွင်းဝယ်လှိုက်ဖိုဆူပွက်နေသည့် ဒေါသမီးတောက်ကို အနိုင်နိုင်ငြိမ်းသတ် ဖြေဖျောက်နေရလေသည်ထင့်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည် ... အတူနေသူ ကိုတိုးမောင်၏ပြောပြချက်များအရဆိုလျှင်တော့ သူ၏အစ်ကိုကြီး မပျောက်ဆုံးခင်အချိန်ထိ ဖုန်းမသိမ်ကုန်းမှ နေကြာဆိုသည့် မိန်းမချောလေးနှင့် မမျှော်လင့်ဘဲ ပတ်သက်ဆက်နွယ်မိခဲ့သည်။ ထိုသည်ကိုအကြောင်းပြု၍ နေကြာ၏အစ်ကိုကြီးဖြစ်သူ ဒေါင်းမိုက်ဆိုသည့် ကြမ်းကြမ်းရမ်းရမ်းမှဆိုးတစ်ယောက်နှင့် ရင်ဆိုင်တိုးမိကာ သေနတ်နှင့်ပစ်ခတ်သည်အထိ ပြဿနာတက်ခဲ့ဘူးကြောင်း။ ထို့အပြင် ဒေါက်တာလင်းမောင်ကိုယ်တိုင်ကလည်း ဖုန်းမသိမ်ကုန်းဘက်သို့ မကြာခဏသွားရောက်လေ့ရှိကြောင်း၊ မင်းမောင်အား ခရေစေ့တွင်းကျ ပြောပြခဲ့သည် မဟုတ်ပါလား။

မင်းမောင်တစ်ယောက် ဖုန်းမသိမ်ကုန်းဘက်သို့ အတန်ကြာငေးမောကြည့်နေရာမှ အကြည့်လွှဲကာ အနီးရှိ အရိပ်အာဝါသကောင်းလှသော သစ်ပင်ရိပ်အောက်သို့သွားရောက်ပြီး မြက်ခင်းစိမ်းစိမ်းထက်တွင် ထိုင်ချလိုက်သည်။ ပြီးလျှင် သူ၏စစ်စိမ်းရောင်ဂျာကင်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးနှင့် ရွှန်ဆွန်မီးခြစ်လှလှလေးကို ထုတ်ယူလိုက်ပါ၏။ ထို့နောက် စီးကရက်ဘူးအတွင်းမှ အစီခံတွင် အပြာရစ်လေးတစ်ရစ်ပတ်ထားသည့် ပုပ္ပါးစီးကရက်တစ်လိပ်ကို ရွေးချယ်၍ထုတ်ယူလိုက်ပြီး ဘူးပေါ်တွင် တဒေါက်ဒေါက်နှင့်ခေါက်နေပြန်ပါ၏။

တိုးမောင်မှာမူ အသားအရေညိုသည်နှင့် ဖြူဝင်းသည်သာ ကွာခြားခြင်း၊ ကိုယ်ခန္ဓာကာယဗလမှာလည်း မင်းမောင်က





ဒေါက်တာလင်းမောင်ထက် အတန်ငယ်ထွားကျိုင်းကျစ်လျစ်သန်မာသည်မှလွဲ၍ စီးကရက်ထုတ်ယူပုံ၊ တဒေါက်ဒေါက်နှင့်တီးခေါက်နေပုံမှအစ, အစစအရာရာ တူညီလွန်းလှသည့် ညီအစ်ကိုနှစ်ယောက်အကြောင်းကိုသာ အံ့ဩစွာ တွေးနေမိပါသည်။

ထိုစဉ်မှာပင် ...

မင်းမောင်က သူ၏စေ့စပ်ပိရိသော နှုတ်ခမ်းဖျားတွင် ပုပ္ပါးစီးကရက်လေးကိုတေ့လိုက်ပြီးလျှင် ရွှန်ဆွန်မီးခြစ်ကိုထောက်ခနဲ အဖုံးပြန်ပိတ်လိုက်ပြီး မီးခိုးငွေ့များကို ညနေခင်းလေပြည်စီးကြောင်းထဲသို့ မှုတ်ထုတ်လိုက်သည်။ ပြီးမှ တိုးအောင်ရှိရာသို့ မျက်နှာလှည့်ကာ ...

“ကျွန်တော့်အစ်ကိုရဲ့ ဖုန်းမသိမ်ကုန်းနဲ့ ပတ်သက်ဆက်နွယ်မှုတွေ၊ ဟို ... မှဆိုးကောင်က သေနတ်နဲ့ပစ်ခတ်ခဲ့တာတွေ ... အဲဒါတွေအားလုံးကိုတာဝန်ရှိတဲ့ သက်ဆိုင်ရာနယ်မြေခံရဲတွေကို သေသေချာချာပြောမပြဘူးလား ကိုတိုးမောင်”

“ဟာ ... ဘယ်နေလိမ့်မလဲ ကိုမင်းမောင်ရယ်၊ သေသေချာချာကို ကျုပ်ကိုယ်တိုင် ပြောပြခဲ့တာပေါ့ဗျာ၊ ကျုပ်ကိုတောင် ဒီကိစ္စနဲ့ပတ်သက်လို့ ဝင်ရှုပ်ရမလားဆိုပြီး ဟိုမှဆိုးကောင် ဒေါင်းမိုက်ကတောင် သိပ်ပြီးကျေနပ်တာမဟုတ်ဘူး ကိုမင်းမောင်၊ ကျုပ်ကလည်း သူတို့ကို လက်ဆုပ်လက်ကိုင်မပြနိုင်လို့သာပေါ့ဗျာ၊ သက်ဆိုင်ရာ ရဲအရာရှိတွေကလည်း သက်သေမခိုင်လုံဘဲ ရမ်းသမ်းစွပ်စွဲချက်တွေ၊ ထင်မြင်ချက်၊ သံသယတွေနဲ့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဖမ်းဆီးလို့မရဘူးတဲ့ ... လေဗျာ''

ကိုတိုးမောင်ကိုယ်တိုင်ကလည်း သူ၏ဆရာ ဒေါက်တာလင်းမောင်ပျောက်ဆုံးမှုတွင် မှဆိုးကောင်ဒေါင်းမိုက်သာလျှင် အဓိက,တရားခံဖြစ်သည်ဟု သက်ဆိုင်ရာရဲအရာရှိများရှေ့တွင် ပြောင်ပြောင်တင်းတင်းပင် စွပ်စွဲပြောဆိုခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့် မှဆိုးလေးဒေါင်းမိုက်ကလည်း တိုးမောင်၏တစ်ဖက်သတ် စွပ်စွဲချက်ကို မကျေမနပ်ဖြစ်ခဲ့ခြင်းပင်။

''နောက်ပြီး ... ဖုန်းမသိမ်ကုန်းဘက်ကိုသွားပြီး စစ်ဆေးကြည့်တော့လည်း ဒေါက်တာလင်းမောင် သူတို့ဆီကို ရောက်မလာခဲ့ပါဘူးလို့ မောင်နှမနှစ်ယောက်စလုံးက ခိုင်ခိုင်မာမာ ငြင်းဆိုကြတယ် ကိုမင်းမောင်၊ ဒီဘက်ကလည်း ဒေါက်တာလင်းမောင်လို ဆရာဝန်တစ်ယောက် အခုလို ထူးထူးခြားခြား ပျောက်ဆုံးသွားရတာကို ဂရုတစိုက်အလေးထားပြီး စုံစမ်းစစ်ဆေးကြပါတယ်၊ အဲ ... နောက်ထပ် နွားကျောင်းသားလေးတွေဆီက ရလာတဲ့သတင်းကြောင့် ဒေါက်တာလင်းမောင်ဟာ ဖုန်းမသိမ်ကုန်းဘက်ကို ခါတိုင်းလို ဆိုင်ကယ်နဲ့မသွားတော့ဘဲ နွားကျောင်းသားလေးတွေသွားကြလေ့ရှိတဲ့ တောလမ်းခရီးကနေ ခြေကျင်သွားတယ်ဆိုတာကို ထပ်ပြီးသိလာခဲ့ရတယ် ကိုမင်းမောင် ...၊

ဒါပေမဲ့ ... ကျုပ်ဆရာရဲ့သတင်းကတော့ ဖုန်းမသိမ်ကုန်းနဲ့ ဟိုမှဆိုးကောင် မောင်နှမနှစ်ယောက်တို့ရဲ့ကြားခုလတ်မှာ သဲလွန်စလေးတောင် အစအနရှာမရဘဲ ခုချိန်ထိ ခြေရာလည်း





ပျောက် ရေလည်းနောက် ဖြစ်ခဲ့ရတာပဲပေါ့ဗျာ ... ဟင်း''

ကိုတိုးမောင်၏အသံလှိုင်းက ကြေကွဲဆို့နင့်စွာ လှုပ်ခတ်နေသယောင် နာကြည်းခံပြင်းမှုအငွေ့အသက်များဖြင့် သက်ပြင်းမောကြီးတစ်ခုကိုချလိုက်ရင်း စကားကို အဆုံးသတ်လိုက်လေ၏။

နှစ်ဦးသားအကြားတွင် စကားသံတို့ခေတ္တမျှဆိတ်သုန်းသွားကြသည်။ ခပ်လှမ်းလှမ်း မြင်ခင်းစိမ်းစားကျက်တွင် ဇက်ပုံချထားသည့် မြင်းနှစ်ကောင်၏တဗျစ်ဗျစ်နှင့် မြက်ပင်ငယ်လေးများကို ကိုက်ဖြတ်ဆွဲနှုတ်စားသောက်သံကိုကြားနေရသည်။ နေရောင်ဖျော့စပြုပြီဖြစ်သဖြင့် ကျေးငှက်တို့ကလည်း သူတို့အသိုက်အုံအနီးနားတွင် ကျည်ကျည်ကျာကျာနှင့် ခပ်လှမ်းလှမ်းရှိ ကုက္ကိုဝါပင်ကြီးပေါ်ရှိ ဗျိုင်းသိုက်မှ ဗျိုင်းများပင် တောင်ပံခတ်သံတဖျန်းဖျန်းနှင့် အိပ်တန်းလှုနေကြပေပြီ။

မင်းမောင်မှာ သောက်လက်စစီးကရက်ကို လက်ညှိုးနှင့်လက်မ ညှပ်၍ကိုင်လိုက်ပြီးနောက် လက်ခလယ်ဖြင့် အသာအယာတောက်လိုက်သဖြင့် စီးကရက်ပြာတချို့ ကြွေသက်ကျသွားပါ၏။ ပြီးမှ ... သက်ပြင်းတစ်ချက်နှင့်အတူ စီးကရက်မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ရင်း ...

''အင်း ... အစ်ကိုကြီးပျောက်ဆုံးနေတာဟာ သဗ္ဗာချုံကြည့်လိုက်ရင် ဖုန်းမသိမ်ကုန်းနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်မှု ရှိကိုရှိနေရမယ် ကိုတိုးမောင်၊ ကိစ္စမရှိပါဘူးလေ ... ကျွန်တော်လည်း ဒီမှာနေဦးမှာပါ၊ အစ်ကိုကြီးရဲ့အမှုကိစ္စ

ခုနစ်စဉ်ကြယ်တာပေ

www.burmeseclassic.com

www.burmeseclassic.com




မပေါ်မချင်း ရေဆုံးရေဖျားအထိ ကျွန်တော်လိုက်မယ်၊ တာဝန်ကျရဲ့အရာရှိနဲ့လည်း ကျွန်တော်သွားတွေ့မယ်၊ ပြီးရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ အစ်ကိုကြီးရဲ့ ပျောက်ဆုံးနေတဲ့ခြေရာအစကို မရရအောင် ပြန်ကောက်မယ် ကိုတုံးမောင်ရေ ဟင်း ဟင်း ဟင်း''

ထို့နောက် သောက်လက်စ ပုပ္ပါးစီးကရက်တိုလေးကို လက်ညှိုးဖြင့်တောက်၍ အဝေးသို့လွှင့်လိုက်သည်။ စီးကရက်တိုလေးမှကြွင်းကျန်သော မီးစလေးများက လေထဲတွင် ရဲခနဲ ရဲခနဲ ဖွာရာကြဲကျသွားကြသည်။ ထို့အတူ မင်းမောင်၏ရင်ထဲမှ အစ်ကိုဖြစ်သူနှင့်ပတ်သက်၍ လောင်မြိုက်လျက်ရှိသော အပူမီးတောက်လေးများကလည်း။

ထိုနေ့က ဖုန်းမသိမ်ကုန်းနှင့်ဘိုတဲပျက်ကြီးတစ်ဝိုက်တွင် အသေးစိတ်လေ့လာလိုသေးသော်လည်း နေဝင်ဖျိုးဖျအမှောင်ရိပ်တို့ယှက်သိုင်း၍ နှင်းမြူများဆိုင်းလာကြပြီမို့ မင်းမောင်တို့နှစ်ယောက်သား လက်လျှော့၍ပြန်လာခဲ့ကြသည်။ သို့သော် မင်းမောင်၏ရင်ထဲမှာတော့ ထူးဆန်းအံ့ဩဖွယ်၊ သွေးပျက်ထိတ်လန့်ဖွယ် လျှို့ဝှက်ချက်များနှင့်ပြွမ်းတီးနေသည့် ဖုန်းမသိမ်ကုန်းကြီးနှင့် သူ၏အစ်ကိုကြီး ဒေါက်တာလင်းမောင်တို့ ပျောက်ဆုံးမှုသည် တစ်နည်းနည်းဖြင့် ပတ်သက်ဆက်စပ်မှုရှိနေရမည်ဟုသာ ... မင်းမောင် တစ်ထစ်ချမှတ်ယူလိုက်ပါတော့သည်။





# အခန်း (၁၆)

## ဖုန်းမသိမ်ကုန်းမှ ဥစ္စာစောင့်မလေး

ဝင်လုဆဲနေလုံးနီနီရဲရဲသည် အနောက်ဘက်တောင်နံ တောင်အထက်တွင် မေးတင်ခိုနားစပြုနေပါပြီ။

ဖုန်းမသိမ်ကုန်းထက်ရှိ ညှို့မှိုင်းအုံ့ဆိုင်းလျက်ရှိသော တောတန်းကြီးရှိ ကညင်ပင်ကြီးများကြားမှ နီမြန်းသော မျက်နှာဝိုင်းကြီးနှင့် ဝင်လုဆဲနေလုံးကြီးက နှုတ်ခွန်းဆက်နေသကဲ့သို့ ကညင်ပင်ကြီးများကြားတွင် ပေါက်ရောက်နေကြသည့် ကြက်ဆူ နီ၊ ပိစပ်ချုံနွယ်ပင်၊ ဆူးပေါက်ပင်များမှာ စိမ်းပုပ်ပုပ်အဆင်းဖြင့် လေပြည်သိမ်းရာသို့ ယိမ်းနွဲ့ဝဲခါနေကြပါ၏။

ကညင်ပင်ကြီးများပေါ်မှာတော့ အိပ်တန်းလှုနေကြသည့် ကျီးကန်းများနှင့် ဆက်ရက်ငှက်များ၏အသံများက တကျည် ကျည်နှင့် ဆူညံလျက်ရှိကြသည်။ ကင်ပွန်းချုံနှင့်ဆူးပေါက်ပင်များ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာတော့ စာညို၊ စာတီး၊ စာဘုန်းကြီးများကလည်း တစီစီ တစာစာနှင့် ညနေခင်းလေပြည်ညင်းတိုက်ခတ်လာမှုကြောင့် အိပ်တန်းပြန် ငှက်တစ်အုပ်ကိုငေးမောကြည့်နေသည့် မင်းမောင်မှာ ချမ်းစိမ့်စိမ့်ဖြစ်သွားခဲ့သေည်မို့ ညို့မှိုင်းမှိုင်းဂျာကင်အင်္ကျီ၏ ဇစ်ကိုလည်ပင်းအောက်သို့တိုင် ဆွဲ၍တင်းတင်းစေ့လိုက်သည်။

ထို့နောက် သစ်မြစ်ဆုံထက်တွင် ထိုင်နေရာမှ အညောင်းဆန့်ရင်း ထရပ်လိုက်ပါ၏။

''အင်း . . . ဒီနေ့လည်း ခါတိုင်းနေ့တွေလို ထူးမခြားနားပါပဲလား . . . ဟူး''

မင်းမောင်၏နှုတ်ဖျားမှ ညည်းတွားသံသဲ့သဲ့နှင့်အတူ သက်ပြင်းချသံက ရှူးခနဲထွက်ပေါ်လာသည်။

ဟုတ်သည် . . .။

မင်းမောင်တစ်ယောက် နေ့စဉ်လိုလို ဖုန်းမသိမ်ကုန်းထက်ရှိ ဘိုတဲပျက်ကြီးအနီးတွင်နေရာယူကာ မှဆိုးဒေါင်းမိုက်တို့ မောင်နှမကို မှန်ပြောင်းတစ်လက်နှင့်စောင့်ကြည့်နေသည်မှာ ငါးရက်တင်းတင်း ရှိခဲ့ပါပြီ။ သို့တိုင်အောင် . . . ယခုအချိန်အထိတိုင်မည်သည့်ထူးခြားချက်မှ မတွေ့ရှိခဲ့သေးသဖြင့် မင်းမောင်တစ်ယောက် စိတ်ပျက်ညည်းညူလိုက်ခြင်း ဖြစ်ပါသည်။

ထုံးစံအတိုင်းပင် ဒေါင်းမိုက်က တစ်ရက်ခြားဆိုသလို နံနက်စောစော မြင်းတစ်စီး၊ ခွေးတစ်ကောင်၊ သေနတ်တစ်လက်ဖြင့် ဖုန်းမသိမ်ကုန်းနှင့်ဆက်နွယ်လျက်ရှိသော တောင်နီတောင်





ခြေသို့ အမဲပစ်ထွက်လေ့ရှိပါ၏။ ညနေစောင်းမှ သူ၏ယာခင်းများရှိရာ ဖုန်းမသိမ်ကုန်းသို့ပြန်လာလေ့ရှိသည်။ ယနေ့တွင်မူ ညနေနေညိုချိန်ထိတိုင် ဒေါင်းမိုက် ပြန်ရောက်မလာခဲ့သေးပါ။

သူ၏ညီမဖြစ်သူ နေကြာဆိုသည့် နုတ်သမီးလေးကိုမူ အရိပ်အယောင်၊ အငွေ့အသက်မျှပင် မမြင်တွေ့ရသေးသဖြင့် မင်းမောင်ရင်ထဲတွင် အလိုမကျဖြစ်နေပါ၏။ တစ်ခုတော့ရှိသည် မင်းမောင် အမြဲတစေအကဲခတ်နေသည်က ဒေါင်းမိုက်တို့မောင်နှမနေထိုင်ရာ သစ်လုံးအိမ်၏အဝင်ဝအရှေ့ဘက်ခြမ်းတစ်ဝိုက်နှင့် ဖုန်းမသိမ်ကုန်းသို့ဝင်ထွက်သွားလာသည့် မြေနီလမ်းကြော တစ်လျှောက်တွင်သာဖြစ်သည်။ သစ်လုံးအိမ်လေး၏အနောက်ဘက်ခြံခင်း၊ ယာခင်းများကိုမူ ဘိုတဲပျက်မှ မမြင်မတွေ့နိုင်။ ထိုမှာဘက်ရှိ ယာခင်း၊ ခြံခင်းများဘက်တွင် နေကြာဆိုသော ကောင်မလေး အလုပ်လုပ်နေခဲ့လျှင် သူ့မမြင်တွေ့နိုင်ပါလေတော့။

ခါတိုင်းကဲ့သို့ သာမန်အချိန်မျိုးသာဆိုလျှင် မင်းမောင်တစ်ယောက် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ဒေါင်းမိုက်တို့မောင်နှမကို ထိပ်တိုက်ရင်ဆိုင်ပစ်လိုက်မည်သာဖြစ်ပါ၏။ ယခုမူ အမြွှာအစ်ကိုဖြစ်သူ ဒေါက်တာလင်းမောင်နှင့် ပတ်သက်ဆက်နွယ်နေသည့်ကိစ္စဖြစ်ခြင်းကြောင့် အတတ်နိုင်ဆုံး သိုသိုသိပ်သိပ်နှင့်သာ စုံစမ်းနေခြင်းဖြစ်ပါသည်။

''အင်း . . . အစ်ကိုကြီးရဲ့အမှုကိစ္စအတွက်ကြောင့်သာ အခုလို သူတို့လုပ်ရှားမှုကို မသိမသာစုံစမ်းနေရတာ၊ ငါ့ရဲ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ရင်းအတိုင်းသာဆိုရင်တော့ ဒီဖုန်းမသိမ်ကုန်းက မောင်နှမနှစ်ယောက်ကို ထိပ်တိုက်ရင်ဆိုင်ပစ်လိုက်တာ ကြာပြီ၊ အခုတော့ တော်တော်ကြီးကို စိတ်ရှည်ရှည်ထားနေရတယ် . . . ဟူး''

မင်းမောင်မှာ လေပူကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း ပြန်ရန်ဟန်ပြင်လိုက်သည်။ အနီးရှိ သစ်ကိုင်းတွင်ချိတ်ဆွဲထားသည့် စစ်သုံးမှန်ပြောင်း၊ အမဲလိုက်၊ ဓားမြှောင်အိမ်ပါသည့် စစ်ခါးပတ်နှင့် ရေဘူးတို့ကို သူ၏ခါးတွင်ပြန်ချိတ်လိုက်သည်၊ အားလုံးပြီးစီးသည်နှင့် ပိစပ်ချုံကြီးကွယ်နေသည့် မြက်ခင်းစပ်တွင် ချည်ထားသည့် မြင်းညိုကြီးထံသွားရောက်ရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် . . .

'အီး . . ဟီး . . ဟီး . . အင်း . . ဟင်း . . အင်း''

ရုတ်တရက် ညည်းညူသံကြီးက သူကျောခိုင်းထားသည့် ဘိုတဲပျက်ကြီးဆီမှလိုလို၊ ကုန်းကမူစွန်းတစ်ဖက်ရှိ တောစပ်လျှိုကြီးထဲမှလိုလို ကြားလိုက်ရသဖြင့် မင်းမောင် ဒိတ်ခနဲ ရင်ခုန်သွားသည်။

''ဟော . . . ဘာသံကြီးလဲ . . . ဘယ်နေရာက ထွက်လာတာလဲ''

အရင်ဦးဆုံး ချုံနွယ်တချို့ ဖုံးလွှမ်းနေသည့် ဘိုတဲပျက်ကြီးဘက်သို့ လှမ်း၍ကြည့်လိုက်သည်။ ဆည်းဆာနေညိုချိန်အောက်တွင် မကောင်းဆိုးဝါးတစ္ဆေတစ်ကောင်နှယ် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ငုတ်တုတ်မည်းမည်းကြီးတည်ရှိနေသည့် ထိုထိုးထိုးထောင်





ထောင်အပျက်အစီးများနှင့် အင်္ဂလိပ်လက်ကျန် ဘိုတဲပျက်ကြီးက ထိတ်လန့်ချောက်ချားဖွယ်အသွင်ကို ဆောင်နေသည့်သို့။

မင်းမောင် သေသေချာချာနားထောင်ကြည့်လိုက်တော့ မည်သည့်အသံမျှမကြားရပါလေတော့။ စိတ်ထဲတွင် သက်ာရန့်မကင်းလာသဖြင့် ဘိုတဲပျက်ကြီးရှိရာသို့ ခြေလှမ်းပြင်လိုက်စဉ်

''အင်း . . . ဟင်း . . . သေ . . . လာမြို့င်နန်း . . . ဖော်ကျွမ်း . . . မစုံလင် . . . မယ့် . . . တစ်ကိုယ်တည်း . . . သီကျူး . . . သံစဉ် . . . ဟင်း . . . ဟင်း''

ဘိုတဲကြီး၏တောင်ဘက်ကမူစွန်းအောက်တောစပ် လျှိုဘက်ဆီမှ သီချင်းဆိုသံသဲ့သဲ့ကို ကြားလိုက်ရသည်မို့ မင်းမောင် စဉ်းစားရကြပ်သွားပါ၏။

''ဟော . . . သီ . . . သီချင်းဆိုသံ . . . ဟုတ်တယ် . . . ဒါ . . . ဒါ မိန်းကလေးတစ်ယောက်ရဲ့ သီချင်းသံပဲ . . . ဟော ဟိုဘက်က လျှိုစပ်ဆီက ဖြစ်မယ်''

ဘိုတဲကြီးဘက်သို့လှမ်းတော့မည့်ခြေလှမ်းကိုရုတ်ကာ သီချင်းသံသဲ့သဲ့ထွက်ပေါ်လာသည့် ဖုန်းမသိမ်ကုန်းတောစပ်လျှိုကြီးသို့ ခြေသံလုံလုံနှင့် လျှောက်လာခဲ့သည်။ လျှိုကြီးထဲတွင် ငြိမ့်ငြိမ့်ညင်ညင်စီးဆင်းနေသည့် စမ်းချောင်းငယ်တစ်ခုကို ယခုမှပင် မင်းမောင်တွေ့လိုက်ရသည်။ အချိန်ရှိသ၍ ဖုန်းမသိမ်ကုန်းရှိ မှဆိုးကောင်၏ သစ်လုံးအိမ်ကိုသာ အာရုံစိုက်နေခဲ့သဖြင့် သည်လျှိုကြီးကို မေ့လျော့နေခဲ့မိသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ခါးတစ်ကောင်သည် သရက်ရိပ်နိကာ ပျင်းရိလေးတွဲစွာဖြင့် တကီးကီးအော်မြည်လျက်ရှိသည် စောစောသီချင်းသံက ထူးဆန်းစွာ ပျောက်ကွယ်သွားပြန်ပါ၏။ သီချင်းသံအစား တကျွိကျွိနှင့် တစ်စုံတစ်ခုလွှဲယမ်းနေသည့် အသံလေးကို မကြားတစ်ချက် ကြားတစ်ချက်နှင့် ကြားလာရပြန်သည်။

“ရော် ‥ ဘယ်လိုဖြစ်တာလဲ … ညည်းညူသံကြီးတွေကြားလိုက်, တော်ကြာ သီချင်းသံကြားလိုက်, ဘာသံညာသံတွေကြားလိုက်နဲ့၊ ကေန္တ ဖုန်းမသိမ်ကုန်းကြီးက ငါ့ကို ခြောက်လှန့်နေပြီထင်တယ်၊ အင်း … ခက်တာက စောစောက သီချင်းဆိုသံလေးကို ငါကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားလိုက်ရတာပါ”

မင်းမောင်တစ်ယောက်တည်း မကျေမနပ်ဖြင့် ရွှတ်ဆိုရင်း သစ်ပင်အုပ်အုပ်များကြားတွင် မျက်စိလျှင်လျှင်နှင့် စူးစူးစိုက်စိုက်ရှာဖွေကြည့်နေသည်။ မကြာခင် မင်းမောင်၏မျက်လုံးအစုံမှာ အောက်ခြေရှင်းသော ပျဉ်းမပင်ကြီးနှစ်ပင် ယှဉ်တွဲပေါက်နေရာသို့ အကြည့်ရောက်သွားသည်နှင့်။

“ဟင် … ဟို … ဟိုမှာ”

‘ကျွိ ‥ ကျွိ ‥ ကျွိ’

ဟုတ်သည် … ကိုင်းကိုင်းကြီးညွှတ်ကျနေသည့် ပျဉ်းမပင်ကိုင်းတွင် နွယ်ဒန်းစီးနေသည့် မိန်းမပျိုလေးတစ်ယောက်ကို နောက်ဘက်မှတွေ့မြင်လိုက်ရသဖြင့် မင်းမောင် ထိတ်ခနဲပင်ရင်ခုန်သွားပါ၏။ နက်မှောင်ရှည်လျားသည့် ဆံပင်ရှည်ကြီးက





နွယ်ဒန်းလွှဲလိုက်တိုင်း ရှည်လျားစွာလွင့်ပျံ့နေသည်မှာ ကြည့်၍ပင်ကောင်းသေးသည်။ မျက်နှာကိုမမြင်ရသည့်တိုင် လုံးကျစ်ဖွံ့ထွားသော မိန်းမပျိုလေး၏ ခန္ဓာကိုယ်နောက်ပိုင်းအလှက မင်းမောင်၏ရင်ကို တဒိန်းဒိန်းနှင့်လှုပ်ခါစေသည်ကလား။

“ဟင် … ဒါ … ဒါ … နေရွှေရာရွာသားတွေ ပြောပြောနေတဲ့ ဘိုတဲပျက်ကြီးက ဥစ္စာစောင့်မလေးလား၊ နေ … နေဝင်ဆည်းဆာချိန်ကြီးမှာ တစ်ယောက်တည်း ဒန်းစီးနေရတယ်လို့”

အချိန်ကာလက နေဝင်ဆည်းဆာချိန်။ သူရောက်ရှိနေသည့် လျှိုကြီးထဲမှာပင် သစ်ရိပ်ဝါးရိပ်များ ထူထပ်လှသဖြင့် အလင်းရောင်ကို ပီပြင်လုံလောက်စွာမရချင်တော့။ သည်သို့သော အချိန်မျိုးတွင် သီချင်းလေးဆိုညည်းရင်း အေးဆေးစွာ ဒန်းစီးနေသည့် မိန်းမပျိုလေးမှာ လူသားစစ်စစ်မှ ဟုတ်ပါလေစ။

ထိုစဉ် မင်းမောင်၏ စူးရှလှသောမျက်လုံးများက ရုတ်တရက် မထင်မှတ်သည့် အန္တရာယ်တစ်ခုကို တွေ့မြင်လိုက်ရသည်။

“ဟာ”

ဟုတ်ပါသည်။ မိန်းမပျိုလေး နွယ်ဒန်းချည်နှောင်ထားသည့်သစ်ကိုင်းမှတစ်ဆင့် တရွေ့ရွေ့ဆင်းလာနေသည့် လက်ဖျံလုံးလောက်ရှိသော ငန်းမြွေနက်ကြီးတစ်ကောင်က မိန်းမပျိုလေးအား အန္တရာယ်ပြုရန် နွယ်ဒန်းကြိုးအား ရစ်တွယ်၍ ဆင်းလာနေပါချေပြီကော။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် မိန်းမပျိုလေးမှာ သူ၏နောက်ဘက်မှ မင်းမောင်၏အာမေဋိတ်သံကြီးကိုကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်တွင် ...

မိန်းမပျိုလေးကိုပင် သတိပေးချိန်မရတော့ နီးကပ်လာပြီဖြစ်သော ငန်းမြွေကြီးထံသို့ လက်ထဲမှဓားမြှောင်နှင့် လျှပ်တစ်ပြက်ပင် ပေါက်လိုက်ရပါတော့သည်။

'ရွှစ် ..ဝှစ်'

'ဖောက် ..ဒုတ်'

ဝှစ်ခနဲ လေတိုးသံပြင်းပြင်းနှင့်အတူ မင်းမောင် ပစ်လွှတ်လိုက်သည့်ဓားမြှောင်က ပါးပျဉ်းထောင်၍ပေါက်ရန်ဟန်ပြင်နေသည့် ငန်းမြွေကြီး၏ပါးပျဉ်းကြီးကို တည့်မတ်စွာထိမှန်သွားပြီး ပျဉ်းမပင်တွင် ဒုတ်ခနဲစိုက်ဝင်သွားပါ၏။

'ဝေါ ..ရွှီး ..ဖရော ..ဖရော ..ဖျော ..ဖျောင်း'

ငန်းမြွေကြီးမှာ သစ်ပင်တွင် ဓားမြှောင်နှင့် တံစို့သီသကဲ့သို့ တန်းလန်းကြီးဖြစ်နေပြီး လွတ်နေသောအမြီးကြီး တရမ်းရမ်းနှင့်ယမ်းခါနေသဖြင့် တစ်ကြိမ်တွင် နွယ်ဒန်းကြိုးကိုရိုက်မိကာ ဝုန်းခနဲပြုတ်ကျသွားပါတော့သည်။

'ဝေါ ..ဖရော ..ဖျောင်း'

'ဝုန်း'

"ဟာ ...အင့်"

ရုတ်တရက် ငန်းမြွေကြီးရိုက်လိုက်သည့်အရှိန်ကြောင့်





နွယ်ဒန်းကြိုးမှာတောင်းခနဲပြတ်တောက်သွားကာ ဒန်းစီးနေသည့် မိန်းမပျိုလေးမှာ မြက်ခင်းထက်သို့ လွင့်စဉ်ပြုတ်ကျသွားပါလေ၏။ မမျှော်လင့်ဘဲဖြစ်သွားရသည့် အဖြစ်အပျက်ကြောင့် မိန်းမပျိုလေးမှာ ဓားတန်းလန်းနှင့်တစ်စတစ်စ ငြိမ်သက်သွားသည့် ငန်းမြွေကြီးကိုကြည့်လိုက် မင်းမောင်ကိုကြည့်လိုက်နှင့် ထိတ်လန့်စွာ မြေပြင်ထက်မှ ကုန်းရုန်းထလိုက်သည်။

"ဟင် ...ရှင် ...ရှင် ...ဆ ...ဆရာလေး ...အ ...အ"

နွယ်ဒန်းထက်မှအကျတွင် ခြေထောက်ခေါက်သွားသည်ထင့် ကြိုးစားထ,နေရှာသည့် မိန်းမပျိုလေးမှာ ခြေထောက်ကိုနှိပ်ရင်း ပြန်၍ညွတ်ခွေကျသွားပြန်ပါ၏။

သည်တစ်ကြိမ်တော့ မင်းမောင် ဖျတ်ခနဲ မိန်းမချောလေးအနီးသို့ ရောက်ရှိသွားသည်။

"မင်း ...ဘာဖြစ်သွားသေးသလဲ၊ ခြေထောက်နာသွားတယ်ထင်တယ်၊ အင်း ...တော်သေးတယ် ဒီငန်းမြွေကြီးကမင်းကိုပေါက်သတ်ဖို့ နွယ်ဒန်းကြိုးကနေ ဆင်းလာပြီး ပါးပျဉ်းထောင် ထောင်နေပြီ၊ အဲဒါကြောင့် ငါ ...ဓားနဲ့ပစ်လိုက်ရတာ"

"ရှင် ...ရှင် ဘယ် ...ဘယ်သူလဲ၊ ဆရာလေး ကိုလင်းမောင်နဲ့တော့တူတယ်၊ ဒါ ...ဒါပေမဲ့ ဆ ...ဆရာလေးသည်း မဟုတ်နိုင်ဘူး"

နေကြာမှာ ဒေါက်တာလင်းမောင်နှင့် တစ်ထေရာတည်း



www.burmeseclassic.com

www.burmeseclassic.com



တူလွန်းလှသည့် မင်းမောင်ကိုကြည့်ကာ အံ့သြထိတ်လန့်စွာဖြင့် မေးမြန်းစစ်ဆေးနေသည်။ ဟုတ်သည် သည်လူသည် ဒေါက်တာလင်းမောင်နှင့်ချွတ်စွပ်နီးပါးတူသော်လည်း အသားအရေနှင့် လေသံကတော့မတူ သိသိသာသာပင် ကွာခြားပါ၏။

မင်းမောင်ကလည်း နေကြာ၏စကားသံများကို နားထောင်ရင်း ဤမိန်းမချောလေးသည် သူ၏အစ်ကိုကြီး၏စာထဲတွင် ပါသည့် နေကြာဆိုသောအမျိုးသမီးပင်ဖြစ်ရမည်ဟု တပ်အပ်သေချာစွာ သိလိုက်ရပြီမို့ ...

''ဟင်း ... ဟင်း ... ငါ့ကိုမြင်လိုက်ရတာနဲ့ပဲ သွေးပျက်သွားပြီလား အမိရဲ့၊ ဟုတ်တယ် ... ငါဟာ မေတ္တာဆေးခန်းက ဒေါက်တာလင်းမောင်တော့မဟုတ်ဘူး၊ ဒါပေမဲ့ ... သူ့ရဲ့ညီ မင်းမောင်တဲ့၊ ရန်ကုန်ကနေ ဒီကိုရောက်လာတာ တစ်ပတ်လောက်ရှိသွားပြီ၊ ဒါနဲ့နေပါဦး ... မင်းက ... ဟို ... မုဆိုးကြမ်းကြီးဒေါင်းမိုက်ရဲ့ညီမ ... နေကြာ ... ဆိုတာလား''

''ဟင် ... ဆရာ ... ဆရာရဲ့ညီ ... ဟုတ်လား။ ဒါကြောင့် ရုပ်ချင်းက ချွတ်စွပ်နီးပါးတူနေတာကိုး၊ အသားဖြူတာနဲ့ ညိုတာပဲကွာခြားတယ်၊ နောက်ပြီး ဟို ... ဟို''

မျက်စိမျက်နှာပျက်စွာဖြင့် ထစ်ထစ်ငေါ့ငေါ့မေးနေသည့် နေကြာဆိုသည့်မိန်းမချောလေး၏မျက်နှာကိုစူးစူးရဲရဲကြည့်ရင်း

''ဘာလဲ ... ဒေါက်တာလင်းမောင်ရဲ့ညီဆိုတာနဲ့ အမိက ဘာဖြစ်သွားရတာလဲ ... ဟင်၊ ဒေါက်တာလင်းမောင်ကိုရော





အမိ သိလို့လား ... ဟင်''

မျက်နှာလေးတစ်ခုလုံး ဖြူဖပ်ဖြူရော်နှင့် ကြောက်ရွံ့ထိတ်လန့်နေသကဲ့သို့ဖြစ်နေသည့် နေကြာဆိုသော မိန်းမချောလေး၏နှုတ်ဖျားမှ တုန်ယင်လှုပ်ခတ်စွာထွက်ကျလာသော စကားများကြောင့် မင်းမောင်တစ်ယောက်အံ့သြစွာတွေဝေသွားမိသည်။

''သိတာပေါ့ရှင် ... ဆရာဟာ နေရွာရာရွာကြီးနဲ့ ဟောဒီ ရွာနီးချုပ်စပ်က ရွာငယ်လေးတွေရဲ့ အားကိုးအားထားပြုကြရတဲ့ တကယ့်စေတနာဆရာဝန်တစ်ယောက်ပေါ့၊ ဆရာ့ကိုတောင် နေကြာ ကယ်ခဲ့ရသေးတယ်လေ၊ ဟို ... ဘိုတဲပျက်ကြီးနဲ့ နေကြာခင်းအစပ်မှာ မိုးရွာကြီးထဲ သတိလစ်ပြီး မေ့မြောနေတာ တွေ့ခဲ့ရလို့ အမှတ်မထင် ကယ်တင်မိခဲ့တာပါ၊ အဲဒါကလွဲလို့ ဆရာနဲ့နေကြာတို့မောင်နှမကြားမှာ ဘာပြဿနာမှ ကြီးကြီးမားမား မရှိပါဘူးရှင့်''

မြက်ခင်းပေါ်တွင် သူ၏ခြေထောက်လေးကို နှိပ်နယ်ရင်း င်းမောင်ကိုမော့ကြည့်ကာ ဖြေရှင်းချက်ထုတ်ပြနေရှာသည့် နေကြာ၏မျက်နှာလေးကိုကြည့်ကာ ဘာစကားတစ်ခွန်းမျှ မပြောဘဲ သေချာစွာနားထောင်ကြည့်နေပါ၏။

''ဒါ ... ဒါပေမဲ့ ... နေရွာရာက လူတချို့ကတော့ ဆရာပျောက်ဆုံးသွားတာနဲ့ပတ်သက်ပြီး နေကြာတို့မောင်နှမတို့ ယုံသင်္ကာဖြစ်နေကြတာကိုပဲ ဝမ်းနည်းနေမိတာပါရှင်၊ ဆရာဟာ ဘယ်သူ့ကိုမှလည်း ဒုက္ခပေးနေတဲ့သူမဟုတ်ဘူး၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပျောက်ဆုံးသွားတယ်ဆိုတာလည်း နေကြာတို့ အမှန်တကယ်ကို မသိခဲ့ပါဘူးရှင့်''

နေကြာဆိုသော မိန်းမချောလေး၏ မျက်လုံးအိမ်တွင် မျက်ရည်စလေးများပင် တွဲခိုနေကြသည်။ စကားသံတချို့ပင် တုန်လှုပ်ခတ်နေသည်သို့။ အမြွာအစ်ကိုဖြစ်သူဒေါက်တာလင်းမောင်ကို ဤသို့သော မာယာညို့ကွက်များနှင့် ညို့မြူဖမ်းစားခဲ့လေသလား၊ ကိစ္စမရှိပါ ...မိန်းမမာယာက သဲကိုးဖြာခန့်သာရှိသည်။ မန်ကျည်းကိုးပင် ချာရပတ်ရမ်းသွားအောင် မွှေနှောက်နိုင်စွမ်းရှိသည့် ယောက်ျားတို့၏ပညာစွမ်းကို နေကြာတစ်ယောက် မေ့လျော့နေရှာသည်ထင့်။

''အဲ ...အဲဒါ ...ရှင်က ဆရာရဲ့အမြွာညီအရင်းဆိုတော့ ထူးထူးခြားခြား ဆရာပျောက်ဆုံးနေတဲ့ကိစ္စကို သေသေချာချာ စုံစမ်းပြီးရှာဖွေပေးပါလားရှင်ရယ် ...နော်''

သွားပြီ ...သည်တစ်ချီတော့ မန်ကျည်းကိုးပင်ဆရာကြီးဦးနှောက်စားသွားခဲ့ပါပြီ။ ထိုမျှမက ...သူရပ်တည်နေရာ ကမ္ဘာမြေပြင်ကြီးတစ်ခုလုံး ဖောက်ထိုးမိုးမျှော်ဖြစ်သွားကြလေပြီလား သို့မဟုတ် သူကိုယ်တိုင်ပင် နားကြားများ လွဲချော်ခဲ့လေသည်လား မသိပါလေတော့။

ရှင်းရှင်းဆိုရပါမူ သူ၏အမြွာအစ်ကိုကြီး ဒေါက်တာလင်းမောင် ပျောက်ဆုံးမှုကြီးသည် ဤဒေါင်းမိုက်တို့မောင်နှမနှင့် ကာစ်နည်းတစ်ဖုံပတ်သက်မှုရှိရမည် ...ဟူသည့် ယုံကြည်ချက်





ကိုကိုင်စွဲကာ အချိန်ယူ၍ ဖုန်းမသိမ်ကုန်းမှ ထိုမောင်နှမကို သူ စောင့်ကြည့်နေခဲ့မိသည်မဟုတ်လား။ ယခုမူ သူ၏ထင်မြင်ချက်တို့သည် နေကြာဆိုသောမိန်းမချောလေး၏ ပျားရည်ကဲ့သို့ ချိုမြိန်သော စကားလုံးများအောက်တွင် တစ်စစီပျက်ကြွေသွားခဲ့ပါပြီ။

တရားခံဟု ထင်မြင်ယူဆထားခြင်းခံရသူ သို့မဟုတ် ...ဒေါက်တာလင်းမောင်ပျောက်ဆုံးမှုကြီးတွင် အဓိကပါဝင်ပတ်သက်ကြသူများဟု နေရွှေရာတစ်ရွာလုံးက စွပ်စွဲထားကြသည့် ဒေါင်းမိုက်၏ညီမဖြစ်သူ နေကြာကိုယ်တိုင်က ဒေါက်တာလင်းမောင်ပျောက်ဆုံးမှုကို သေသေချာချာစုံစမ်း၍ ရှာဖွေထုတ်ပေးရန် င်းမောင်ကို တောင်းဆိုလျက်ရှိပါချေပြီကော။

အခြေအနေသည် မင်းမောင်ထင်မှတ်ထားသည်ထက် ပိုမိုရှုပ်ထွေးကာ ပဟေဠိဝက်ပါသဖွယ်ဖြစ်နေပြီဟုသာ မင်းမောင် တ်ချက်ချလိုက်ပါလေ၏။

ထိုနေ့က ...နွယ်ဒန်းပေါ်မှပြုတ်ကျ၍ ခြေထောက်အနည်းငယ်နာသွားဟန်တူသည့် မုဆိုးလူကြမ်းဒေါင်းမိုက်၏ ညီမချောလေးနေကြာအား သူ၏မြင်းညိုကြီးပေါ်သို့တင်ကာ င်းမောင်က အောက်မှနေ၍မြင်းဇက်ကြိုးကိုကိုင်လျက် သူတို့ မောင်နှမ နေထိုင်ရာ သစ်လုံးအိမ်လေးအထိတိုင် လိုက်လံပို့ဆောင်ပေးခဲ့ပြီးမှ မင်းမောင် နေရွှေရာရာသို့ပြန်လာခဲ့ပါသည်။

အပြန်လမ်းတစ်လျှောက် မင်းမောင်၏အတွေးနယ်လွင့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ခန္ဓာကိုယ်ကြီးက မြင်းညိုကြီးထက်တွင် လှုပ်လီလှုပ်လဲ့နှင့် လိုက်ပါလာခဲ့သည်။ ညနေခင်း ဆည်းဆာလေပြည်ရှိင်း၏ ကလူကျီစယ်ဝှေ့ယမ်းတိုက်ခတ်မှုအောက်တွင် လွင့်ပါလာသည့် ရွက်ခြောက်လေပွေရှိင်းတို့က မင်းမောင်တို့၏နောက်မှ မမီမကမ်းနှင့် လိုက်ပါလာကြ၏။ သို့သော် မင်းမောင်ကမူ ထိုညနေဆည်းဆာနေဝင်ချိန်၏အလှအပများကို မခံစားနိုင်။ သူ့အတွေးအာရုံထဲတွင် နေကြာနှင့်မတော်တဆတွေ့ဆုံစကားပြောခဲ့ရာမှ သူ၏အစ်ကိုဒေါက်တာလင်းမောင် ပျောက်ဆုံးမှုသည် တစ်စုံတစ်ခုကို အကြောင်းပြု၍ တစ်နေရာရာတွင် ကွင်းဆက်တစ်ခုပြတ်နေသည်ဟု တွေးထင်လာမိသည်။

ထို့ကြောင့် အရာအားလုံးကို ပီပီပြင်ပြင်ရုပ်လုံးပေါ်လာစေရန်အတွက်ဆိုလျှင် နေကြာ၏အစ်ကိုတော် မှဆိုးလူကြမ်းကြီးဒေါင်းမိုက်နှင့်ရင်ဆိုင်တွေ့ဆုံပြီး စကားပြောခွင့်ရခဲ့လျှင် တစ်စုံတစ်ခုသောအဖြေတစ်ခုခုသည် ပေါ်ထွက်လာနိုင်သည်ဟုလည်း မင်းမောင် ယုံကြည်မိသည်။

မည်သို့ပင်ဖြစ်စေ ဖုန်းမသိမ်ကုန်း၏ ငါးရက်မြောက်အိမ်ပြန်ခရီးမှာတော့ လွန်စွာရှုပ်ထွေးပွေလီလှသည့် ပဟေဠိခရုပတ်ဝက်ပါအိမ်ကြီးကိုရင်မှာပွေ့ပိုက်လျက်သာ မင်းမောင်တစ်ယောက် ပြန်လာခဲ့ရပါတော့သည်။



# အခန်း (၁၇)

## ပဟေဠိဝက်ပါထဲမှ ခရုပတ်လမ်းကြောင်း

ပြာနှမ်းနှမ်းကောင်းကင်ပြင်ထက်တွင် တစ်ခြမ်းပဲ့ လကလေးက သာနေပါ၏။ သစ်ကိုင်းသစ်ခက်ရိုးတံညို့အကြိုကြားမှ ထိုးဖောက်ဝင်ရောက်လာသောလရောင်သည် မြူနှိုးငွေ့များနှင့် ရိုထိုင်းရောယှက်လျက် သစ်ပင်သစ်ရွက်များတွင် တင်ကျန်နေသည့် နှင်းရည်နှင်းဥလေးများနှင့်ပေါင်းစည်းကာ လရောင်ကို နှင်းခလောက်၍ မွှေနှောက်နေလေသည်လားဟုပင် ထင်မှားစရာဖြစ်နေပါ၏။

ကုက္ကိုဝါပင်ကြားမှ ဖြာကျဆင်းသက်လာသည့် လရောင်တချို့က ဝဲလွင့်နေသည့် အပြာရောင်ခန်းဆီးစလေးပေါ်မှ ဖြတ်ကျော်ကာ အခန်းတွင်းသို့လွင့်ပါကျဆင်းလျက်။

နေရဋ္ဌရာ၏ မေတ္တာဆေးခန်းအတွင်းမှာတော့ ရှာခံလူကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်စု၊ လုံခြုံရေးအတွက် ရှာစဉ်တစ်လျှောက် ကင်းလှည့်ထွက်လာကြသည့် မြိုင်သာအပိုင် ဂိတ်တဲမှ ဌာနအုပ်ကြီးဦးထွန်းဆိုင်တို့လူစုနှင့် ရန်ကုန်မှရောက်ရှိလာသည့် ဒေါက်တာလင်းမောင်၏အမြွှာညီ မင်းမောင်တို့က တစ်စုံတစ်ရာကို ဆွေးနွေးတိုင်ပင်နေကြသည်။

နေရှဥ္စရာရွာခံလူကြီးဦးမောင်ကိုက သောက်လက်စ ရေနွေးကြမ်းပန်းကန်ကို စားပွဲပေါ်သို့အသာချကာ . . .

``ဟုတ်တယ် မောင်မင်းမောင် . . . အဲဒီဖုန်းမသိမ်ကုန်းမှာရှိတဲ့ ဘိုတဲပျက်ကြီးဟာ အင်္ဂလိပ်တွေ မြန်မာပြည်ကို အုပ်ချုပ်စဉ်ကတည်းက ဆောက်လုပ်ထားခဲ့တာကွယ့်၊ သူတို့လက်ထက်မှာ မြန်မာပြည်မှာရှိတဲ့ မြို့တိုင်း, နယ်တိုင်းလိုလိုမှာ နယ်လှည့်အစိုးရအရာရှိဝန်ထမ်းတွေတည်းခိုနိုင်အောင်ဆိုပြီး မြို့စွန်တို့, မြို့လယ်တို့မှာ နှစ်ထပ်ဘိုတဲကြီးတွေဆောက် ပေးထားခဲ့တယ်လေ . . .၊

အဲဒါ စစ်ကြီးဖြစ်တော့ ဗုံးဒဏ်, စက်သေနတ်ဒဏ်တွေကြောင့် ပျက်စီးခဲ့ရတယ်၊ ဒါပေမဲ့ လုံးလုံးကြီးပြိုလဲသွားတာမဟုတ်ဘဲ ပြိုကျပျက်စီးတဲ့နေရာက ပျက်စီး, ချုံနွယ်တွေဖုံးအုပ်တဲ့နေရာတွေက ဖုံးအုပ်နဲ့ နှစ်ကာလရှည်ကြာလာတော့ အခုလိုတောကြိုအုံကြားမှာ ထီးထီးကြီးကျန်ရစ်ခဲ့တော့တာပဲကွယ့်၊ ဒါပေမဲ့ ဂျပန်ခေတ်တုန်းက အဲဒီဘိုတဲပျက်ကြီးကို ဂျပန်တွေက သူတို့ရဲ့ဂျပန်ကင်ပေတိုင်စခန်းဌာနချုပ်အဖြစ်နဲ့ အသုံးပြုခဲ့လေတော့ တော်လှန်ရေးသမားတွေ, သူတို့မသင်္ကာတဲ့သူတွေနဲ့အကျဉ်းသားတွေကို နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့ကြတယ်လေ၊





အဲဒါကို ငါတို့ နေရှဥ္စရာရွာသားတွေက အစွဲကြီးသွားကြတယ် ထင်ပါရဲ့ . . . ညနေဘက် နေဝင်ရီတရောအချိန်တွေနဲ့ ညဘက် သန်းခေါင်တွေမှာ ညည်းညူသံကြီးတွေ, တောက်ခေါက်သံကြီးတွေ, လမ်းလျှောက်သံတွေနဲ့ တစ်ခါတစ်ခါဆို အရိပ်မည်းတစ္ဆေကောင်ကြီးတွေတောင် ဘိုတဲဝရန်တာမှာသွားလာနေကြတာကို ကြားရ, မြင်ရတယ်လို့ ပြောနေကြတာပဲကွယ့်''

ရွာခံလူကြီးဦးမောင်ကိုက ဖုန်းမသိမ်ကုန်းမှ ဘိုတဲပျက်ကြီးအကြောင်းကို စုံစုံစေ့စေ့ပြောပြနေပါလေ၏။

ဦးမောင်ကို၏စကား ဆုံးသွားသည်နှင့် ယူနီဖောင်းအပြည့်အစုံနှင့် ကုလားထိုင်ထက်တွင် ဆေးပြင်းလိပ်မည်းမည်းတုတ်တုတ်ကြီးကိုခဲကာ ထိုင်နေသည့် ဌာနအုပ်ကြီး ဦးထွန်းဆိုင်က ဝင်ရောက်ပြောလာပြန်ပါ၏။

''အင်း . . . မောင်မင်းမောင်ကတော့ စာရေးဆရာပီပီ ဖုန်းမသိမ်ကုန်းကို တော်တော်စိတ်ဝင်စားနေတယ်ထင်တယ် . . . ဟုတ်ရဲ့လား''

''ဟုတ်ကဲ့ခင်ဗျာ . . ကျွန်တော့်အစ်ကိုရဲ့ပျောက်ဆုံးနေတဲ့ကိစ္စကလည်း ဖုန်းမသိမ်ကုန်းနဲ့ဆက်စပ်နေတာရယ်, လက်ရှိတွေ့မြင်နေရတဲ့ ဘိုတဲပျက်ကြီးရယ်, နောက်ပြီး ဖုန်းမသိမ်ကုန်းမှာနေတဲ့ ဟို . . . မဆိုးလူကြမ်းဒေါင်းမိုက်တို့မောင်နှမကလည်း အရှုပ်အထွေးကြီးထဲမှာ ရောထွေးပါနေကြတယ်လို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်နေမိလို့ပါ ဌာနအုပ်ကြီး၊ အင်း ...အထူးသဖြင့် ဒေါင်းမိုက်ဆိုတဲ့ မှဆိုးကောင်ရဲ့ပြုမူပြောဆိုနေထိုင်ပုံတွေကို မြင်ရကြားရတာ တစ်ခုခုကို လျှို့ဝှက်ထားမှုရှိနေသလိုပဲ ခင်ဗျ"

မင်းမောင်၏ထင်မြင်ချက်နှင့်အယူအဆများကို ဌာနအုပ်ကြီး ဦးထွန်းဆိုင်က ချက်ချင်းစကားမပြန်ဘဲ သူ၏မီးသေသွားပြီဖြစ်သည့် ဆေးပြင်းလိပ်မည်းမည်းကြီးကို ကြေးမီးခြစ်ကြီးနှင့် စိတ်ရှည်လက်ရှည် မီးညှိရှိုက်ဖွာနေပါ၏။ ထို့နောက် တစ်ချက်နှစ်ချက်မျှ ရှိုက်ဖွာလိုက်ပြီးမှ ...

"အင်း ...ပြန်ပြီးပြောရမယ်ဆိုရင်တော့ အရှည်ကြီးပဲ ကိုမင်းမောင်၊ ဒီဒေါင်းမိုက်ဆိုတဲ့ မှဆိုးလေးက စကားအပြောအဆိုနဲ့ အနေအထိုင် အချိုးမပြေတာကလွဲရင် ဘယ်သူ့ကိုမှတော့ အနှောင့်အယှက်ပေးလေ့မရှိဘူးဗျ၊ ဒါပေမဲ့ သူ့ညီမကိုတော့ နည်းနည်းလေးမှ ထိလို့မရဘူးဗျို့၊ အဲ ...သူ့ရဲ့နယ်မြေခြံတွေထဲကိုလည်း ဘယ်လိုလူစိမ်းမျိုးကိုမှ အဝင်ခံချင်တာမဟုတ်ဘူး

"အင်း ...ကိုမင်းမောင်ရဲ့အစ်ကိုကြီး ပျောက်ဆုံးခဲ့တုန်းကဆိုရင် ဟောဒီရွာခံလူကြီးတွေနဲ့အတူ ကျုပ်ကိုယ်တိုင် သူတို့ဆီကို သွားပြီးစုံစမ်းစစ်ဆေးခဲ့သေးတယ်လေ"

"ဟုတ်လား ...ဒီ ...ဒီလိုဆိုရင် ကျွန်တော့်အစ်ကိုကြီးနဲ့ပတ်သက်ပြီး သူတို့မောင်နှမကိုပါ ဌာနအုပ်ကြီးက သံသယရှိထားတယ်ပေါ့၊ နောက်ပြီး ...သူတို့ကို သွားပြီးစစ်ဆေးကြည့်တော့ ထူးခြားမှုတွေ မတွေ့ခဲ့ရဘူးလား ဌာနပိုင်ကြီးရယ်"





"မတွေ့ခဲ့ရပါဘူး ကိုမင်းမောင် ...မသင်္ကာစရာဆိုလို့ ဘာတစ်ခုမှ မတွေ့ခဲ့ရပါဘူး၊ သူတို့ဆီကို အဲဒီနေ့က ဒေါက်တာလင်းမောင် လုံးဝရောက်မလာခဲ့ပါဘူးလို့လည်း မောင်နှမ နှစ်ယောက်စလုံးက တညီတညွတ်တည်း ပြောကြလေတော့ ဦးတို့အနေနဲ့က ဘာကိုမှမလုပ်နိုင်ခဲ့ဘူးလေ၊ အင်း ...ဥပဒေဆိုတာကလည်း သက်သေအထောက်အထားခိုင်ခိုင်လုံလုံနဲ့ ပြည့်စုံမှသာ အရေးယူဆောင်ရွက်လို့ရတာကြောင့် အခက်သားလား ကိုမင်းမောင်ရယ်"

"အာ ..ဒီလိုသာဆိုရင် ကျွန်တော့်အစ်ကိုကြီး မပျောက်ဆုံးခင်က ဒေါင်းမိုက်ဆိုတဲ့မှဆိုးလူရမ်းကားက သေနတ်နဲ့ နှစ်ချက်တိတိ ပစ်ခတ်ခဲ့တယ်ဆိုတာကရော ဌာနအုပ်ကြီးရယ်"

မင်းမောင်၏ရင်တွင်းမှ မကျေနပ်နိုင်သည့် အမြိုးစိတ်ကလေးက လူးလွန့်ထွက်ကျလာသဖြင့် ဌာနအုပ်ကြီး ဦးထွန်းဆိုင်က လေးလေးမှန်မှန်နှင့် ဖြေကြားလိုက်ပါသည်။

"ဟုတ်တယ် ...အဲဒါကိုလည်း ဒေါင်းမိုက်က ဝန်ခံတယ်၊ သူ့ရဲ့ညီမလေးနဲ့ပတ်သက်ပြီး နောက်ထပ်ဓာတ်လမ်းမရှည်စေချင်လို့ ခြောက်လှန့်ပစ်ခတ်တာပါလို့ ဖြေရှင်းချက်ပေးခဲ့တယ်၊ ဒါပေမဲ့ အခုကိစ္စကလည်း ဒေါက်တာလင်းမောင်ဟာ ပျောက်ဆုံးနေခဲ့တာဆိုတော့လည်း ကျုပ်တို့အနေနဲ့ ဒေါင်းမိုက်ကို သံသယအနေအထားနဲ့ပဲ စောင့်ကြည့်နေရတယ်၊ သက်သေခံမျက်မြင်သက်သေဆိုတာကလည်း မရှိခဲ့လေတော့ ကြိုးရှည်ရှည်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လှန်ထားရတယ် . . . ကိုမင်းမောင်''

ဌာနအုပ်ကြီးဦးထွန်းဆိုင်က သူကိုယ်တိုင်စစ်ဆေးတွေ့ရှိခဲ့ရသောအချက်အလက်များဖြင့် ဥပဒေအကြောင်းအရ မင်းမောင်ကိုသေချာစွာရှင်းပြပြောဆိုနေသည့်တိုင် ရက်သတ္တနှစ်ပတ်ကြာမျှ သတင်းအစအနရှာမရအောင် ထူးဆန်းစွာပျောက်ဆုံးနေသည့် အမြွာအစ်ကို ဒေါက်တာလင်းမောင်အတွက်က အချိန်နှင့်အမျှ ရင်မောနေရသည်မဟုတ်ပါလား။

''ဟုတ်တယ် မောင်မင်းမောင် . . . တစ်ခုရှိတာက ဖုန်းမသိမ်ကုန်းကြီးရဲ့ဇာတ်ကြောင်းကလည်း နွားကျူး နွားပျောက်၊ ကျွဲသွားရင် ကျွဲပျောက်၊ လူပါသွားရင် လူပါပျောက်ဆုံးသွားကြတဲ့ သာဓကတွေက ရှိနေသေးတော့ ဆုံးဖြတ်ဖို့က တော်တော်ကိုခက်နေကြတယ်၊ ဒေါက်တာလင်းမောင် ပျောက်သွားတုန်းကဆိုရင် ဦးကြီးကိုယ်တိုင် ဖုန်းမသိမ်ကုန်းတောကြီးထဲမှာ နှစ်ရက်နဲ့တစ်ညတိတိ ဝင်ရောက်ရှာဖွေတဲ့အထဲမှာ ပါသေးတယ် . . .၊

ဒေါက်တာလင်းမောင်ဟာ ဖုန်းမသိမ်ကုန်းတောကြီးထဲကို ဝင်သွားတာသေချာတယ်၊ ဟိုရွာတောင်ပိုင်းက နွားကျောင်းသားလေးသံခဲကို လမ်းကြောင်းမေးနေသံကြားတယ်လို့လည်း သိခဲ့ရတယ်၊ နောက်ပြီး ဖုန်းမသိမ်ကုန်းတောထဲကို သွားတဲ့ခရီးလမ်းကြောင်းမှာလည်း ဒေါက်တာလင်းမောင်သောက်သွားခဲ့တဲ့ စီးကရက်တိုလေးတွေကိုလည်း တွေ့ရတယ်၊ အေး . . . ထူးဆန်းတာက အဲဒီနေ့ အဲဒီအချိန်ကစပြီး ဒေါက်တာလင်းမောင် စုတ်စ





မြုပ်စပျောက်သွားရတယ်ဆိုတာပဲ မောင်မင်းမောင်''

ရွာခံလူကြီးဦးမောင်ကို၏ အဖြေစကားကြောင့် မင်းမောင်၏ရင်ထဲဝယ် အစ်ကိုဖြစ်သူအတွက် ရင်မောလိုက်ဖို့ခဲ့ရသည်။ အပူမီးတောက်များက အလျှံငြီးငြီးတောက်လောင်လာကြလေသည်ထင့် . . .။ ဝုန်းခနဲ ထိုင်နေရာမှထရပ်လိုက်သည်။

ယခုအချိန်ထိ တိုင် သေသည် ရှင်သည်မသိ။ ထူးဆန်းစွာပျောက်ဆုံးသွားခဲ့ရသည့် အစ်ကိုကြီးဖြစ်သူ၏ ဖြစ်ရပ်ကြမ္မာဆိုးကြီးက မင်းမောင်၏နှလုံးသွေးတို့ကို ဆူဝေလှုပ်ခတ်သွားစေသည်သို့။

''တောက် . . . ကျွန်တော် ဒေါင်းမိုက်ဆိုတဲ့ မှဆိုးကောင်နဲ့ မနက်ဖြန်သွားပြီး ရင်ဆိုင်တွေ့တော့မယ် ဦးကြီး။ ဘာပဲဖြစ်ဖြစ် ပြဿနာတစ်ခုကို ပုပုဓွေးဓွေးအကောင်အထည်ဖော်နိုင်ဖို့က ဒီနည်းဟာ အမြန်ဆုံးနဲ့အထိရောက်ဆုံးပဲလို့ ကျွန်တော်ထင်တယ်''

မင်းမောင်၏ပြတ်သားသောစကားသံကြောင့် ရွာခံလူကြီးများက ဌာနအုပ်ကြီးဦးထွန်းဆိုင်ကို လှမ်း၍ကြည့်လိုက်ကြသည်။ ဌာနအုပ်ဦးထွန်းဆိုင်က မသိမသာခေါင်းညိတ်ပြလိုက်ရင်းမှ တိုနေပြီဖြစ်သော ဆေးပြင်းလိပ်မည်းမည်းကြီးကို ဆေးလိပ်ခွက်အတွင်းသို့ထည့်ကာ . . .

''အင်းလေ . . . ကိုမင်းမောင် သိပ်ပြီးဆန္ဒပြင်းပြနေရင်လည်း ဒေါင်းမိုက်နဲ့တွေ့ကြည့်လိုက်ပေါ့၊ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ခြေလွန်လက်လွန်တော့ မလုပ်မိကြပါစေနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေရဲ့စည်းဘောင်ကိုတော့ မကျော်လွန်မိဖို့ပဲ ဦးသတိပေးချင်တယ်''

ထိုနေ့ညနေက ညဥ့်ဆယ်နာရီခွဲခန့်တွင် မေတ္တာဆေးခန်းမှ လူစုခွဲခဲ့ကြသည့်တိုင် မင်းမောင်တစ်ယောက် အိပ်စက်၍မရပါလေ။ မေတ္တာဆေးခန်းလေးမှာမူ မှုန်ဝါးဝါးလရောင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက် အိမ်မြှောင်စုတ်ထိုးသံလေးမျှပင် မကြားရ။ ထနောင်းပင်ထက်ရှိ စာဝတီးငှက်လေးများမှာလည်း ဘူးတောင်းလေးထဲဝယ် ငြိမ်သက်စွာ အိပ်မောကျနေကြသည်။ ရံဖန်ရံခါ ဝေ့ဝဲတိုက်ခတ်လာသည့် ဆောင်းညဥ့်လေပြည်ထဲတွင် ထနောင်းကိုင်းတွင်ချိတ်ဆွဲလျက်ရှိသည့် စာဘူးတောင်းလေးများက တလှုပ်လှုပ်နှင့်ယိမ်းနွဲ့နေကြသည်။

မင်းမောင် အိပ်ရာထက်မှထကာ ဝရန်တာဆီသို့ လျှောက်လာခဲ့သည်။ ထနောင်းပင်မြစ်အခြေ မြက်ခင်းထဲတွင် မြူးထူးဟစ်ကြွေးနေသည့် ပိုးပုရစ်ကောင်လေးများ၏ အော်မြည်သံများက ရွာလယ်လမ်းမတန်းမှ ထန်းလက်,ထန်းရွက်များကို တရှဲရှဲနှင့် လေတိုးသံများနှင့်အတူ စီစီညံလျက်ရှိချေသည်။ ထိုထိုသောညဥ့်ဝန်းကျင်မှ ဖြစ်ပျက်နေသည်များကို မင်းမောင်တစ်ယောက် မသိနိုင်၊ မကြားနိုင်ရှာ။

သူ၏အိပ်မပျော်နိုင်သည့် အတွေးဝက်ပါထဲမှာတော့ လူကြမ်းမုဆိုးကြီးဒေါင်းမိုက် ယုန်သူငယ်လေး နေကြာတို့နှင့် လှို့[illegible]ချောက်ချားမှုများနှင့် ပြွမ်းတီးရောယှက်နေသည့် ဖုန်းမသိမ်





ကုန်းကြီးနှင့် ဘိုတဲပျက်ကြီးများက ရုပ်ထွေးပွေလိမ်နေသည့် သဗ္ဗတ်အချုညည်ခင်ထွေးကြီးသဖွယ် ချာချာလည်နေပါတော့သတည်း။




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

## ဘိုတဲပျက်ကြီးမှ အရိပ်မည်းခြေရာ



အရှေ့တောစပ်ဘက်မှ တစ်စတစ်စ မြင့်တက်လာသော နံနက်ခင်းနေလုံးကြီးက ဆောင်းနှင်းမြူတို့ ခပ်ပါးပါးမျှ ဝေ့ဝဲနေသည့် ပြာမှိုင်းမှိုင်းကောင်းကင်တွင် မေးတင်လျက် ငြိမ်သက်အိပ်စက်နေသည့် ယာစပ်တောင်ခြေလေးပေါ်သို့ လွှမ်းခြုံပေးလျက်ရှိသည်။

မြင်းညိုကြီးကို အသားကျစီးနှင်လာသည့် မင်းမောင်မှာ ကျေးငှက်သံတစာစာနှင့် သီကြွေးလုစ်ဟနေသော နံနက်ခင်း၏ ပသာဒအလှအပတို့ကို မခံစားနိုင်။ ယာခင်းစိုက်ခင်းများအဆုံးဆီမှ ညိုညို့မှိုင်းမှိုင်းဖြင့် အုပ်ဆိုင်းညို့မှောင်နေသည့် နာမည်ကျော် ဖုန်းမသိမ်ကျွန်းကြီးရှိရာသို့သာ ဦးတည်၍ မြင်းကို အသားကျစီးလာခဲ့ပါ၏။





ယာတောအစပ်မှ ထန်းတောကလေးကို မင်းမောင် ဖြတ်ကျော်လာခဲ့သည်။ ညဉ့်ကအိပ်ရေးပျက်ခဲ့သဖြင့် ဦးခေါင်းတစ်ခုလုံးအုံ့ခဲကာ ရီဝေလျက် ထန်းပင်ကြီးတွေ ခေါင်းချင်းပူးလျက် လေပြည်တွင် ယိုင်ကာ နေရောင်အနီဖြာသည့်ဘက်ခြမ်းတွင်ရှိသည့် ထန်းရွက်၊ ထန်းလက်များက နံနက်ခင်းနေခြည်နှင့်အပြိုင် အနီရောင်သန်းနေသည်သို့။

ထန်းရွက်၊ ထန်းလက်၊ ထန်းခက်များကြားမှ တိုးဝှေ့တိုက်လာသည့် နံနက်ခင်းလေပြည်ကြောင့် ရီဝေဝေဖြင့် ခေါင်းကြီးအုံ့ခဲနေသည့် မင်းမောင်မှာ အတန်ငယ် ပေါ့ပါးလန်းဆန်းသွားပါ၏။ မကြာခင် သစ်ကြီးဝါးကြီးတို့နှင့် အုံ့ဆိုင်းညို့မှိုင်းနေသည့် ဖုန်းမသိမ်ကျွန်းအစပ်သို့ မင်းမောင်ရောက်ရှိလာခဲ့သည်။ ထို့နောက် ချုံနွယ်ပိတ်ပေါင်းများနှင့် သမန်းမြက်ရိုင်းပင်ရှည်ကြီးများ ဖုံးလွှမ်းဝါးမျိုလုမတတ်ရှိနေသည့် ဘိုတဲပျက်ကြီး၏ ကုန်းကမူထိပ်သို့ ရောက်လာသည်နှင့် အသားကျစီးလာသည့်မြင်းကြီးကို မင်းမောင် ဇက်ကြိုးကိုဆွဲ၍ တန့်လိုက်သည်။

မြင်းညိုကြီးကလည်း သခင့်အလိုကိုသိသည်ထင့် ပါးချပ်တခဲခဲ နှာခေါင်းပေါက်များကို ပွချည့်,ပိန်ချည်နှင့် လည်ဆံမွေးများကို တစ်ချက်မျှခါယမ်းပြီးမှ ကမူစွန်းလေးတွင် လေးဖက်ညီညီချကာ ငြိမ်သက်စွာရပ်တန့်နေပါသည်။

မင်းမောင်မှာလည်း မြင်းကြီးပေါ်မှမဆင်းသေးဘဲ ယမန်နေ့ညနေခင်းကကို တစ်ဖက်လျှိုကြီးထဲမှ သီချင်းသံလေးများ



www.burmeseclassic.com

www.burmeseclassic.com



ကြားလေမလားဟု နားစွင့်ကြည့်နေမိပါ၏။

သို့သော် သစ်ရွက်၊ သစ်ခက်၊ ဝါးရွက်ဝါးပင်များကြားမှ တရှိုရှိုနှင့်ထွက်ပေါ်လာသော လေတိုးသံလေးများမှအပ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်မှုများကသာ လွှမ်းမိုးချုပ်ကိုင်ထားလေသည်သို့ . . .။

ကုန်းထိပ်မှတွေ့မြင်နေရသည့် ဒေါင်းမိုက်တို့မောင်နှမ၏ သစ်လုံးအိမ်လှလှလေးကမူ နေရောင်တွင် လက်လက်ထနေသည်သို့။ အတန်ကြာမျှ မင်းမောင် ငေးမောကြည့်နေပြီးမှ မြင်းညိုကြီးပေါ်မှ လွှားခနဲခုန်ဆင်းလိုက်သည်။ မြင်းညိုကြီးကိုမူ မြက်ခင်းစပ်တွင် ဇက်ပုံ၍လွှတ်ပေးထားလိုက်ပါ၏။

မင်းမောင်မှာ ဖုန်းမသိမ်ကုန်းထက်မှ ချုံနွယ်ပိတ်ပေါင်းများနှင့် တချို့တစ်ဝက်ဖုံးအုပ်နေသည့် ဘိုတဲပျက်ကြီးဘက်သို့ တစ်ပတ်လျှောက်ထွက်ခဲ့သည်။

သူ့ရှေ့ရှိမြက်ရိုင်းပင်များကြားမှ မြွေဝပ်ငုက်တစ်ကောင်က မင်းမောင်၏ခြေသံကြောင့် ဗိုးခနဲ ဘိုတဲကြီးခေါင်မိုးထက်သို့ ပျံတက်ပြေးသွားသည်။ တစ်ချိန်တည်းမှာပင် ဘိုတဲပျက်ကြီး၏ ခေါင်မိုးသွပ်ပြားများကြားမှ လင်းဆွဲကောင်ကြီးများမှာ တဖျပ်ဖျပ်နှင့်ဝေါခနဲပျံထွက်သွားကြပါ၏။

ထိုစဉ်မှာပင် . . .

ချုံနွယ်များ တစ်ပိုင်းတစ်စဖုံးလွှမ်းနေသည့် ပြတင်းပေါက် အပျက်အစီးတံခါးချပ်နောက်မှ ရိပ်ခနဲလှုပ်ရှားသွားသည့် အရိပ်





သဏ္ဌာန်တစ်ခုကို မင်းမောင်၏မျက်လုံးထောင့်စွန်းတွင် ရိပ်ခနဲ တွေ့မြင်လိုက်ရသည်။

"ဟင် . . . ဘယ်သူပါလိမ့် . . . ဘိုတဲပျက်ကြီးထဲမှာ ရိပ်ခနဲဝင်သွားတာ တွေ့လိုက်ရတယ်"

အရိပ်သဏ္ဌာန်ကြီးတစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် မင်းမောင် ဘိုတဲပျက်ကြီး၏တံခါးပျက်အနီးတွင် ရပ်ဖွေကြည့်လိုက်သည်။ မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရ၊ မမြင်ရပါလေတော့။

"ဈော် . . . ဘယ်လိုဖြစ်တာလဲ . . . ဒီအရိပ်သဏ္ဌာန်ကို ငါ့မျက်စိနဲ့ သေသေချာချာမြင်လိုက်ရတာပါ . . . အခု ဘယ်ကို ရောက်သွားပြီလဲ"

မင်းမောင်တစ်ယောက်တည်း မကျေမနပ်ဖြစ်ကာ ဘိုတဲပျက်ကြီး၏ချုံနွယ်များပိတ်ဖုံးနေသည့် တံခါးမကြီးမှတစ်ဆင့် အတွင်းသို့ သတိနှင့်တိုးဝင်လာခဲ့သည်။ တစ်ဆက်တည်းမှာပင် နေရွာရာမှ ရွာခံလူကြီးများပြောပြခဲ့သော စကားအချို့ကိုပြန် လည်ကြားယောင်လာမိသည်။

"အဲဒီ ဘိုတဲပျက်ကြီးက ဖက်ဆစ်ဂျပန်တွေကြီးစိုးမင်းမူတုန်းကတည်းက မျိုးချစ်တော်လှန်ရေးသမားတွေနဲ့ မသင်္ကာတဲ့ သူတွေကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့တဲ့ ဂျပန်ကင်ပေတိုင် စခန်းကြီးဟာစ်ခုပဲကွယ့်၊ အင်း . . . အခုတော့ သူ့ခမျာ ဗုံးဒဏ် အမြောက်ဒဏ်တွေကြောင့် ပြိုကျပျက်စီးတဲ့အပိုင်းက ပျက်စီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး သစ်ကြီးဝါးကြီးတွေ, ချုံနွယ်ပိတ်ပေါင်းတွေ ထူပြော နေတဲ့ ဖုန်းဆိုးမြေလည်းဖြစ်ပြန် လူသူလေးပါးနဲ့လည်း ကင်းဝေး နေတာကြောင့် သရဲတစ္ဆေတွေနဲ့ မကောင်းဆိုးဝါး, ကျတ်တစ္ဆေ တွေ နေထိုင်ကြတယ်ဆိုပြီး သတင်းကြီးချင်တိုင်း ကြီးနေတော့ တာပါပဲကွယ် ...၊

အေး ...ဒါပေမဲ့ ဘိုတဲပျက်ကြီးနဲ့ ဖုန်းမသိမ်ကုန်းဟာ မောင်းမင်းမောင်ပြောသလို လျှို့ဝှက်မှုတွေနဲ့ တစ်ခုခုတော့ထူး နေတာအမှန်ပဲလို့ ကျုပ်လည်း ထင်မြင်မိတယ်၊ အင်း ... နေရွာရာက လူတွေပြောပုံအရဆိုရင်တော့ ဘိုတဲပျက်ကြီးနဲ့ ဖုန်း မသိမ်ကုန်းတစ်ဝိုက်မှာ နေဝင်ဖျိုးဖျအချိန်တို့ ညဘက်တွေလို အချိန်မျိုးမှာ ဆံပင်ဖားလျားနဲ့ တစ္ဆေမကြီးတစ်ကောင်ကို ရံဖန် ရံခါတွေ တွေ့နေကြတယ်လို့လည်း ပြောသံကြားကြရတယ် ...၊

နောက်ပြီး လွန်ခဲ့တဲ့ တစ်နှစ်,နှစ်နှစ်လောက်ကမှ မြို့ သာဘက်က နယ်ကျွံလာခဲ့တဲ့ နွားနှစ်ကောင်နဲ့ နွားကျောင်းသား တစ်ယောက် နေရွာရွာကြီးထဲက ကလေးနှစ်ယောက်တို့လည်း ဖုန်းမသိမ်ကုန်းမှာ နွားကျောင်းသွားကြရင်းနဲ့ သတင်းအစအန လေးတောင် ရှာမရတော့ဘဲ ပျောက်ဆုံးသွားခဲ့ဖူးတယ် မောင်မင်း မောင်ရေ''

ယခုတော့ လွန်စွာမှ မာယာများလှသော လျှို့ဝှက်မှုများ ဖွဲ့တည်နေသော သွေးပျက်ထိတ်လန့်ဖွယ်ကောင်းသော ဘိုတဲ ပျက်ကြီးနှင့် ဖုန်းမသိမ်ကုန်းခေါ် အမင်္ဂလာကုန်းကြီးသည် သူနှင့်





ယှဉ်ပြိုင်အနိုင်ယူရန်ရောက်ရှိလာကြသည့် မင်းမောင်ကို မသိ ကျိုးကျွန်ပြုထားခဲ့လေပြီထင့် ...။

ညီမိုမို့ ပုပ်အဲ့အဲ့အနံ့ဆိုးကြီးများဖြင့် မင်းမောင်အား တိုးဝှေ့ ဖြတ်သန်းသွားကြသည်။ ကြီးမားလှသော မြေကြွက်ကြီးလေး ငါးကောင်ကြောင့် မင်းမောင်၏အလည်လွန်အတွေးစများက ဖျတ်ခနဲ ပြတ်တောက်သွားကြရသည်။ ဘိုတဲပျက်ကြီးမှာ စစ် အတွင်းက ဗုံးဒဏ်၊ အမြောက်လက်နက်ကြီးများဒဏ် ခံခဲ့ရသည် ဆိုသော်လည်း လုံးဝပြိုကျပျက်စီးသွားခြင်းမဟုတ်ပါ။ ဗုံးဒဏ်ထိ သည့် နောက်ဖေးဘက်တစ်ခြမ်းနှင့် မြောက်ဘက်အပေါ်ထပ် တစ်ခြမ်းသာ ပျက်စီးယိုယွင်းလျက်ရှိပါ၏။

သို့သော် စစ်ပြီးကာလတွင် ဖုန်းဆိုးကုန်းကြီးသဖွယ် ဖြစ် ပျက်ခဲ့သည့်မို့ ချုံနွယ်ပိတ်ပေါင်းများက တစ်စတစ်စဖုံးလွှမ်းကာ ယခုဆိုလျှင် ဘိုတဲပျက်ကြီးတစ်ခုလုံးနီးပါးကိုပင် ဝါးမျိုဖုံးလွှမ်း တော့မည်ကဲ့သို့ ရှိနေပါတော့သည်။ မင်းမောင်က တိတ်ဆိတ်ငြိမ် သက်နေသည့် ဘိုတဲပျက်ကြီးအတွင်းသို့ အပျက်အစီးများကို ကျော်လွှားကာ ဝင်ရောက်လာခဲ့သည်။

သစ်သားအကျိုးအပျက်များ၊ ပင့်ကူမှျင်ကြီးများနှင့် ပျက် စီးဟောင်းနွမ်းနေပြီဖြစ်သည့် ဘိုတဲပျက်ကြီး၏အတွင်းပိုင်းက ခပ်မှောင်မှောင် ညှီစို့စို့နှင့်မင်းမောင်ကိုတိတ်ဆိတ်စွာပင်ဆီးကြို နေပါလေ၏။ သူ၏လှုပ်ရှားမှုခြေသံကြောင့် တကျည်ကျည်အော် မြည်ကာ ဟိုသည်ပြေးလွှားနေကြသည့် မြေကြွက်ကြီးများမှအပ



www.burmeseclassic.com

www.burmeseclassic.com



လူသူအရိပ်အယောင်ဟူ၍လုံးဝမမြင်မတွေ့ရပါချေ။

"ဟား . . . ဟောဒီဘိုတဲပျက်ကြီးထဲကို ဝင်သွားတာ ငါ့မျက်စိနဲ့ တပ်အပ်သေချာကိုမြင်လိုက်ရတာပါ၊ အခုတော့ ဘာမှလည်းမတွေ့ရတော့ပါလား။ အင်း . . . ညက ငါ အိပ်ရေးပျက်ခဲ့လို့များ မှုန်ဝါးဝါးဖြစ်ပြီး မြင်ချင်တာတွေမြင်နေတာများလား"

မင်းမောင်တစ်ယောက် မရေမရာအတွေးများဖြင့် ဘိုတဲပျက်ကြီးအတွင်းဝယ် ယောင်ချာချာနှင့် သွားလာကြည့်ရှုနေမိသည်။ အတန်ကြာမျှ တစ်ခန်းဝင်တစ်ခန်းထွက်နှင့်ရှာဖွေနေခဲ့သည့်တိုင် သူမြင်တွေ့လိုက်ရသည့် သဏ္ဌာန်ရှင်မှာ ထူးထူးခြားခြားပင် ပျောက်ဆုံးလျက်ရှိပါချေပြီကော။

"အင်း . . . ငါကိုယ်တိုင်အိပ်ရေးတွေပျက်ခဲ့လို့ အမြင်မှားတာနေမှာပါလေ၊ ဟို . . . မှဆိုးကောင်ဒေါင်းမိုက်နဲ့လည်း တွေ့ရဦးမယ်၊ တော်ကြာ တောလည်ထွက်သွားရင် လွဲချော်ကုန်မယ်၊ နောက်မှ ဘိုတဲကြီးရဲ့အပေါ်ထပ်, အောက်ထပ်တွေအားလုံးကို သေချာစစ်ဆေးပြီးကြည့်တော့မယ်"

ထို့နောက်မှာတော့ ဒေါင်းမိုက်အား လွဲချော်သွားမည်စိုး၍ ဘိုတဲပျက်ကြီးအတွင်းမှ မင်းမောင်ထွက်လာခဲ့ပါတော့သည်။ သူ၏စိတ်အစဉ်က မုဆိုးဒေါင်းမိုက်တို့မောင်နှမထံရောက်ရှိနေသည်မို့ ဘိုတဲပျက်ကြီး၏ချုံနွယ်များပိတ်ဖုံးလျက်ရှိသော အတွင်းခန်းတစ်ခုဆီမှ သူ့အား စူးစူးရဲရဲကြည့်နေသည့် စိမ်းဖန့်ဖန့်မျက်လုံးကြီးနှစ်လုံးကိုမူ မင်းမောင်တစ်ယောက် သတိမထားမိခဲ့။

---

ခု နစ် စဉ် ကြယ် တာ ပေ



သူ၏ သွက်လက်တက်ကြွသော မျှော်လင့်ချက်ခြေလှမ်းများက ဖုန်းမသိမ်ကုန်းမှ မုဆိုးကောင်ဒေါင်းမိုက်ရှိရာသို့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

## ဂုမ္ဘာန်တစ်ထောင်နှင့် ထိပ်တိုက်တွေ့ဆုံခြင်း

နံနက်ခင်းနေခြည်အောက်တွင် တစ်ပင်ပျံကျ၊ တစ်ကိုင်း ဝင်နားနေကြသော ကျေးငှက်သံလေးများက ကျည်ကျည်ကျ ကျာနှင့် နေကျော်နေသည့်တောင်နီတောင်၊ နေခြည်ဟတ်နေ သည့် ဖုန်းမသိမ်ကုန်းကြီးတို့ထက်တွင် တစ်မျှော်တစ်ခေါ်ကြီး တွေ့မြင်နေရသည့် နေကြာခင်းကြီးက နေခြည်အနမ်းတွင် လန် လန်းစွင့်ဖွင့်နှင့်ပါတည်း။

တောင်နီတောင်တန်းကြီးဘက်တွင်မူ တိမ်တွေးမြူမှုန်များ ရစ်ပတ်ထားသည့် ညို့ညို့ဆိုင်းဆိုင်းနှင့် တောင်တန်းတောင်စွယ် ကြီးများက ခပ်မှိုင်းမှိုင်းနှင့် မှုန်ကုပ်ကုပ်ရှိနေကြသည်သို့။ ဖုန်း သိမ်ကုန်းနှင့် ထိစပ်ဆက်သွယ်လျက်ရှိသော မှိုင်းညို့ညို့ တော အုပ်ထုထုကြီးက နေရောင်တွင် တလက်လက်ထနေပါချေ





သို့သော် ... နံနက်ခင်းနေခြည်တို့ ထိရိုက်နမ်းမှုဖြင့် လန်းလွင့်ဖွင့်ကားနေသည့် နေကြာပန်းခင်းကြီးအလယ်မှ ညှိုး လျော်နေသည့် နေကြာတစ်ပွင့်ကို မင်းမောင်မှန်းဆမြင်ယောင်နေမိ ပါ၏။ ဟုတ်သည် ... ဂုမ္ဘာန်တစ်ထောင်စောင့်ကြပ်ခံရသည့် လှောင်ချိုင့်စံနေကြာမင်းသမီးလေး၏ မျက်နှာနွမ်းနွမ်းလေးကို မင်းမောင် သတိရနေမိသည်။

"တောက် ... ဘီလူးလိုကောင်တစ်ကောင်ရဲ့ လက်ထဲမှာ မှ နွယ်နီနုတ်ပန်းတစ်ပွင့်က ရောက်နေရတယ်လို့ကွာ ... ဟင်း ... တွေ့ကြပြီပေါ့ မှဆိုးကောင်ဒေါင်းမိုက်ရေ ... ဟင်း ဟင်း ဟင်း"

တောက်တစ်ချက်ကို မကျေမနပ်ဖြင့် ခေါက်လိုက်ရင်း ဒေါင်းမိုက် လူကြမ်းလူရိုင်းကောင်ကို ကြိမ်းဝါးကာ နေကြာခင်း နံဘေးလမ်းကြောလေးမှတစ်ဆင့် သစ်လုံးအိမ်ရှိရာသို့ မင်းမောင် ပြတ်တက်လာခဲ့သည်။ ယခုအချိန်ထိတိုင် လူသူအရိပ်အယောင် မမြင်မတွေ့ရသေး။ လေပြည်အသွဲ့တွင် ယိမ်းထိုးလှုပ်ယမ်းနေကြ သည့် နေကြာပွင့်များကသာ ဖုန်းမသိမ်ကုန်းထက်တွင် သက်ဝင် လှုပ်ရှားနေကြသည်သို့ ...။

ထိုစဉ်မှာပင် ...

"အစ်ကို ... အစ်ကို ... အစ်ကို"

ခေါ်သံအောရှရှအသံဝါလေးက နေကြာခင်းကြီးထဲမှ ပျံ့ သန်းပြေးလွှားလာသည်။ ရုတ်တရက် မထင်မှတ်ဘဲ ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည့်ခေါ်သံကြောင့် မင်းမောင် နေကြာခင်းကြီးတစ်ဝိုက် ပတ်ချာလည်မှုးနောက်သွားအောင် ရှာဖွေကြည့်လိုက်သည်။ ဘာကိုမှ မတွေ့ရ။

ထိုအခိုက် . . . သူ၏အနောက်ဘက်မှ နေကြာပင်တချို့ လှုပ်ရှားသွားကြကာ နေကြာခင်းကြီးထဲမှ ဖျတ်ခနဲထွက်လာသည့် နေကြာမင်းသမီးလေးကို မင်းမောင်မြင်တွေ့လိုက်ရသည်။

အသားအရေက ဖြူဝါဝါ၊ မျက်နှာလေးက သွယ်ယောင်ယောင်နှင့်ပါးနှစ်ဖက်ကမူ နေခြည်ဟပ်ထားသဖြင့် အနီရောင်သန်းလျက်။ ဆံနွယ်စလေးများတွင် ချွေးစလေလား နှင်းရည်တို့လေလား မသိ . . . တွဲခိုနေကြသည်။ နက်မှောင်ရှည်လျားသော ဆံပင်ရှည်ကြီးများက ထုံးနှောင်မထားသည်မို့ လေပြည်တွင် ဆော့ကစားနေကြသည်သို့။

မျက်လုံးလေးများက သမင်မမျက်လုံးကဲ့သို့ ကြည်ရွှန်းလင်းလက်နေကြပြီး မို့မောက်သောအရင်အစုံက ဖျင်အင်္ကျီအမည်းအောက်မှ တင်းရင်းရုံးကြွလျက်။ သူ့အောက်မှ သေးကျဉ်သောခါးနှင့် စွင့်ကားသောတင်အလှက နေကြာပွင့်လေးများနှင့် အပြိုင် အနိုင်လုနေကြသည့်နှယ်ပါတည်း။

ထိုထိုသော အလှပေါင်းစုံစုဝေးနေသည့် နေကြာမင်းသမီးလေးအား ကြည့်ကာ မင်းမောင် မှင်တက်ငေးမောနေမိစဉ် . . .

"အစ်ကို အစ်ကို . . . အန္တရာယ်များလိုက်တာ အစ်ကိုရယ်၊ ဘာဖြစ်လို့ ဖုန်းမသိမ်ကုန်းအထိတောင် လိုက်လာခဲ့ရတာ





လဲ အစ်ကိုရယ်၊ တော်ကြာ . . . ကိုကြီးဒေါင်းနဲ့တွေ့ရင် ပြဿနာတွေ တက်ကုန်ပါ့မယ်ရှင်"

စိုးထိတ်ကြောက်ရွံ့နေသည့် မျက်နှာလေးနှင့်တုန်ယင်လှုပ်ခတ်စွာပြောဆိုရင်း မင်းမောင်အနီးသို့တိုင်ရောက်လာသည့် နေကြာဆိုသောမိန်းမချောလေးကို မင်းမောင် ကြင်နာစွာကြည့်လိုက်မိသည်။

"စိတ်မပူပါနဲ့ နေကြာ . . . ပြဿနာက သူ့နဲ့တွေ့ရင်းမှာမို့ အဲဒီပြဿနာရှိရာနေရာကိုပဲ အစ်ကိုလာခဲ့တာပါ၊ နောက်ပြီး လှောင်ချိုင့်စံနေကြာနတ်သမီးလေးကိုလည်း တွေ့ချင်မြင်ချင်လို့"

"အို"

မင်းမောင်၏ မကွယ်မဝှက် ရှင်းလင်းပြတ်သားစွာပြောလိုက်သော စကားသံကြောင့် နေကြာ၏မျက်နှာထက်တွင် အပျိုမ၏ရှက်သွေးတို့က ရဲခနဲဖြစ်သွားပါ၏။ တစ်ဆက်တည်းမှာပင် နေကြာ၏စိတ်အတွေးတွင် သည်အမြွာညီအစ်ကိုနှစ်ယောက်နှင့် ဆုံတွေ့ခွင့်ဖန်လာသည့် ရေစက်ကိုလည်း အံ့သြနေမိသည်။

ပထမဆုံးအကြိမ် သူ၏အမြွာအစ်ကိုကြီးဖြစ်သူ ဒေါက်တာလင်းမောင်သတိလစ်မေ့မြောခဲ့စဉ်က နေကြာနှင့် တွေ့ဆုံကာ အမှတ်မထင် ကယ်တင်ခွင့်ရခဲ့ရာမှ အပျိုရိုင်းလေး၏နှလုံးသားရင်ပြင်တွင် လှပသောသံစဉ်တချို့ လှုပ်ခတ်သွားခဲ့ဖူးသည်။ ယခုတစ်ကြိမ်တွင် သူမ လျှိုကြီးထဲတွင် နွယ်ဒန်းစီးရင်း ငန်းမြွေကြီးလက်ချက်ဖြင့် အန္တရာယ်ကျရောက်လုလုအချိန်ဝယ် အမြွာညီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ မင်းမောင်ဟုခေါ်သော စာရေးဆရာလေးက အချိန်း တစ်ကျော့ပြန်၍ ကယ်တင်ပေးခဲ့ခြင်းက ထူးခြားဆန်းပြားလှသည့် ကံကြမ္မာအလှည့်အပြောင်းတစ်ခုနှယ်ပါတည်း။

သို့သော် ခင်မင်တွယ်တာစရာ သံယောဇဉ်ရှားပါးတော်မူ နေရာသည့် အချစ်မိုးခေါင်ရေရှားရပ်ဝန်းဒေသမှ နေကြာ နှလုံးသားအိမ်လေးသည် ဤအမြွှာညီအစ်ကိုနှစ်ယောက်ကြော တဆတ်ဆတ်လှုပ်ခါသွားခဲ့ရပါသည်ဟု . . . ဆိုလျှင်။

နေကြာတစ်ပွင့်ကိုကိုင်ကာ နေကြာ မင်းမောင်ကို မေ့ ကြည့်နေရင်းမှ ဖျတ်ခနဲခေါင်းကိုငုံ့လိုက်သည်။ မို့ယောင်ယော ရင်အုံလေးမှာ ဖျင်အင်္ကျီအမည်းအောက်မှ ကြွချည်ဖောင်းချည် ဖြစ်နေပါ၏။ မင်းမောင်မှာလည်း နေကြာ၏မျက်နှာလှလှလေးကို သတိလက်လွှတ်ငေးမောကြည့်နေရင်း ရင်အုံကြီးတွေ နိမ့်ချည် မြင့်ချည်နှင့် သွေးပူပူကလေးမှာ ခြေဖျားလက်ဖျားမှသည် တရှိ တိုးလျက် နားထင်နားသယ်သို့တိုင် တဒုတ်ဒုတ်နှင့်တိုးလျက် ရှိပါချေပြီကော။

အတန်ကြာမှ မင်းမောင်က အရဲစွန့်၍ နေကြာ၏လက် ကလေးကို ဖျတ်ခနဲဆုပ်ကိုင်လိုက်သည်။ နေကြာ၏လက်ကို ကိုင်လိုက်မိသောအခါမှ နှစ်ဦးစလုံး အသားများတုန်နေကြသည့် ကို သတိပြုမိလိုက်သည်။ လောကကြီးတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက် နေကြာခင်းကိုဖြတ်၍တိုက်ခတ်လာသည့် လေ ပြည်ညင်းက နှစ်ဦးသားကြားမှ သဲ့သဲ့ရယ်မောလျက် တိုက်ခတ်





သွားစဉ် . . .

"နေကြာ . . . တကယ်ပါကွယ် အစ်ကိုကြီး ပျောက်ဆုံးနေတဲ့ အမှုကိစ္စကြီးရှင်းသွားလို့ အားလုံးဖော်ထုတ်ပြီးသွားပြီဆိုရင် နေကြာ့ကို ရင်ထဲမှာသိမ်းဆားတဲ့ စကားတစ်ခွန်းကို အစ်ကို ပြောပြမယ်နော်"

နောက်ဆက်တွဲထပ်၍ပြောကြားလာသည့် မင်းမောင်၏ စကားလုံးများကြောင့် နေကြာ၏ အပျိုမမျက်နှာလေးမှာ ပို၍ ငုံ့လျှိုးသွားသယောင်။

ထိုအခိုက် နေကြာခင်းအစပ်မှ ရူးရူးဝါးဝါးထိုးဟောင်လာသည့် ခွေးဟောင်သံကြီးကြောင့် နှစ်ယောက်သား အထိတ်တလန့်နှင့် လှုချင်းခွာကာ လှည့်ကြည့်လိုက်ကြသည်။

'ဝုတ် . . ဝုတ် . . ဝုတ်'

မင်းမောင်ရှိရာသို့ တစ်ရှိန်ထိုးပြေးဝင်လာသည့် ရန်လုံနှင့် မြင်းညိုကြီးထက်မှ သူတို့နှစ်ဦးထံ ရူးရူးရဲရဲကြည့်နေသည့် ညိုမောင်းထွားကျိုင်းလှသည့် မုဆိုးခေါင်းမိုက်ကို မြင်တွေ့လိုက်ရသည်။

ကြောက်ရွံ့ထိတ်လန့်စိတ်ကြောင့် နေကြာ၏တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားသွားပါ၏။ သို့တိုင်အောင် . . . မင်းမောင်အား အမဲကောင်သဖွယ် ကိုက်ခဲရန် တစ်ရှိန်ထိုး ပြေးလွှားခုန်ပျံ၍ ဝင်လာသည့် အမဲလိုက်ခွေးကြီးရန်လုံနှင့် မင်းမောင်အကြားသို့ နေကြာ ဖျတ်ခနဲပြေးဝင်လာပြီး မင်းမောင်ရှေ့မှ ပိတ်ဆို့ကာရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ရန်လုံ ... ရပ်လိုက်စမ်း"

ရုတ်တရက် အော်ငေါက်အမိန့်ပေးလိုက်သည့် ဒေါင်းမိုက်၏ မိုးကြိုးသွားထက်ပြင်းထန်သော အမိန့်သံအောက်ဝယ် ရန်လုံမှာ ရောက်နေရာ၌ တိခနဲရပ်တန့်လိုက်သည်။, သခင့်အမိန့်ကို နာခံလွန်းလှသည့် သစ္စာရှိခွေးကြီးပင်တည်း။

"အစ်ကို ... အစ်ကို ... ပြန် ... ပြန်တော့ ... မြန်မြန်ပြန်ပါတော့ရှင်"

စိုးရိမ်ထိတ်လန့်စွာဖြင့် နှင်နေသည့် နေကြာ၏စကားသံကို နှစ်ဦးစလုံး မကြားနိုင်ကြ။ အေးစက်တိတ်ဆိတ်စွာဖြင့် ပေါက်ကွဲနေကြသည့် မီးတောက်မျက်လုံးနှစ်စုံက စူးစူးရဲရဲနှင့် အားပြိုင်နေကြသည်သို့။

ခံပြင်းမှု၊ နာကြည်းမှု၊ မလိုလားမှု၊ အမုန်းအငြိုး အာဃာတများဖြင့် ရင်မှာ သံမှိုစွဲသကဲ့သို့ မှတ်မှတ်ထင်ထင်ရှိနေသည့် ဒေါင်းမိုက်၏မီးတောက်မျက်လုံးများနှင့် ...

မကျေနပ်မှု၊ ရန်ငြိုးသိမှု၊ လက်စားချေလိုမှု၊ နာကြည်း ပေါက်ကွဲတော့မည့်ဒဏ်ရာရ နှလုံးသားတစ်ခုနှင့် ဖောက်ခွဲဖြိုခွင်းတော့မည် မင်းမောင်၏မီးလျှံမျက်လုံးတို့ ရှည်ကြာမြင့်စွာ စူးစူးနစ်နစ်ကြည့်နေကြသည်။

"သွားလေ ... သွားပါတော့အစ်ကို ... နေကြာတောင်းပန်ပါတယ်ရှင်"





သို့တိုင်အောင် မင်းမောင်၏ ကျောက်သားကျောက်စိုင်နှယ် စိုက်မှတ်သောခြေအစုံက လုံးဝ မရွေ့လျားပါ။

"ဟင်အင်း ... အစ်ကိုမသွားဘူး၊ မပြန်ဘူး နေကြာ၊ ဒေါင်းမိုက်ဆိုတဲ့မုဆိုးကို တမင်တကာတွေ့ချင်လွန်းလို့ကို ဖုန်းမသိမ်ကုန်းကို တစ်ယောက်တည်း လာခဲ့တာ"

မင်းမောင်၏အေးစက်မာကျောသော စကားသံက ဒေါင်းမိုက်၏နားစည်ထဲသို့ သံပူရည်လောင်းချလိုက်သကဲ့သို့ ခံစားလိုက်ရသည်နှင့် မြင်းညိုကြီးထက်မှ လွှားခနဲဆင်းကာ မင်းမောင်ရှိရာသို့ ဝင်လာခဲ့သည်။ ဒေါင်းမိုက်၏ဒေါသတို့ကလည်း ဆူဝေစွာ ပေါက်ကွဲထွက်လာပါလေ၏။

"ဟင် ... နှင် ... နှင် ... တယ်မိုက်ပါလား နေကြာ ... ငါ့ကို ... ငါ့ကို"

"အို ... မဟုတ်ဘူး မဟုတ်ဘူး ... ကိုကြီးဒေါင်း ထင်သလို မဟုတ်ဘူး အထင်မှားမယ်၊ ဒါ ... ဒါပေမဲ့ ဒီကအစ်ကိုက နေကြာရဲ့အသက်ကို ကယ်ခဲ့ဖူးတယ်လေ ... ဟို ... ဟို ... နောက် ... နောက်ပြီး ဟို ... ဟို ပျောက်ဆုံးနေတယ်ဆိုတဲ့ ဆ ... ဆရာဝန်ရဲ့ ညီ ... ညီအရင်းပါ ကိုကြီးဒေါင်းရယ်"

နေကြာခမျာ ထိတ်ထိတ်လန့်လန့်ကြားမှ မင်းမောင် အန္တရာယ်မကျရောက်စေရန် အစ်ကိုကြီးဖြစ်သူအား ရှင်းပြပြောဆိုနေပါ၏။ သို့သော် ထိုသို့ရှင်းပြမှုပင် ဒေါင်းမိုက်၏ ဒေါသဒီဂရီတို့က ပို၍မြင့်တက်ပေါက်ကွဲလာခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော် ...တိတ် ...ဒီဆရာဝန်နဲ့ပတ်သက်လာရင် ငါ ဘာမှမကြားချင်ဘူး၊ ငါ့နယ်မြေထဲကို ငါ့ခွင့်ပြုချက်မရဘဲ ဝင်လာတဲ့သူဟာ ငါ့ရဲ့ရန်သူပဲ၊ ဝင်လာတဲ့သူမှန်သမျှကိုလည်း ငါကိုယ်တိုင် အပြတ်ရှင်းပစ်ရမှာပဲဟေ့"

မင်းမောင်က ဒေါသတကြီးနှင့်စည်းလွတ်ဝါးလွတ် ရမ်းကားပြောဆိုနေသည့် မှဆိုးလူကြမ်းကြီးဒေါင်းမိုက်ကို ကြည့်ကာ ပခုံးတစ်ချက်ကို ဟန်ပါပါတွန့်လိုက်ရင်း ...

"ဒါဆိုရင် ကျုပ်ရဲ့အစ်ကိုကြီးကို ခင်ဗျားကြီးပဲ ရှင်းပစ်လိုက်တာပေါ့ ...ဟုတ်လား"

မင်းမောင်၏တန်ပြန်မေးခွန်းက ဒေါင်းမိုက်၏ရင်ကို တိုက်ရိုက်ထိမှန်သွားသည်ထင့်။ သားကောင်ရှိရာသို့ တိုးဝင်လာသည့် မှဆိုးရဲတစ်ဦးနှယ် မင်းမောင်ရှိရာသို့ ဒေါသတကြီး တိုးဝင်လာသည်။ သူ့ထံသို့ရဲဝံ့သောခြေလှမ်းများဖြင့် တိုးဝင်လာသည့် ဒေါင်းမိုက်ကို မင်းမောင် စူးစူးရဲရဲပင်ကြည့်နေမိသည်။

ခြင်္သေ့တစ်ကောင်နှင့် ကျားရဲတစ်ကောင်တို့၏ ထိပ်တိုက်ရင်ဆိုင်ပွဲက အသေခံကာတိုက်ခိုက်ကြမည့်အသွင်ကို ဆောင်နေပါ၏။ နေကြာ၏မျက်နှာထက်မှာတော့ ထိတ်လန့်စိုးရွံ့မှု၊ ကြောက်ရွံ့တုန်လှုပ်မှုတို့က ထင်ဟပ်စိုးမိုးလျက်။ ဒေါသဘီလူးစီးနေကြသည့် အနီရောင်မီးတောက်နှစ်ခုကို ငြိမ်းသတ်နိုင်ဖို့ဆိုသည်က နေကြာတစ်ယောက်တည်းဖြင့် မလုံလောက်ပါ။

မင်းမောင်ကလည်း ရှောင်နေ၍ရှင်းသွားမည့် ပြဿနာ





မဟုတ်၍ ရန်လိုနေသည့် ဒေါင်းမိုက်ကိုရင်ဆိုင်ရန်အတွက် အသင့်ပြင်လိုက်သည်။ ဒေါသအငိုးများ၊ အာဃာတအငြိုးများနှင့် ဘီလူးကောင်ဒေါင်းမိုက်ကလည်း သူ၏အညိုရောင်လောင်းကုတ်အင်္ကျီရှည်ကြီးကိုချွတ်၍ ဒေါသတကြီးပစ်ပေါက်လိုက်ကာ မိုးခြိမ်းသံကဲ့သို့ အာခေါင်ခြစ်မတတ် ဟစ်အော်ရင်း မင်းမောင်ဆီသို့ ပြေးဝင်လာသည်။

"ဟေး"

ထန်းသီးဆုတ်လောက်ကြီးပြီး မြွေဟောက်တစ်ကောင်လို လျင်မြန်သော ဒေါင်းမိုက်၏လက်သီးချက်ကို မင်းမောင် အချိန်မီ မတိမ်းရှောင်နိုင်ခဲ့။

'ဘုန်း ..ခွပ်'

'အင့်'

ထိချက်က ပြင်းသည်မို့ မင်းမောင်မှာ နေကြာခင်းအစပ်ထိတိုင် ပက်လက်လန်ကျသွားခဲ့သည်။ တစ်ဆက်တည်းမှာပင် ဒေါင်းမိုက်၏မာန်သွင်းအော်ဟစ်သံကြီးနှင့်အတူ ခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်လှစွာပင် မင်းမောင်လန်ကျသွားရာနောက်သို့ ခုန်ပျံ၍ ဖနောင့်နှင့်ပေါက်ချလိုက်သည်။

'ဟေး ..ဟိုင်း'

'ဝုစ် ..ဖရော ..ဖောင်း'

သည်တစ်ကြိမ်တော့ ရိပ်ခနဲဝင်လာသည့် ဒေါင်းမိုက်၏ ခြေစောင်းဖနောင့်အောက်မှ မင်းမောင် ဖျတ်ခနဲ လိမ့်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့တိုင်အောင် ပတ်၍ကန်လိုက်သည့် ဘယ်ဒူးကန်ချက်က မင်းမောင်၏နံစောင်းကို အလွတ်မပေး ...ရုပ်၍ ဖြတ်၍ ထိသွားသည်။

"ကိုကြီးဒေါင်း ကိုကြီးဒေါင်း ... မလုပ်နဲ့ ... မလုပ်ပါနဲ့"

တိုက်ကွဲကြီးနှစ်ကောင်နှယ် သံသယကိုယ်စီနှင့် သဲသဲမဲမဲတိုက်ခိုက်နေကြသည့် သတ်ကွင်းထဲသို့ နေကြာ မဝင်ရဲသဖြင့် ခပ်လှမ်းလှမ်းမှသာ အစိုးရိမ်မျက်နှာနှင့် ဟစ်အော်တားမြစ်နေပါ၏။ သို့သော် နေကြာ၏ဟစ်အော်သံလေးက ဒေါင်းမိုက်၏မာန်သွင်းအော်ဟစ်ကြုံးဝါးသံအောက်တွင် တစ်စစီ ပျက်စီးသွားသည်သို့။

'ဟိုင်း ..ယား'

'ဒုတ် ..ခွပ် ..ဖောင်း'

ကျွဲပေါက်ကြီးတစ်ကောင်နှယ် သန်မာထွားကျိုင်းပြီး နေ့စဉ်နှင့်အမျှကြမ်းတမ်းရိုင်းစိုင်းသော တောကောင်ကြီးများနှင့် ယှဉ်ပြိုင်သတ်ဖြတ်နေရသည့် တောပျော်မုဆိုးကြမ်းကြီးတစ်ယောက်။

မျက်နှာပြင်တစ်ခုလုံး မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး နှုတ်ခမ်းမွေးများဖြင့် ဖုံးအုပ်လုနီးပါးရှိပြီး ရူးရဲသောမျက်လုံးအစုံကသားကောင်ကိုအလွတ်မပေးစတမ်း ယှဉ်လာသူကို အရှုံးမပေးစတမ်းဟူသော ဆုံးဖြတ်ချက်နှင့် လောကကြီးတစ်ခုလုံးအားအမုန်းမီးတောက်များဖြင့် လောင်တိုက်သွင်းမည့် လူ့ဘီလူးကြီးတစ်ယောက်နှင့် ...





ယောက်ျားတစ်ယောက်တွင် ရှိသင့်ရှိထိုက်သည့် ထောင်မောင်းသောခန္ဓာကိုယ်အချိုးအစား၊ မာဆယ်ကြွက်သားများနှင့်ခြေတံလက်တံအကျ အချိုးကျပြီး ကိုယ်ကာယအားကစားအမြဲလိုက်စားသူပီပီ အဆီအသားအပိုအလိုမရှိ ကျစ်လျစ်မာကျောလှသည့် ...မင်းမောင်။

ယောက်ျားပီသသော ဟန်ပန်အပြည့် အသားညိုညိုနှင့်မျက်နှာကအမြဲနုပျိုလတ်ဆတ်နေသည့် ဥပဓိရုပ်ကြောင့် လူချောတစ်ယောက်ဟု သတ်မှတ်ခေါ်ဆိုထိုက်သည့်အကြည့်ရူးရူးနှင့်လူတစ်ယောက်၊ မြန်မာ့ကိုယ်ခံသိုင်းပညာရပ်များ၊ ဂျူဒိုကရာတေး စသည့်များနှင့် အသတ်အပုတ်ပညာရပ်များကို ငယ်စဉ်ကတည်းက ဝါသနာကြီးလွန်းလှသည့် ကျားပေါက်တစ်ကောင်ကဲ့သို့ ကျစ်လျစ်သန်စွမ်းသော မင်းမောင် သို့မဟုတ် မာန်ကြီးသူတစ်ယောက်တို့၏ ပဋိပက္ခသံသယတိုက်ပွဲကြီးက ပိုမို၍မီးတောက်များ ကြီးထွားလာခဲ့ပြီကော ...

'ဟေး ..ဟိုင်း'

'ဖောင်း ..ဗွပ်'

'အင့်'

ဆက်တိုက်ဆိုသလို လျှပ်စီးပျက်သကဲ့သို့ တရစပ် ဝင်လာသည့် တောပျော်မုဆိုးကြီးတစ်ယောက်၏ မနုဿတိုက်ကွက်များအောက်တွင် မင်းမောင် အလူးအလဲခံနေရသည်။

'ခွပ်'



www.burmeseclassic.com

www.burmeseclassic.com



'အင့်'

ဒေါင်းမိုက်၏ လက်သီးပြင်းတစ်ချက်က မင်းမောင်၏ မေးရိုးကို ရုပ်ထိသွားသဖြင့် နှုတ်ခမ်းမှသွေးစီးများ လွင့်စဉ် ထွက်သွားကြသည်။ ဘီလူးသရဲတစ်ကောင်စီးနေသည့်နှယ် အသေအကျေတိုက်ကွက်များနှင့် တရကြမ်းတိုက်စစ်ဆင်နေသည့် အစ်ကိုဖြစ်သူဒေါင်းမိုက်ကိုကြည့်ကာ နေကြာပင် သွေးပျက် ချောက်ချားလာခဲ့သည်။

ဟုတ်သည် ... ကျားပေါက်ကလေးမင်းမောင်၏ မျက်နှာပြင်ထက်မှာတော့ ဖူးယောင်ပေါက်ပြဲလျက် သွေးစသွေးနများ နှင့် မြက်ပင်၊ ဖုန်မှုန့်သဲမှုန့်များကလည်း ခန္ဓာကိုယ်အနှံ့ စုတ်ပြတ် ပေကျံလျက်ရှိပါချေပြီကော။ သာမန်လူတစ်ယောက်သာဆိုလျှင် ဒေါင်းမိုက်၏တစ်ချက်ကောင်း သတ်ကွက်များအောက်တွင် စိစိ ညက်ညက်ကျေလောက်ပေပြီ။

'ဟိတ် .. ယား'

'ဖောင်း .. ဝုန်း .. ဝုန်း'

ပွဲသိမ်းတိုက်ကွက်များကိုသာ ထိရောက်လျင်မြန်စွာ သုံး၍ တိုက်ခိုက်နေသည့် မုဆိုးကြမ်းကြီးဒေါင်းမိုက်ကိုယ်တိုင်ပင် မင်းမောင်အပေါ် သံသယဖြစ်လာသည်။ ထိုစဉ်မှာပင် ဒေါင်းမိုက် ၏ထိုးနက်ချက်များကြောင့် ဒူးညွှတ်ခွေကျကာ ကုန်းကုန်းကြီးဖြစ် နေသည့် မင်းမောင်မှာ ရုတ်တရက် မာန်သွင်းဟစ်အော်သံကြီး နှင့် အတူ ကုန်းရုန်းထလိုက်ပြီး ရှေ့တည့်တည့်မှ ဒေါင်းမိုက်





၏ရင်ပြင်ကျယ်ကြီးကို ဦးခေါင်းနှင့် ပြေး၍ဆောင့်တိုက်လိုက်သည်။

'ဟိုင်း'

'ဝုန် .. ဘုန်း .. အုန်း'

ဒေါင်းမိုက်မှာ အလစ်အငိုက်တွင်ခံလိုက်ရသည်မို့ ပါးစပ် ထဲမှလေများပင် ရှူးခနဲထွက်ကျကာ ကျွဲပေါက်နီးပါးရှိသော ခန္ဓာကိုယ်ကြီးမှာလည်း နောက်ဘက်သို့ ယိုင်ဆင်းပြိုလဲသွားပါ၏။

တစ်ဆက်တည်းမှာပင် ဆက်တိုက်ဆိုသလိုဝင်လာသည့် မင်းမောင်၏ကြောက်မက်ဖွယ်ထိုးနက်ချက်များက မုဆိုးကြီး ဒေါင်းမိုက်၏ပျော့ကွက်များရှိရာသို့ လေနီကြမ်းတစ်ခုနှယ် တဝုန်း ဝုန်းနှင့် တိုက်စစ်ဆင်လာပါတော့သည်။

'ဟေး .. ဟိုင်း'

'ဖောင်း .. ဖျောင်း .. ဒုတ်'

'အ .. အင့်'

သည်တစ်ကြိမ်တော့ မင်းမောင်၏ စဉ်ဆက်မပြတ် တိုက်ကွက်များအောက်တွင် ဒေါင်းမိုက်တစ်ယောက် တစ်ကျော့တစ်ပြန် အလူးအလဲခံနေရပါပြီ။ အနီးဝန်းကျင်မှ မြက်ရိုင်းပင်များနှင့် နေကြာခင်းတချို့ ထောင်းလမောင်းကြေကုန်ကြသည်။ နေကြာခင်းထဲမှ လိပ်ပြာတစ်အုပ် အဝေးသို့ ပျံသန်းထွက်ပြေးကုန်ကြ သည်။ သွဲ့သွဲ့ညင်ညင်တိုက်ခတ်နေသည့် လေပြည်ညင်းသည်ပင် မုန်တိုင်းအသွင်သို့ ပြောင်းလဲသွားခဲ့လေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဆိုရလျှင် . . . ဖုန်းမသိမ်ကုန်းထက်တွင် ပြင်းထန်သော လေပွေရိုင်းတစ်ခု မွှေ့ယမ်းတိုက်ခတ်လျက်ရှိနေပါပြီ။

''တော် . . . တော် . . . တော်ကြပါတော့ အစ်ကိုတို့ရယ်၊ နေကြာကိုချစ်ရင် ရပ် . . . ကြ . . . ရပ်ကြပါတော့ရှင်''

နေကြာမှာ ပန္နာမြေလူးငိုယိုလျက် အစ်ကိုဖြစ်သူဒေါင်းမိုက်နှင့် မင်းမောင်တို့အကြား သို့မဟုတ် တိုက်ကွဲကြီးနှစ်ကောင် သဲသဲမဲမဲခတ်နေကြသည့်အကြားသို့ မိုက်မိုက်မဲမဲ ပြေးဝင်ကာ တားဆီးလိုက်သည်။

သို့သော် . . . ကျားနာတစ်ကောင်နှယ် ဖြစ်သွားသည့် ဒေါင်းမိုက်က ညီမဖြစ်သူအား သတ်ပွဲအတွင်းမှဆွဲထုတ်ကာ နေကြာခင်းအစပ်သို့ပြန်၍တွန်းလွှတ်လိုက်သည်။

''ဟာ . . . ဖယ်စမ်းဟာ . . . သွားစမ်း''

ယခုအချိန်မှာတော့ နှစ်ဦးစလုံး သွေးစီးများ အလူးလူး ဒဏ်ရာဒဏ်ချက်များ ဖူးရောင်ပေါက်ပြဲလျက် ဒဏ်ရာအနာတရ များ ကိုယ်စီရရှိသွားကြသည့်တိုင် တိုက်ခိုက်မှုများက လုံးဝရပ် တန့်မသွားကြသေး။

တရှူးရှူးတရှဲရှဲနှင့် ဖားဖိုကြီးများကဲ့သို့ အသက်ကို အလု အယက်ရှူကာ တစ်ဦးနှင့်တစ်ဦး အလစ်ကိုချောင်းလျက် ကြည့်ရ သည်မှာ မည်သူကမျှ အရှုံးပေးလက်လျှော့ပေးမည့်ပုံ မပေါ်ပါ။ နှစ်ဦးစလုံး ဖူးဖူးထည်ညိုမည်းနေသည့် ဒဏ်ရာကိုယ်စီနှင့် ရေကုန် ရေခန်းနွံကြတော့မည်ထင့်။





အရပ်အမောင်းချင်း ကွာသည်။ လက်တံခြေတံချင်း ကွာ သည်။ ကျစ်လျစ်သန်မာမှုချင်း ကွာသည်။ ကာယဗလခွန်အား ချင်းလည်း ကွာသည်။ သွက်လက်ခြင်း၊ ဖျတ်လက်ခြင်း၊ အဝင်အ ထွက်ရဲရင့်ခြင်းကမူ သူမသာ . . . ကိုယ်မသာ။

ခြင်္သေ့တစ်ကောင်၏သန်မာခြင်းနှင့် ကျားပေါက်တစ် ကောင်၏လျင်မြန်ခြင်း။ သို့သော် . . . တိုက်ပွဲအချိန်ကြာမြင့် လာသည်နှင့် တိုက်ခိုက်မှုများက လေးလံနှေးကွေးလာကြသည်။

'ဝုန် . . ဒုတ်'

'ခွပ် . . ဖျောင်း'

'အ . . အင်း'

တစ်ဦး၏ထိုးနှက်ချက်ကို တစ်ယောက်က မရှောင်တိမ်း တော့။ တစ်လှည့်စီ,တစ်ပြန်စီ တိုက်ခိုက်သတ်ပုတ်နေကြသည့် တိုင် မည်သူမျှယောကျ်ားမာန်မလျှော့ကြသေး။ ကြာတော့ မဆိုးကြမ်းကြီးဒေါင်းမိုက်ကိုယ်တိုင်ပင် ဆရာဝန်၏အမြွာညီ ဆို သူကို တော်တော်ကြီးအံ့သြနေမိပါပြီ။

နေကြာကလည်း ထို့အတူပင်။ နေရဌရာ၊ ဖုန်းမသိမ် ကုန်း၊ မြိုင်သာ၊ လေးအိမ်စု စသောရွာစဉ်တစ်လျှောက်တွင် သူ၏အစ်ကိုဒေါင်းမိုက်ကို မည်သူမျှ ရင်ဆိုင်၍မတိုက်ခိုက်ရဲကြ။ ဒေါင်းမိုက်၏ သူမတူသောတိုက်ရည်ခိုက်ရည်နှင့် ခပ်ကြမ်းကြမ်း တိုက်စစ်ဆင်မှုကို မည်သူတစ်ဦးတစ်ယောက်မျှ မခုခံ, မတိုက် ခိုက်နိုင်ကြ။ ရှုံးနိမ့်မှုများနှင့်သာ ရင်ဆိုင်ကြရသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ယခုမူ မြင်ကွင်းက ပြောင်းပြန်။ သူ့၏ အစ်ကိုကြီးဒေါင်းမိုက်ကို မင်းမောင်တစ်ယောက် မည်သည့်နည်းနှင့်မျှ ယှဉ်ပြိုင်သတ်ပုတ်နိုင်လိမ့်မည်မဟုတ်ဟု ထင်မှတ်ထားခဲ့မိသည်။ သို့သော် ယခုတော့ အထင်နှင့်အမြင်သည် တက်တက်စင်အောင် လွဲချော်ခဲ့လေပြီလား။

"ဟွန့် ... လာလေ ကျွဲရိုင်းကောင်ကြီး ... ဘာလဲ ... မောနေပြီလား"

မင်းမောင်၏ ခနဲ့သလို၊ ရွဲ့သလိုစိန်ခေါ်စကားက ဒေါင်းမိုက်၏သိက္ခာကိုထိပါးစော်ကားလာသည်မို့ ဝုန်းခနဲ ဒေါသမာန နှင့်အတူ ဒေါင်းမိုက်၏လက်သီးကြီးများက မင်းမောင်၏ခန္ဓာကိုယ်အနှံ့ပေါ်သို့ တဘုန်းဘုန်းနှင့် ထိသည်။ မိသည်။

မင်းမောင်ကလည်း မရှောင်။ ဒေါင်းမိုက်ကို အနီးကပ်ပြန်၍ခုခံတိုက်ခိုက်သည်။

'ဟေး ..ဟိုင်း'

'ခွပ် ..ဖျောင်း ..ဒုတ်'

'အ ..အင့်'

တိုက်သည်၊ ခိုက်သည်၊ တိုးသည်၊ ထိုးသည်၊ ကန်သည်၊ ကျောက်သည်၊ လဲပြိုသည်၊ ပြန်ထသည် ... ထို့နောက် ပြန်၍ တိုက်သည်။ ကြာတော့ ဒေါင်းမိုက်ပင်မျက်လုံးပြူးလာခဲ့သည်။ ဒီကောင်လေးသည် ယှဉ်ပြိုင်တိုက်ခိုက်ရင်း အသက်သာ အသေခံသွားမည် အရှုံးပေးနောက်ဆုတ်မည့်သူမဟုတ်မှန်း ဒေါင်းမိုက်





သဘောပေါက်စပြုလာပါ၏။ ထို့အပြင် ...

ယောကျ်ားပီသသော ယောကျ်ားတစ်ယောက်ဟူ၍ ပထမဆုံးအကြိမ် ယှဉ်ပြိုင်ဖက်၊ တိုက်ဖော်တိုက်ဖက်ရန်သူ မင်းမောင်အပေါ်တွင် ဒေါင်းမိုက်သဘောကျသွားခဲ့ပါသည်။ ထို့ကြောင့် ဒဏ်ရာကြောင့် ဖူးရောင်ညိုမည်းနေသည့် မျက်လုံးတစ်ဖက်ကိုပိတ်၍ ကျန်တစ်ဖက်နှင့် ကျားပေါက်တစ်ငယ် ဘင်ကဲ့သို့ ရဲရင့်သွက်လက်သော မင်းမောင်ကိုကြည့်ရင်း လက်တစ်ဖက်ကို မြှောက်ကာ တိုက်ပွဲကို ဒေါင်းမိုက်ကစပြီး ရပ်တန့်ပစ်လိုက်ပါ၏။

"ဟေး ... တော်ပြီ ကောင်လေး ... ပွဲကို ဒီမှာတင်သရေနဲ့ ရပ်လိုက်ပြီ"

သို့တိုင်အောင် ... မျက်နှာတစ်ခုလုံး ဖူးရောင်ပေါက်ပြဲနေသည့် မင်းမောင်က မရပ်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ဆက်လက်ပူးကပ်တိုက်ခိုက်သည်။

"ဟေး ... ဟိုင်း"


'ခွပ် ..ဒုတ်'

မကြာမီ တိုက်ရင်းခိုက်ရင်း ဖွဲနုပဲကြီးသလောက် မာန်ကြီးကြသောတိုက်ကျွဲနှစ်ကောင်မှာ တစ်ဦးကိုတစ်ဦး မှီတွယ်ဖက်နိုင်ရင်း မြက်ခင်းထက်တွင် တအိအိနှင့် လဲပြိုကျကာ ငြိမ်သက်သွားကြပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

## သံသယဝင်ပါတော့မှအပြန် ...

နေညိုစပြုနေပြီ။

ဝင်လုဆဲနေလုံး နီထွေးထွေးကြီးက အနောက်ဘက်တောင်နီတောင်ကျော ထက်တွင် မေးတင်ခိုနားလျက်ရှိပါ၏။ အမျိုးအမည်မကွဲပြားသော အဖြူရောင်ငှက်ငယ်တချို့က ဝင်လုဆဲနေလုံးနီနီကြီးရှိရာသို့ မမိမကမ်းနှင့်လိုက်ပါပျံသန်းနေကြသည်။

ဖုန်းမသိမ်ကုန်းထက်ရှိ ကျယ်ပြောလှသော နေကြာခင်းကြီးပင် နေလုံးနီနီကြီးရှိရာတောင်နီတောင်ဘက်သို့ လှည့်၍ ဦးညွှတ်ငိုက်ဆင်းကာ နှုတ်ဆက်လက်ပြလျက်ရှိပါချေ၏။ စောစောပိုင်းက မှန်တိုင်းထန်နေသဖြင့် လွင့်ပျံထွက်ပြေးသွားကြသော ရောင်စုံလိပ်ပြာလေးများပင်လျှင် နေကြာပွင့်လေးများ ရင်ခွင်ထက်တွင် နားခိုမှေးစက်ရန် ဟန်ပြင်နေကြသည်။





ထိုအတူ ခပ်စောစောက အော်သံဟစ်သံ၊ မာန်သွင်းတိုက်ခိုက်သံများနှင့် မုန်တိုင်းထန်ခဲ့သော သစ်လုံးအိမ်ကလေးမှာလည်း မောလျပင်ပန်းသွားရှာပြီထင့် ... ဆည်းဆာနေလုံးအောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေပါ၏။ ညနေခင်းဆည်းဆာအချိန် ဆောင်းလေချမ်းကလေးက ဝှေ့ဝဲတိုက်ခတ်လာသဖြင့် ချမ်းစိမ့်စိမ့်ဖြစ်သွားရသည့် နေကြာတစ်ယောက် မီးကင်ပြီးစ ချေသားခြောက်ပန်းကန်လေးကိုကိုင်ကာ သစ်လုံးအိမ်ရှေ့အဖီလေးအောက်တွင် တိတ်ဆိတ်စွာထိုင်နေကြသည့် ကျောက်ဆစ်ရုပ်လူသားနှစ်ယောက်၏ကြားမှ သစ်မြစ်ဆုံစားပွဲဝိုင်းထက်ဝယ် အသာအယာချပေးလိုက်သည်။

ထူးဆန်းသည်က မုန်တိုင်းထန်စဉ်က ငိုမဲ့မဲ့ဖြစ်နေရှာသည့် နေကြာ၏မျက်နှာထက်တွင် ပြုံးလဲ့လဲ့တို့က စွန်းထင်းလျက် သစ်လုံးတိုင်အနီးတွင် မှီတွယ်၍ထိုင်လိုက်ရင်း စကားမပြောတတ်သည့် လူသားနှစ်ယောက်ကိုငေးကြည့်နေမိပါသည်။

အနိုက်အတန့် ယာယီငြိမ်းချမ်းရေးယူထားကြသည့် အစ်ကိုဖြစ်သူ ဒေါင်းမိုက်နှင့် မင်းမောင်တို့နှစ်ဦးမှာ တစ်ယောက်နှင့်တစ်ယောက် ယခုတိုင် စကားမပြောကြသေးပါ။ ဒေါင်းမိုက်ကမူ ဆတ်ချိုနအရက်တွင် မျောက်သွေးစိမ်ထားသည့် အရက်ကိုတစ်ခွက်ပြီးတစ်ခွက် သောက်နေသကဲ့သို့ ...

မင်းမောင်ကလည်း သစ်လုံးတိုင်ကိုမှီကာ သူ၏ဂျာကင်အင်္ကျီအိတ်ထဲမှ ကြေမွပိန်ရှုံ့နေသော ပုပ္ပါးစီးကရက်ဘူးကိုထုတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ အထဲမှ မကျိုးမကြေသော စီးကရက်တစ်လိပ်ကို ရွေးယူလိုက်သည်။ ပြီးမှဘောင်းဘီအိတ်ထဲသို့လက်နှိုက်ကာ ရှာဖွေ၍ ဓာတ်မီးခြစ်ကလေးကိုဆွဲထုတ်လိုက်ပြီး ထောက်ခနဲဖွင့်ကာ နှုတ်ခမ်းများတွင်ချိတ်ထားသည့် စီးကရက်ကိုမီးညှိလိုက်ပါ၏။ ထို့နောက် မီးဖြစ်အဖုံးကိုထောက်ခနဲပြန်ပိတ်ကာ စီးကရက်ကို ရှိုက်ဖွာလိုက်ပြီး မီးခိုးငွေ့များကို ညနေခင်းလေပြည်ထဲသို့ အသာအယာပင် မှုတ်ထုတ်လိုကပါသည်။

တစ်ယောက်သောသူက ဆတ်ချိုနုအရက်ကို သောက်လိုက်၊ ချေသားကင်ကိုစားလိုက်၊ ကျန်တစ်ယောက်ကမူ ပုပ္ပါးစီးကရက်လေးကို ဇိမ်ခံကာရှိုက်ဖွာလိုက်သည်နှင့် သူတို့နှစ်ဦးမှာ တစ်ယောက်ကိုတစ်ယောက် မသိမသာအကဲခတ်နေကြသည်သို့။

ညနေခင်းဆည်းဆာလေပြည်ညင်းသည် သင်းပျံ့ပျံ့နေကြာရန့်တချို့ကို သယ်ဆောင်တွေးမွှေ့လျက် သဲ့သဲ့ညင်ညင်တိုက်ခတ်လျက်ရှိပါ၏။ အတန်ကြာမှ ဒေါင်းမိုက်က သောက်လက်စ အရက်ခွက်ကိုချကာ နှုတ်ခမ်းထောင့်တွင် ပေကျံနေသည့် အရက်တချို့ကို လက်ခုံကြီးနှင့်ခပ်ကြမ်းကြမ်းသုတ်ဖယ်လိုက်ရင်း။

"ဒီလိုဆို မင်းက ဟို . . . ဆရာဝန်လေးရဲ့ အမြွာညီ ရန်ကုန်က မင်းမောင်ဆိုတဲ့စာရေးဆရာပေါ့ . . . ဟုတ်လား . . . အေ့"

အရက်လေချဉ်တက်ရင်း ညွှဲသည် သို့မဟုတ် ရန်သူတော် မင်းမောင်ဆိုသည့်စာရေးဆရာဆိုသူအား ဒေါင်းမိုက်က





သူမေးကတ်သလို ခပ်ပြတ်ပြတ်ပင်မေးလိုက်ပါ၏။

မင်းမောင်မှာ အရက်သောက်ကြမ်းသလောက် စကားပြောကြမ်းတမ်းလှသော ဒေါင်းမိုက်ဆိုသည့်မှဆိုးကို မသိမသာစောင်းကြည့်ကာ စကားပြန်လိုက်သည်။

"ဟုတ်တယ် . . . ခရုပတ်ဝက်ပါထဲမှာ ဘဲဥအစရှာမရသလိုပျောက်ဆုံးသွားတဲ့ ကျုပ်ရဲ့အမြွာအစ်ကိုကြီးဒေါက်တာလင်းမောင်ရဲ့သတင်းကိုစုံစမ်းရင်း ရန်ကုန်ကနေ ဟောဒီ နေရွာကိုလာခဲ့တာ၊ ကျုပ်တို့မှာကလည်း ပြေးကြည့်မှ ဒီအမြွာညီအစ်ကိုနှစ်ယောက်ပဲရှိကြတော့တာလေ၊ ကျုပ်ရဲ့အစ်ကိုကြီးရဲ့ အမှုကိစ္စကို ရေဆုံးရေဖျားအထိ လိုက်မယ်ဆိုပြီး ဆုံးဖြတ်ထားခဲ့တာ ဒီကိုလည်းရောက်လာရော"

"ဟင်း ဟင်း ဟင်း . . . ဘာလဲ . . . ဒီကိုလည်း ရောက်လာရော နေရွာတစ်ရွာလုံးကရော, ရွာနီးချုပ်စပ်ရွာတွေကရော မင်းရဲ့အစ်ကိုကြီးကို ငါသတ်လိုက်တာလို့ ဗိုင်းပြီးပြောလိုက်ကြတယ်မဟုတ်လား . . . ဟင်း ဟင်း ဟင်း"

ဒေါင်းမိုက်က မင်းမောင်၏စကားမဆုံးသေးခင်မှာပင် ကြားမှဖြတ်၍ ဝင်ရောက်ပြောဆိုလိုက်ခြင်းဖြစ်သည်။ မင်းမောင်မှာ ဖျတ်ခနဲ ဒေါင်းမိုက်၏မျက်နှာကို စူးစူးရဲရဲကြည့်လိုက်သည်။ ဒေါင်းမိုက်၏စကားသံများက သူ၏ရင်ဘတ်ထဲရှိ မကျေလည်မှု အပုအထစ်များကို ဖောက်ခွဲ၍ လွင့်စဉ်ထွက်ကျလာသည့်ထင့်။ သူ၏စကားလုံးများထဲတွင် တစ်စုံတစ်ရာ မကျေနပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုအရိပ်အယောင်များ စွန်းထင်းနေသည်ကို တွေ့မြင်လိုက်ရပါ၏။

တစ်ဆက်တည်းမှာပင် ဒေါင်းမိုက်က ပုလင်းထဲမှ အရက်ကို သူ၏ဝါးဆစ်ခွက်ထဲသို့စတင်ထည့်လိုက်သည်။ သို့သော် အရက်က ကျမလာခဲ့။ ပုလင်းထဲတွင် အရက်ကုန်သွားပေပြီ။ ဒေါင်းမိုက်အရက်ကုန်သွားသော ပုလင်းခွံကို နေကြာခင်းထဲသို့ ဒေါသတကြီးပစ်ပေါက်လိုက်သည်။

'ဗိုး ..ဖုတ်'

နေကြာခင်းထဲသို့ ပုလင်းကျသွားသည်နှင့် ဒေါင်းမိုက်ရှေ့သို့ နောက်ထပ် ဆတ်ချိုနပုလင်းတစ်လုံး ရောက်လာသည်။ ညီမဖြစ်သူ နေကြာ လာရောက်၍ချပေးသွားခြင်းဖြစ်ပါ၏။ ဒေါင်းမိုက် ဆတ်ခနဲကောက်ကိုင်လိုက်ပြီး ပုလင်းအဖုံးကို ပါးစပ်ဖြင့် ကိုက်ဖွင့်လိုက်သည်။

'ဖွမ်း ..ဖွီး'

'ထောက်'

ပြီးလျှင် သောက်လက်စ ဝါးဆစ်ခွက်ထဲသို့အရက်ကို လောင်းထည့်လိုက်ပြီး ဆတ်ခနဲကောက်ယူ၍ တစ်ရှိန်ထိုးသောက်ချလိုက်ပါ၏။ ထုံးစံအတိုင်း ဖိတ်တချို့ စဉ်တချို့ရှိသွားသည့် နှုတ်ခမ်းတစ်ဝိုက်မှ အရက်များကို လက်ခုံဖြင့်ခပ်ကြမ်းကြမ်းသုတ်ဖယ်လိုက်ပြီးမှ ...

''ဟင်း ဟင်း ...ဖွမ် ...မင်းကလည်း မစူးမစမ်း





...ဲ့ အဲဒီစွပ်စွဲချက်တွေကိုယုံကြည်ပြီး ငါ့ဆီကိုလာခဲ့တယ်၊ ဒီကို...ည်း ရောက်လာရော ဟိုးထိပ်က လှိုဏ်ကြီးထဲမှာ ငါ့ညီမလေးရဲ့ ...သက်အန္တရာယ်ကို မမျှော်လင့်ဘဲနဲ့ မင်းက ကယ်တင်ခွင့်ရ...ွားခဲ့တယ် မဟုတ်လားကွ၊ ဟင် ....တောက် ...အဲဒီ ...အဲဒီ ကျေးဇူးတရားကြီးဆိုတာကြီးက ငါ့မှာ ...ငါ့မှာ ...ငါ့ ...ပေါ်မှာ လာပြီး ဝန်ပိနေတယ်လေကွာ ...ဟင်း''

နာကြည်းခံပြင်းစွာနှင့် အော်ဟစ်ပြောဆိုနေရင်းမှ သူ၏ ...က်ထဲမှ အရက်ခွက်ကိုသစ်မြစ်ဆုံစားပွဲပေါ်သို့ ဆောင့်၍ချလိုက် ...သည်။ ဘာရယ်မသိ မင်းမောင်မှာ မုဆိုးလူကြမ်းကြီး ဒေါင်းမိုက် ...ကြည့်ကာ ရင်ထဲတွင် တစ်စုံတစ်ရာစူးနစ်သွားသကဲ့သို့ ကျင ...ဲ ခံစားလိုက်ရသည်။

နေကြာကတော့ မျက်နှာနွမ်းနွမ်းလေးဖြင့် အစ်ကိုဖြစ်သူ ...ါင်းမိုက်နှင့်မနီးမဝေးတွင် နံရံကိုမှီကာ တိတ်ဆိတ်စွာပင် ထိုင် ...နေပါ၏။

ယခုမှပင် မင်းမောင်မှာ ယှဉ်ဘက်ပုဂ္ဂိုလ်ကြီး ဒေါင်းမိုက် ...ကိုသေချာစွာအနီးကပ်ကြည့်မိသည်။ လောကဓံနှင့် ပတ်ဝန်းကျင ...၏အထုအထောင်းကို မည်မျှခံစားထားရလေသည်မသိ ညှဉ်းသိုး ...ုံးဆံပင်ရှိင်းများက လည်ကုပ်ထိတိုင် ရှည်လျားစွာဖုံးအုပ်လျက်၊ ...ညိုမောင်းသောမျက်နှာပြင်ထက်တွင် မုတ်ဆိတ်ကျင်စွယ်များက ...ိတ်မသင်ဘဲ ပစ်စလက်ခတ်နှင့်ရှိနေကြပါ၏။

တစ်ခုတော့ရှိသည်။ ဒေါင်းမိုက်၏ စူးရဲလင်းလက်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံကမူ သူ့အတွက်ထူးခြားသော ပါရမီခံအင်အားတ
လေလားမသိ . . . သူ၏ စူးရဲသောမျက်လုံးအကြည့်ဒဏ်ကို ကြ
ရှည် မည်သူမျှရင်မဆိုင်ရဲကြ။ မျက်နှာလွှဲသွားကြသည်ချည်းသာ
တောထဲတောင်ထဲတွင် ကြမ်းတမ်းခက်မာစွာ သွားလာနေထိ
ရင်း သူတို့မောင်နှမ၏ အပစ်ပယ်ခံဘဝလေးကို နာကျင်စူးရှ
ခံစားနေသူတစ်ယောက် . . .

ယခု ဒေါက်တာလင်းမောင်ပျောက်ဆုံးမှုတွင် ကံဆိုး
မောင်ကျစွာ ပထမဦးစားပေးသံသယသားကောင် ဖြစ်နေ
သည်။ ရှင်းရှင်းဆိုရပါမူ မြို့င်သာယာဌာနအုပ်ကြီး ဦးထွန်းဆ
ကိုယ်တိုင် သံသယကြီးကြီးနှင့်စောင့်ကြည့်ခံနေရသည်။ သံသ
တရားခံတစ်ယောက်ဖြစ်နေသည်မဟုတ်ပါလား။ သူ၏ကြမ်းတ
ရိုင်းစိုင်းသော အပြုအမူ၊ အပြောအဆိုနှင့် လုပ်ရပ်သာကေမျှ
က သူ့အား သံသယသားကောင်အဖြစ် တွန်းပို့နေလေသ
လား။

မင်းမောင်မှာ ဆတ်ချိုနအရက်ကိုခပ်ကြမ်းကြမ်းသော
နေသည့် ဒေါင်းမိုက်ကိုကြည့်ရင်း ခရုပတ်ဝက်ပါတွင် အဖေ
လွန်နေသဖြင့် လက်ထဲမှ မသောက်လိုက်ရဘဲ ကုန်သွားသ
ပုပ္ပါးစီးကရက်တိုလေးကို လက်ညှိုးဖြင့် တောက်၍အဝေးသို့ ပ
လိုက်သည်။

ထိုစဉ်မှာပင် ဒေါင်းမိုက်မှာ ဘယ်လိုစိတ်ကူးပေါက်သွ
သည်မသိ။ သောက်လက်စအရက်ခွက်ကို ခွပ်ခနဲဆောင့်ချလိုက်





ပြီး . . .

"ကိုင်း . . . မင်းပြန်တော့၊ ပြီးတော့ ငါ့ညီမလေးကိုလည်း
မေ့ပစ်လိုက်၊ ငါ့မှာ တွယ်တာစရာသံယောဇဉ်ဆိုလို့ ဟောဒီကမ္ဘာ
ကြီးမှာ ငါ့ညီမလေးတစ်ယောက်ပဲ ရှိတယ်၊ ငါ့အတွက် ငါ့ညီမ
လေးဟာ မရှိမဖြစ်သလို ငါ့ညီမလေးအတွက်လည်း ငါမရှိလို့
မဖြစ်ဘူးကွ၊ အေး . . . ဒီထက်ရှင်းအောင်ပြောရရင် နေကြာဆို
တဲ့ ငါ့ညီမလေးဟာ ငါ့ရဲ့နှလုံးသားတစ်ခုပဲ၊ ငါ့ရဲ့ဘဝထဲက၊
ဟောဒီရင်ဘတ်ကြီးထဲက ငါ့နှလုံးသားကို ဆွဲထုတ်ယူငင်ဖို့
ကြိုးစားတဲ့သူဟာ ငါ့ရဲ့မဟာရန်သူပဲ . . . ၊

မင်းရဲ့အစ်ကိုကြီး ပျောက်ဆုံးသွားရတဲ့ကိစ္စကိုလည်း မင်း
ကိုယ်တိုင် သေသေချာချာကြိုးစားပြီးစုံစမ်း၊ အေး . . . ငါသတ်
တာလို့ ခိုင်ခိုင်မာမာပြနိုင်တဲ့နေ့မှာ မင်းကိုယ်တိုင် လာပြီး ငါ့ကို
သတ်လှည့် . . . ဒါပဲ၊ ကဲ . . . မင်းပြန်နိုင်ပြီ"

ဒေါင်းမိုက်မှာ စကားကို အပြတ်သားဆုံးပြောလိုက်ပြီး
သောက်လက်စအရက်ကိုသာ ဆက်၍သောက်နေပါ၏။ မင်း
မောင်ကို မကြည့်တော့။ သူ့ရှေ့ရှိပန်းကန်ထဲမှ ချေသားခြောက်
ကင်ကိုကောက်ဝါးလိုက်၊ ဆတ်ချိုနအရက်ကို တစ်ခွက်ပြီးတစ်
ခွက်သောက်လိုက်နှင့် လောကကြီးတွင် သူတစ်ယောက်တည်း
သာ ရှိနေသကဲ့သို့ပါတည်း။

မင်းမောင်မှာမူ သူ့အား သူရူးတစ်ယောက်နှယ် တတွတ်
တွတ်နှင့်ပြောဆိုပြီးနှင်လွှတ်နေသည့် မုဆိုးကြမ်းကြီး ဒေါင်းမိုက်



www.burmeseclassic.com

www.burmeseclassic.com



ကို အံ့ဩတွေဝေစွာငေးကြည့်နေပါ၏။ နေကြာကမူ မည်သူ့ကိုမျှမကြည့်တော့ဘဲ အနောက်ဘက်စည်းရိုးစပ်တွင် မေးတင်နားနေပြီဖြစ်သည့် နေလုံးနီနီကြီးကိုသာ တိတ်ဆိတ်စွာ ငေးမော ကြည့်နေသည်။

မင်းမောင်ထိုင်ရာမှထရပ်လိုက်သည် အိမ်ရှင်ဖြစ်သူကိုယ်တိုင်က နှင်ထုတ်နေပြီဖြစ်သဖြင့် သည့်ထက်ပို၍ဆက်လက်နေထိုင်ရန်မသင့်တော့။ သွေးအေးသွားပြီဖြစ်သည်မို့ ရရှိထားသည့် လက်သီးချက်ဒဏ်ရာများက တဆစ်ဆစ်နှင့် နာကျင်ကိုက်ခဲလာကြသည်။

မင်းမောင်မှာ သူ၏တွန့်ကြေနေသည့် အင်္ကျီ၊ ဘောင်းဘီများကိုဆွဲဆန့်ရင်း အရက်သောက်နေဆဲဖြစ်သည့် ဒေါင်းမိုက်ကို ကြည့်ကာ ...

''ကျုပ်သွားမယ် ... ကျုပ်အစ်ကိုကြီးရဲ့အမှုကိစ္စကို ကျုပ်ကိုယ်တိုင် ခရီးဆုံးတဲ့အထိ စုံစမ်းမယ်၊ အင်း ... ခရီးဆုံးရင်သာ ခင်ဗျားနဲ့ နောက်ထပ်တစ်ကြိမ် မဆုံတွေ့ပါရစေနဲ့လို့ ဆုတောင်းနေပါ့မယ်''

မင်းမောင်စကားဆုံးသည်နှင့် နေကြာထံသို့ တစ်ချက်မျှကြည့်ကာ မောင်နှမနှစ်ယောက်ကိုလည်းကောင်း၊ နာမည်ကျော်ဖုန်းမသိမ်ကုန်းကြီးကိုလည်းကောင်း ကျောခိုင်းထွက်ခွာလာခဲ့ပါတော့သည်။ သူ့၏ခြေလှမ်းများက မြင်းညိုကြီးထားရှိခဲ့ရာ ဘိုတဲပျက်ကြီးရှိရာသို့ ...။





''တောက် ... ဟင်း ... ငါကွာ''

မင်းမောင်ပြန်ခါနီး အောက်ကလိအာပြောသွားသည့် ...ကားတစ်ခွန်းကြောင့် ဒေါင်းမိုက်၏ ဒေါသတကြီးတောက် ...ခေါက်လိုက်သံက ညနေခင်းလေပြည်စီးကြောမှတစ်ဆင့် မင်း ...မောင်နောက်သို့ မမီမကမ်းနှင့် ပဲ့တင်လွင့်ပျံ့ရိုက်ခတ်လာလေ ...သည်လား။


နေကြာကမူ တရွေ့ရွေ့နှင့်ကျောခိုင်းကာ ထွက်သွားသည့် ...င်းမောင်၏ကျောပြင်ကျယ်ကြီးကိုကြည့်ကာ ရင်ထဲတွင် အပူ ...သောကကြီးစွာနှင့် တိတ်ဆိတ်စွာ ငိုကြွေးနေမိပါတော့သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

## ဖုန်းမသိမ်ကုန်းအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ပေါက်လဲအငုံလေးတွေ တစီစီနှင့် ဖူးတံရိုးတံအညွှာတွင် သီလျက်ရှိကြပါပြီ။ အင်တိုင်းပင်၊ ကညင်ပင်စသော သစ်ပင်ကြီး များမှာလည်း ရွက်ဟောင်း၊ ရွက်ဝါများကို မြေသို့ခါချထားကြပြီ ဖြစ်သဖြင့် အစားဝင်ရောက်လာကြသည့် ရွက်သစ်၊ ရွက်နုလေး များ စို့ထွက်ရာ သစ်ကိုင်းအခက်၊ အညွန့်များတွင်သာ အစိမ်းနု ဖျော့အရောင်များ ယှက်သန်းလျက် ...ပင်စည်၊ ပင်မ၊ ကိုင်းခွ များတွင်ကား မြေနီရောင်ချင့်ချင့်ပြေးနေကြပါလေ၏။

ကျည်ကျည်တျာတျာနှင့် တစ်ပင်မှတစ်ပင်သို့ လူးလာ ပျံသန်းလျက်ရှိကြသည့် ဆက်ရက်ငှက်များနှင့်တောကြက်ငယ် တချို့မှာ သစ်ပင်ပုလေးများနှင့် တောင်စောင်းတောစပ်တို့တွင် အုပ်လိုက်သင်းလိုက် ဆင်းချည်တက်ချည် လူးလွှားနေကြရာမှ





ငး‌မောင်နှင့်ဌာနအုပ်ကြီးဦးထွန်းဆိုင်တို့၏ မြင်းခွာသံများကို ကြားလိုက်မှသာ ...ဖုန်းမသိမ်ကုန်းတောကြီးထဲသို့ ကတွတ်၊ ကွတ်အော်မြည်၍ပြေးဝင်သွားကြပါတော့သည်။

နေ့လယ်ခင်းလေရူးကလေးက မြေပေါ်တွင် ရှပ်တိုက်ပြေး သွားရင်း ရွက်ခြောက်ရွက်ဟောင်းများကိုမွှေ့ယမ်းကျီစယ်သွား လေ၏။ မင်းမောင်နှင့် ဌာနအုပ်ကြီးဦးထွန်းဆိုင်တို့မှာ ဖုန်း သိမ်ကုန်းကြောမှရေးရေးမျှမထင်သော လမ်းကြောင်းလေး တိုင်း မြင်းနှစ်ကောင်ကို အသားကျစီးနှင်လာကြသည်။

တောလမ်းဟူသည် အမြဲတမ်း ဥဒဟိုသွားလာသူ မပြတ် ဲ့အရောက်အထွင်များမှသာ လမ်းရာထင်မြင်နိုင်လျက် ယခုကဲ့ သို့ လူသူအသွားအလာအရောက်အပေါက်နည်းလှသော ဖုန်း သိမ်ကုန်းတောကြီး၏ လမ်းကြောများကမူ ချုံနွယ်ပိတ်ပေါင်း း ပိတ်ဆို့လျက် ရှိစမြဲပင်တည်း။

သည်နေ့ ...မြို့င်သာဂတ်တဲမှဌာနအုပ်ကြီး ဦးထွန်း ဆိုင်တို့အဖွဲ့နယ်လှည့်စစ်ဆင်ရေးရောက်ရှိလာသဖြင့် မင်းမောင် အတူ ဖုန်းမသိမ်ကုန်းဘက်သို့ မြင်းကိုယ်စီနှင့် တိုးဝင်လာခဲ့ ခြင်းဖြစ်သည်။ မင်းမောင်မှာ အမြွာအစ်ကိုဒေါက်တာလင်း ပျောက်ဆုံးနေသည့် အမှုကိစ္စအတွက် ဖုန်းမသိမ်ကုန်းတော ကြီးထဲတွင်နေ့စဉ်လိုလို သွားလာစုံစမ်းလျက်ရှိစဉ် ဌာနအုပ်ကြီး ထွန်းဆိုင်မှာလည်း လိုက်ပါလာခဲ့ခြင်းသာဖြစ်ပါ၏။

မကြာမီ မင်းမောင် စခန်းချနားနေတတ်သည့် ဘိုတဲပျက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့်အနီးမဝေးရှိကညင်ပင်ကြီးအောက်တွင် မြင်းများပေါ်မှ နှစ်ယောက်သားဆင်းလိုက်ကြသည်။ ထို့နောက် မြင်းနှစ်ကော ကို ဘိုတဲပျက်ကြီးအစပ်မြက်ခင်းထက်တွင် လွှတ်ထားလိုက်ကြ ၏။

မင်းမောင်က အိတ်ထဲမှပုပ္ပါးစီးကရက်ဘူးကို ထုတ်ယူကာ စီးကရက်တစ်လိပ်ကို မီးညှိနေစဉ် ဌာနအုပ်ကြီး ဦးထွန်းဆိုင်က ချောက်ချားမှုများစွာဖြင့် နာမည်ကြီးနေသည့် ဘိုတဲပျက်ကြီးကို ငေးမောကြည့်နေရာမှ ...

"အင်း ... ကျုပ်တို့မြန်မာပြည်ကို အင်္ဂလိပ်တွေ ကျွန်ပြု ပြီး အုပ်ချုပ်သွားကြတာ နောက်ဆုံးတော့ ဒီလိုဘိုတဲပျက်ကြီးတွေ ဟာ မြို့နယ်တွေတော်တော်များများမှာ ကြွင်းကျန်ရစ်ခဲ့ကြတာပဲ ဗျနော်၊ ဒီကြားထဲ ဂျပန်ကောင်တွေက ဆက်လက်ပြီး ကင်ပေ တိုင်စခန်းတွေအဖြစ် ဆက်ခံသွားကြလေတော့ ပိုပြီးတော့ ဖာတ ရှုပ်ကုန်တော့တာပဲဗျို့"

"ဟုတ်တယ်ဗျ ဌာနအုပ်ကြီးရဲ့ ... ကြည့်စမ်းပါဦးဗျာ ... ဘယ်လောက်အကြည့်ရဆိုးသလဲဆိုတာ၊ နေရွာရာက ရွာ သားတွေ ကြောက်မယ်ဆိုရင်လည်း ကြောက်စရာပဲဗျ၊ ဟို ... နိုင်ငံခြားရုပ်ရှင်ကားတွေထဲက စုန်းမကြီးတွေ, သရဲတစ္ဆေတွေ နေကြတဲ့ ရဲတိုက်ကြီးကျနေတာပဲ၊ တစ်လောကတောင် ဒီဘိုတဲ ပျက်ကြီးဆီကလိုလို ညည်းညူသံကြီးကြားရတာနဲ့ ကျွန်တော် တောင် အတွင်းဘက်ကို ခဏဝင်ကြည့်ခဲ့သေးတယ်လေ"





မင်းမောင်မှာ သူ၏မီးခြစ်အဖုံးကို ထောက်ခနဲပိတ်လိုက် ရင်း စီးကရက်မီးခိုးငွေ့များကို ဂူးခနဲမှုတ်ထုတ်လိုက်ပါ၏။

"အင်း ... တစ်ခါတလေကျတော့လည်း အခုလို တော ကြီးမျက်မည်းထဲမှာ တစ်ယောက်တည်းရှိနေလေတော့လည်း လေတိုက်သံ, ခိုညည်းသံတွေနဲ့ သစ်ရွက်လှုပ်တာတောင်မှ အထင်မှား, အမြင်မှားဆိုတဲ့အာရုံများတွေလည်းရှိတတ်တယ် ... ကိုမင်းမောင်"

နှစ်ယောက်သား စကားတပြောပြောနှင့် ဘိုတဲပျက်ကြီး ရှိရာသို့ လျှောက်လာခဲ့ကြသည်။ နှစ်ပရိစ္ဆေဒပေါင်းများစွာ ကျော် လွှားဖြတ်သန်းလာခဲ့သော ဘိုတဲပျက်ကြီးမှာ မကောင်းဆိုးဝါး ရဲတိုက်တစ္ဆေကောင်ကြီးငုတ်တုတ်ထိုင်ကာ မင်းမောင်တို့နှစ် ယောက်အား စီးမိုးကြည့်နေသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်စွာ ခုပ်တည်နေပါ၏။

"မဟုတ်ဘူး ဌာနအုပ်ကြီးရဲ့ အဲဒီနေ့က ကျွန်တော်လည်း သိပ်မချောက်ချားပါဘူး၊ နောက်ပြီး ဖုန်းမသိမ်ကုန်းကိုလာတိုင်း ကျွန်တော်ရဲ့မြင်းကြီးကို ဒီဘိုတဲပျက်ကြီးနားမှာပဲ လွှတ်ထားပြီး ဟို ... မုဆိုးကောင်ဒေါင်းမိုက်ရဲ့အရိပ်အခြည်ကိုဒီနေရာကနေ အမြဲစောင့်ကြည့်နေကြပါ၊ ဒါ့အပြင် ခိုညည်းသံနဲ့လူညည်းညူသံ ကိုလည်း ကျွန်တော် ခွဲခြားတတ်ပါတယ်၊ ဒါပေမဲ့ ... အဲဒီနေ့က ကြားလိုက်ရတာကတော့ လူညည်းညူသံကြီးပဲ ဌာနအုပ်ကြီးရဲ့"

မင်းမောင်၏စကားကြောင့် ဘိုတဲပျက်ကြီးအား လှည့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုနေသည့်ဒွာနအုပ်ကြီးဦးထွန်းဆိုင်မှာ သစ်မြစ်ကြီးများ ယှက်ဖြာကျနေသည့် ကညင်ပင်ကြီးအောက်တွင် ထိုင်ချလိုက်သည်။ ပြီးလျှင် သူ၏ဆေးပြင်းလိပ်မည်းမည်းကြီးကို ထုတ်ယူလိုက်ပြီး ကြေးမီးခြစ်ဝါကြီးနှင့် စိတ်ရှည်လက်ရှည် မီးညှိနေပါလေ၏။

ဒွာနအုပ်ကြီးဦးထွန်းဆိုင်တစ်ယောက် သစ်မြစ်ခေါက်ကြီး ထက်ဝယ် ထိုင်၍နားလိုက်သည်ကြောင့် မင်းမောင်မှာလည်း သူ့အနီးတွင် အသာအယာပင်ထိုင်လိုက်ရင်း စီးကရက်ကို ရှိုက်ဖွာနေပါ၏။

သူတို့အနီးရှိ သစ်ကိုင်းထက်မှ လင်းမြီးဆွဲငှက်တစ်ကောင်က မင်းမောင်တို့၏လှုပ်ရှားမှုကြောင့်ထင့် ဂွဲခနဲအော်မြည်ကာ ကောင်းကင်ထက်သို့ပျံသန်းပြေးထွက်သွားသကဲ့သို့ ရှဉ့်ဝါကြီး နှစ်ကောင်ကလည်း ပိစပ်ချုံနွယ်များကြားမှ တဖျော့ဖျော့နှင့် ပြေးထွက်သွားကြသည်။

ဒွာနအုပ်ကြီးဦးထွန်းဆိုင်မှာ သူ၏ဆေးပြင်းလိပ်ကြီးကို ရှိုက်ဖွာသောက်နေပါသေး၏။ အတန်ကြာမှ ဆေးပြင်းလိပ်မီးခိုးများကို မှုတ်ထုတ်လိုက်ရင်း . . .

''ခင်ဗျားက သရဲတစ္ဆေတွေရှိတယ်ဆိုတာ ယုံသလား ကိုမင်းမောင်''

ရုတ်တရက် အဆက်အစပ်မရှိမေးလိုက်သည့် ဒွာနအုပ်ကြီးဦးထွန်းဆိုင်စကားကြောင့် မင်းမောင် မည်ကဲ့သို့ဖြေကြားရ





မည်မသိ ရှိနေပါ၏။ အတန်ကြာမှ ပခုံးတစ်ချက်မျှတွန့်လိုက်ရင်း

''ဘာဖြစ်လို့မေးတာလဲ ဒွာနအုပ်ကြီးရဲ့၊ သရဲတစ္ဆေဆိုတာ သူပြောလူပြောနဲ့ စာအုပ်တွေ၊ ရုပ်ရှင်တွေထဲမှာတော့ ဖတ်ဖူး ကြည့်ဖူးတယ်လေ၊ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်တော့ တစ်ခါမှ မမြင်ဖူးသေးဘူး။ မြင်ဖူးတဲ့သူတွေကလည်း ဆုပ်ဆုပ်ကိုင်ကိုင် သက်သေမပြနိုင်ကြဘူးဗျ''

''ဟင်း ဟင်း . . . ဒီလိုသာဆိုရင် 'လေ'ကို ကျုပ်တို့ မမြင်ကြရဘူးလေ၊ စာရေးဆရာပြောသလို ဆုပ်ဆုပ်ကိုင်ကိုင် လည်း မပြနိုင်ဘူးဗျာ၊ ဒါပေမဲ့ 'လေ'ရှိတယ်ဆိုတာကို ကျုပ်တို့ သိနေကြတယ်၊ လက်ခံနေကြရတယ် မဟုတ်လား . . . ကိုမင်းမောင်''

ဒွာနအုပ်ကြီးဦးထွန်းဆိုင်၏စကားကြောင့် မင်းမောင်၏ မျက်နှာ ပြုံးယောင်ယောင်ပင် ဖြစ်သွားပါလေ၏။ သည်တစ်ကြိမ်တော့ မင်းမောင်အကြောက်အကန်မငြင်းတော့။

''ဒါဆိုရင် . . . 'သုတပဒိက ပုစ္ဆာဝိသဇ္ဇနာကျမ်း' မှာပါရှိတဲ့ 'ပြောကြချင်၊ လောကတွင် တစ္ဆေရှိသတဲ့၊ ဆွေသိငဲ့လား၊ သိပါချင် ရှိပါလျှင် တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ်ကောင်သရုပ်ကို ကျမ်းနှုတ်လို့ကြား' ဆိုတဲ့ မင်းကွန်းဆရာတော်ကြီးရဲ့အမေးကို မနလည်ဆရာတော်ဘုရားကြီး ဖြေကြားလိုက်သလို 'ပြောကြချင် လောကတွင် တစ္ဆေရှိသည်ဟု နှံ့သိကျော်ကြား၊ မျိုးထူးထွေသည် တစ္ဆေရှိသည်ဟုတ်ပါဘူး မြေဘုတ်ကို တစ္ဆေပြောကြတယ်



www.burmeseclassic.com

www.burmeseclassic.com



လောကလူများ' ဆိုတဲ့ တစ္ဆေစာချိုးထဲကအတိုင်း ဥာနအုပ်ကြီးက ယုံကြည်တယ်ပေါ့''

''ဟင်း ဟင်း . . . ခင်ဗျားက စာရေးဆရာပီပီ ကျမ်းကိုးတွေနဲ့ တစ္ဆေဒီပနီကိုချည်လာတော့တာပဲကိုးဗျ၊ ကျုပ်မေးတာက ယုံသလား၊ မယုံသလားဆိုတာကိုသာမေးတာပါ ဆရာသမားရယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က အစိုးရဝန်ထမ်းပီပီ မြန်မာပြည်အနှံ့အပြား ရွှေ့ပြောင်းသွားလာနေရတယ်မဟုတ်လား၊ အဲဒီအခါမှာ အခုလို အင်္ဂလိပ်လက်ထက်က ကြွင်းကျန်ရစ်ခဲ့တဲ့ ဘိုတဲမျိုးတွေ မြို့နယ်တော်တော်များများမှာ တွေ့ခဲ့၊ ကြုံခဲ့ရဖူးတယ် ကိုမင်းမောင်၊ အင်း . . . တချို့တချို့ဘိုတဲကြီးတွေမှာဆိုရင် အခုအချိန်အထိ မကျွတ်မလွတ်ကြသေးတဲ့ သရဲတစ္ဆေတွေရှိသေးတယ်ဆိုတာ ကျုပ်သိခဲ့ရတယ်ဗျ . . .၊

အင်း . . . တစ်ခုတော့ရှိတယ် ကိုမင်းမောင် . . . သူတို့က လူတိုင်းကိုတော့ မခြောက်လှန့်တတ်ကြဘူးဗျ၊ ကျုပ်တို့မြန်မာကြီးတွေ အယူအဆနဲ့ဆိုရင်တော့ ကံဇာတာမြင့်နေတဲ့အချိန်မျိုးမှာ မတွေ့ရ၊ မမြင်ရပေမယ့် ကံနိမ့်ကျလာပြီဆိုတဲ့အခါမျိုးကျတော့ သူတို့က အသံနဲ့ဖြစ်စေ၊ ရုပ်သွင်နဲ့ဖြစ်စေ သွားလာခြောက်လှန့်ပြတာကို တွေ့ရမြင်ရတတ်တယ် ကိုမင်းမောင်''

ဥာနအုပ်ကြီးဦးထွန်းဆိုင်လိုလူက တစ္ဆေသရဲနှင့် ပတ်သက်၍ လေးလေးနက်နက်ပြောဆိုလာသဖြင့် မင်းမောင်မှာ မည်သည့်စကားမှမဆိုတော့ဘဲ စီးကရက်ကိုသာ ရှိုက်ဖွာလျက် တိတ်





ဆိတ်စွာပင် နားထောင်နေပါ၏။

''အခု . . . ကျုပ်တို့ မြင်တွေ့နေကြရတဲ့ ဒီဘိုတဲပျက်ကြီးကိုတော့ မဆိုလိုပါဘူး၊ ကျုပ် လူပျိုလူလွတ်ဘဝနဲ့ မြန်မာပြည်အထက်ပိုင်း ကလေးမြို့မှာတာဝန်ကျခဲ့တုန်းက နယ်ဘက်မှာတွေ့ခဲ့ရတဲ့ ဘိုတဲတစ်ခုမှာ သရဲအခြောက်ခံခဲ့ရတာကို ကျုပ် စာရေးဆရာကို ပြောပြပါ့မယ်၊ လက်ခံတာ၊ လက်မခံတာ ယုံကြည်တာ၊ မယုံကြည်တာက ခင်ဗျားအပိုင်းပဲ ကိုမင်းမောင်''

ထိုကဲ့သို့ ဥာနအုပ်ကြီးဦးထွန်းဆိုင်က နိဒါန်းချီကာ ပြောကြားသွားခဲ့သည့် ဘိုတဲတစ္ဆေကိုယ်တွေ့ဇာတ်လမ်းတွင် မင်းမောင်တစ်ယောက် ပါးစပ်အဟောင်းသားနှင့် စီးမျောနစ်ဝင်သွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၂)

## ဘိုတဲကုန်းမှ နှင်းဆီတစ္ဆေမ

ဌာနအုပ်အသစ်ကျပ်ချွတ်လေး ထွန်းဆိုင်တစ်ယောက် ကလေးမြို့တွင် တာဝန်ကျခဲ့သည်။ ထုံးစံအတိုင်း တစ်လလျှင် တစ်ကြိမ်ကျ နယ်မြေလုံခြုံရေးအတွက် ကင်းလှည့်စစ်ဆေးရပါ၏။ တစ်ကြိမ်တွင်မူ နယ်မြေစိမ်းစိမ်းတွင် ကိုယ်တိုင်ကိုယ်ကျ လေ့လာသိရှိလိုသဖြင့် ဌာနအုပ်လေးထွန်းဆိုင်မှာ သူ၏ပုလိပ်သားတချို့နှင့်အတူ လိုက်ပါလာခဲ့ပါ၏။

သည်တစ်ကြိမ် ဆင်းသည်က ကလေးမြို့၏မြောက်ဘက်ခြမ်း သစ်တောကြိုးဝိုင်းတစ်ခုအနီးမှ ရွာကြီးတစ်ရွာတွင်ဖြစ်သည်။ အနီးနားတစ်ဝိုက်ရှိ ရွာငယ်များထိတိုင် ကင်းလှည့်စစ်ဆေးကြမည်မို့ ရက်သတ္တတစ်ပတ်ခန့်ကြာမြင့်မည် ဖြစ်ပါ၏။ ထို့ကြောင့် နယ်မြေခံ တိုက်သူကြီးဦးထန်းလျှက ရွာစွန်ရှိနှစ်ထပ်ဘိုတဲကြီး





တွင် ဌာနအုပ်ထွန်းဆိုင်တို့လူစုအား ကောင်းမွန်စွာ နေရာချပေးခဲ့သည်။

ဘိုတဲမှာ နှစ်ထပ်ဖြစ်သဖြင့် သားနားခန့်ညားပါ၏။ တောင်ကုန်းငယ်တစ်ခု၏ထိပ်တွင် တည်ရှိနေပြန်သည်မို့လည်း လေကောင်းလေသန့်ရသည်။ အုပ်ဆိုင်းညို့မှိုင်းသော သစ်တောအုပ်ကို အပေါ်စီးမှမြင်တွေ့ရသဖြင့် ရှုမျှော်ခင်းအသစ်အဖြစ် ခံစားရပါချေ၏။ ဌာနအုပ်လေးထွန်းဆိုင်နှင့် ဂတ်စာရေးကြီးဦးကျော်သာတို့က အခန်းတစ်ခန်းတွင်နေထိုင်ကြ၍ ကျန်သည့်ပုလိပ်သားသုံးယောက်တို့က တစ်ခန်းနေရာယူကြသည်။ ထိုနေ့က တစ်နေ့ခင်းလုံး ဘယ်ကိုမျှမသွားဘဲ ဘိုတဲကြီးပေါ်မှ ဆောင်းနှင်းမြူများနှင့် မိုးတိမ်များရောယှက်၍လွင့်ပါးဝေ့မျောနေသည့် ရှုခင်းသစ်နှင့် တောင်စောင်းသဘာဝအလှအပများကို ကြည့်ရင်း စိတ်ကြည်နူးနေကြပါသည်။

သို့သော် ညဘက်သို့ရောက်ရှိလာသောအခါမှာတော့ ဘိုတဲစောင့်၏စကားတစ်ခွန်းကြောင့် ဌာနအုပ်လေးထွန်းဆိုင်နှင့် ဂတ်စာရေးကြီးတို့ မျက်လုံးပြူးသွားကြပါတော့သည်။

"ဟို . . . ဟို . . . ဆရာကြီးတို့ . . . သော့ခတ်ထားတဲ့ ဟိုဘက်ကအခန်းကို မသွားကြပါနဲ့နော်"

ဘိုတဲစောင့်မောင်ထီးဆိုသည့် လူရွယ်က သူတို့နေရာယူထားသည့်အခန်းနှင့်ကပ်လျက် သော့ခတ်ထားသည့်အခန်းကို ညွှန်ပြ၍ မှာကြားနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာ ...ဘာဖြစ်လို့လဲ မောင်ထီးရဲ့''

''ဩော် ...အဲဒီအခန်းမှာ အင်္ဂလိပ်တစ္ဆေမတစ်ကောင် ရှိတယ်လေ၊ ဟို ...အင်္ဂလိပ်ခေတ်က အဲဒီအခန်းမှာ သေသွားတယ်လို့ပြောကြတာ၊ ကျွန်တော်တို့တော့ မမီပါဘူး၊ ကျွန်တော်တို့ဘကြီး ညစောင့်လုပ်ခဲ့တုန်းက တွေ့ခဲ့ရလို့ ကြိုကြိုတင်တင် ဆရာကြီးတို့ကို ပြောပြတာပါ၊ ဘယ်သူ့ကိုမှတော့ ရန်မလုပ်ပါဘူး ...သူ့အခန်းမှာပဲ သူဟာသူနေတာပါ''

မောင်ထီးကတော့ ခပ်အေးအေးပင် မှာကြားနေသော်လည်း ဌာနအုပ်ကလေးထွန်းဆိုင်တို့ ဆရာတပည့်ကမူ အနည်းငယ် တုန်လှုပ်သွားပါလေ၏။ ထို့နောက် မောင်ထီးက မီးခလုတ်များကိုပြသပေးခဲ့ပြီး အောက်သို့ပြန်ဆင်းသွားပါလေတော့သည်။

ထိုညက နှစ်ယောက်သား ရင်တထိတ်ထိတ်နှင့် အိပ်စက်ခဲ့ကြသည်။ မည်မျှကြာကြာ အိပ်မောကျသွားခဲ့လေသည်မသိ တစ်စုံတစ်ခုသော အသံတစ်ခုကြောင့် ဌာနအုပ်လေးထွန်းဆိုင်မှာ ဖျတ်ခနဲလန့်နိုးလာခဲ့သည်။

'ဂျစ် ..ဂျစ် ..ဂျစ်'

'ရှပ် ..ရှပ် ..ရှပ် ..ရှပ် ..ဂွီ'

အခန်းချင်းကပ်နေသည့် သော့ပိတ်ထားသောအခန်းထဲမှ တစ်စုံတစ်ရာကို ကုတ်ခြစ်သံ၊ လမ်းလျှောက်နေသည့် ခြေသံများနှင့် တံခါးဖွင့်သံလိုလိုအသံများကို ကြားလိုက်ရသဖြင့် ဌာနအုပ်ထွန်းဆိုင်မှာ ထိတ်ခနဲဖြစ်သွားကာ အိပ်ရာမှပင်ထထိုင်လိုက်ပါ၏။





''ဘုရား ဘုရား ...ဒါ ...ဒါ လူတစ်ယောက်ရဲ့ ခြေသံနဲ့ လမ်းလျှောက်နေတဲ့အသံပဲ၊ အခန်းထဲမှာ လူတစ်ယောက် ရှိနေတယ် ထင်တယ်''

အချိန်က ...သန်းခေါင်ယံကျော်လွန်လာခဲ့ပြီဖြစ်သဖြင့် ညဥ့်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်လျက်ရှိပါချေ၏။ သစ်ရွက်လှုပ်ခတ်သံတရှီရှီနှင့်လေတိုးသံတို့ကိုပင်ကြားရသည်အထိ ညဥ့်သည် တိတ်ဆိတ်စွာအိပ်မောကျနေသည်သို့။

ဟိုအဝေးခပ်လှမ်းလှမ်းဆီမှ ပုစဉ်းရင်ကွဲအော်သံများနှင့် ညဥ့်ငှက်တို့၏အော်သံများကိုတစ်ချက်.တစ်ချက် ကြားနေရပါ၏။ တစ်ခါတစ်ရံတွင် တစ်ဖက်ရွာကြီးဆီမှ ခွေးအူသံကြီးများကို စိတ်ချောက်ချားဖွယ်ရာကြားနေရပြန်ပါ၏။ ဌာနအုပ်လေးထွန်းဆိုင်မှာ အရေးထဲကျကာမှ ရေအိမ်သို့သွားချင်စိတ်ပေါ်လာသည်။

''တောက် ...အရေးထဲကျမှ ဒီဗိုက်ကလည်း တရစ်ရစ်နဲ့ ဝမ်းသွားချင်သလိုလို ဘာလိုလိုနဲ့ ဒုက္ခပါပဲကွာ''

ဂါတ်စာရေးကြီးဦးကျော်သာကိုကြည့်လိုက်တော့ တခူးခူးနှင့်ဟောက်၍ပင် အိပ်မောကျနေသဖြင့် အနှောင့်အယှက်မပေးလိုတော့။ ဝပ်အားနည်းပါးစွာနှင့်မှိန်ဝါးဝါးလင်းနေသည့် အခန်းထဲမှထွက်ကာ ဘိုကဲစောင့်မောင်ထီးပြထားသည့် စကြံမီးနှင့် ရေအိမ်မီးခလုတ်တို့ကိုဖွင့်လိုက်သည်။ လင်းဖြာသွားသော မီးရောင်ကြောင့် စိုးရွံ့ထိတ်လန့်စိတ်တို့ လွင့်ပါးသွားကြပါ၏။

ခက်သည် ...။ လူ့စိတ်က လွန်စွာမှခက်သည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ခန်းဘက်သို့မသွားပါနှင့်၊ မကြည့်ပါနှင့်ဟု ဘိုတဲစောင့်လေးများကြားထားခဲ့သည့်ကြားမှ ဌာနအုပ်လေးထွန်းဆိုင်က လှည့်ကြည့်လိုက်မိသည်။ စောစောက ခြေသံများ၊ တံခါးဖွင့်သံများကြားခဲ့ရသည့်အခန်းမှာ သော့ခလောက်ကြီး ပိတ်လျက်သားနှင့်ပါတည်း။

''ဟာ ... ဘယ်လိုဖြစ်တာလဲ ... ငါကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာပါ''

ဌာနအုပ်ထွန်းဆိုင်မှာ ဇဝေဇဝါဖြင့်ဟာအတွေးများနှင့်အတူရေအိမ်ရှိရာဘက်သို့ထွက်လာခဲ့ပါတော့သည်။ စင်္ကြံလမ်းတစ်လျှောက်မီးရောင်လင်းနေသဖြင့် ကြောက်စိတ်တို့မရှိကြ။ ရေအိမ်တွင် ငါးမိနစ်သာသာမျှ ကိစ္စပြီးစီးခဲ့ပြီးပြန်ထွက်လာသည်နှင့် ဘိုတဲနောက်ဘက်ဆီမှ ခွေးအူသံကြီးက ကျက်သရေမင်္ဂလာကင်းမဲ့စွာဖြင့် ဆွဲဆွဲငင်ငင်အူနေသံကိုကြားလိုက်ရသည်။

''တောက် ... ဒီခွေးအူသံကြီးကလည်း တစ်မျိုးကွာ''

ဌာနအုပ်ထွန်းဆိုင်မှာ ချောက်ချားစွာထွက်ပေါ်လာသည့်ခွေးအူသံကြီးကို မှတ်ချက်ချကာ သူ့အခန်းရှိရာသို့ ပြန်လှည့်လာခဲ့သည်။ ထိုစဉ်မှာပင် သော့ပိတ်ထားသည့်အခန်းရှေ့တွင် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ငိုနေဟန်တူသော အမျိုးသမီးတစ်ယောက်ကို မီးရောင်အောက်၌ထင်ထင်ရှားရှားပင် တွေ့မြင်လိုက်ပါသည်။

''ဟာ ... ဘယ် ... ဘယ်က အမျိုးသမီးတစ်ယောက်





လဲ မသိဘူး၊ ညည့်ကြီးသန်းခေါင် ဘိုတဲပေါ်ကို ဘာလာလုပ်တာပါလိမ့်''

တစ်ဆက်တည်းမှာပင် ဘိုတဲစောင့်မောင်ထီးပြောသွားခဲ့သည့် သတိပေးစကားများကြောင့် ဌာနအုပ်လေးထွန်းဆိုင်မှာ ခေါင်းနားပန်းပင် ကြီးသွားရပါသည်ကော။

''အဲဒီအခန်းထဲမှာ အင်္ဂလိပ်တစ္ဆေမတစ်ကောင် ရှိတယ်လေ၊ အင်္ဂလိပ်ခေတ်က အဲဒီအခန်းထဲမှာ သေသွားတယ်လို့ပြောကြတာပဲ၊ ဘယ်သူ့ကိုမှတော့ ဒုက္ခမပေးပါဘူး၊ သူ့အခန်းထဲမှာပဲ နေတာများတယ်၊ တစ်ခါတလေမှ စင်္ကြံလမ်းမှာ တွေ့ရတတ်တယ်''

ပဲ့တင်ထပ်မျှ ကြားနေရသည့် စကားသံများကြောင့် ဌာနအုပ်လေးထွန်းဆိုင်မှာ ကြက်သီးမွေးညှင်းများပင် ထလာပါ၏။ ဟုတ်သည် ... သူမြင်တွေ့နေရသည်ကလည်း ဂါဝန်အဖြူကြီးဝတ်ဆင်ထားသည့် အင်္ဂလိပ်မတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။ ထိုအင်္ဂလိပ်မချောချောလေးမှာ ပန်းစည်းတစ်စည်းကိုကိုင်ကာ ပြတင်းပေါက်ဆီသို့ ဝိညာဉ်တစ်ကောင်ပမာ လွင့်မျောရွေ့လျားသွားပြန်ပါ၏။ ထို့နောက် မည်သူ့ကိုမျှမကြည့်ဘဲ အဝေးရှိ တောင်တန်းညိုညို့များဆီသို့ အတန်ကြာမျှ တိတ်ဆိတ်စွာငေးမောကြည့်နေသည်ကို ဌာနအုပ်လေးထွန်းဆိုင် တွေ့မြင်နေရပါသည်။

တွေ့မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ဌာနအုပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဆိုင်မှာ ခြေဖျားလက်ဖျားများပင် အေးစက်လာပြီး ကြက်သီးများလည်း တဖျန်းဖျန်းထသွားပါလေ၏။

"ဘုရား ဘုရား ... သေ ... သေချာပြီထင်တယ် ... ငါတော့ သ ... သရဲ ... ဘိုမသရဲ အခြောက်ခံနေရပြီလား မသိဘူး"

ထိုစဉ်မှာပင် ဘိုမတစ္ဆေမလေးမှာ ပြတင်းပေါက်မှတစ်ဆင့် ပန်းစည်းလေးကိုပစ်ချလိုက်ကာ သူ၏သော့ခတ်ထားသော အခန်းတွင်းသို့ ပြေးဝင်သွားသည်ကိုပါ ထိတ်လန့်အံ့သြစွာ တွေ့မြင်လိုက်ရပါတော့သည်။

"ဟာ ... ပျောက် ... ပျောက်သွားပြီ"

ဌာနအုပ်ကလေးထွန်းဆိုင်မှာ ဘာကိုမှစဉ်းစားမနေတော့ဘဲ အိပ်ခန်းထဲသို့ ဝုန်းခနဲပြေးဝင်လာပြီးဂတ်စာရေးကြီးဦးကျော်သာကို အတင်းနှိုးပါလေ၏။ ထိုအခါမှ ဂါတ်စာရေးကြီးမှာ အိပ်မှုန်စုံမွှားနှင့် ထလာပြီး ...

"ဘာ ... ဘာ ... ဘာဖြစ်တာလဲ ဌာနပိုင်ကလေး"

"လာ လာ ... လိုက်ခဲ့စမ်းပါ စာရေးကြီးရယ်၊ ကျွန် ... ကျွန်တော် သ ... သရဲအခြောက်ခံလိုက်ရလို့ ... လာပါ၊ အင်္ဂလိပ်ဘိုမလေးဗျ ... ချောမှချောပဲ၊ ဟို ... ဟိုဘက်က အခန်းထဲကို ပြန်ပြေးဝင်သွားတာ တွေ့လိုက်ရတယ်"

"ဟုတ် ... ဟုတ်ပါ့မလား ဌာနပိုင်လေးရယ်၊ အိပ်မက်တွေများ ယောင်ယမ်းပြီး မက်နေတာလား မသိဘဲနဲ့"

---





ဌာနပိုင်ကလေးထွန်းဆိုင်က မရမကခေါ်သဖြင့် ဂါတ်စာရေးကြီးဦးကျော်သာမှာ လက်နှိပ်ဓာတ်မီးတစ်လက်ကိုဆွဲကာ နှစ်ယောက်သား အခန်းထဲမှထွက်လာခဲ့ကြသည်။ အပြင်ဘက်စင်္ကြံလမ်းပေါ်မှာတော့ မီးဖွင့်ထားသဖြင့် လင်းထိန်လျက်ရှိနေပါ၏။

"ဒီ ... ဒီနေရာမှာ ရပ်ပြီးငိုနေတာဗျ ... ပြီးမှ ဟောဟို ပြတင်းပေါက်ကနေ ပန်းစည်းလေးကိုပစ်ချလိုက်ပြီး သူ့အခန်းထဲကို ပြေးဝင်သွားတာ၊ ဝတ်ထားတဲ့ဂါဝန်ရှည်ကြီးကလည်း အဖြူရောင်လေးဗျ"

"အေးလေ ... ဌာနပိုင်လေးကသာ ပြောနေတာ ကျုပ်က ဘာမှမတွေ့ရပါလား၊ စောစောကတည်းက ကျုပ်ကိုခေါ်လိုက်ရင် ပြီးတာပဲဥစ္စာ၊ ခုတော့ ... အင်း ... ဌာနပိုင်လေး အမြင်မှားတာများလားဗျာ"

"ဟာ ... မဟုတ်တာဘဲဗျာ၊ ကျွန်တော်ကိုယ်တိုင် မီးရောင်အောက်မှာကို သေသေချာချာမြင်လိုက်ရတာပါ စာရေးကြီးရယ် ... ဟို ... ဟို ... ပန်းစည်းလေးကိုတောင် ပြတင်းပေါက်ကနေ ပစ်ချလိုက်သေးတယ်"

ဂါတ်စာရေးကြီးက အောက်ဘက်သို့လက်နှိပ်ဓာတ်မီးနှင့် ဝေ့ထိုးကြည့်သည်။ သို့သော် ဘာကိုမျှ သဲကွဲစွာမမြင်ရ။

"ကိုင်း ... လာဗျာ စာရေးကြီး ... မယုံရင် အောက်မှာ ပန်းစည်းကိုသွားပြီးရှာမယ်"

---



www.burmeseclassic.com

www.burmeseclassic.com



တိကျသေချာစွာပြောပြနေသည့် ဥာနပိုင်ကလေး၏ စကားကြောင့် နှစ်ယောက်သားခပ်သွက်သွက်ပင်အောက်သို့ ဆင်းလာကြသည်။ ပြတင်းပေါက်တည့်တည့်သို့ရောက်လျှင် မြေပြင်ပေါ်သို့ လက်နှိပ်ဓာတ်မီးဖြင့်ထိုး၍ရှာဖွေကြည့်ကြသည်။ သို့သော် ပြတင်းပေါက်တည့်တည့်အောက်တွင်သာမက အနီးအနားဝန်းကျင်တစ်ပိုက်ထိတိုင် မည်သည့်ပန်းစည်းကိုမျှ မတွေ့ရ။

''ကဲ ... ဘယ်လိုလဲ ဥာနပိုင်လေးရဲ့ ကျုပ်ပြောပါတယ် အမြင်အာရုံတွေများပြီး မြင်တာဖြစ်မှာပါလို့ ကျုပ်တို့အလုပ်က နေ့နေ့ညညအိပ်ရေးပျက်တာတွေများလွန်းတော့ တစ်ခါတလေ အနားကပ်ပြီး ခေါ်နေသံတွေတောင် ကြားကြားနေရသေးတာပဲ။ ခရီးကလည်းပန်း, နေ့ခင်းကလည်း ဘိုတဲစောင့်ကောင်လေးပြောတာတွေနဲ့ ရောထွေးပြီး အာရုံများတွေမြင်မိတာပေါ့ ... ကဲ ... ပြန်အိပ်ကြပါစို့ ဥာနပိုင်လေးရယ်''

ဥာနပိုင်လေးထွန်းဆိုင်မှာ သူကိုယ်တိုင်မြင်တွေ့လိုက်ရသည့် ဖြစ်ရပ်ကို လက်ဆုပ်လက်ကိုင်မပြနိုင်သည်မို့ မကျေမနပ်ဖြင့် အိမ်ပေါ်သို့တက်ကာ အိပ်ခန်းထဲတွင်ပြန်၍လှဲနေမိသည်။ ရင်ထဲမှာတော့ ဂါဝန်ဖြူရှည်ကြီးနှင့် ဘိုမချောချောလေးကိုသာ တွေးနေ မြင်နေမိပါ၏။

''မဟုတ်သေးပါဘူး ... ငါကိုယ်တိုင် သေသေချာချာ မြင်ခဲ့ရတာပါ၊ ဘယ်လိုများလုပ်လိုက်တာလဲ ဘိုမလေးရယ်''

ညည်းသည် တစ်စတစ်စ ပို၍ရင့်ရော်လာသည်။ မှိတ်တုတ်





မှိတ်တုတ်ဖြင့် လင်းလက်တတ်သည့် ကြယ်ပွင့်လေးများပင် တိမ်တိုက်များကြားထဲဝယ် ငုပ်လျှိုးပုန်းကွယ်သွားကြပါပြီ။

ဥာနပိုင်လေးထွန်းဆိုင်မှာလည်း ဂါဝန်ဖြူဘိုမတစ္ဆေမလေးအကြောင်းကိုတွေးရင်း ဒုတိယအကြိမ်မြောက် ပြန်လည်၍ အိပ်မောကျသွားခဲ့ပါသည်။ သည့်တစ်ခါ အိပ်မပျော်နိုင်သူက ဂါတ်စာရေးကြီးဦးကျော်သာ။ အသက်အရွယ်ကြီးရင့်လာပြီမို့ တစ်ရေးနိုးခဲ့လျှင် ပြန်လည်၍အိပ်စက်မရနိုင်ပါလေတော့။ သို့သော် ဟိုလူးသည်လိမ့်နှင့် နံနက်လေးနာရီခန့်တွင် မှေးခနဲအိပ်ပျော်လုလုအချိန် သို့မဟုတ် သိစိတ်နှင့်မသိစိတ်တို့ လွန်းထိုးယှက်နွယ်နေချိန်။ ထိုအချိန်တွင် ...

ပထမဦးဆုံး သင်းပျံ့သည့်နှင်းဆီရနံ့သင်းသင်းလေးကို ဂါတ်စာရေးကြီး အိပ်မှုန်စုံမွှားဖြင့် ရှူရှိုက်လိုက်မိသည်။ ဟုတ်သည် ... မွှေးပျံ့သင်းကြိုင်သော နှင်းဆီရနံ့သည် တစ်ခန်းလုံးသင်းသင်းလေး လွှမ်းခြုံသွားပါတော့သည်၊ တစ်ချိန်တည်းမှာပင် ဂါဝန်ဖြူဖြူရှည်ကြီးနှင့် ဘိုမလေးတစ်ယောက် အခန်းထဲသို့ ဝင်လာသည်။

ဂါတ်စာရေးကြီးမှာ အံ့သြမှုကြောင့် တုန်လှုပ်သွားပါလေ၏။ ဘိုမလေးကို မြင်လည်းမြင်သည်၊ တွေ့လည်းတွေ့နေရသည်။ သို့သော် သူ၏တစ်ကိုယ်လုံး လှုပ်မရ၊ အော်မရ ဖြစ်နေပါချေ၏။ ထိုစဉ်မှာပင် ဘိုမချောချောလေးက အိပ်ပျော်နေသော ဥာနပိုင်လေးထွန်းဆိုင်နှင့် သူတို့နှစ်ယောက်ကြားရှိ စားပွဲထက်



www.burmeseclassic.com

www.burmeseclassic.com



တွင် နှင်းဆီပန်းစည်းလေးကို အသာအယာချလိုက်ပြီး သူ့အား ပြုံးပြုံးလေးကြည့်ကာ အခန်းထဲမှ လေအလျှင်ကဲ့သို့ ရွေ့လျား ပျောက်ကွယ်သွားပါတော့သည်။

''ဟာ''

'အ ..အ ..ဂူး ..ဂူး'

ရုတ်တရက် ဌာနပိုင်လေးထွန်းဆိုင်မှာ ဟာခနဲ ဟစ်အော်ရင်း အိပ်ရာထက်မှ ဝုန်းခနဲထထိုင်လိုက်သည်။ ဂါတ်စာရေးကြီးမှာမူ တဂူးဂူး,တအင်းအင်းနှင့် ဘီလူးစီးသကဲ့သို့ဖြစ်နေသဖြင့် ဌာနပိုင်လေးထွန်းဆိုင် လှုပ်နိုးမှသာ ဂါတ်စာရေးကြီးဦးကျော်သာမှာ သတိရလာပြီး စားပွဲပေါ်သို့ လက်ညှိုးကြီးထိုးကာ ...

''ဟို ...ဟိုမှာ ...နှင်း ...နှင်းဆီပန်းစည်း''

''ဟင် ...ဘယ် ...ဘယ်မှာလဲ နှင်းဆီပန်းစည်း၊ ကျွန်တော်လည်း အဲဒီပန်းစည်းကိုရှာနေတာဗျ ဂါတ်စာရေးကြီးရဲ့ အိပ်မက်ထဲမှာလိုလို အပြင်မှာတကယ်ပဲ ဖြစ်နေသလိုလိုပဲ၊ အခန်းထဲကို ဂါဝန်ဖြူနဲ့ဘိုမလေးတစ်ယောက်ဝင်လာပြီး ဟောဒီစားပွဲပေါ်မှာ နှင်းဆီပန်းစည်းလေးချပြီး ပြန်ထွက်သွားလို့ ကျွန် ...ကျွန်တော်က လက်ကိုလှမ်းပြီးဆွဲလိုက်တုန်း အိပ်မက်ကနေ လန့်ပြီးနိုးလာခဲ့တာ''

ဂါတ်စာရေးကြီး ဦးကျော်သာမှာ ဌာနပိုင်လေးထွန်းဆိုင် ပြောပြနေသည့်အကြောင်းအရာများကို နားထောင်ရင်းပါးစပ်ကြီးအဟောင်းသားဖြင့် အံ့အားသင့်နေပါ၏။ အကြောင်းမှာမူ






ဌာနပိုင်လေးမြင်မက်ခဲ့သောအိပ်မက်သည် သူကိုယ်တိုင် မြင်တွေ့ခဲ့ရပါသောဖြစ်ရပ်နှင့် တိုက်တိုက်ဆိုင်ဆိုင် တူညီနေသောကြောင့်ပါတည်း။

သို့သော် ...တကယ့်မျက်မြင်လက်တွေ့မှာမူ စားပွဲပေါ်တွင် မည်သည့်နှင်းဆီပန်းစည်းမှ မရှိပါချေ။ သို့တိုင်အောင် အခန်းထဲမှာတော့ မွှေးပျံ့သောနှင်းဆီပန်းရနံ့ကမူ သိသိသာသာပင် သင်းပျံ့မွှေးကြိုင်လျက် ကျန်ရစ်ခဲ့ပါတော့သတည်း။

www.burmeseclassic.com



## အခန်း (၂၃)

## ပဟေဠိရှင်ခွင်မှ နှင်းဆီတစ္ဆေမဇာတ်သိမ်း

ဌာနအုပ်လေးထွန်းဆိုင်တို့အဖွဲ့ သပေါ့လမ်းရွာကြီးရှိ ဘိုတဲတွင် ရောက်ရှိနေကြသည်မှာ သုံးညနှင့်လေးရက်တိတိရှိပါပြီ။

သန်းခေါင်ယံကျော်တိုင် ဌာနအုပ်ကလေးထွန်းဆိုင်နှင့် ဂါတ်စာရေးကြီး ဦးကျော်သာတို့ အမြဲတမ်းလိုလို နိုးနေကြပြီဖြစ်သည်။ ပထမဦးဆုံးညကကဲ့သို့မှု ကြောက်လန့်တုန်လှုပ်စိတ်များ သိပ်မရှိ ကြတော့။ စကြံမီးကို ညှို့လုံးပေါက်ဖွင့်ထားပြီး သတိနှင့် စောင့်ကြည့်ကြသည်။

ရှေးမြန်မာကြီးများ ယူဆသကဲ့သို့ဆိုလျှင် ကံဇာတာ နိမ့်ပါးနေကြသူသာ သရဲတစ္ဆေခြောက်ခံရခြင်း၊ မကောင်းဆိုးဝါးများ နှင့်တွေ့ဆုံခြင်းများ ဖြစ်လေ့ဖြစ်ထရှိကြသည်ဟု ဆိုကြသည်။





ဤသို့ဆိုလျှင် ဌာနအုပ်လေးထွန်းဆိုင်တစ်ယောက် တော်တော်ကြီးပင် ကံဇာတာနိမ့်နေပါ၏။ အကြောင်းမှာ အင်္ဂလိပ်ဘို တစ္ဆေလေးကို ညစဉ်လိုလိုတွေ့မြင်နေရခြင်းပင်။

ဟုတ်သည်။

ဘိုတဲကြီးပေါ်မှ ဘိုမတစ္ဆေမလေးက ညစဉ်ဝတ္တရားမပျက် အခန်းထဲမှထွက်သည်။ ပန်းစည်လေးကိုပြတင်းပေါက်မှ ပစ်ချသည်။ ထို့နောက်မည်သူ့ကိုမျှမကြည့်ဘဲ အခန်းထဲသို့ လှစ်ခနဲဝင်ရောက်ပျောက်ကွယ်သွားသည်။

အောက်ထပ်မှတစ်ဆင့် ပြေး၍ရှာလျှင် ထုံးစံအတိုင်း ဘာပန်းစည်းကိုမျှမတွေ့ရ။ နောက်တော့ ဌာနပိုင်လေးထွန်းဆိုင်တို့ အခန်းသို့ တိတ်တိတ်လေးဝင်လာကာ ပန်းစည်းလေးကိုချထားခဲ့သည်။ ချက်ချင်းလိုလိုပြန်ထွက်သွားလျှင် ဌာနပိုင်လေးရှာကြည့်သည်။ ထုံးစံအတိုင်းပင် စားပွဲပေါ်တွင် ဘာကိုမှမတွေ့ခဲ့ရ။ သို့သော် နှင်းဆီရနံ့လေးကတော့ အမြဲတစေ တသင်းသင်းလေး ကျန်နေရစ်ခဲ့သည်ချည်းသာ။

ဤသို့ဖြင့် ဌာနပိုင်လေးထွန်းဆိုင်တို့အဖွဲ့ ပြန်ကြရမည့်နေ့သို့ ရောက်ရှိလာခဲ့ပါ၏။ အခန်းများသန့်ရှင်းမှုပြုလုပ်ရန်အတွက် ဘိုတဲစောင့်မောင်ထီးရောက်ရှိလာသောအခါမှာတော့ ဌာနပိုင်လေးထွန်းဆိုင်က လှမ်းခေါ်လိုက်သည်။

"မောင်ထီးရေ . . . လာပါဦးကွ၊ ဒီနေ့တော့ မင်း ဝိရိယကောင်းလှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဆရာကြီးတို့ပါလား၊ ကိစ္စတွေအားလုံး ပြီးကြပြီ ထင်တယ်၊ ရွာလူကြီးဦးတန်းကျန်တောင် နောက်က လိုက်လာပြီထင်တယ်"

"အေး ... ပြီးပြီဆိုရင်လည်း ပြီးပြီပေါ့ကွာ ... ဒါပေမဲ့ မင်းဆီက အကူအညီတစ်ခုလောက်တောင်းချင်လို့ကွယ့်၊ ဒီလိုပါကွယ် ... ငါတို့မပြန်ခင် ဟို ... သော့ခတ်ထားတဲ့အခန်းကို ခဏလောက်ဖွင့်ကြည့်ချင်လို့ပါ မောင်ထီး"

"ခင်ဗျာ"

ဌာနပိုင်လေးထွန်းဆိုင်ထံမှ မမျှော်လင့်ဘဲကြားလိုက်ရသောစကားကြောင့် ဘိုတဲစောင့်မောင်ထီးမှာ မျက်လုံးပြူးသွားပါလေ၏။

"အာ ... မ ... မလုပ်ပါနဲ့ ဆရာကြီးရယ်၊ တော်ကြာနေ တစ်စုံတစ်ခုဖြစ်သွားခဲ့ရင် ကျွန်တော့်မှာ နေရင်းထိုင်ရင်း ဒုက္ခရောက်နေပါ့မယ် ခင်ဗျာ"

ထိုအချိန်တွင် သပေါ့လမ်းရွာလူကြီး ဦးထန်းလျှန်းဘိုတဲပေါ်သို့တက်လာသည်နှင့်ကြုံကြိုက်သွားသဖြင့် ...

"အို ... ဘာတွေများ ဒုက္ခရောက်နေကြလို့လဲ ဌာနပိုင်လေးတို့ရဲ့"

ရွာသူကြီးဦးထန်းလျှန်၏ခရီးရောက်မဆိုက် အမေးစကားကြောင့် ဌာနပိုင်လေးထွန်းဆိုင်က သေချာစွာရှင်းလင်းပြောဆိုပြလိုက်ပါ၏။





ရွာသူကြီးဦးထွန်းဆိုင်မှာ စိတ်ဝင်တစားနှင့် နားထောင်ရင်း ...

"အင်း ... ဘာမှတော့မဖြစ်လောက်ပါဘူး ... ဒါပေမဲ့ အဲဒီသော့ခလောက်ကြီးက မဖွင့်တာကြာပြီ ထင်တယ်ကွယ့် မောင်ထီး"

"ဟုတ်တယ် သူကြီး ... ကျွန်တော့်ဘကြီးလက်ထက်ကတည်းက မဖွင့်ခဲ့တာ ကြာလှပြီပေါ့၊ သော့ခလောက်နဲ့သော့တံတွေတောင် သံချေးတက်နေပြီ၊ မဖွင့်တာ နှစ်တွေမှမနည်းတော့ဘဲ၊ သူကြီးလည်း ရှိနေတော့ ဆရာကြီးတို့သဘောပါ ခင်ဗျာ"

ဤသို့ဖြင့် ဘိုမလေး၏အခန်းရှေ့တွင် ဌာနပိုင်လေးထွန်းဆိုင်တို့လူစု ရောက်ရှိလာကြသည်။

ထိုစဉ်မှာပင် ချိုအိသော နှင်းဆီရနံ့က သင်းသင်းလေးမွှေးလာသဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ တစ်ချိန်တည်းမှာပင် အခန်းတွင်းမှပင် တရှုပ်ရှုပ်နှင့်ခြေသံလိုလို ကြားလိုက်ရပြန်သည်။

ထို့ကြောင့် ချက်ချင်းလိုပင် ဘိုတဲစောင့်မောင်ထီး ပေးထားသည့် ရေးဟောင်းသော့တံကြီးကို ဌာနပိုင်လေးထွန်းဆိုင် ကုန်တုန်ယင်ယင်နှင့်ဖွင့်နေပါ၏။ သို့သော် ... တော်တော်နှင့်ဖွင့်၍မရပါ။ နှစ်ပရိစ္ဆေဒကြာမြင့်စွာဖွင့်ခဲ့ပြီဖြစ်သောကြောင့် သံချေးအထပ်ထပ်ရှိနေသည့်သော့တံနှင့်သော့ခလောက်ကြီးက လှည့်မရ၊ ပြုမရနှင့်ကျပ်နေပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား . . . မလွယ်ဘူး စာရေးကြီးရေ . . . သော့တံက တော်တော့်ကိုကျပ်နေတာဗျ။ အင်း . . . သံချေးတွေကလည်း အထပ်ထပ်ဖြစ်နေတာကိုး"

"ကိုင်း . . . ကျုပ် တစ်လှည့်ဖွင့်စမ်းမယ်ဗျာ"

ဂါတ်စာရေးကြီးဦးကျော်သာ တစ်လှည့်ကြိုးစားပြီး ဖွင့်သည့်တိုင် ကြေးသော့ခလောက်ကြီးက တုတ်တုတ်မျှမလှုပ်။ ထို့နောက် ဘိုတဲစောင့်မောင်ထီးပါမနေနိုင်တော့ဘဲ ဝိုင်းကူ၍ ဖွင့်ကြသည့်တိုင် သံချေးများကိုက်နေဟန်တူသည့် သော့တံနှင့် သော့ခလောက်တို့က လုံးဝမတုန်မလှုပ်။

ထိုအခိုက် နှင်းဆီရန့်က သိသိသာသာပင်ပို၍ မွှေးကြိုင်လာသလိုလို။ ဌာနပိုင်လေးထွန်းဆိုင်မှာလည်း တစ်စုံတစ်ရာကို သတိရသွားလေသည်ထင့် . . .။ မောင်ထီးလက်ထဲမှ သော့တံကို ပြန်၍ယူလိုက်ပြီး လေသံတိုးတိုးဖြင့် တတွတ်တွတ်ရွတ်ဆိုနေပါ၏။

"အို . . . ဘိုမလေး . . . ငါတို့ မင်းကိုအနှောင့်အယှက်ပေးမလို့မဟုတ်ပါဘူး။ အခုလို တစ်ခုခုကိုစွဲလမ်းနေပြီး မကျွတ်မလွတ်နိုင်တဲ့ဘဝကနေ လွတ်မြောက်အောင်ကူညီပေးမလို့ပါ။ အဲဒါကြောင့် မင်းရဲ့အခန်းထဲကို ငါတို့ကို ဝင်ခွင့်ပေးပါ"

ဌာနပိုင်လေးထွန်းဆိုင်သည် ဘာသာတရားနှင့် နွယ်ယှက်ပြောဆိုကာ ခွင့်တောင်းနေပါ၏။ အားလုံးရင်တထိတ်ထိတ်နှင့် စောင့်စားနေခိုက် နောက်ဆုံးအကြိမ်ကြိုးစား၍ဖွင့်နေသည့် သော့





တံမှာ ချောက်ခနဲမြည်သံနှင့်အတူ သော့ခလောက်ကြီးက ပွင့်သွားပါလေတော့သည်။

'ချောက်'

'ကျွီ . . ကျည် . . ကျည်'

ထို့နောက် တံခါးကိုဖြည်းညင်းစွာ တွန်းဖွင့်လိုက်သည်။ နှစ်ပရိစ္ဆေဒကြာမြင့်စွာမဖွင့်ဘဲထားသည့် အခန်းတံခါးကြီးက တကျည်ကျည်နှင့်အော်မြည်လျက်ပွင့်သွားပါလေ၏။

ရုတ်တရက် မြင်တွေ့လိုက်ရသည့်အခန်းတွင်းမှ မြင်ကွင်းကြောင့် ဌာနပိုင်လေးတို့လူစု အံ့သြတုန်လှုပ်သွားကြပါတော့သည်။

"ဟာ"

"အင် . . . ဘယ်လိုလဲဟ"

"အိုး"

ဟုတ်သည်။

နှစ်ပေါင်းကြာမြင့်စွာ မဖွင့်ဘဲထားသည့်အခန်းဖြစ်သဖြင့် ပင့်ကူမြွေးများ၊ ဖုန်မှုန်များနှင့် ညစ်ပေရှုပ်ထွေးနေရမည့်အစား ဖုန်၊ အမှိုက်၊ ပင့်ကူမျှင်တို့ တစ်စက်မျှမရှိကြဘဲ နေ့စဉ် လူနေထိုင်ထားသကဲ့သို့ သန့်ရှင်းနေသည်ကို တွေ့မြင်လိုက်ရသဖြင့် အံ့သြတုန်လှုပ်နေကြရသည်မဟုတ်ပါလား။

ထို့ကြောင့် အခန်းတွင်းသို့ ဌာနပိုင်လေးထွန်းဆိုင်နှင့် ဂါတ်စာရေးကြီးတို့မှအပ ကျန်လူများအားလုံးမှာ မဝင်ရဲကြဘဲ



www.burmeseclassic.com

www.burmeseclassic.com



အခန်းပေါက်ဝတွင်သာ စုပြုံနေကြပါ၏။

"ဘယ်လိုဖြစ်တာလဲ စာရေးကြီးရဲ့ . . . လူတစ်ယောက်က နေ့တိုင်း ရှင်းထားသလို တစ်ခန်းလုံး သန့်ရှင်းနေတာပါပဲလား"

"ဟုတ်တယ် ဌာနပိုင်လေးရဲ့ . . . ကျုပ်တောင် ဒီအခန်းထဲမှာနေရတာ စိတ်မလုံဘူးဗျ။ ကျုပ်တို့ကို တစ်ယောက်ယောက်က ကြည့်နေသလိုပဲ ခံစားနေရတယ်"

အခန်းထဲမှာတော့ နှစ်ယောက်အိပ်ခုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးတို့ကို သပ်ရပ်သန့်ရှင်းစွာတွေ့နေရပါ၏။ ဖုန်မှုန့်တစ်စက်မရှိ။ အားလုံးတိုက်ချွတ်ထားသည့်နှယ် သန့်စင်နေသည်မှာ ထူးဆန်းသောဖြစ်ရပ်ဆန်းတစ်ခုနှယ် ဖြစ်နေပါလေ၏။

ခုတင်ပေါ်မှာတော့ မွေ့ရာတစ်ခုနှင့်ဖြူဆွတ်နေသည့် အိပ်ရာခင်းတစ်ခု၊ ခေါင်းအုံးနှစ်လုံးတို့က ယှဉ်တွဲလျက် သပ်ရပ်စွာ ရှိနေကြသည်။

"ဟော . . . ဟို . . . ဟိုမှာ"

တွေ့လိုက်ရပါပြီ ခုတင်ထက်ရှိ ခေါင်းအုံးနှစ်လုံးကြားတွင် လတ်လတ်ဆတ်ဆတ်နှင်းဆီနီတစ်စည်းကို ထူးခြားစွာ တွေ့မြင်လိုက်ရသဖြင့် နှစ်ယောက်သား ခေါင်းနားပန်းများပင် ကြီးသွားကြပါသည်။

"နှင်း . . . နှင်းဆီပန်းတစ်စည်းပါလား၊ လတ်လတ်ဆတ်





ဆတ်နဲ့ ဒီမနက်ခင်းပိုင်းလေးတင် စည်းပြီးပို့ထားသလိုပဲ၊ ဘုရား ဘုရား . . . ဘာတွေဖြစ်ကုန်ကြပြီလဲမသိတော့ဘူး ဌာနပိုင်လေးရေ"

"ကိစ္စမရှိဘူး စာရေးကြီး . . . ခဏနေရင် အားလုံးပြီးသွားတော့မှာပါ၊ ကျွန်တော့်ဘကြီးဘုန်းကြီး သင်ပေးထားတဲ့ ပညာနည်းတစ်ခုနဲ့ သူ့ရဲ့ဘဝကိုကယ်တင်ပေးရမယ်"

ဌာနပိုင်လေးထွန်းဆိုင်က ခေါင်းအုံးနှစ်လုံးကြားမှ နှင်းဆီပန်းစည်းလေးကိုကောက်ယူလိုက်သည်။ ပြီးလျှင် နှုတ်ဖျားမှ တိုးတိုးညင်ညင်ရေရွတ်လိုက်ပါ၏။

"ဒီမှာ ဘိုမလေးရေ . . . ငါ မင်းကို လွတ်လပ်တဲ့ကောင်းကင်ဘုံတစ်ခုဆီကို ပို့ပေးမယ်၊ နောက်ပြီး မင်းအတွက် ကောင်းမွန်သာလွန်တဲ့ဘဝကိုရောက်ဖို့ ငါတတ်နိုင်သမျှ ဆုတောင်းပေးဦးမယ် . . . ဒီအတွက် အခုချိန်ကစပြီး မင်း ငါ့ရဲ့နောက်ကို လိုက်ခဲ့ပါ"

ထို့နောက် ဌာနပိုင်လေးထွန်းဆိုင်မှာ နှင်းဆီပန်းစည်းလေးကို ရင်ခွင်တွင်ပိုက်၍ကိုင်ကာ အခန်းထဲမှထွက်လာခဲ့သည်။ သူ့နောက်မှာတော့ ဂိတ်စာရေးကြီးဦးကျော်သာက တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ပါ၏။

"ကိုင်း . . . မောင်ထိီးရေ . . . ငါ့ကို အင်္ဂလိပ်သင်္ချိုင်းရှိတဲ့ဆီကို လိုက်ပို့ပေးပါလား"

"အာ . . . ဟုတ် . . . ဟုတ်ကဲ့ပါ ဆရာကြီး၊ တောင်ခြေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျောက်ဖြူသားနဲ့လုပ်ထားတဲ့ အင်္ဂလိပ်သင်္ချိုင်းရာ တစ်ခုရှိတယ်''

ဤသို့ဖြင့် ဘိုတဲနှင့် မလှမ်းမကမ်းတောင်ခြေတွင်ရှိသည့် အင်္ဂလိပ်သင်္ချိုင်းရာတစ်ခုကို မောင်ထီးနှင့် ရွာသူကြီး ဦးထန်ကျွမ်းတို့က လိုက်လံပြသကြသည်။ တောင်ခြေရှိကုန်းမြင့်မြင့် တစ်ခုပေါ်တွင် ချုံနွယ်ပိတ်ပေါင်းများနှင့် ဖုံးအုပ်နေသည့် သင်္ချိုင်းရာတစ်ခုကို ရှင်းလင်း၍ရှာဖွေကြရပါ၏။

''ဟော ... ဒီ ... ဒီမှာတွေ့ပြီဟေ့၊ ပိစပ်ချုံနွယ်တွေ ဖုံးနေတာဟ၊ မောင်ထီးရေ ... ဓားယူခဲ့ပါဟေ့ ... ဒီမှာ ရှင်းခုတ်ပစ်မှရမယ်''

ဟုတ်ပါသည် ...။ ဖြူဖွေးနေသည့် ကျောက်ဖြူသားမှာ ဒါကြင်ကြင်ပင် ဖြစ်၍နေပါပြီ။ ကျောက်ဖြူသားကျောက်ပြားထိပ်တွင် ကျောက်လက်ဝါးကပ်တိုင်တစ်ခုကိုစိုက်ထူထားပြီး ခြေရင်းဘက်တွင်မူ တောရိုင်းနှင်းဆီနီတစ်ပင်ကို စိမ်းစိမ်းစိုစိုနှင့် တွေ့လိုက်ရပါလေ၏။

ထိုကျောက်ဖြူသား ကျောက်ပြားပေါ်တွင်ကား ...

| |
|---|
| မစ္စတာမာရီယာရိုစ် |
| အသက် (၂၀) နှစ် |
| ၁၉၂၀ခုနှစ် ဒီဇင်ဘာ (၅) ရက် |
| သောကြာနေ့တွင် ကွယ်လွန်သည်။ |





ဟု အင်္ဂလိပ်ဘာသာဖြင့် ကမ္ပည်းထိုးရေးထွင်းထားသည်ကို ကျောက်ဖြူသားဝါဝါတွင် ဖတ်ရှုလိုက်ကြရပါတော့သည်။ ဌာနပိုင်လေးထွန်းဆိုင်က ကျောက်ဖြူသားပေါ်မှ သစ်ရွက်ခြောက်များနှင့် အမှိုက်သရိုက်အချို့ကိုဖယ်ရှင်းလိုက်ပြီး အခန်းထဲမှယူလာသည့် နှင်းဆီနီပန်းစည်းလေးကို အသာအယာတင်လိုက်ပါ၏။ ပြီးလျှင် အင်္ဂလိပ်ဘာသာစကားဖြင့် တိုးညှင်းစွာရွတ်ဆိုလိုက်သည်။

''ဘိုမလေး မာရီယာရို့စ်ရေ ... ဟောဒီနေရာလေးဟာ တိတ်ဆိတ်အေးချမ်းလှတဲ့နေရာလေးတစ်ခုပါ၊ နောက်ပြီး မင်းရဲ့ မူလနေရာမှန်လည်းဖြစ်တယ်လေ၊ ဒီနေရာကမှ မင်း အမှန်တကယ်နေရမယ့် နေရာလေးပါပဲကွယ်၊ နောက်ကို ဒီနေရာက လွဲရင် ဘယ်ကိုမှထွက်မသွားပါနဲ့တော့၊ ဘိုတဲကြီးက အခန်းဆီကိုလည်း ဘယ်တော့မှမပြန်ပါနဲ့တော့၊ ဒါပေမဲ့ ငါက မြန်မာလူမျိုးတစ်ယောက်မို့ မြန်မာတွေရဲ့ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအတိုင်း ငါပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေရဲ့အဖို့ဘာဂတွေကို မင်းပါတမလွန်ဘုံဘဝကနေ ခံစားစံစားနိုင်အောင်လို့ အမျှဝေပေးလိုက်ပါတယ်... မင်း ရရှိခံစားနိုင်ပါစေ၊ အခုလက်ရှိဘုံဘဝကနေ ကျွတ်လွတ်ပြီး မင်းတို့ရဲ့ဘုရားသခင်ရှိရာ ကောင်းကင်ဘုံကို ရောက်ရှိပါစေလို့ ငါဆုတောင်းလိုက်ပါတယ် ဘိုမလေးရေ''

ထိုအချိန်တွင် နှင်းဆီရနံ့သင်းသင်းလေးက ဌာနပိုင်လေးထွန်းဆိုင်၏အနီးဝန်းကျင်တွင် မွှေးပျံ့လျက်ရှိပါ၏။ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ပြားချပ်ခြေရင်းမှ တောရိုင်းနှင်းဆီပင်လေးမှာမူ တစ်စုံတစ်ဦးက တိုးဝှေ့တိုက်ခတ်သွားသကဲ့သို့ လေမတိုက်ပါဘဲနှင့် ဘယ်ညာ ယမ်းခါသွားသည်ကို ဌာနပိုင်လေးထွန်းဆိုင်တို့အားလုံး အံ့သြစွာ တွေ့ရှိလိုက်ကြရပါသည်။

ထိုစဉ်မှာပင် အားလုံးထပ်မံ၍ အံ့အားသင့်စရာဖြစ်ရပ် တစ်ခုက မယုံကြည်နိုင်အောင်ပင် မျက်ဝါးထင်ထင် တွေ့ရှိလိုက် ကြရပြန်ပါ၏။

''ဟာ ..ဟို ..ဟိုမှာ နှင်း ..နှင်းဆီပန်း ...နှင်းဆီ ပန်း''

ဟုတ်ပါသည်။ ဂါတ်စာရေးကြီးဦးကျော်သာ မျက်စိမျက်နှာ ပျက်လျက် ထိတ်လန့်စွာအော်ဟစ်လိုက်သဖြင့် သူညွှန်ပြရာ သင်္ချိုင်းထက်သို့ လှမ်း၍ကြည့်လိုက်ကြသည်။ ကျောက်ပြားထက် ရှိနှင်းဆီပန်းစည်းလေးမှာ ကြည့်နေရင်းမှပင် တစ်စတစ်စ ညှိုး လျော်ခြောက်သွေ့သွားသည်ကို အံ့သြစွာ မြင်တွေ့လိုက်ကြရ သည်။

''ဟာ ...ဟုတ်တယ်ဟေ့ ...နှင်းဆီပန်းလေးတွေက တဖြည်းဖြည်း ခြောက်သွေ့ညှိုးနွမ်းသွားကြတာ မြန်ဆန်လွန်း လှချည်လား''

''ဟုတ်တယ်ဗျို့ ...စောစောပိုင်းလေးကပဲ လန်းဆန်း နေကြတာ''

တစ်ယောက်တစ်ခွန်းစကားပြောဆိုနေကြစဉ်မှာပင် နှင်း





ဆီပန်းစည်းလေးမှာ ခြောက်သည်ထက်ပို၍ခြောက်လာပြီး နောက်ဆုံးအမှုန့်လေးများအဖြစ်သို့ ပြောင်းလဲသွားကာ လေပြည် တစ်ချက်အဝှေ့တွင် ထိုအမှုန်စလေးများမှာ ထူးဆန်းစွာပင် လွင့်ပါပျောက်ကွယ်သွားပါလေတော့သည်။

''အင်း ...ကျွန်တော့်အထင်ပြောရရင်တော့ ဘိုမလေး ဒီလက်ရှိဘဝကနေ ကျွတ်လွတ်သွားပြီလို့ ယူဆရတယ် စာရေး ကြီးရေ၊ ကြည့်ပါလား ...နှင်းဆီအနံ့တောင် မရတော့ဘူးလေ ...ကိုင်း ...ဘိုတဲကိုပဲ ပြန်ကြစို့ရဲ့ဗျာ''

ထိုနောက်မှာတော့ မစ္စမာရီယာရို့စ်၏သင်္ချိုင်းရာကို ကျော နိုင်းကာ ဘိုတဲကြီးရှိရာသို့အတွေးကိုယ်စီဖြင့် တိတ်ဆိတ်စွာ ပြန် လာခဲ့ကြသည်။ ဘိုတဲအပေါ်ထပ်သို့ပြန်ရောက်တော့ ဘိုမလေး ၏အခန်းတွင်းသို့ ဝင်ရောက်ကြည့်လိုက်သည်တွင် ...

''ဟာ''

ထုံးစံအတိုင်း စာရေးကြီး၏အလန့်တကြားထွက်ပေါ်လာ သော အာမေဋိတ်သံကြီးကြောင့် ကျန်လူများအားလုံးအခန်းတွင်း သို့ ဝိုင်းအုံတိုးဝှေ့ကြည့်ကြသောအခါမှာတော့ ...

ယခင်က ပြောင်လက်သန့်ရှင်းနေသောအခန်းမှာ ပင့်ကူ မျှင်များ၊ ပိုးမျှင်များ၊ အမှိုက်သရိုက်များဖြင့် ဖုန်အလိမ်းလိမ်း၊ ကြွက်ချေးအထပ်ထပ်ရှိနေပါချေပြီကော။ ခုတင်၊ စားပွဲနှင့် ထိုင်ခုံ များမှာလည်း ပင့်ကူမျှင်များနှင့် ဖုန်များ ညစ်ပတ်ပေကျံလျက် လဲသည့်ခုံများကလဲနှင့် အခြေအနေသည် ထူးထူးခြားခြားပင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားလျက်ရှိပါတော့သည်။

ထိုအတူ ခုတင်ပေါ်တွင်ခင်းထားသည့် မွေ့ရာနှင့်အိပ်ရာခင်းဖြူဖြူများမှာလည်း အရောင်အဆင်းများ ပျက်ပြယ်၍ စုတ်ပြတ်ကာ သွေးပြည့်ပေါက်ပြဲလျက်ရှိပြီး ဖြူဖွေးသန့်စင်နေသည့် ခေါင်းအုံးနှစ်လုံးမှာလည်း မှို့များထွက်ကာ ကြွက်ချေးအထပ်ထပ်နှင့် သွေးပြည့်ပျက်စီးလျက်သာရှိသည်ကို ထိတ်လန့်အံ့သြစွာ တွေ့မြင်လိုက်ရပါတော့သတည်း။

❖ ❖ ❖





# အခန်း (၂၄)

## ဖုန်းမသိမ်ကုန်းမှ ပေါက်ကွဲသံစဉ်များ

စိတ်ဝင်စားဖွယ်၊ အံ့သြထိတ်လန့်ဖွယ်ရာကောင်းသည့် သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသော . . . ဘိုတဲတစ္ဆေမတစ်ကောင်၏ အကြောင်းကို ပြောပြနေခြင်းဖြစ်သည်။

ဌာနအုပ်ကြီး ဦးထွန်းဆိုင်၏စကားများကြောင့် မင်းမောင်မှာ . . . သူ၏ရှေ့တွင် ငုတ်တုတ်မည်းမည်းကြီးထိုင်နေရှာသည့် မကောင်းဆိုးဝါးဘိုတဲပျက်ကြီးကို မနှစ်မြို့စွာပင် ရှုးရှူးရဲရဲ ကြည့်နေပါလေ၏။

"အဲဒါ လွန်ခဲ့တဲ့ရှစ်နှစ်ကျော်လောက်က ကျုပ်ကိုယ်တိုင် ဘိုတဲတစ္ဆေမတစ်ကောင်ကို ကျွတ်လွတ်သွားအောင်လုပ်ပေးခဲ့ပါသေးတယ်၊ အင်း . . . ဒီက ဘိုတဲပျက်ကြီးကတော့ ဘယ်လိုနေမလဲမသိဘူးဗျို့ . . . ဒါပေမဲ့ ကြားရတဲ့သတင်းအတိုင်းသာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ အရိုပ်မည်းတစ္ဆေကောင်ကြီး ရှိတယ်လို့တော့ ကောလဟာလတွေ ထွက်နေကြတယ်ဗျို့''

''ဟုတ်တယ် ဌာနပိုင်ကြီးရဲ့၊ ဒါပေမဲ့ ... ကျွန်တော်ကိုယ်တိုင်လည်း အထဲထိအောင်ဝင်ကြည့်ပြီးပါပြီ၊ မသင်္ကာစရာဆိုလို့ ဘာမှမရှိပါဘူး၊ တစ်ခုဆိုးတာက ... ဘိုတဲကြီးရဲ့ အပေါ်ထပ်၊အောက်ထပ် နေရာတော်တော်များများမှာ ချုံနွယ်ပိတ်ပေါင်းတွေဖုံးနေပြီး ကြမ်းခင်းတချို့လည်း ပေါက်ပြဲပျက်စီးနေလေတော့ အန္တရာယ်ရှိနိုင်တယ်ဆိုပြီး အပေါ်ထပ်ကိုတော့ မကြည့်ဖြစ်သေးဘူး''

''ဒါဆိုရင် ကြုံကြိုက်တုန်း ဒီဘိုတဲပျက်ကြီးထဲကို ဝင်ပြီးကြည့်ကြရအောင် ကိုမင်းမောင်''

ဤသို့ဖြင့် နှစ်ယောက်သား ... နာမည်ကျော် ဖုန်းမသိမ်ကုန်းပေါ်ရှိ ဘိုတဲပျက်ကြီးရှိရာသို့လျှောက်လှမ်းလာကြပြီး ပျက်စီးယိုယွင်းလျက်ရှိသော တံခါးမှတစ်ဆင့်အတွင်းသို့ သတိဖြင့် ဝင်ရောက်လာခဲ့ကြသည်။

နှစ်ပရိစ္ဆေဒရှည်ကြာလှပြီဖြစ်သဖြင့်လည်းကောင်း၊ စစ်ဘေးစစ်ဒဏ်ကြောင့် ပြိုပျက်ကျသည့်အပိုင်းက ပျက်စီးပြိုကျနေသဖြင့်လည်းကောင်း၊ တစ်ခန်းမှတစ်ခန်းသို့ ရောက်ရှိရန် ခက်ခဲခဲ ဝင်ရောက်နေကြရသည်။

သည်ကြားထဲ မြွေပါးကင်းပါးက ဂရုစိုက်ရသေးသည်။ သူတို့နှစ်ယောက်၏လှုပ်ရှားသံကြောင့် တွင်းအောင်းနေကြသည့်





မြွေကြွက်ကြီးများမှာ ... တကျွိကျွိအော်မြည်ကာ လူးလာလှုပ်ရှားသွားကြပါ၏။

'ကျွိ .. ကျွိ .. ကျွိ'

'ဖရော .. ဖရော .. ဝေါ'

''ဟာ ... ဒီကြွက်တွေကတစ်မှောင့်ကွာ၊ ဌာနအုပ်ကြီးရေ ... ဒီပုံအတိုင်းဆိုရင် အပေါ်ထပ်ကိုတက်ဖို့တောင် ခပ်ခက်ခက်ပဲဗျို့ ... နောက်ဖေးခြမ်းဆောင်ကတော့ ဗုံးဒဏ်ကြောင့် တစ်ဝက်လောက်တောင် တော်တော်လေးပျက်စီးနေပြီ''

''အင်း ... ရောက်လာမှတော့ မထူးဘူးဗျာ ... ရသလောက် ဝင်ပြီးကြည့်ရအောင်၊ ကျုပ်လည်း ဒီဘိုတဲကြီးကို လာပြီးစစ်ဆေးမယ်၊ကြည့်မယ်နဲ့ကို တစ်ခေါက်တစ်ကျေးမှ မရောက်နိုင်ဘူး၊ တခြားအမှုကိစ္စကြီးတွေနဲ့ပဲ ရှုပ်နေလေတော့ ဒီဘက်ကို စိတ်ရောက်ပေမယ့် တော်တော်နဲ့ခြေဦးမလှည့်နိုင်ခဲ့ဘူးဗျ၊ အခုတောင် ကိုမင်းမောင်ကြောင့် ဒီဘိုတဲပျက်ကြီးဆီကို ရောက်ခဲ့ရတာ''

ဌာနအုပ်ကြီးဦးထွန်းဆိုင်မှာ လုပ်ငန်းတာဝန်ပိုင်းတွင် တိကျပြတ်သားသလောက် ... စိတ်ရှည်ဖွဲ့သန်သူ၊ စီရိယကောင်းလှသည့် ဝန်ထမ်းကောင်းကြီးတစ်ယောက်ဖြစ်သည်။ သူကိုယ်တိုင်ကလည်း သူတာဝန်ယူထားရသည့် နယ်မြေအတွင်းမှ ဒေါက်တာလင်းမောင် ... ထူးခြားစွာ သေသည်ရှင်သည်မသိရဘဲ ပျောက်ဆုံးသွားခဲ့သည်ကို မကျေမနပ်ဖြစ်နေသူတစ်ဦး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့်လည်း ထိုအမှုကို မင်းမောင်နှင့်အတူ ရေဆုံးရေဖျားထိတိုင် လိုက်လံစုံစမ်းနေခြင်းသာ ဖြစ်ပါချေ၏။ အမှုတစ်ခု၏ထုံးစံအရ အမှုနှင့်ဆက်စပ်နိုင်မည့်အရာမှန်သမျှ ကြီးသည် ငယ်သည်မရွေး . . . ရနိုင်သမျှစေ့ငုံစုံစမ်းရမည် မဟုတ်ပါလား။

မင်းမောင်က ဘယ်ချောင်မှရလာသည်မသိသော သစ်သားချောင်းရှည်တစ်ခုနှင့် ရှေ့မှခြောက်လှန့်၍ လှေကားမှတစ်ဆင့် အပေါ်ထပ်သို့တက်လာခဲ့ကြသည်။

''ဟေး . . . ရှူး ရှူး''

'ဒေါက် . . ဒုံး . . ဒုန်း . . ဖရော'

ဘိုတဲပျက်ကြီး၏အပေါ်ထပ်မှာတော့ ချိုးနွယ်များကို သိပ်မတွေ့ရ။ ပေါက်ပြဲနေသော ကြမ်းပြင်တချို့နှင့် . . . နှစ်ကာလကြာမြင့်ခဲ့ပြီမို့ . . . ပင့်ကူမျှင်တန်းများ၊ အမှိုက်သရိုက် ဖုန်မှုန်များ၊ ကြွက်ချေးများနှင့် လင်းနို့ချေးများက နေရာအနှံ့ နေရာယူ ကြီးစိုးထားကြသည်။ ထို့ကြောင့် ညှီစို့စို့၊ ပုပ်အဲ့အဲ့အနံ့များက ဘိုတဲကြီးအတွင်းဝယ်တလှိုင်လှိုင်နှင့် . . .။

''ဟင်း . . . ပုပ်အဲ့အဲ့နဲ့ တော်တော့်ကိုနံတာပဲဗျို့ . . . အန်တောင်အန်ချင်လာတယ်''

မင်းမောင်၏စကားကို ကြားသော်လည်း ဌာနပိုင်ကြီး ဦးထွန်းဆိုင်ကမူ ရလာသည့်အခွင့်အရေးကို လက်မလွှတ်။ တစ်ခန်းဝင်တစ်ခန်းထွက်နှင့် ဘိုတဲကြီးအနှံ့ သေသေချာချာ ကြည့်





ပျက်ရှိသည်။ ဘိုတဲကြီး၏ အိမ်ရှေ့တစ်ခြမ်းသည် အပျက်အစီး ရှိ၊ နောက်ဖေးဆောင်မှာမူ စက်သေနတ်ဒဏ်၊ ဗုံးဒဏ်တို့ မိ ားကြသည်ထင့် . . . အတန်ငယ်ပြိုကျပျက်စီးနေသည်ကို တွေ့ ငလိုက်ရသည်။

ထိုစဉ် လေပြင်းတစ်ချက် တိုက်ခတ်သွားသည်ကြောင့် ိုတဲကြီးခေါင်မိုးမှ သွပ်ပြားအချို့မှာ ကျိုးကျိုးကျည်ကျည်ပင် အော်မြည်သွားကြသည်။

ဘိုတဲပျက်ကြီးတစ်ခုလုံး တိတ်ဆိတ်မှုများကသာ ကြီးစိုး သဖြင့် ယခုကဲ့သို့ ရုံဖန်ရံခါ လေပြင်းတိုက်ခတ်ခဲ့လျှင်မူ . . . ျိုးကျိုးကျည်ကျည်အော်မြည်သံကြီးများက မကောင်းဆိုးဝါး ဆ္ဆေကောင်ကြီးများ ညည်းညူနေသံကဲ့သို့ ကြားနေရသည် ဟုတ်ပါလား။

''အင်း . . . ဟုတ်တော့လည်းဟုတ်သား၊ လင်းနို့တွေ၊ ွက်ကြီးတွေနဲ့ ပျော်စံနေကြတဲ့ ဘိုတဲကြီးကိုကြည့်ပြီး ထိတ် ်နိုမယ်ဆိုရင်လည်း ထိတ်လန့်သွေးပျက်စရာပဲ ကိုမင်းမောင်၊ သတ္တာန်အနေအထားကိုက လူသူမနီးတဲ့ တောတောင်ကုန်း ါမှာ ထီးထီးကြီးရှိနေတာကိုးဗျ''

ဌာနပိုင်ကြီးဦးထွန်းဆိုင်က ပုလိပ်အရာရှိတစ်ဦးပီပီ . . . ိုတဲကြီးကို အသေးစိတ် လေ့လာကြည့်ရှုစစ်ဆေးနေပါ၏။ ်းမောင်ကမူ ဤတောဤတောင် ဤဖုန်းမသိမ်ကုန်းတောကြီး ်တွင်းဝယ် ခြေရာလက်ရာလုံးဝရှာမတွေ့ရဘဲ . . . ထူးဆန်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးသွားရရှာသည့် အမွှာအစ်ကိုကြီးဖြစ်သူ ဒေါက်တာ
လင်းမောင်အတွက် ကြေကွဲနေမိပါသည်။

ထို့ကြောင့် ထင်ပါ၏။ ဘိုတဲပျက်ကြီး၏ လုံခြုံစိတ်ချ
သောနေရာတစ်ခုမှနေ၍ ဦးနပိုင်ကြီးဦးထွန်းဆိုင်နှင့် မင်းမော
တို့နှစ်ယောက်ကို စူးစူးဝါးဝါးကြီးစောင့်ကြည့်နေသည့် မျက်လုံး
စိမ်းစိမ်းကြီးကိုမူ မည်သူမျှသတိမထားလိုက်မိနိုင်ကြပါ။

ထိုအခိုက်မှာပင် ...

'ဟီး ..ဟီး ..ဟီး ..ဟီး ..ဟီး'

'ဝေါ ..ဖရော ..ဖရော ..ဖျော ..ဝုန်း'

ရုတ်တရက်ကျယ်လောင်စွာ မြည်ဟည်းထွက်ပေါ်လာ
သည့် မြင်းဟီသံကြီးကြောင့် ဦးနပိုင်ကြီးဦးထွန်းဆိုင်နှင့် မင်း
မောင်တို့နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်
ကြည့်လိုက်ကြသည်။

''ဒါ ကျွန်တော်တို့စီးလာတဲ့ မြင်းတွေရဲ့ဟီသံကြီးဗျ၊ ဘာ
ဖြစ်တာလဲမသိဘူး ...ပြေးလွှားနေတဲ့အသံတွေပါ ကြားနေ
ရတယ် ''

''ဟုတ်တယ်ဗျို့ ...တောကောင်တစ်ကောင်ကောင်များ
ဝင်ဆွဲတာလားမသိဘူးဗျ၊ လာ လာ ...သွားကြည့်ကြမယ်
...သတိတော့ထား ကိုမင်းမောင်ရေ''

ဦးနပိုင်ကြီးဦးထွန်းဆိုင်က သူ၏သေနတ်အိတ်ထဲမှ
ခြောက်လုံးပြူးသေနတ်ကြီးကိုထုတ်ကာ ဘိုတဲကြီးပေါ်မှ က





ကယာ ပြေးထွက်လာခဲ့ကြသည်။ အပြင်သို့ရောက်တော့ ...
ဆင်ခြေလျှောမြက်ခင်းစပ်တွင်လွှတ်ထားခဲ့သော မြင်းနှစ်ကောင်
အနက်မှ ...ဦးနပိုင်ကြီးဦးထွန်းဆိုင်စီးလာခဲ့သော မြင်းကြီးကို
တွေ့ရ၏။ မင်းမောင်လွှတ်ထားခဲ့သည့် မြင်းညိုကြီးသာ မြက်ခင်း
ပြက်တွင် အစာစားနေသည်ကို တွေ့လိုက်ရသည်။

''ရော် ...ကျုပ်စီးလာတဲ့မြင်းကြီးဗျ ဘယ်တောင်ရောက်
သွားပြီလဲမသိဘူး''

''တစ်ခုခု, တစ်ကောင်ကောင် မြင်ရ,တွေ့ရလို့ ကြောက်
လန့်အော်ဟစ်ပြီး ထွက်ပြေးသွားတာရင်လည်းဖြစ်မယ်ဗျ၊ ဒါပေ
ဒီလောက်ဝေးဝေးမပြေးလောက်ပါဘူး ...ဒီနေရာကိုပဲ ပြန်
ရောက်လာမှာပါ''

''ဟီး ..ဟီး ..ဟီး ..ဟီး''

ထိုစဉ်မှာပင် ...ဘိုတဲကြီး၏အနောက်မြောက်ဘက်ဆီ
တဝေါဝေါနှင့်တောတိုးသံများ၊ မြင်းခွာသံများကိုကြားလိုက်ရ
မရေးမနှောင်းမှာပင် သူတို့ရှိရာသို့ ကဆုန်ပေါက်၍ပြေးဝင်
လာသည့် မြင်းညိုကြီးကို တွေ့မြင်လိုက်ရပါလေ၏။

''ဟာ ...ဟို ...ဟိုမှာ ခင်ဗျားရဲ့မြင်းညိုကြီး၊ ဟင်
..နောက်မှာလည်း မြင်းတစ်စီးနဲ့ လူတစ်ယောက်ပါလား''

ဦးနအုပ်ကြီးဦးထွန်းဆိုင်နှင့် မင်းမောင်တို့နှစ်ဦးသား တော
ဆင်ခြေလျှောဘက်ဆီမှနေ၍ ပြေးလွှားစိုင်းနှင်လာကြသည့်
မြင်းနှစ်ကောင်ကို အမှတ်မထင် ငေးမောကြည့်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ ထိတ်လန့်တကြားဟစ်အော်ရင်း ရှေ့ခြေတစ်ဖက်ကို မြှောက်ကာ ကဆုန်ပေါက်ပြေးလွှားနေသည့် ဦးထွန်းဆိုင်၏ မြင်းညိုကြီးက သွေးရူးသွေးတန်း ပြေးလွှားခုန်ပေါက်နေခြင်း ဖြစ်သည်။

နောက်မှ မြင်းစီးလူရွယ်က သွေးရူးသွေးတန်းနှင့် ပြေးလွှားခုန်ပေါက်နေသည့်မြင်းကြီးကို အမိအရဖမ်းဆီးနိုင်ရန် ကြိုးစားနေခြင်း ဖြစ်ပါ၏။

မကြာမီ . . . မြင်းစီးလူရွယ်မှာ သူ၏မြင်းပေါ်မှနေ၍ ဘေးချင်းယှဉ်မိပြီဖြစ်သော မြင်းညိုကြီးပေါ်သို့ လွှားခနဲ ခုန်ကူးလိုက်သည်။

'ဟီး . . ဟီး . . ဟီး . . ဟီး'

'ခွပ် . . ခွပ် . . ဖျောင်း . . ဖျောင်း . . ဖျောင်း'

ဖုန်းမသိမ်ကုန်းတစ်ဝိုက်မှာတော့ မြင်းဟီသံ၊ မြင်းခွာသံများက ဆူညံစွာပွက်လောရိုက်လျက် ရှိပါချေတော့သည်။ တဖြည်းဖြည်းနှင့် နီးကပ်လာသည့်မြင်းစီးလူရွယ်၏မျက်နှာကို ဖျတ်ခနဲမြင်တွေ့လိုက်ရတော့မှ မင်းမောင် အံ့အားသင့်သွားရပါလေ၏။

"ဟာ . . . ဒေါင်းမိုက် . . . ဒေါင်းမိုက်ပါလား"

ဟုတ်သည် . . .။ သွေးရူးသွေးတန်းနှင့် ထိတ်လန့်တကြားဟစ်အော်ရင်း ကြောက်လန့်တကြားပြေးလွှားကဆုန်စိုင်းနေသည့် မြင်းကြီးကို မကြာမီ ပိုင်ပိုင်နိုင်နိုင်ထိန်းကျောင်းလိုက်နိုင်ပြီးမှ





မှဆိုးဒေါင်းမိုက်မှာ . . . ရှေ့ခြေတစ်ဖက် ထော့နင်း ထော့နင်း ဖြစ်နေသည့်မြင်းကြီးကို မင်းမောင်တို့ရှိရာသို့ စီးနင်းခေါ်ငင်လာခဲ့သည်။

ဌာနပိုင်ကြီးဦးထွန်းဆိုင်နှင့်မင်းမောင်တို့ အနီးသို့ ရောက်လာသည်နှင့် မြင်းကြီးပေါ်မှ လွှားခနဲခုန်ဆင်းကာ မြင်းဇက်ကြိုးကိုကိုင်လျက် သူတို့ထံ ဦးတည်၍ဝင်လာသည်။

"ကိုယ်စီးလာတဲ့မြင်းကို သေသေချာချာထိန်းကျောင်းမှပေါ့ ဌာနပိုင်ကြီးရယ်၊ ကဲ . . . ရော့ . . . ခင်ဗျားစီးလာတဲ့မြင်း။ ဘယ်တော့, ဘယ်နေရာအထိ နယ်ကျွံသွားခဲ့တာလဲ မသိဘူး . . . မြင်းဟီသံကြားလို့ ကျုပ် သွားကြည့်လိုက်တော့ ရှေ့ခြေထောက်မှာ ဒဏ်ရာကြီးနဲ့ . . . အင်း . . . ကြည့်ရတာ တစ်ကောင်ကောင် ကိုက်လွှတ်လိုက်တဲ့ပုံပဲ"

ဒေါင်းမိုက်မှာ ဌာနအုပ်ကြီးဦးထွန်းဆိုင်လက်ထဲသို့ ဒဏ်ရာရမြင်းညိုကြီးကို အပ်လိုက်ပြီး နောက်မှကပ်လျက်ပါလာသည့် သူ၏မြင်းကြီးထက်သို့ လွှားခနဲတက်လိုက်သည်။ ပြီးမှ မင်းမောင်ထံသို့ တစ်ချက်မျှစိုက်ကြည့်လိုက်ပြီး . . .

"လူဖြစ်ဖြစ်, တိရစ္ဆာန်ဖြစ်ဖြစ် ကိုယ့်စည်းနဲ့ကိုယ် နေကြတာ အန္တရာယ်ကင်းတယ်၊ အင်း . . . စည်းကျော်, နယ်ကျော်ခဲ့ရင်တော့ စောစောက မြင်းညိုကြီးလို အန္တရာယ်နဲ့ရင်ဆိုင်တိုးမိမှာ သေချာတယ်ဗျို့၊ ကိုင်း . . . ကျုပ် သွားပြီ . . . ဟိုင်း"

သူ၏မြင်းညိုကြီးကို တစ်ပတ်လှည့်ကာ လာရာလမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြန့်၍စိုင်းနှင်ထွက်ခွာသွားသည့် ဒေါင်းမိုက်ကိုကြည့်ကာ မင်းမောင်၏နှလုံးသွေးတို့ ဆူပွက်လှုပ်ရှားသွားပါလေ၏။

"တောက် ... ဒီ ... ဒီကောင် စကားကို မချေမငံပြော သွားတယ်၊ ဒါ ... ဒါ သက်သက်မဲ့ ကျွန်တော်တို့ကို စကား စစ်ထိုးသွားတာဗျ ဌာနပိုင်ကြီး ... ဟွန်း"

"ပြောပါစေ ကိုမင်းမောင်ရယ် ... ဒီကောင်ကြီးရဲ့ ဒဏ်ရာကိုကြည့်ရအောင်၊ အားပါး ... ဘာကောင်ကိုက်လိုက်တာလဲ မသိဘူးဗျို့ ... အသားစတွေကို ဖွာလန်ကြဲနေတာပဲ"

ဌာနအုပ်ကြီးဦးထွန်း၏စကားကြောင့် မင်းမောင်စိတ်ကို လျှော့လိုက်ကာ မြင်းကြီး၏ဒဏ်ရာကိုစစ်ဆေးကြည့်ရှုလိုက်ပါ၏။

ဟုတ်သည်။ မည်သို့သောသတ္တဝါကောင် ကိုက်လိုက်သည် မသိ ... မြင်းကြီး၏ လက်ဝဲဘက်လက်တစ်ချောင်းမှာ ခွာသီးနားမှ ဒူးခေါင်းကွေးနားအထိ အသားစများ လုံးဝမရှိတော့ဘဲ အရိုးဖွေးဖွေးထွက်နေသည်ကို တွေ့မြင်လိုက်ကြရသည်။ ထို့အပြင် စုတ်ပြတ်ဖွာလန်ကြဲနေသည့် အရေပြားစများတွင် သွေးစသွေးနများနှင့် ကြည့်မြင်မကောင်းအောင်ပင် အသားနီလန်နေပါလေ၏။

"အင်း ... ပြောရမှာတောင် ခပ်ခက်ခက်ပဲ၊ အကောင်တစ်ကောင်ကောင်ကိုက်လိုက်တာကတော့ သေချာတယ် ဌာနပိုင်ကြီး၊ ဒါပေမဲ့ ... ဘာကောင်ကိုက်လိုက်မှန်းတော့ ကျွန်တော်





လည်း မသိဘူး၊ ရွာကိုရောက်မှပဲ မေးမြန်းကြည့်ရတော့မယ်"

"တော်သေးတာပေါ့ဗျာ ... ဒီကောင်ကြီး သွေးရူးသွေးတန်းနဲ့ ကဆုန်ပေါက်ပြေးနေတဲ့ပုံအတိုင်းဆိုရင် ကျုပ်တို့ ဖမ်းလို့တောင်ရမှာမဟုတ်ဘူး၊ ကြောက်ကြောက်လန့်လန့်နဲ့ ဟိုးတောနက်ထဲထိ ကျွံပြီးဝင်သွားရင် ... နေရင်းထိုင်ရင်း ကျုပ်မှာ မြင်းတစ်ကောင်ဖိုး လျော်ကြေးပေးနေရဦးမယ်၊ ခုတော့ မောင်မင်းကြီးသား လိုက်ပြီးဖမ်းပေးလို့တော်သေးတယ်"

ဌာနပိုင်ကြီး ဦးထွန်းဆိုင်က ဒေါင်းမိုက်ကိုရည်ညွှန်း၍ ပြောဆိုလိုက်သည်ကြောင့် မင်းမောင်က မကျေမနပ်သံကြီးဖြင့်

"တော်စမ်းပါ ဌာနပိုင်ကြီးရယ် ... ဒီကောင် ကျွန်တော်တို့ကို အသားလွတ်ကြီး တင်စီးပြီးပြောသွားတာဗျ၊ သူဆိုချင်တာက သူ့ရဲ့နယ်မြေထဲ, စည်းထဲကိုတော့ နယ်ကျွံပြီးဝင်မလာနဲ့ ... ဝင်လာခဲ့ရင်အန္တရာယ်ရှိတယ်,ဘာတယ်နဲ့ သတိပေးစကား လိုလိုနဲ့ ကျွန်တော်တို့ကို ခြိမ်းခြောက်သွားတာဗျ"

"ဟင်း ဟင်း ... ပြောချင်တာပြောပါစေဗျာ ... မုဆိုးဖြစ်ဖြစ်, သားကောင်ဖြစ်ဖြစ် သတိတစ်ချက်, အသိတစ်ချက် လစ်ခဲ့, မှားခဲ့တာနဲ့ မှားတဲ့သူကတော့ အသက်နဲ့စက်ပြီးပေးဆပ်လိုက်ရတာတွေ အများကြီးရှိတယ်နော်၊ ကျုပ်တို့ဆုတောင်းခဲ့သလို ခရီးလမ်းဆုံးတဲ့အခါကျရင်သာ သူတို့မောင်နှမနှစ်ယောက်စလုံး သံသယသားကောင်ဘဝကနေ လွတ်မြောက်ကြပါစေလို့ပေါ့ဗျာ ... ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com




ထို့နောက်မှာတော့ မင်းမောင်၏ မြင်းညိုကြီးထက်တွင် လူနှစ်ယောက်စီးနင်းကာ ဒဏ်ရာရထားသည့် မြင်းကြီးကို ဆွဲလျက် ဖုန်းမသိမ်ကုန်းကြီးအား ကျောခိုင်း၍ ထွက်ခွာလာခဲ့ကြပါတော့သည်။

ထိုအချိန်တွင် နေလုံးနီနီကြီးက အနောက်ဘက်ထက်တွင် မေးတင်ခိုနားလျက်ရှိပါချေပြီကော။

❖ ❖ ❖





## အခန်း (၂၅)

## ကိုယ်ပျောက်ရန်သူ သို့မဟုတ် ဖုန်းမသိမ်ကုန်းတစ္ဆေ

နေဝင်လုပြီ။

နေခြည်အလင်းတန်းများအင်အားဖျော့တော့စပြုနေပြီဖြစ်သဖြင့် အိပ်တန်းပြန်ငှက်ငယ်တချို့ မိမိအသိုက်အမြုံများရှိရာသို့ ကျည်ကျည်ကျာကျာနှင့် ပျံသန်းလျက်ရှိကြပါ၏။ ဤနေရာလေးသို့ မင်းမောင်နေ့လယ်ခင်းကတည်းက မြင်းညိုကြီးနှင့် ရောက်ရှိနေခဲ့သည့်တိုင် ဘယ်ကိုမျှမသွားဘဲ ထိုင်နေကျကညင်ပင်ကြီး၏ မြစ်ဆုံကြီးများကြားတွင် သက်သက်သာသာမှီလှဲလျက်နေပါ၏။ သည်နေ့မှ ထူးထူးခြားခြား မင်းမောင်၏စိတ်များက လေးလံနေကြသည်။

ဌာနာပိုင်ကြီးဦးထွန်းဆိုင် မြို့သာသို့ပြန်သွားသည်မှာ ရက်တစ်ပတ်ခန့်ရှိပါပြီ။ သူနှင့် ချိန်းဆိုထားသည့်တိုင်းဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့များရောက်လာကြလေမည်လားမသိ။ ပြီးခဲ့သည့်အပတ်က ဌာနပိုင်ကြီးဦးထွန်းဆိုင်နှင့် ဘိုတဲပျက်ကြီးအတွင်းသို့ ဝင်ရောက်ကြည့်ရှုနေခိုက်တွင်. . . ဌာနပိုင်ကြီးစီးနင်းလာသည့် မြင်းကြီးအား မည်သည့်နေရာမှသတ္တဝါတစ်ကောင်ကောင်ကိုက်လိုက်သည်မသိဘဲ ထူးဆန်းသောဒဏ်ရာတစ်ခု ရရှိသွားခဲ့သည်။ ထိုဒဏ်ရာနှင့်ပတ်သက်၍ ကျွမ်းကျင်သည့် မှဆိုးကြီးတစ်ယောက်နှင့်သွားရောက်တွေ့ဆုံမေးမြန်း၍ အလျင်းသင့်ပါက လေးငါးရက်အတွင်း . . . ထိုမှဆိုးကြီးကိုခေါ်ဝင်၍လာခဲ့မည်ဟု ဌာနပိုင်ကြီး ဦးထွန်းဆိုင်က ပြောသွားခဲ့သည်မဟုတ်ပါလား။

မှန်ရာကို ဝန်ခံရလျှင် . . . မင်းမောင်စိတ်တို့က ဒွိဟသံသယများနှင့်အတူ လေလွင့်နေပါ၏။ ခပ်လှမ်းလှမ်းရှိ မန်ကျည်းပင်ကြီးပေါ်မှ ဗျိုင်းသိုက်များတွင် ဗျိုင်းတွေအော်နေကြသံများက သူ၏အာရုံကို ပြတ်လွင့်စေလေသည်လား . . .။ ထန်းနို့များ ထွက်ပြူစဖြစ်နေသည့် ထန်းပင်ကြီးများက ဆည်းဆာလေပြည်တွင် မလှုပ်တလှုပ် ယိမ်းထိုးနေကြပါ၏။ တစ်ဆက်တည်းမှာပင် နေကြာပင်တန်းများအလယ်မှ နေကြာမင်းသမီးလေးကိုလည်း မြင်ယောင်နေမိပြန်သည်။

မုဆိုးလှူကြီး ဒေါင်းမိုက်က . . . သူ့တွင်အပြစ်မရှိကြောင်း၊ ဒေါက်တာလင်းမောင်ပျောက်ဆုံးမှုသည် သူနှင့် လုံးဝမသက်ဆိုင်ကြောင်း . . . ရဲရဲဝံ့ဝံ့ပင် သူ၏အသက်နှင့်ထပ်၍ လောင်းကြေးထပ်ခဲ့သည်။ ထိုအထဲတွင် ကြားမှမြေစာပင်ဖြစ်နေရရှာ





သည့် မျက်နှာနွမ်းနွမ်းလေးနှင့် နေကြာ၏မျက်ဝန်းများထဲတွင် လျှို့ဝှက်မှုတစ်ခုကို မင်းမောင်ရှာဖွေတွေ့ရှိခဲ့သည်။

သို့သော် . . . မုဆိုးကြမ်းကြီး ဒေါင်းမိုက်တို့မောင်နှမနှစ်ဦး၏ မည်သူမျှမသိနိုင်ကြသေးသည့် လျှို့ဝှက်ဖုံးကွယ်ထားမှုကြီးတစ်ခုကိုမူ မင်းမောင်မှအစ နေရွာရာရွာသားများအဆုံး မည်သူမျှ မသိနိုင်ကြပါချေပြီတည်း။

ပို၍ဆိုးဝါးသည်က သူ၏အစ်ကိုကြီး ဒေါက်တာလင်းမောင်တစ်ယောက် . . . ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ရခြင်းသည် ခြေရာလည်းပျောက် ရေလည်း နောက်ဖြစ်ခဲ့ရလေပြီလား။

အဖြေမရှိသော ခရုပတ်ဝက်ပါအိမ်ကြီးထဲတွင် ဝဲလည်လွန့်လူးနေသော အတွေးအာရုံများကြောင့် မင်းမောင် ပတ်ဝန်းကျင်ကိုအခိုက်တန့်မျှ သတိလက်လွတ်ဖြစ်နေပါ၏။ ထိုအချိန်တွင် . . .

မင်းမောင်ကျောခိုင်းထားသော ဘိုတဲပျက်ကြီးဆီမှ အရိပ်မည်းကြီးတစ်ခုက မကောင်းဆိုးဝါးဝိညာဉ်ကောင်ကြီးသဖွယ် တလွင့်လွင့်နှင့် မင်းမောင်မှီထိုင်နေသည့် ကညင်ပင်ကြီးနောက်ကွယ်သို့ တိုးဝင်ချဉ်းကပ်လာနေပါ၏။

ဆည်းဆာနေ၏အမှောင်ရိပ်ဟိုက အရိပ်မည်းသဏ္ဌာန်ရှင်ကြီးဘက်သို့ အားပေးနေလေသည်ထင့်။ လက်ထဲတွင် ရှည်မျောမျောအရာတစ်ခုကို ကိုင်စွဲကာ မင်းမောင်နောက်သို့ ချဉ်းကပ်တိုးဝင်နေသူကို သဲကွဲစွာမမြင်တွေ့ရပါ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်ချင်တော့ . . . မင်းမောင်က ကညင်ပင်ကြီးတွင် မှီလဲနေရာမှ ရုတ်တရက် ကုန်း၍အထ . . . အရိုပ်မည်းကြီးက လည်း ဘာမပြောညာမပြောနှင့် လက်ထဲမှ ရှည်မျောမျောအရာကြီးနှင့် မင်းမောင်အား လွှဲ၍ရိုက်ချလိုက်ပါတော့သည်။

''ဖျောင်း . . .''

''အား''

ရုတ်တရက်မို့ မင်းမောင်ခမျာ မည်သို့မျှလွှက်အောင်မရှောင်နိုင်ခဲ့။ ကံကောင်းသွားသည်က . . . ထိုင်နေရာမှ ကုန်း၍ထလိုက်သည်နှင့် ချိန်ကိုက်ဖြစ်သွားသည်မို့ . . . ဦးခေါင်းကိုရုပ်၍ထိသွားပြီးမှ ပခုံးစွန်းပေါ်သို့တိုက်ရိုက်ထိကာ ရှေ့သို့ ကိုးရိုးကားရားပင် လဲကျသွားပါလေ၏။

''ဟီး ဟီး ဟီး . . ဟား ဟား ဟား . . . နင်ဟာ ငါ့သားကြီးရဲ့ ရန်သူ . . . ဟီး ဟီး . . . နင် သေရမယ် . . . ဒီနေ့ နင်သေရမယ့်နေ့ပဲဟေ့ . . . ဟီး ဟီး . . ဟီး ဟီး''

မင်းမောင် ကုန်းကုန်းကြီးလဲကျနေရာမှ သတိကိုပြန်၍ထိန်းချုပ်လိုက်ပြီးသူ့အားရိုက်နှက်သူကို လှည့်၍ကြည့်လိုက်သည်တွင် . . .

''ဟာ . . . အား . . . သ . . . သ . . . သရဲ . . . သရဲမကြီး''

သစ်ချောင်းပိုင်းကြီးတစ်ခုကိုကိုင်၍ မိမိအား သဲကြီးမဲကြီး ရိုက်နှက်နေသည့် ရန်သူ၏မျက်နှာကြီးကိုကြည့်ကာ မင်းမောင်





ထိတ်လန့်တကြားပင် ဟစ်အော်မိလိုက်သည်။ ရှုပ်ထွေးပွေလီနေသည့် ဆံပင်ရှည်ကြီးများက မျက်နှာတစ်ခြမ်းနီးပါး ဖုံးအုပ်နေသကဲ့သို့ မြင်တွေ့နေရသည့် မျက်နှာတစ်ခြမ်းတွင်လည်း မီးလောင်ဖုသဏ္ဍာန် ဖြူဖြူနီနီအကွက်ကြီးများနှင့် အဓိကမှာ . . . မျက်လုံးအနက်ဆန် လုံးဝမရှိတော့သည့် အဖြူသားမျက်လုံးပြူးကြီးက ဟောက်ပက်ပက်မျက်တွင်းချိုင့်ကြီးထဲမှ ပြူတ်ထွက်ကျတော့မယောင်။

မည်ကဲ့သို့ကြည့်ကြည့် ချောက်ချားသွေးပျက်ဖွယ်ရာတစ္ဆေသရဲမျက်နှာကြီးကို နေ့ဝင်ဆည်းဆာအချိန်တွင် မြင်တွေ့လိုက်ရသည့် မင်းမောင်ခမျာ . . . ခြေဖျားလက်ဖျားများပင် အေးစက်သွားလေသည်သို့ . . .။

''ဟာ . . . ဘုရား ဘုရား . . . မကောင်းဆိုးဝါးဖုတ်ကောင်ကြီးလားမသိဘူး . . . ငါ့ကို တုတ်ကြီးနဲ့ သဲသဲမဲမဲစွတ်ပြီးရိုက်နေပါလား''

''ဟီး ဟီး ဟီး . . . သေစမ်း''

မင်းမောင်တစ်ယောက် ဦးခေါင်းဒဏ်ရာမှ စီးကျလာသောသွေးများကိုပင် မသုတ်အား။ အင်အားအပြည့်နှင့် ရိုက်နှက်ခံထားရသည့် ပခုံးတစ်ဖက်ကို လက်ဖြင့်ထိန်းကာ ဆက်တိုက်ကျလာသည့် အရိုပ်မည်းတစ္ဆေကောင်ကြီး၏ ရိုက်ချက်များကို မထိတစ်ချက်၊ ထိတစ်ချက်နှင့် အသည်းအသန်ရှောင်တိမ်းနေရသည်။ ရန်သူတစ္ဆေကောင်ကြီးကို ပြန်လည်တိုက်ခိုက်ရန်ပင်



www.burmeseclassic.com

www.burmeseclassic.com



အခွင့်မသာသေး။ ပွဲဦးထွက် အရိုက်ခံလိုက်ရသည့် ဦးခေါင်းနှင့် ပခုံးမှဒဏ်ရာဒဏ်ချက်တို့က နာကျင်လွန်းလှပေစွ ...။

'ဗိုး ..ဗိုး ..ဖောင်း'

''အီး ...ဟာ ...မျက်လုံးတစ်လုံးကဟောက်ပက်ကြီးနဲ့ င ...ကေန္တ ဒါ ...ဒါ အရိုပ်မည်း တ ...တ ...တစ္ဆေကောင်ကြီးများလား ...ဘုရား ဘုရား ...ကယ် ...ကယ်တော်မူပါ''

သတ္တိကောင်းလှပါသည်ဆိုသော မင်းမောင်ကိုယ်တိုင်ပင် အရပ်သတင်း၊ ပါးစပ်သတင်းများဖြင့် နာမည်ကျော်သတင်းကြီးနေသည့် ဖုန်းမသိမ်ကုန်းဘိုတဲပျက်ကြီးမှ တစ္ဆေကောင်ကြီးကိုကြည့်ကာ သွေးပျက်ချောက်ချားလျက် ရှိပါလေတော့သည်။

ထိုအချိန်တွင် ...

''ဝုတ် ..ဝုတ် ..ဝုတ်''

''အမေ ...အမေရေ ...မလုပ်နဲ့ ...မလုပ်ပါနဲ့တော့''

ဘိုတဲပျက်ကြီးတည်ရှိရာ တောင်ကုန်းဆင်ခြေလျှောစပ်ဘက်ဆီမှ ခွေးဟောင်သံများနှင့် အော်ဟစ်သံသဲ့သဲ့ကိုကြားလိုက်ရသဖြင့် ...မင်းမောင်အားတက်သွားမိပါသည်။ သို့တိုင်အောင် ချုံစောင်းတွင်ရုပ်ထိသွားသည့်ဒဏ်ရာမှ ယိုစီးကျလာသော သွေးစီးများက မျက်လုံးထဲသို့စီးဝင်ကျလာသဖြင့် အမြင်အာရုံများက ဝေဝါးလျက်။

''ဟာ ...အမေ မလုပ်နဲ့ ...ရပ် ...ရပ်လိုက်တော့''





ဘိုတဲကုန်းထက်သို့ ပြေးဝင်လာနေကြသူများကို ယခုမှ ပီပြင်စွာမြင်တွေ့လိုက်ရသည်။ ရှေ့ဆုံးမှ မှဆိုးဒေါင်းမိုက်၏ အမဲလိုက်ခွေးကြီး ...ရန်လုံ၊ သူ၏နောက်မှ အစိုးရိမ်မျက်နှာဖြင့် ပြေးဝင်လာနေသည့် နေကြာနှင့် နောက်ဆုံးမှ နှစ်လုံးပြူးသေနတ်ကြီးကိုပိုက်လျက် လောင်းကုတ်အင်္ကျီရှည်ကြီးတလွင့်လွင့်နှင့် ပြေးလိုက်လာသည့် ...ဒေါင်းမိုက်တို့က သူတို့၏မိခင်ကြီးကို ဟစ်အော်တားမြစ်နေကြပါ၏။

သို့သော် သူတို့တစ်တွေအားလုံး နေကြာခင်းအစပ်ဖျားဆီမှ ပြေးဝင်လာနေကြသဖြင့် မင်းမောင်အား ...ဖွတ်အတင်းဝင်ရောက်ရိုက်နှက်နေသည့် ဘိုတဲကုန်းနှင့် အတန်ငယ်လှမ်းနေပါသေးသည်။

ထိုအချိန်တွင် ...

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လာသည့် ကံကြမ္မာက ...မင်းမောင်၏အသက်အန္တရာယ်ကို အမှတ်မထင် ကယ်တင်လိုက်နိုင်တော့လေမည်လား။ ဖုန်းမသိမ်ကုန်းမှ ဘိုတဲပျက်ကြီးရှိရာသို့ ထွက်သွားသည့် မင်းမောင်နောက်သို့အချိန်မှီလိုက်လာကြသည့် ...ဌာနပိုင်ကြီးဦးထွန်းဆိုင်တို့အဖွဲ့နှင့် ရွာခံလူကြီးများကလည်း မင်းမောင်အား သဲသဲမဲမဲရိုက်နှက်သတ်ဖြတ်ရန် ကြိုးစားနေသည့် အရိပ်မည်းကြီးတစ်ခုကို နေဝင်ဆည်းဆာအချိန်တွင် ...ရုတ်တရက် မြင်တွေ့လိုက်ကြရသည်နှင့် ...

''ဟာ ...ဟို ...ဟိုမှာ ကိုမင်းမောင်ကို ရိုက် ...



www.burmeseclassic.com

www.burmeseclassic.com



ရိုက်သတ်နေပြီဗျို့ . . . လုပ် . . . လုပ်ပါဦး ဌာနပိုင်ကြီးတို့ရယ်''

ရုတ်တရက် မည်သို့မျှမမျှော်လင့်ဘဲတွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မင်းမောင်ကို အချိန်မီအသက်အန္တရာယ် ကာကွယ်နိုင်ရန်အတွက် တစ်ခုတည်းသောနည်းလမ်းသာ ရှိပါတော့သည်။ နေဝင်ဆည်းဆာချိန်အောက်မှ လှုပ်ရှားနေသော ပစ်မှတ်ကို ဌာနပိုင်ကြီးဦးထွန်းဆိုင်က လက်ဖြောင့်တပ်သားတစ်ယောက်ကိုပင် အမိန့်ပေးလိုက်ပါ၏။

'ဒိန်း . . ဒိန်း'

ကျယ်လောင်စွာပေါက်ကွဲမြည်ဟည်းကာ ထွက်ပေါ်လာသည့် သေနတ်သံနှစ်ချက်အောက်တွင် ဆံပင်ဖားလျားနှင့် အရိပ်မည်းတစ္ဆေကောင်ကြီး၏လက်ထဲမှ သစ်သားတုတ်ပိုင်းက လွင့်စဉ်သွားသည်။ နောက်ထပ်ကျည်ဆန်တစ်တောင့်က ခြေထောက်ကိုထိမှန်ကာ အရိပ်မည်းကောင်ကြီးမှာ တစ်ဖက်ချုံနွယ်များကြားသို့ နောက်လန်လဲကျသွားပါလေတော့သည်။

''အား . . . အင့်''

'ဝုန်း . . ဖရော . . ဖျော'

ရုတ်တရက်ထွက်ပေါ်လာသော သေနတ်သံများနှင့်အတူ လွင့်စဉ်လဲကျသွားသည့် မိခင်ကြီးကို ဒေါင်းမိုက်တို့မောင်နှမ မြင်တွေ့လိုက်ကြရသည်နှင့် . . .

''ဟာ . . . အမေ . . . အမေ''

''အမေ . . . အမေရေ''





ကျယ်လောင်စွာဟစ်အော်ခေါ်ငင်ရင်း ဘိုတဲကုန်းမြင့်ပေါ်သို့ ဒေါင်းမိုက်တို့မောင်နှမအပြေးတစ်ပိုင်းနှင့်ရောက်ရှိလာကြသည်။ သို့သော် . . . မြေပြင်တွင်လဲကျနေသည့် . . . မင်းမောင်မှတစ်ပါး သူ၏မိခင်ကြီးကို . . . မတွေ့ရပါလေတော့။

"အမေ . . . အမေ . . . အမေ''

ဒေါင်းမိုက်၏ ရင်ပွင့်မတတ် ဟစ်အော်ခေါ်ငင်သံကြီးက ဖုန်းမသိမ်ကုန်းတစ်ဝိုက်တွင် ပဲ့တင်ထပ်သွားပါတော့သည်။ မိခင်ကြီးကို သေနတ်ထိမှန်သွားပြီဟူသောအသိက . . . ဒေါင်းမိုက်၏ ဆင်ခြင်တိုင်းထွာမှုအသိတရားအားလုံးကို ပျောက်ကွယ်သွားစေသည်သို့ . . .။ မှားသည်မှန်သည်ကို မဝေခွဲနိုင် . . . သူ၏ဆုံးဖြတ်ချက်အတိုင်းပင် သူတို့မိသားစု ပြုကွဲအောင်လုပ်သူသည် သူ၏ အကြီးမားဆုံးရန်သူ။ သည်ရန်သူကို အပြတ်ရှင်းရမည်။

မျက်ရည်စတို့ ဝေ့သီနေသည့် ဝိုးတဝါးမြင်ကွင်းတွင် ဘိုတဲပျက်ကြီးနှင့် မနီးမဝေးလျှိုစပ်ဆီမှ လက်နက်ကိုင်လူတစ်စုကို မြင်တွေ့လိုက်ရသည်နှင့် ဒေါင်းမိုက်လက်ထဲမှ အမဲပစ်ရိုင်ဖယ်ကြီးက နှစ်ချက်ဆင့်ကာ မြည်ဟည်းပေါက်ကွဲသွားပါလေ၏။

'ဒိန်း . . ဒိန်း'

"ဟေး . . . မင်းတို့အားလုံးကိုသတ်ပစ်မယ်၊ ငါ့အမေကိုသတ်တဲ့ကောင်တွေအားလုံး ငါ့ရဲ့သားကောင်ဘဝကို ရောက်စေ



www.burmeseclassic.com

www.burmeseclassic.com




ရမယ်ဟေ့ . . . သေကြ . . . သေကြစမ်းကွာ''

'ဒိန်း . . ဒိန်း'

မိခင်ဖြစ်သူအား သေနတ်ထိမှန်သွားပြီဆိုကတည်းက ဒေါင်းမိုက်၏အသိတရားဟူသမျှ အမှောင်ကျသွားခဲ့ပါချေပြီကော။ လျှိုစပ်မှလက်နက်ကိုင်လူစုဆီသို့ ချိန်ရွယ်ကာ ဘယ်ညာပြောင်းနှစ်ဖက်မှ ကျည်ဆန်များကို တစ်ချက်စီဖြုတ်ချလိုက်သည်။ ပြီးသည်နှင့် ဒေါင်းမိုက်၏လက်ချောင်းများကြားတွင် အသင့်ညှပ်၍ထားသည့် ကျည်ဆန်နှစ်တောင့်ကိုကျည်လည်စွာဖြင့် ခါးထိုးပြီးထားသော နှစ်လုံးပြူးရိုင်ဖယ်ပြောင်းနှစ်ဖက်အတွင်းသို့ ကျွမ်းကျင်စွာပစ်ထည့်လိုက်ပြီး ရန်သူများကို ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။

❖ ❖ ❖





## အခန်း (၂၆)

## အတ္တမုဆိုး သံသယသားကောင် ... သို့မဟုတ်

အခြေအနေက ရှုပ်ထွေးလိမ်ပတ်ကုန်ပါပြီ။ မင်းမောင်ကို ရန်မူတိုက်ခိုက်နေသည့် အရိပ်မည်းသဏ္ဌာန်ကြီးတစ်ခုကို မြင်တွေ့လိုက်ရသဖြင့် ဌာနအုပ်ကြီးဦးထွန်းဆိုင်နှင့် ပုလိပ်တပ်ဖွဲ့များက အချိန်မီပစ်ခတ်တားဆီးခဲ့သည်။ သို့သော် သူတို့ပစ်ခတ်တားဆီးလိုက်သော အရိပ်မည်းတစ္ဆေကောင်ကြီးဆိုသူမှာ သံသယသားကောင် မုဆိုးဒေါင်းမိုက်နှင့် နေကြာတို့၏မိခင်ကြီးဖြစ်နေခဲ့သည်က . . . ဇာတ်ကြမ္မာ၏ ပဋ္ဌလက်ပြကွက်တစ်ခု ဖြစ်သွားခဲ့ပါသည်။ ထိုရောအခါတွင် . . . နဂိုကတည်းက လောကကြီးအား အစာမကြေဖြစ်နေသည့် သံသယသားကောင် အတ္တမုဆိုး . . . လူကြမ်းကြီးဒေါင်းမိုက်၏ ပေါက်ကွဲ၍ထွက်လာသည့် ဒေါသအဟုန်က ဖုန်းမသိမ်ကုန်းကြီးကိုသာမက . . . ကမ္ဘာမြေ



www.burmeseclassic.com

www.burmeseclassic.com



ပြင်တစ်ခုလုံးကိုပင် သိမ့်သိမ့်တုန်ခါစေခဲ့ပါချေပြီတည်း။

'ဒိန်း ..ဒိန်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

"ဟေး ...ဒေါင်းမိုက် ...မပစ်နဲ့ ...လက်နက်ချ ...မှားမယ်ဟေ့နော်"

"ဟား ဟား ဟား ...ဘာကွ ...လက်နက်ချရမယ် ...ဟုတ်လား ...ဟား ဟား ဟား ...ကျလည်းကျတဲ့ကောင်တွေပါလား၊ ငါ့အမေကိုလည်း ပစ်သတ်ကြတယ်၊ အခု ငါ့ကိုလည်း မတရားဖမ်းကြဦးမယ် ...ဟုတ်လား ...ဟား ဟား ...ငါသေမှ ငါ့အလောင်းကို မင်းတို့ရမယ်ဟေ့ ...ကိုင်းကွာ"

'ဒိန်း ..ဒိန်း'

"အား"

လက်နက်ကိုင်ပုလိပ်သားတစ်ယောက် ဒေါင်းမိုက်လက်ချက်ဖြင့် ပခုံးကိုရုပ်ထိသွားကာ နောက်သို့လန်ကျသွားသည်မှ ကျန်သော ပုလိပ်တပ်ဖွဲ့သားများက ဌာနအုပ်ကြီးဦးထွန်းဆိုင်၏ မျက်နှာကို လှမ်းကြည့်လိုက်ကြသည်။ ယခု ပစ်ခတ်နေခြင်းသည် ဒေါင်းမိုက်ကို ခြောက်လှန့်၍သာ ပစ်ခတ်နေခြင်းဖြစ်ပါ၏။ သို့သော် ...ဒေါင်းမိုက်မှာ ဂရုမစိုက်ဘဲ နီးကပ်စွာပြေးတက်လာရင်း ပုလိပ်အဖွဲ့အား ရင်ဆိုင်တိုက်ခိုက်သည်။

ဌာနအုပ်ကြီးဦးထွန်းဆိုင် စဉ်းစားရပေပြီ။ ဒေါင်းမိုက်သည် စရိုက်ကြမ်း၊ ဗီဇကြမ်းသော မုဆိုးတစ်ယောက်၊ သေနတ်ပစ် လက်ဖြောင့်သူ၊ နောက် နယ်မြေကျွမ်းကျင်သည့် နယ်မြေခံ





မုဆိုးတစ်ယောက်လည်း ဖြစ်သည်။ ထို့အပြင် သူ၏မိခင်ကြီးကို ရက်ရက်စက်စက်သတ်ဖြတ်သည်ဟု အမြင်မှားကာ ကျားနာတစ်ကောင်သဖွယ် ဖြစ်နေသူ။ မည်းမည်းမြင်ရာသို့ ရမ်းကားစွာ ပစ်ခတ်နေသူတစ်ယောက်။

ဤသို့သော ကျားနာတစ်ကောင် ...သို့မဟုတ် အရွဲ့မုဆိုးတစ်ကောင်ကို လက်နက်ကျည်ဆန်အပြည့်အစုံနှင့် အချိန်ကြာကြာလွှတ်ထားခြင်းသည် အပြစ်မဲ့ပြည်သူတို့အတွက် လွန်စွာမှအန္တရာယ်ကြီးလှသည်မဟုတ်ပါလား။ ယခုပင် တာဝန်ထမ်းဆောင်နေသည့် အစိုးရဝန်ထမ်းတစ်ယောက် ဒေါင်းမိုက်၏လက်ချက်ဖြင့် ဒဏ်ရာရခဲ့ပါပြီကော။

ထိုစဉ်မှာပင် ဒဏ်ရာများနှင့်လဲကျနေသည့် မင်းမောင်မှာ ကညင်ပင်အကွယ်မှနေ၍ ဒေါင်းမိုက်ကို သတိပေးနေပါ၏။

"ဟေး ...ဒေါင်းမိုက် ...မပစ်နဲ့ မပစ်နဲ့ ...မှားကုန်ကြလိမ့်မယ်"

"ဟား ဟား ဟား ...ငါမမှားဘူးကွ၊ မှားနေတာက မင်းတို့ဘက်ကလူတွေ၊ ကြည့်စမ်းပါဦး ...ငါ့အမေကို အခုပဲ မင်းတို့ပစ်သတ်လိုက်ကြပြီမဟုတ်လား၊ ဟင် ... တော်တော်လူမဆန်တဲ့ကောင်တွေ၊ မင်းတို့ကို ငါမသတ်ရရင် ကမ္ဘာမကြေဘူးဟေ့ ကိုင်း ...သေကြ ...သေကြစမ်းကွာ"

'ဒိန်း ..ဒိန်း ..ဒိန်း'

သူ အသက်ရှင်သန်နေခြင်းသည် ...စိတ်ပန့်သူ၊ မီး



www.burmeseclassic.com

www.burmeseclassic.com



လောင်ပြင်ကြားမှ ထွက်ပြေးလွတ်မြောက်လာသူ ... မိခင်ကြီးနှင့် တစ်ဦးတည်းသောညီမငယ် နေကြာတို့အတွက်။ မိခင်ကြီးနှင့် ညီမငယ်လေးတို့ကို သူ၏ကမ္ဘာထဲမှ ဆွဲထုတ်ယူငင်သွားသူသည် ... သူ၏ အကြီးမားဆုံးရန်သူ ဖြစ်သည်။ ယခုပင် သူ၏မိခင်ကြီးကို ပစ်သတ်ခဲ့ကြသော နယ်မြေခံ ပုလိပ်တပ်သားများအား ရန်သူအဖြစ်သတ်မှတ်ကာ ... ဒေါင်းမိုက်တစ်ယောက် မိုက်မိုက်မဲမဲပင် ရင်ဆိုင်တိုက်ခိုက်နေသည် မဟုတ်ပါလား။

တစ်စ တစ်စ ... အန္တရာယ်က ကြီးမားလာခဲ့ပါပြီ။ မဆိုးလှုကြမ်း ဒေါင်းမိုက်တစ်ယောက်အတွက် ဌာနအုပ်ကြီး ဦးထွန်းဆိုင်နှင့် တာဝန်ရှိသူတို့ ခေါင်းချင်းရိုက်ကုန်ကြပါပြီ။ နောက်ဆုံး ... ဌာနအုပ်ကြီးဦးထွန်းဆိုင်က သူ၏ပုလိပ်သားများအား ပစ်မိန့်ပေးလိုက်ပါတော့သည်။

''လက်နဲ့ခန္ဓာကိုယ်အောက်ပိုင်းကိုပဲ အဓိကပစ်မှတ်ထားပြီး သေချာလုပ်ဆောင်ကြပါ။ ကြာရင် ... အပြစ်မဲ့တဲ့ တခြားသူတွေကို အန္တရာယ်ရှိလာနိုင်တယ် ... ကဲ ဆက်လုပ်ကြတော့''

ဒေါင်းမိုက်, လူရမ်းကားအတွက် ပစ်မိန့်ရခဲ့ပြီမို့ ... ပုလိပ်တပ်ဖွဲ့က လူစုခွဲတပ်ဖြန့်၍ ဖုန်းမသိမ်ကုန်းတောကြီးဝယ် နေရာယူလိုက်ကြပါပြီ။ ထိုသည်ကို ရိပ်စားမိသွားသည့် ညီမဖြစ်သူနေကြာမှာ တိုက်ပွဲကြားတွင် အစ်ကိုဖြစ်သူအား ရှာဖွေပါ





တော့သည်။

'ဒိန်း ..ဒိန်း ..ဒိန်း'

''ကိုကြီးဒေါင်း ...ကိုကြီးဒေါင်းရေ''

'ဒိုင်း ..ဒိုင်း'

ဌာနအုပ်ကြီးဦးထွန်းဆိုင်မှာ ဒေါင်းမိုက်တစ်ယောက် အသိတရားရကာ လက်နက်ချမည်လေလားဟူသော နောက်ဆုံးမျှော်လင့်ချက်ဖြင့် အော်ဟစ်စည်းရုံးခဲ့သည့်တိုင် ကမ်းကုန်အောင်မိုက်မဲကာ လူစိတ်ပျောက်လုနီးပါးဖြစ်နေသည့် ဒေါင်းမိုက်ကမူ ... ခုခံတိုက်ခိုက်လျက်ရှိနေဆဲပင်။

ထိုစဉ် မမျှော်လင့်သောဖြစ်ရပ်တစ်ခုက ရုတ်တရက် ပေါ်ထွက်လာခဲ့သည်။ အစ်ကိုကြီးဖြစ်သူအား ပစ်ခတ်ဖမ်းဆီးရန်ချိန်ရွယ်ထားကြပြီဖြစ်သော ပစ်ကွင်းထဲသို့ မမျှော်လင့်ဘဲ နေကြာက မိုက်မိုက်မဲမဲပြေးဝင်လာခဲ့သည်။

'ဒိုင်း ..ဒိုင်း ..ဒိုင်း'

''ကိုကြီးဒေါင်း ...ကိုကြီးဒေါင်း ...ဝပ်နေ ...ဝပ်ပင်လိုက် ...အ''

'ဒိန်း ..ဒိန်း ..ဒိန်း'

''ဟာ ...ညီ ...ညီမလေး နေကြာ''

''ဟာ ...နေကြာ''

ခွေခနဲပြိုလဲကျသွားသည့် နေကြာ၏အဖြစ်ဆိုးကြောင့် မင်းမောင်ဟစ်အော်ရင်း နေကြာထံသို့ ပြေးဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူ၏ အသက်အန္တရာယ်အတွက် ဟစ်အော်သတိပေးရင်း ပြေးဝင်လာသည့်နေကြာခမျာ ကံဆိုးမိုးမှောင်ကျခဲ့ရရှာပါပြီကော။ မျက်စိရှေ့မှာတင် ညီမဖြစ်သူနေကြာနှင့် မိခင်ကြီးတို့၏ ကြေကွဲဖွယ်အဖြစ်ဆိုးကြောင့် ဒေါင်းမိုက်တစ်ယောက် ပဋာမြေလူး သူရူးတစ်ယောက်နှယ် ဖြစ်သွားရှာပြီထင့် ...။

ရုတ်ခြည်းပင် အကာအကွယ်မှပြေးထွက်ကာ တဒိန်းဒိန်းဖြင့် မည်းမည်းမြင်ရာသို့ ကမူးရှူးထိုးပစ်ခတ်ပါချေတော့သည်။

'ဒိန်း ..ဒိန်း ..ဒိန်း ..ဒိန်း'

''ဟေး ...သေကြစမ်း ...ငါ့အမေနဲ့ ငါ့ညီမ သေသလို မင်းတို့လည်း သေကြစမ်းကွာ''

ရုတ်တရက် မထင်မှတ်သောဖြစ်ရပ်ကြောင့် ပုလိပ်တပ်ဖွဲ့မှ တပ်သားနှစ်ယောက် ဒေါင်းမိုက်၏မိုက်မိုက်ကမ်းကမ်း ပြေးတက်လာသော ပစ်ချက်များကြောင့် လွင့်စဉ်လဲကျသွားကြသည်။

'ဒိန်း ..ဒိန်း ..ဒိုင်း ..ဒိုင်း'

'အား'

'အင့်'

ဒေါင်းမိုက်ကမူ မှဆိုးကောင်းတစ်ယောက်ပီပီ ပြေးရင်းလွှားရင်း ပစ်ခတ်ရင်းမှပင် ...ရိုင်ဖယ်ကြီးကိုကျည်ဆန်ထည့်ကာ ကျွမ်းကျင်စွာပင် မောင်းတင်လိုက်သည်နှင့် နောက်ထပ်ပစ်ခတ်ရန်အတွက် အဆင်သင့်ဖြစ်သွားပါပြီ။





''ပစ်''

သည့်တစ်ကြိမ်တော့ ဌာနအုပ်ကြီးဦးထွန်းဆိုင်ကိုယ်တိုင် ဒသဂီရိုဘီလူးတစ်ကောင်၏ ဇာတ်သိမ်းပိုင်းကို ဝင်ရောက်ကပြရပါတော့သည်။ မဝေးလှသော တောစပ်ဆီမှ အမဲပစ် နှစ်လုံးပြူးရိုင်ဖယ်ကြီးကို တဒိန်းဒိန်းနှင့်ပစ်ခတ်လျက် ပြေးတက်လာသော လူကြမ်းလူရမ်းကြီး ...ဒေါင်းမိုက်။

မိခင်ကြီးနှင့် ညီမငယ်အတွက် သွေးကြွေးဆပ်ရန် အမှန်း အငြိုး ဒေါသမုန်တိုင်းများကို ဖောက်ခွဲပစ်ရန် ...ဒဏ်ရာရကျားနာတစ်ကောင်၏ မပြေနိုင်သောရန်ငြိုး။ အကာအကွယ်မဲ့ မိုက်မိုက်မဲမဲနှင့် ပစ်ခတ်ရင်းပြေးတက်လာသည့် ဒေါင်းမိုက်၏ ခန္ဓာကိုယ်ကြီးဆီသို့ ...

သေနတ်လေးငါးခြောက်လက် ဆိုင်၍ ဝိုင်းအုံပစ်ခတ်လိုက်သည့်အခါမှာတော့ ...

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

'အ ..အင့် ..အား'

အပြေးတက်လာသည့် ဒေါင်းမိုက်၏ခန္ဓာကိုယ်ကြီးမှာ ရုတ်တရက်ကျွဲရိုင်းကြီးတစ်ကောင်ဆောင့်တွန်းခံလိုက်ရသည်သို့ နောက်ဘက်သို့လန်ကျသွားသည်။ သို့သော် အံ့ဩဖွယ်ကောင်းလောက်အောင် ခန္ဓာကိုယ်ကြီးက ပြန်၍တည့်မတ်လာကာ လက်ထဲမှနှစ်လုံးပြူးသေနတ်ကြီးကို နှစ်ချက်ဆက်တိုက် ပစ်လွှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒိန်း . . ဒိန်း'

ဒေါင်းမိုက်ခန္ဓာကိုယ်ကြီးတစ်ခုလုံး သွေးခြင်းခြင်းနီလျက်ရှိပါပြီ။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးမှာလည်း ကျည်ဆန်ရာဗရပွနှင့် ဆန်ကာပေါက်ဖြစ်နေပါ၏၊ သို့သော် ဒေါင်းမိုက်၏ ခက်ထန်သော စိတ်ဓာတ်က အရှုံးမခံနိုးဖွယ်ရာပင်။ ညည်းညူသံအစား နာကြည်းအံကြိတ်သံကသာ ညီးညီးညံလျက် ဒူးညွတ်၍ကျသွားသည့်တိုင် ဦးခေါင်းကားမညွတ်။

လက်ထဲမှ နှစ်လုံးပြူးသေနတ်ကြီးကို မြေတွင်ထောက်ကာ နောက်ဆုံးထွက်သက်ကိုခဲယဉ်းပင်ပန်းစွာ ရှူရှိုက်နေပါ၏။ သွေးများဖြင့်ရွှဲနစ်နေပြီဖြစ်သည့် ရင်အုံကြီးကမူ ဖားဖိုကြီးတစ်ခုနှယ် နိမ့်ချည်မြင့်ချည်နှင့်။ မကြာမီ ထိုပုံစံကြီးအတိုင်းပင် ဒေါင်းမိုက်တစ်ယောက် ငြိမ်သက်သွားပါချေတော့သည်။

ဒေါင်းမိုက်ရှိရာသို့ မင်းမောင်ဒဏ်ရာများနှင့်ရောက်ရှိလာသောအခါမှာတော့ နောက်ကျသွားခဲ့ပါချေပြီ၊ သူ၏အမဲပစ်ရိုင်ဖယ်သေနတ်ကြီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားပြီး မျက်လုံးကြီးများပြူးကျယ်ကာ အံကြိတ်မာန်တင်းထားသည့် ဒေါင်းမိုက်၏အသွင်သဏ္ဌာန်မှာ တမလွန်ထိတိုင် အမုန်းအငြိုး၊ အာဃာတ၊ ရန်ငြိုးများကို သယ်ဆောင်သွားလေသည်သို့ . . .

"တောက် . . . ဖြစ်မှဖြစ်ရလေ ဒေါင်းမိုက်ရယ်၊ ငါ့အစ်ကိုရဲ့အရုပ်တော်ပုံကြီး မပြေရှင်းရသေးခင်မှာ သံသယသားကောင်တစ်ယောက်အဖြစ်နဲ့ နိဂုံးချုပ်သွားရတဲ့ မင်းအတွက်





ငါ တကယ်ကို ယူကျုံးမရဖြစ်မိပါတယ်ကွာ"

မင်းမောင်၏ရင်ခွင်ထဲမှာတော့ နေကြာမင်းသမီးလေး ခမျာ သေနတ်ဒဏ်ရာများနှင့် သတိမေ့မြောလျက်ရှိနေဆဲပါ။ ဘဝကြမ္မာခရီးလမ်းကြောင်းတွင် မမျှော်လင့်ဘဲ ကံဆိုးမိုးမှောင်ကျခဲ့ရရှာသည့် မိသားစုဘဝလေးက အမှန်တကယ်ပင် ရင်နင့်ကြေကွဲဖွယ်ရာအထိပါတည်း။

မျက်ရည်များရစ်ဝဲနေသည့် မင်းမောင်အနီးသို့ ဌာနအုပ်ကြီးဦးထွန်းဆိုင်ရောက်ရှိလာခဲ့သည်။ မျက်နှာကမူ မကောင်းရှာလှ

"အင်း . . . ဘယ်လိုမှမျှော်လင့်မထားတဲ့ အဖြစ်အပျက်တွေပါ ကိုမင်းမောင်၊ နောက်ပြီး ဘယ်လိုမှလည်း ဖြေရှင်းပြလို့မရအောင် အခြေအနေတွေက ရှုပ်ထွေးကုန်ကြတာ၊ ဒေါင်းမိုက်ကလည်း အေးအေးဆေးဆေးမဖြေရှင်းဘဲ စဉ်းစားဆင်ခြင်မှုမဲ့ပြီး ရမ်းကားခဲ့လေတော့ ကျုပ်တို့ဘက်ကလည်း သုံးယောက်ဒဏ်ရာရပြီး တပ်သားတစ်ယောက်ကျဆုံးခဲ့ရတယ်၊ အင်း . . . ကျုပ်တို့အားလုံး သူတို့မိသားစုအတွက် စိတ်မကောင်းဖြစ်မိပါတယ်"

အများပြည်သူအတွက် အန္တရာယ်နှင့်ကြုံတွေ့လာပြီဆိုလျှင် ထိုအန္တရာယ်အတွက် ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန်မှာ ဌာနအုပ်ကြီးဦးထွန်းဆိုင်တို့ ပြည်သူ့ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများပင်ဖြစ်ပါချေ၏။ ယခုအဖြစ်အပျက်တွင်လည်း အမေနှင့်ညီမဖြစ်သူတို့အား အမှတ်မထင် သေနတ်ကျည်ဆန်ထိမှန်ခဲ့ရာမှ အထင်အမြင်လွဲမှားကာ ဒေါသမီးတောင်ပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှုံးသွပ်မိုက်မဲစွာရမ်းရမ်းကားကား ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယခုကဲ့သို့သော အနိဋ္ဌာရုံအဖြစ်ဆိုးများဖြင့် ကြုံတွေ့ခဲ့ရသည် မဟုတ်ပါလား။

''ကိုင်း ... ဖြစ်ပြီးတာတွေကို စိတ်မကောင်းဖြစ်မနေနဲ့တော့၊ လောလောဆယ်ကို မင်းမောင်ရင်ခွင်ထဲက မေ့မြောနေရှာတဲ့ မိန်းကလေးကို မြို့သာဆေးရုံကို အမြန်ဆုံးပို့ဖို့ စီစဉ်ရမယ်''

ဌာနအုပ်ကြီးဦးထွန်းဆိုင်၏ စကားကြောင့် မင်းမောင်မှာ သူ၏ရင်ခွင်ထဲဝယ် ယခုတိုင်သေနတ်ဒဏ်ရာများဖြင့် သတိလစ်မေ့မြောနေဆဲဖြစ်သည့် ချစ်ရသူနေကြာ၏ ဖြူဖျော့ဖျော့မျက်နှာနွမ်းနွမ်းလေးကို ရင်နင့်ကြေကွဲစွာ ကြည့်လိုက်မိပါသည်။

ကံကြမ္မာကွက်ကြားမိုးရွာခဲ့သဖြင့် ဘဝအမှောင်ကျခဲ့ရရှာသည့် မြေစာပင်မိသားစုတို့၏ဘဝလေးကို နေလုံးနီနီကြီးကပင် မကြည့်ရက်ရှာတော့ပြီထင့်။ အနောက်ဘက်တောင်ပူစာတစ်ခြမ်းနောက်ဝယ် ခေါင်းငုံ့လျှိုးဝင်စပြုနေပါပြီ။

❖ ❖ ❖





အခန်း (၂၇)

## ဖုန်းမသိမ်ကုန်းမှ မယုံနိုင်ဖွယ် ဖြစ်ရပ်များ ...

မကြာမီ နေလုံးကွယ်ပျောက်တော့ပေမည်။

ထို့အတူ ... ဘဝတစ်လျှောက်လုံး မှောင်ရိပ်သန်းခဲ့ရရှာသည့် နေကြာ၏ ဘဝလေးသည်လည်း ...

မင်းမောင် ကြေကွဲရင်နင့်စွာဖြင့် ရစ်ဝဲလာသည့် မျက်ရည်စတို့ကိုသိမ်းရင်း ပုလိပ်အဖွဲ့မှ ဆေးတပ်သားလေးလက်ထဲသို့ နေကြာကိုလွှဲအပ်ပေးလိုက်စဉ် သတင်းထူးတစ်ခု ဝင်ရောက်လာပါ၏။

''ဆရာ ... သေနတ်မှန်ပြီးလိမ့်ကျသွားတဲ့ ဒေါင်းမိုက်ရဲ့အမေကြီးကို ရှာလို့တွေ့ပါပြီ၊ ဒါပေမဲ့ ... သူ့ရဲ့ဘယ်ဘက်ခြေထောက်တစ်ဖက်က ဒူးဆစ်အောက်ပိုင်းမှာ အသားစတွေလန်ထွက်နေပြီး အရိုးငေါငေါကြီးပေါ်နေလို့ ထူးခြားတယ်ထင်လို့



www.burmeseclassic.com

www.burmeseclassic.com



လာပြီးသတင်းပို့တာပါ ဆရာ''

ပုလိပ်သားလေးတစ်ယောက် လာပို့သည့်သတင်းကြောင့် ဌာနအုပ်ကြီးဦးထွန်းဆိုင်မှာ မင်းမောင်၏မျက်နှာအား ဖျတ်ခနဲကြည့်လိုက်သည်။ တစ်ဆက်တည်းမှာပင် ပြီးခဲ့သည့်ရက်များက ကြုံတွေ့ခဲ့ရသော မြင်းညိုကြီး၏ရှေ့လက်ချောင်းမှ ဒဏ်ရာကိုပါ သတိရလိုက်မိသည်။

ထို့ကြောင့် . . . အလောင်းတွေ့ရာနေရာသို့ သတင်းလာပို့သည့် ပုလိပ်သားလေးနှင့်အတူ . . . နှစ်ယောက်သားလိုက်လာခဲ့ကြပါ၏။ ဌာနအုပ်ကြီးဦးထွန်းဆိုင်နှင့် မင်းမောင်တို့ရင်ထဲမှာတော့ ထူးခြားလှသောဖြစ်ရပ်အတွက် ရင်ဖိုလိုက်မောလျက်။

ဒေါင်းမိုက်မိခင်ကြီး၏ ရုပ်အလောင်းတွေ့ရာနေရာသည် မင်းမောင်နှင့်နေကြာတို့ စတင်ဆုံတွေ့ခဲ့ရသည့် လှိုဏ်ကြီးထဲတွင် ဖြစ်ပါ၏။ သေနတ်ထိမှန်၍ လွင့်စဉ်ကာလိမ့်ကျလာသည့် မိခင်ကြီးမှာ ကုန်းမြင့်တောင်စောင်းဆီမှတစ်ဆင့် လှိုဏ်ကြီးထဲထိတိုင် ပြုတ်ကျခဲ့သဖြင့် စောစောပိုင်းက ရှာဖွေ၍မတွေ့ခြင်းဖြစ်ပေလိမ့်မည်။

ထိုအခိုက် လှိုဏ်ကြီးထဲမှ မီးရောင်ကြီးများထိန်လျက် မီးနိုးမှိုင်းများလွင့်ဝဲနေကြသည်ကို မင်းမောင်တို့အားလုံး တွေ့မြင်လိုက်ရသဖြင့် . . .

''ဟော . . . လှိုဏ်ကြီးထဲမှာ မီးဖိုကြီးဖိုပြီး ဘာတွေလုပ်နေကြတာလဲမသိဘူး ဌာနအုပ်ကြီးရေ''





''ဟုတ်တယ် ကိုမင်းမောင် . . . ဟော ဟော . . . ဟိုမှာ စာသင်ကြီးဦးပုကိုယ်တိုင်လုပ်နေတာဗျ။ မီးနိုးတွေကို သူဦးထုပ်နဲ့ ယပ်ခတ်သလိုတောင်လုပ်နေသေးတယ်''

ဌာနအုပ်ကြီးဦးထွန်းဆိုင်မှာ ပါးစပ်မှ တတွတ်တွတ် ပြောရင်းထိုနေရာသို့အသော့နှင်လာခဲ့သည်။ ဟုတ်ပါသည် . . . လှိုဏ်ကြီးထဲဝယ် အတော်ပင်မှောင်နေပြီဖြစ်သဖြင့် မီးဖိုအလင်းရောင်သာမရှိလျှင် . . . ဘာကိုမျှ သဲကွဲစွာမြင်တွေ့ရမည်မဟုတ်ပါ။ ထင်းခြောက်ဝါးခြောက်များနှင့်တောက်လောင်နေသည့် မီးဖိုနှင့် မနီးမဝေးတွင် ဝါးပိုင်းတိုလေးများကို မြေကြီးတွင် ထိုးစိုက်ကာ ဆေးလိပ်မီးနိုးငွေ့များကို မှုတ်သွင်းနေသူ ပုလိပ်သားလေးများနှင့် မီးနိုးငွေ့များကို အုံခဲနေအောင်ယပ်ခတ်နေသည့် စာသင်ကြီးဦးပုတို့ကို တွေ့မြင်လိုက်ရပါတော့သည်။

''ဟေး စာသင်ကြီး . . . ဘာတွေလုပ်နေကြတာလဲ၊ မြေကြီးပေါ်မှာ တကုန်းကုန်းနဲ့၊ ဟိုမှာလည်း ကြည့်စမ်းပါဦး . . . ဆေးလိပ်မီးနိုးတွေနဲ့ ဝါးပြောင်းထဲကိုမှုတ်သွင်းနေကြတာ၊ နေပါဦး . . . ခင်ဗျားတို့ ဘာတွေဖြစ်နေကြတာလဲ ပြောကြပါဦး''

''ဟော . . . ဆရာတောင်ရောက်လာပြီ၊ ခဏနေဦး . . . တစ်အောင့်လောက်ကြာရင် ဆရာသိချင်တဲ့ အဖြေတစ်ခုခုတော့ ထွက်လာမယ်ထင်တယ်၊ သိပ်တော့မသေချာသေးဘူး ဆရာ . . . ကျွန်တော့်ရဲ့ခန့်မှန်းချက်ပါ . . . ဟင်း ဟင်း . . . ဘာမှမထူးခဲ့ရင်တောင်မှ ဆရာ့ကို ကမ္ဘာမှာအကောင်းဆုံး အစား



www.burmeseclassic.com

www.burmeseclassic.com



အစာတစ်ခု ကျွေးလို့ရမှာပါဆရာ''

''ဟော့ ... ဟော့ကောင်တွေ မှုတ်ပါဟ ... ငါ့လခွမ်းမှပဲ ... ဆေးလိပ်မီးခိုးငွေ့တွေနဲ့ များများမှုတ်သွင်းမှ အဆင်ပြေမှာ''

စာသင်ကြီးဦးပုမှာ ဌာနအုပ်ကြီးဦးထွန်းဆိုင်နှင့် မင်းမောင်တို့အားရှင်းပြလိုက် ဝါးပြောင်းတိုလေးများနှင့်မြေကြီးမို့မို့ထဲသို့ ထိုးစိုက်ကာ ... မီးခိုးငွေ့များမှုတ်သွင်းနေကြသော သူ၏တပည့်ပုလိပ်သားလေးများကို အော်လိုက်နှင့် လွန်စွာအလုပ်ရှုပ်နေပါတော့သည်။

ဌာနအုပ်ကြီးဦးထွန်းဆိုင်က ... မင်းမောင်မျက်နှာကို လှမ်း၍ကြည့်လိုက်သည် ... မင်းမောင်မှာလည်း ... စာသင်ကြီးဦးပုအရေးတကြီးလုပ်ဆောင်နေပုံများကို တအံ့တသြနှင့် ငေးကြည့်နေသည်ကို တွေ့လိုက်ရသည်။

ထိုအခိုက်မှာပင် စာသင်ကြီးဦးပုက သူ့ထံသို့ လှမ်း၍ကြည့်လိုက်ရင်း ...

''ဆရာ ... ဆရာ့မှာ ဆရာသောက်နေကျ ဆေးပြင်းလိပ်များ ပါသေးလားဆရာ၊ ပါခဲ့ရင် ကျွန်တော့်ကို တစ်လိပ်လောက်ပေးပါလား၊ ဆေးပြင်းလိပ်အငွေ့ဆို ပိုပြီးမြန်တာပေါ့ဆရာရယ်''

''အင်း ... ပါသေးတယ် စာသင်ကြီး၊ ကိုင်း ... ရော့ရော့ ... ခင်ဗျား ဘာတွေလုပ်နေမှန်းတော့ ကျုပ်မသိဘူး၊





ကြားထဲ ကျုပ်ဆေးပြင်းလိပ်ပါ အဆစ်ပါနေပြန်ပြီ''

''ဟဲ ဟဲ ဟဲ ... ဘာတဲ့ ... အဲ ... ကုလားမပြီးခင် ဗမာမမြင်စေနဲ့ဆိုလား ဘာလားပဲ ဆရာရေ့၊ ဒါပေမဲ့ ကျွန်တော်တို့လုပ်တာပြီးသွားရင်တော့ ဆရာတို့ တအံ့တသြမြင်ကြရမှာပါခင်ဗျာ ... ဟင်း ဟင်း ဟင်း''

စာသင်ကြီးဦးပုက ရယ်ရယ်မောမောနှင့်ပင် ပြောဆိုနေသဖြင့် ဌာနအုပ်ကြီးဦးထွန်းဆိုင်နှင့် မင်းမောင်တို့မှာ ဘာစကားမျှမပြောတော့ဘဲ ထိုင်၍သာကြည့်နေကြပါတော့သည်။

ထိုအချိန်တွင် စာသင်ကြီးဦးပုဦးစီး၍ မီးခိုးငွေ့များ မှုတ်သွင်းနေသည့်မြေမို့မို့ကြီးထဲကလေလားမသိ ... တဒိဒိနှင့် ဧအော်မြည်သံကြီးများကို တစ်စ တစ်စ ဆူညံစွာကြားလိုက်ရသည်မို့ ဌာနအုပ်ကြီးဦးထွန်းဆိုင်တို့မှာ စိတ်ဝင်စားလာကြသည်ထင့် ထိုင်နေကြရာမှထလာပြီး စာသင်ကြီးဦးပုအနီးတွင် ရပ်လာကြသည်။

''နေပါဦးဗျ ... ဒီမြေပုံမို့မို့ကြီးအောက်ကလား မသိဘူး ... တစီစီနဲ့ အော်သံတွေကြားနေရတာ ဘာတွေလဲမသိဘူး''

''ဟင်း ဟင်း ဟင်း ... ပျားတူ (ပဒူ) လို့ခေါ်တဲ့ .မြေအောင်းပျားတူကျင်းကြီးပဲဆရာ၊ တဒိဒိနဲ့ အော်နေကြတာ အဲဒီပျားတူ (ပဒူ) ကောင်တွေပေါ့၊ ခဏကြာရင် ဆေးလိပ်မီးခိုးတွေကြောင့် ဒီကောင်တွေ မီးခိုးငွေ့တွေမွန်ပြီး သေတဲ့ကောင်ကသေ, မေ့မြောတဲ့ကောင်တွေက မေ့မြောနေကြတော့မှာ၊ အဲဒီအခါကျမှ ပျားတူကျင်းကြီးကို ပေါက်တူးတွေနဲ့ဖြိုချရမယ်''



www.burmeseclassic.com

www.burmeseclassic.com



စာသင်ကြီးဦးပုရှင်းပြနေစဉ်မှာပင် ပုလိပ်သားနှစ်ယောက် ပေါက်တူး၊ ပေါက်ချွန်းများထမ်းလျက် ရောက်ရှိလာကြသည်ကို မီးရောင်အောက်တွင်တွေ့လိုက်ရပါ၏။

''အဲဒါများကွာ နေ့ခင်းလင်းလင်းကျင်းကျင်းမှာ လုပ်တာမဟုတ်ဘူး၊ ငါတို့မှာ ...ဒေါင်းမိုက်မွေခဲ့တဲ့ကိစ္စကြီးက ပြီးပြတ်သေးတာမဟုတ်ဘူး၊ အခုလည်း သူ့အမေကြီးရဲ့အလောင်းကို တွေ့တယ်၊ ခြေထောက်တစ်ဖက်တောင် ဒူးခေါင်းအောက်ပိုင်းတစ်ခုလုံး အရိုးပဲကျန်တော့တယ်ဆိုလို့ ...ငါတို့လာပြီးကြည့်ကြတာ စာသင်ကြီးရေ''

ထုံးစံအတိုင်း သူ၏ဆရာရင်း ဌာနအုပ်ကြီး ဦးထွန်းဆိုင်၏ ဗျစ်တောက်ဗျစ်တောက်ပြောဆိုသံကြီးကို စာသင်ကြီးဦးပုက ပြုံး၍နားထောင်နေရာမှ ...

''ဟာ ...နေ့ခင်းဘက်ကြီးမှာ လုပ်လို့မရဘူးဆရာရဲ့၊ ကျွန်တော့်ရဲ့အဘိုး မုဆိုးကြီးရဲ့ပြောစကားအတိုင်းဆိုရင် နေ့ခင်းကြောင်တောင်ကြီးမှာ ဟောဒီပုရားတူကျင်းကြီးနားကို သွားကပ်လို့မရဘူးဆရာရေ ...ပုရားတူကင်းသမား မြင်သွားပြီဆိုရင်တော့ သစ်ပင်ပေါ်ကနေ ဆင်းပြီးတုပ်မှာ၊ မြေအောင်းပုရားတူအတုပ်ခံရရင် မသက်သာဘူးဆရာရေ ...နွားမဒန်းတောင်သေးဖြန်းဖြန်းပါတယ်လို့တောင် ဆိုစကားရှိတယ်၊ ဒီကောင်တွေက တခြားနေရာမှာတွေ့ရင် လုံးဝရန်မမူပေမယ့် သူတို့ရဲ့ကျင်းနားကိုကပ်လာရင်တော့ အသေအကျေတိုက်ခိုက်တော့တာပဲတဲ့





အဲဒါကြောင့် သူတို့ရဲ့ ဝင်ပေါက်နဲ့ထွက်ပေါက်တွေကို အရင်ဆုံး ရှာဖွေပြီးပိတ်ရတယ်၊ ညဘက်ဆိုရင် ပုရားတူကင်းသမား သိမ်းသွားပြီလေ၊ ကျွန်တော့်အထင်ပြောရရင် ဆရာစီးခဲ့တဲ့မြင်းညိုကြီးဟာ ပုရားတူကျင်းရဲ့အဝနားမှာ မတော်တဆ နင်းမိလို့အကိုက်ခံလိုက်ရတာပဲဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခု သေနတ်ထိမှန်ပြီး တောင်စောင်းကနေ လိမ့်ကျလာခဲ့တဲ့ ...ဒေါင်းမိုက်ရဲ့အမေကြီးဟာ ဟောဒီ ပုရားတူကျင်းအစပ်မှာ ခြေထောက်ကျွံသွားလို့ ပုရားတူတွေရဲ့အကိုက်ကို ခံလိုက်ရတာပါဆရာ''

စာသင်ကြီးဦးပု၏ မြေအောင်းပုရားတူတူးဖော်ရေး စီမံကိန်းကြီးအကြောင်းမှတစ်ဆင့် တစ်စ တစ်စ ...အမှုလမ်းကြောင်းအတွင်းသို့ပင် ပုရားတူသံသရာက စီးမျောဝင်ရောက်လာလေပြီလား။

စင်စစ်မှု ...စာသင်ကြီးဦးပုသည် အစဉ်အဆက်က မုဆိုးမျိုးရိုးဖြစ်ခဲ့သည်မို့ ဤ ...မြေအောင်းပုရားတူ၏အကြောင်းကို သိရှိထားခဲ့ခြင်းပင်။ သူ၏ဆရာမြင်းညိုကြီးခြေထောက်တွင် အကိုက်ခံရပုံကိုသိရကတည်းက ...ဤမှန်းမသိမ်ကုန်း တောကြီးထဲဝယ် မြေအောင်းပုရားတူကျင်းကြီးတစ်ခု ရှိနိုင်လောက်သည်ဟု မှန်းဆမိခဲ့သည်။

ယခုတစ်ကြိမ် ...ဒေါင်းမိုက်၏မိခင်ကြီးအဖြစ် အံ့ဩဖွယ်ရာ တွေ့မြင်လိုက်ရချိန်မှာတော့ ...သူ၏မှန်းဆထင်မြင်ချက် မှန်ကန်သွားပြီဟု စာသင်ကြီးဦးပု ဆုံးဖြတ်ချက်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့သည်။ ထို့နောက် အလောင်း၏အခြေအနေနှင့် တွေ့ရှိရာ နေရာတစ်ဝိုက်တွင် စနစ်တကျရှာဖွေကြည့်လိုက်ရာမှ . . . ဤ ကြောက်မက်ဖွယ်အန္တရာယ်ကြီးလှသော မြေအောင်းပျားတူကျင်း ကြီးကို ခြေရာခံတွေ့ရှိခဲ့ခြင်းပင်ဖြစ်ပါလေ၏။

ယခု . . . ထိုမြေအောင်းပျားတူကျင်းကြီးထဲသို့ နာရီ ဝက်နီးပါးမျှ ဝါးပြောင်းများမှတစ်ဆင့် မီးခိုးငွေ့များမှုတ်သွင်းခဲ့ ကြပြီးသဖြင့် စာသင်ကြီးဦးပုမှာ သူ၏တပည့်ကျော်များအား ပေါက်တူးပေါက်ချွန်းများဖြင့် မြေအောင်းပျားတူကျင်းကြီးကို စတင်၍ တူးဖြိုကြပါတော့သည်။

'ဒုတ် . . ဒုတ် . . ဒုတ် . . ဒုတ်'

'ဒုတ် . . ဒုတ် . . ဂျိုး . . ကျည်'

ပုလိပ်သားတပ်ဖွဲ့တို့ တူးဖော်ပေါက်ဆွလိုက်တိုင်း မြေ အောင်းပျားတူကောင်ကြီးများနှင့် ပျားသူငယ်အိမ်များမှာ မီးရောင် အောက်တွင် ဖွေးဖွေးလှုပ်မျှ ပေါ်လာကြပါသည်။ မီးခိုးများမွန်၍ မေ့မြောနေကြသော မြေအောင်းပျားတူကောင်များမှာ မြေပြင် ထက်တွင် တုံးလုံးပက်လက်နှင့်တဝီဝီ၊ တအီအီ အော်ညည်းနေ ကြသည်ကိုကြည့်ကာ . . . ဌာနအုပ်ကြီးဦးထွန်းဆိုင်နှင့် မင်းမောင် တို့မှာ ပါးစပ်အဟောင်းသားနှင့် တအံ့တသြဖြစ်နေကြပါလေ၏။

''အားပါး . . . ဒီမြေအောင်းပျားတူကျင်းကြီးက တော် တော်အံ့ကြီးတာပဲ ဆရာရေ၊ ဒီလောက်အံ့ကြီးတဲ့ ပျားတူကျင်း သာဆို ကျွဲနွားတိရစ္ဆာန်လိုအကောင်တွေသာ ကျွံကျသွားခဲ့ရင်





တော့ သူတို့ဝိုင်းပြီးစားလိုက်တာနဲ့ အရိုးပဲကျန်မှာသေချာတယ်၊ ပျားတူကျင်းတွေကို သေသေချာချာကြည့်ရင် ခြတောင်ပို့လိုလို၊ မြေသားတွေဖြစ်နေတာ တွေ့ရလိမ့်မယ်၊ အပေါ်ယံက အမိုးမြေ သားကို ခြတောင်ပို့လို ပါးပါးလွှာလွှာလေးပဲလုပ်ထားတာ၊ မတော်တဆများ သူတို့ကျင်းထဲကို တိရစ္ဆာန်တစ်ကောင်ကောင် ခြေချော်လက်ချော်ကျသွားခဲ့ပြီဆိုရင်တော့ သေဖို့သာပြင်ပေ တော့၊ တကယ်လို့ ခြေနှုတ်လက်သိမ်းမြန်လို့ကျသွားတဲ့ ခြေ လက်တွေကို ချက်ချင်းပြန်နှုတ်နိုင်ခဲ့ရင်တောင် အဲဒီခြေလက်တွေ မှာ အသားဆိုတာ လုံးဝမကျန်တော့ဘဲ အရိုးငေါ်ငေါ်ကြီးပဲ ကျန် ရစ်ပြီမှတ်ပေတော့''

တူးဖော်နေကြသည့် ပုလိပ်သားလေးများတော့ . . . မြေစာခဲ၊ ပျားချေးကျစ်စာများနှင့်ရောနှောနေသည့် ပျားသူငယ် အိမ်များကို ပါလာသည့် ပလတ်စတစ်အခင်းကြီးကိုဖြန့်ကာ စုပြုံ ၍ထည့်ကြပါ၏။

''ထည့်ဟေ့ . . . ထည့်ကြ . . . အကုန်သာကောက်ပြီး ထည့်ကြ၊ ဖြူဖြူဖွေးဖွေးနဲ့ ပျားသူငယ်အိမ်ပေါက်စနတွေရော၊ ပျားတူကောင်တွေရော၊ ပျားချေးတွေပါ အကုန်သာ ပါအောင် ထည့်ကြဟေ့၊ ဆိန်နှဲများကြော်ပြီးစားလိုက်ရလို့ကတော့ ခွေမျိုးပါ မကဘူး . . . မင်းတို့အိမ်က မိန်းမပါ မေ့သွားမှာကွ၊ အင်မတန် အရသာရှိတဲ့အစားအစာပေါ့ကွာ၊ ဒီပိုး၊ သင်ပေါင်းပိုး၊ ပလုပ် ကောင်တို့၊ ဝါးပိုးတို့ စားလို့ကောင်းလှချည့်ဆိုတာ ဟောဒီ မြေ



www.burmeseclassic.com

www.burmeseclassic.com



အောင်းပျားတူတွေရဲ့ ချေးတွေကိုတောင် မမီဘူးဟ၊ အဟေး ဟေး . . . ငါတောင် မင်းတို့ကိုပြောရင်းနဲ့ သွားရည်တွေတောင် ကျချင်လာပြီဟေ့''

စာသင်ကြီးဦးပုမှာ တူးဖော်နေသူ၊ ကောက်ယူနေသူများအား မြေအောက်ပျားတူအကြောင်းပြောဆိုရင်း သူကိုယ်တိုင် ပေါက်တူးတစ်လက်နှင့် ဖြိုချလိုက်ချိန်တွင် . . .

'ဒုတ် . . ဒုတ် . . ထန်'

''ဟာ''

မြေကျင်းကြီးထဲမှ မာကျောကျောအရာတစ်ခု ထိမိသဖြင့် ပေါက်ပြားက ကန်ထွက်လာသည်မို့ သေချာစွာ ယက်ဖယ်ကြည့်လိုက်သည်တွင် ဦးချိုကြီးတစ်စုံနှင့်ခေါင်းခွံအရိုးကြီး တစ်ခုကိုတွေ့မြင်လိုက်ကြရသည်။ လက်နှိပ်ဓာတ်မီးဖြင့် ဌာနအုပ်ကြီးဦးထွန်းဆိုင်ကိုယ်တိုင်မင်းမောင်နှင့်အတူ သေချာစွာ စစ်ဆေးကြည့်ကြသည်။

''တွေ့တယ်မဟုတ်လားဆရာ . . . ကျင်းထဲကို ကျွံကျလာတဲ့ တိရစ္ဆာန်တစ်ကောင်ကောင်ကို မြေအောင်းပျားတူတွေ ကိုက်စားထားကြတဲ့ ခေါင်းခွံနဲ့ ချိုပဲလေ''

''အင်း . . . ဦးချိုကတော့ ဆတ်တစ်ကောင်ရဲ့ချိုပဲ၊ ခေါင်းခွံကတော့ လူခေါင်းခွံနဲ့တောင် ဆင်ဆင်တူတူသေးတော့၊ အင်း . . . တော်ပါသေးရဲ့ . . . ကျုပ်ရဲ့မြင်းညိုကြီးသာ ပျားတူကျင်းကြီးထဲကို တည့်တည့်ကြီးများကျွံကျမိရင် ခုလောက်ဆို





အရိုးပဲကျန်တော့မှာပါလား''

ထိုစဉ်မှာပင် . . . ဟစ်ဖက်ကျင်းစပ်တွင် တူးဖော်နေသည့် ပုလိပ်ကလေးကလည်း တစ်စုံတစ်ရာကိုတွေ့ရှိရသဖြင့် မြေစာကျစ်များကိုဖယ်ဆုပ်၍ဆွဲယူလိုက်သည်။

''ဟာ . . . ရွှေ . . . ရွှေလက်ကောက်တစ်ကွင်းဟ . . . ပွတာပဲဟေ့''

ပုလိပ်သားလေးတစ်ယောက်က ပျားတူကျင်းကြီးထဲမှ ရွှေလက်ကောက်တစ်ကွင်းကိုပါ ရလိုက်သဖြင့် ပျော်မြူးသွားဟန်တူပါ၏။ သူ၏အင်္ကျီစနှင့် ရွှေလက်ကောက်ကို ပွတ်သတ်၍ပင် ကြည့်နေပါသည်ကော။

''အင်း . . . ဒါ ထင်းခွေ၊ ဟင်းရွက်ခူး၊ မှိုရှာ၊ မြစ်ချိုးထွက်လာကြတဲ့ မိန်းကလေးတစ်ယောက် ပျားတူကျင်းထဲကျွံကျသွားလို့ ကျန်ရစ်ခဲ့တဲ့ ရွှေလက်ကောက်လေးပဲ ဖြစ်ရမယ်''

ပျားတူကျင်းကြီးထဲမှ ပဉ္စလက်မျက်လှည့်ပြကွက်သဖွယ် တစ်ခုပြီးတစ်ခုပေါ်ထွက်လာသည့် ပစ္စည်းများကိုကြည့်ရင်း . . . ဌာနအုပ်ကြီးဦးထွန်းဆိုင်မှာ မှုပ်ကွက်နေသည့် ပဟေဠိပုစ္ဆာတစ်ခုကို ရေးရေးပျပျ မြင်ယောင်လာသည်သို့ . . .။ ထို့အတူ ညှိုးမှိုင်းနေသည့် မျက်လုံးများကလည်း ရေးပျပျမျှော်လင့်ချက်ရောင်ခြည်တို့ဖြင့် လင်းလက်တောက်ပလာကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

## သံသယဝက်ပါလမ်းဆုံး ...သို့မဟုတ်

ဖုန်းမသိမ်ကုန်း၏ ညသည် တစ်ခြမ်းပဲ့လကလေး၏ မှုန်ဝါးဝါးအလင်းရောင်အောက်တွင် တိတ်ဆိတ်စွာပျော်ဝင်စီးမျော နေပါ၏။ ရံဖန်ရံခါသားစားသည့်ငှက်များ၏အော်သံ၊ ပိုးပုရစ် ကောင်လေးများ၏ တကျည်ကျည်အော်သံလေးများက တိတ်ဆိတ်နေသည့်ညဥ့်ယံကို လှုပ်ခတ်နိုးနေလေသည်သို့ ...

ဖုန်းမသိမ်ကုန်းကြီး၏ လှိုဏ်ကြီးထဲမှာတော့ ဌာနအုပ်ကြီး ဦးထွန်းဆိုင်တို့အဖွဲ့ တစ်ဖွဲ့လုံးလှုပ်လှုပ်ရှားရှားနှင့်ရှိနေကြသည်။ စာသင်ကြီးဦးပုမှာ မြေအောင်းပျားတူကျင်းကြီးထဲမှ တူးဖော် ရရှိသည့် ဦးခေါင်းများ၊ အရိုးခေါင်းများနှင့် ပစ္စည်းများကို တစ်နေရာ တည်းတွင် စုပုံ၍ထားရှိလိုက်သည်။

ဆယ့်ငါးပေပတ်လည်ခန့် ကျယ်ပြန့်လှသည့် မြေအောင်း





ပျားတူကျင်းကြီးထဲမှ မြေအောင်းပျားတူများ၊ ပျားသူငယ်အိမ်များ၊ ပျားခွေးကျစ်စာများနှင့် ပျားကောင်ငယ်လေးများကို တူးဖော်ရင်း တွေ့ရှိလာသည့် ပစ္စည်းများကိုစနစ်တကျ စစ်ဆေးနေကြစဉ် ..

'ဒုတ် .. ဒုတ် .. ထန်'

''ဟာ ... တွေ့ပြန်ပြီဟေ့ အရိုးစုတစ်ခု''

ပုလိပ်သားလေးများက ပေါက်တူးကိုအပေါ့ကိုင်ရပ်လိုက် ကြပြီး တစ်ပိုင်းတစ်စမျှသာပေါ်နေသေးသည့် အရိုးစုကြီးတစ်ခုကို မပျက်မစီးအောင် ဖော်ယူရန်ကြိုးစားလုပ်ဆောင်နေကြသည်။ ထူးထူးခြားခြား သည်တစ်ကြိမ်တွင် လူအရိုးစုကြီးတစ်ခု ကျင်းကြီး ထဲတွင်တွေ့လိုက်ရပြန်သဖြင့် ဌာနအုပ်ကြီးဦးထွန်းဆိုင်နှင့် မင်း မောင်တို့မှာ စိတ်ဝင်တစားဖြင့် ကြည့်နေကြပါသည်။

''ခါတ်မီးတွေနဲ့ ဝိုင်းထိုးကြစမ်းဟေ့ ငါ့စိတ်ထဲမှာ တစ်ခု ခုလို့ သံသယဝင်နေမိလို့ ဒီအရိုးစုကိုသေချာစစ်ဆေးကြည့်မယ်''

''ဟုတ်တယ် ဆရာ ... ကျွန်တော်လည်း ဆရာတွေး ထင်သလိုမျိုးတွေးထင်နေမိတာ ... ဒါ ... ဒါ ... ဒါပေမဲ့''

စာသင်ကြီးဦးပုကစကားကိုဖြတ်ကာ ... မင်းမောင်ရှိ ရာသို့ လှမ်းကြည့်လိုက်၏။

တစ်ဖက်ကျင်းစပ်မှနေ၍ လက်နှိပ်ခါတ်မီးတစ်လက်ကို ကိုယ်တိုင်ကိုင်တွယ်၍ အရိုးစုကြီးရှိရာသို့ စိတ်ဝင်တစားကြည့်နေ သည့် မင်းမောင်ကမူ ဌာနအုပ်ကြီးဦးထွန်းဆိုင်တို့ ဆရာတပည့် အချီအချပြောနေသောစကားများကို သတိမထားမိလိုက်ပါလေ၊



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ မြေအောင်းပျားတူကျင်းကြီးထဲမှ အရိုးစုကြီးက မြက်ခင်းပြင်ထက်သို့ ရွှေ့ပြောင်းရောက်ရှိလာခဲ့ပါ၏။ စူးရှလင်းထိန်သော လက်နှိပ်ဓာတ်မီး၏အလင်းရောက်များက အရိုးစုကောင်ကြီးပေါ်သို့ ထင်းလင်းစွာကျရောက်လျက်။

ဌာနအုပ်ကြီး ဦးထွန်းဆိုင်မှာမူ ဤအရိုးစုပိုင်ရှင်သည် မြေအောင်းပဒုကျင်းကြီးထဲသို့ ပစ်ချခံရခြင်းလားဆိုသည်ကို တက်နိုင်သမျှ အကဲခတ်ရင်း စစ်ဆေးနေပါ၏။ ထိုစဉ် . . .

သူ့အနီးသို့ လူတစ်ယောက် လာ၍ရပ်လိုက်သည်။

ကြည့်လိုက်တော့ ပြုံးတော့မည့်မိုးသားကဲ့သို့ မှိုင်းမှုန်နေသည့်မျက်နှာနှင့် စာရေးဆရာလေးမင်းမောင်ကို တွေ့မြင်လိုက်ရသည်။ ထို့နောက် ကိုမင်းမောင်မှာ တစ်စုံတစ်ရာမှ စကားမပြောဘဲ အရိုးစုကောင်ကြီး၏ ဘယ်ဘက်လက်သူကြွယ် အရိုးစုတွင် ဝတ်ဆင်ထားဆဲဖြစ်သည့် ငွေလက်စွပ်ကလေးကို အသာအယာ ချွတ်ယူလိုက်ပါ၏။ ပြီးလျှင် ငွေလက်စွပ်ကလေးကို ငြိမ်သက်တိတ်ဆိတ်စွာဖြင့် အတန်ကြာမျှ ငေးမောကြည့်နေပါတော့သည်။ မင်းမောင်ရင်ထဲမှာတော့ ဆူပွက်သည်းထန်စွာ ငိုကြွေးနေပါချေပြီကော။ အတန်ကြာမှ ငွေလက်စွပ်ကလေးကို ဌာနအုပ်ကြီး ဦးထွန်းဆိုင်၏လက်ထဲသို့ ပေးလိုက်ပါ၏။ ပြီးလျှင် . . .

''ကျွန်တော်ရဲ့ ပျောက်ဆုံးနေတဲ့ အမြွှာအစ်ကိုကြီးကို ရှာလို့တွေ့ပါပြီ၊ အဲဒီငွေလက်စွပ်ကလေးဟာ ကျွန်တော့်အမြွှာအစ်ကို ဒေါက်တာလင်းမောင်ရဲ့လက်စွပ်ပါ ဌာနအုပ်ကြီး၊ လက်စွပ်ပေါ်မှာ (LM) လို့ အင်္ဂလိပ်စာနဲ့ သူ့နာမည်ကို အတိုကောက် ရေးထားပါတယ်၊ နောက်ပြီး ကျွန်တော့်အစ်ကိုရဲ့ ဘယ်ဘက် ခြေသန်းလေးဟာ တစ်ဆစ်ပြတ်နေပါတယ်''

ဌာနအုပ်ကြီး ဦးထွန်းဆိုင်မှာ မင်းမောင်၏ပြောစကားထွက်ချက်များအရ အရိုးစုကြီး၏ဘယ်ဘက်ခြေသန်းနေရာကို စစ်ဆေးကြည့်လိုက်သည်။ ဟုတ်သည် အရိုးစုကြီး၏ ဘယ်ဘက် ခြေသန်းအရိုးတွင် တစ်ဆစ်ခန့်တိုပြတ်နေသည်ကို မကြည့်ချင် မြင်လျက်သားဆိုသကဲ့သို့ တွေ့မြင်လိုက်ရပါတော့သည်။

''ကျွန်တော် စောစောကတည်းက သေသေချာချာ ကြည့်ပြီးပါပြီ၊ အဲဒီအရိုးစုကြီးရဲ့ ဘယ်ဘက်ခြေသန်းဟာလည်း တစ်ဆစ်တိုပြီးပြတ်နေတယ်လေ၊ ဒါကြောင့် ဟောဒီ အရိုးစုကြီးဟာ ပျောက်ဆုံးနေတဲ့ ကျွန်တော့်ရဲ့အမြွှာအစ်ကိုကြီး ဒေါက်တာလင်းမောင်ပါပဲ''

ညှိုးငယ်လွမ်းမောဖွယ်ရှင်းပြပြောဆိုနေသည့် မင်းမောင်၏စကားသံလေးက ဖုန်းမသိမ်ကုန်းညဉ့်ရင်ခွင်ထဲဝယ် ပဲ့တင်စီးမျောလျက် အရာအားလုံးများယွင်းသွားလေပြီဟု သိရှိလိုက်ရသောအချိန်မှာတော့ အားလုံး . . . အားလုံးသည် နောက်ကျသွားခဲ့ရပါချေပြီတည်း။







www.burmeseclassic.com

www.burmeseclassic.com



နေပါလေ၏။ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိနေသူတစ်ယောက်နှယ် ပြင်းပြင်းထန်ထန်ခံစားနေရပါသည်။

ဆေးတပ်သားလေးပြောထားသဖြင့် ... နေကြာ သတိရလာပြီဖြစ်ကြောင်းနှင့် သူ့အားတွေ့ဆုံလိုကြောင်း ပြောလာသည်ကြောင့် ... နေးကွေးလေးလံသောခြေလှမ်းများဖြင့် နေကြာထံသို့ ရောက်လာခဲ့သည်။

''ဟင် ... ဘယ်လိုဖြစ်တာလဲ ... ငါကိုယ်တိုင် သစ်လုံးအိမ်လေးထဲအရောက်ပို့ပြီး ဆေးတပ်သားလက်ထဲကို အသေအချာအပ်ထားခဲ့တာ ... အခု ဘယ့်နှယ့် နေကြာခင်းစပ်မှာ နေကြာရောက်နေရတာလဲ''

''ဟုတ် ... ဟုတ်ပါတယ် အစ်ကို၊ ဒါပေမဲ့ လူနာရဲ့ နောက်ဆုံးဆန္ဒလေးကိုဖြည့်ဆည်းပေးပါဆိုလို့ ကျွန်တော်ကိုယ်တိုင် မြက်ခင်းပေါ်မှာ ရွှေ့ ... ရွှေ့ထားပေးရတာပါ''

သူ၏နောက်ဘက်မှ ဆေးတပ်သားလေး၏ စကားက ခင်းမောင်၏နားထဲတွင်ဗုံးတစ်လုံးပေါက်ကွဲသွားသည်သို့။

''လူနာရဲ့နောက်ဆုံးဆန္ဒ ... လူနာရဲ့ နောက်ဆုံးဆန္ဒဟုတ်လား နေကြာရယ်''

မင်းမောင် သူ၏စိတ်ကိုမထိန်းနိုင်တော့။ မြက်ခင်းပြင်ဘက်မှ နေကြာရှိရာသို့ ပြေးထွက်သွားကာ သူ၏ရင်ခွင်ထဲတွင် ကြကွဲစွာဖြင့်ထွေးပိုက်ထားလိုက်မိသည်။

''ဟင် ... အစ်ကို ... အစ်ကို ... ရောက် ...



အခန်း (၂၉)

## စုန်းဒဏ္ဍာရီထဲက နေကြာတစ်ပွင့်ရဲ့ လွမ်းပုံပြင်

သစ်ရွက်လှုပ်ခတ်သံ၊ လေတိုးသံတို့ကိုပင် ကြားနိုင်လောက်သည်အထိ ... ဖုန်းမသိမ်ကုန်း၏ညဥ့်သည် ငြိမ်သက်တိတ်ဆိတ်စွာဖြင့်ရှိနေပါ၏။ အဝေးခပ်လှမ်းလှမ်း တောစပ်ဆီမှ ကြေကွဲစွာငိုကြွေးလျက်ရှိသည့် ... ပုစဉ်းရင်ကွဲတစ်ကောင် အော်ညည်းသံလေးကိုလည်း ရုံဖန်ရံခါကြားနေရသည်။

စောစောပိုင်းက သာနေသည့်လတစ်ခြမ်းသည်ပင် တိမ်မည်းညိုများပုံးလွှမ်းသွားခြင်းကို ခံလိုက်ရသဖြင့် ဝန်းကျင်တစ်ခုလုံး လမိုက်ညကဲ့သို့ ရှိချေ၏။ မှိတ်တုတ်မှိတ်တုတ်ဖြင့် အလင်းအားပေးတတ်သည့် ကြယ်ကလေးများပင် ဘယ်ကမ္ဘာဆီသို့ ပုန်းရှောင်သွားကြလေပြီမသိတော့။ ထိုအတူ ... မင်းမောင်ကိုယ်တိုင်ပင် ချစ်ရသူနေကြာလေးအား တွေ့ဆုံရန် မဝံ့မရဲဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီလားဟင်''

''ဘာဖြစ်လို့ အပြင်မှာထွက်နေရတာလဲ နေကြာရယ် . . . သစ်လုံးအိမ်ထဲမှာပဲ နေရောပေါ့၊ ခဏနေရင် မြိုင်သာက ဆရာဝန်ရောက်လာတော့မှာပါ''

''အစ်ကို . . . အစ်ကို ဘာမှမဖြစ်ဘူးနော် . . . အင်း . . . ကျွတ် ကျွတ် . . . နေကြာ့ကိုယ်နေကြာ သိပါတယ် အစ်ကိုရယ်၊ တကယ်တော့ နေကြာတို့မိသားစုလေးဘဝက ကံဆိုးလွန်းလှပါတယ်ရှင်၊ အခု . . . အခုဆိုရင် ပျောက်ဆုံးနေတဲ့ ဆရာ့ကိုလည်း ပျားတူ (ပဒူ) ကျင်းကြီးထဲကနေ ပြန်တွေ့ပြီဆို . . . ဝမ်း . . . ဝမ်းသာ . . . ဝမ်းသာလိုက်တာ အစ်ကိုရယ်''

နေကြာ၏ အရိုးခံမေးခွန်းနှင့် ယှဉ်သော မှဒိတာစကားများကြောင့် မင်းမောင် ဘာပြန်ပြောရမည်မသိနိုင်လောက်အောင်ပင် နှုတ်ဆွံ့သွားပါ၏။ သို့သော်လည်း ချစ်ရသူ လှောင်ချိုင့်စံ မင်းသမီးလေးတစ်ယောက် ဖြေသာပါစေတော့ဟူသော ရင်တွင်းသစ္စာဖြင့် နှစ်သိမ့်လိုက်ပါသည်။

''အင်း . . . ဖြစ်ပြီးခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး အစ်ကိုတကယ့်ကိုစိတ်မကောင်းပါဘူး နေကြာ၊ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်ရှိသူတစ်ယောက်လို ခံစားရပါတယ်၊ အားလုံးရဲ့ အထင်နဲ့ သံသယတွေကြားမှာ နေကြာတို့မိသားစုလေးဘဝ မားစာခံလိုဖြစ်ခဲ့ရတာကို အစ်ကိုလေ . . . အစ်ကို နားလည် သဘောပေါက်ပြီကွယ်''





မင်းမောင်၏ ရင်ထဲမှထွက်ကျလာသော စကားတစ်ခွန်းဖြစ်ကြောင်း နေကြာသိလိုက်ရသဖြင့် . . . ဒဏ်ရာများကြားမှပင် လွန်လွန်းလေးပြုံးလိုက်ပါ၏။ အတန်ကြာမှ မျက်ရည်နှင့်ရှိုက်သံများကြားမှ တိုးတိမ်ညင်သာသောစကားသံလေးများက မင်းမောင်၏ ကွဲကြေစပြုနေပြီဖြစ်သော နှလုံးသားလေးကို ကြိတ်ချေနင်းဖြတ်သွားသည်သို့ . . .။

''အီး . . အင်း . . အာ . . . ဒါ . . . ဒါပေမဲ့ ဘာမှမပြစ်မရှိတဲ့ ကို ကြီး . . . ကို ကြီး ဒေါင်း . . . ကိုကြီးဒေါင်းကတော့ သေ . . . သေ သွားခဲ့ပြီလေ . . . အဟင့် ဟင့် ဟင့်''

နေကြာ၏ ငိုရှိုက်သံသဲ့သဲ့က ညှို့ရင်ခွင်အောက်ရှိ အိပ်မောကျနေပြီဖြစ်သည့် နေကြာပွင့်ငယ်လေးများကြားဝယ် ပဲ့တင်ရိုက်ခတ်သွားပါချေ၏။ နေကြာ၏ရှိုက်သံကြောင့်ထင့် . . . နေကြာပင်များကြားမှ လိပ်ပြာလေးတစ်ကောင် ညှို့ရင်ခွင်ထဲသို့ ပျံသန်းထွက်ခွာသွားသည်။

''စကားတွေ အများကြီးမပြောပါနဲ့လားကွယ် . . . တော်ကြာ နေကြာ မောနေပါ့မယ်ကွယ်''

သူ၏ရင်ခွင်ကြားတွင် အလိုက်သင့်ငြိမ်သက်ရင်း မောနေဟန်တူသည့် နေကြာ၏ . . . မျက်နှာလေးကိုကြည့်ကာ . . . မင်းမောင်၏ရင်ထဲဝယ်ရှိုက်ငင်ငိုကြွေးလျက်ရှိပါပြီ။

''ပြော . . . ပြောပါရစေ အစ်ကိုရယ် . . . နေကြာတို့မိသားစုနေထိုင်ခဲ့ကြတဲ့ ရွာလေးက ဟိုးက ရိုးမတောင်ခြေနားက



www.burmeseclassic.com

www.burmeseclassic.com



ရွာလေးတစ်ရွာပါအစ်ကို၊ အဲဒီ ရွာတစ်ရွာလုံးကလည်း အမေ့ကို စုန်းမကြီး၊ ကဝေမကြီး ... ဆိုပြီး စွပ်စွဲပြောဆိုခဲ့ကြလို့ အစ်ကိုကြီးဒေါင်းနဲ့ အမြဲလိုလိုစကားများကြ၊ ရန်ဖြစ်ကြနဲ့ပေါ့၊ ခက်တာက အမေရဲ့ပုံသဏ္ဍာန်ကိုက အများတကာရဲ့အမြင်မှာ အထင်မှားအမြင်မှားပုံစံကြီးလိုဖြစ်နေခဲ့လေတော့ ... အဟွတ် ဟွတ်''

စကားပြောရင်း အမောဖောက်လာဟန်တူသည့် နေကြာ၏မျက်နှာထက်မှ ချွေးစက်ကလေးများကို မင်းမောင် အသာအယာ သုတ်ဖယ်ပေးလိုက်သည်။

''ဒီလိုနဲ့ တစ်နေ့ ... နေကြာတို့မောင်နှမနှစ်ယောက် မရှိကြတုန်း လူစိတ်မရှိကြတဲ့ ရွာသားတချို့က အမေ့ကို ရိုက်နှက်ခဲ့ကြပြီး အိမ်ကိုပါမီးတင်ရှို့လိုက်ကြတယ်လေ၊ အဲ ... အဲဒါ အချိန်မီလေးရောက်လာခဲ့တဲ့ ကိုကြီးဒေါင်းက မီးလောင်နေတဲ့ အိမ်ထဲက အမေ့ကို အမီအရကယ်ထုတ်ခဲ့ရတယ်၊ အင်း ... အမေဟာ ကံကောင်းထောက်မလို့ အသက်မသေခဲ့ပေမယ့် မီးလောင်ဒဏ်ရာတွေနဲ့ အကြောက်လွန်ပြီး စိတ်ပါ ဂယောင်ချောက်ချားဖြစ်သွားခဲ့ရာက နောက်ဆုံး ... စိတ်ဖောက်ပြန်သွားတဲ့ အထိ ဖြစ်သွားခဲ့ရတော့တယ် အစ်ကိုရယ်''

နေကြာမှာ မင်းမောင်၏လက်ကိုဆုပ်ကိုင်လျက် သူတို့မိသားစုဘဝလေး၏ အတိတ်ခြေရာတချို့ကို သနားစဖွယ် ပြောပြနေရှာပါ၏။ မင်းမောင်ကမူ ဆေးတပ်သားလေး စည်းနှောင်ထားသည့် ပတ်တီးစကြားမှ စိမ့်ထွက်လာသည့်သွေးစီးများကို





အသာအယာ သုတ်ဖယ်ပေးနေပါသည်။

''နောက်ဆုံးတော့ အစ်ကိုကြီးဟာ အဲဒီလူတွေထဲက လူသုံးယောက်ကိုသတ်ပြီး အဲဒီရွာလေးကနေ ရှောင်တိမ်းထွက်ပြေးလာခဲ့တော့တယ်၊ အင်း ... ကျွတ် ကျွတ် ... ခေတ်ကာလကလည်း မကောင်းတော့ အဲဒီအဖြစ်အပျက်ဟာ မှေးမှိန်သွားခဲ့ရာကနေ နေကြာတို့မောင်နှမ နေရဋ္ဌရာကို ရောက်လာခဲ့ကြတာပေါ့၊ ဒါပေမဲ့ နေရဋ္ဌရာရွာကလည်း စစ်ဘေးစစ်ဒဏ်ကြောင့် ရှောင်ပြေးလာကြတဲ့သူတွေနဲ့ ရောပြီးလိုက်လာခဲ့တဲ့ နေကြာတို့ကို လက်သင့်မခံခဲ့ကြပါဘူး အစ်ကိုရယ် ... ဟင်း''

''တော်ပါတော့ နေကြာရယ် ... ဖြစ်ပြီးတာတွေကို ပြန်ပြီးအသစ်ဖြစ်အောင် ပြောမနေပါနဲ့တော့၊ ကိုယ့်ကိုယ်ကိုယ် သက်သာအောင်နေပါနော်''

ညဥ့်လေပြည်က နေကြာခင်းလေးကို ဖြတ်၍တိုက်ခတ်လာသဖြင့် နေကြာ၏မျက်နှာအထက်သို့ ဆံနွယ်စလေးများက လွင့်ပျံဆော့ကစားနေကြသည်။

''အင်း ... အမှန်တော့ နေကြာတို့မိသားစုလေးရဲ့ ဘဝကိုက ကျိန်စာသင့်ခံခဲ့ရသလိုပါပဲ အစ်ကိုရယ်၊ အဲဒီလိုနဲ့ ဟောဒီ ဖုန်းမသိမ်ကုန်းမှာ ပြောင်းရွှေ့နေထိုင်ကြရင်း ဘိုတဲပျက်ကြီးမှာ အမေ့ကို တိတ်တဆိတ်ဝှက်ကွယ်ထားပြီး ဆေးကုသပေးခဲ့တယ် ... ဒါကို လူတွေသိမှာစိုးလို့ ကိုကြီးဒေါင်းက ဖုန်းမသိမ်ကုန်းကို ဘယ်လူစိမ်းကိုမှ အဝင်မခံခဲ့တာပါရှင်ရယ် ... အဟွတ် ဟွတ်



www.burmeseclassic.com

www.burmeseclassic.com



ဟွတ်''

''အဲဒါကို ရွာသားတချို့က အထင်လွဲကြပြီး နောက်ဆုံး ... အခုလို မဖြစ်သင့်တဲ့ကိစ္စတွေအထိ မီးနိုးကြွက်လျှောက်ဖြစ်ခဲ့ရတော့တာပါပဲ အစ်ကိုရယ်''

နေကြာ၏အခြေအနေမှာ သိပ်မကောင်းတော့။ စကားပြောရင်း ချောင်းဆိုးရာမှ ဒဏ်ရာမှသွေးတို့က တစိမ့်စိမ့်နှင့် ထွက်လာကြသည်။

''ကဲ ... နေကြာ ... ဘာမှမပြောပါနဲ့တော့နော်၊ အခုဆိုရင် အားလုံးလည်း အမြင်တွေရှင်း, သံသယတွေလည်း ကင်းသွားကြလို့ နေကြာတို့မိသားစုအပေါ် နားလည်သဘောပေါက်သွားကြပြီလေ''

''အဟင့် ဟင့်ဟင့် ... ပြောပါရစေ အစ်ကိုရယ် ... ကုသိုလ်ကံဆိုးလှတဲ့ နေကြာတို့မိသားစုလေးရဲ့ဘဝဟာ ဟောဒီဖုန်းပသိမ်ကုန်းက နေကြာပန်းလေးတွေလိုပဲ ကံကောင်းခြင်းဆိုတဲ့ လက်ဆောင်တွေကို နေမင်းကြီးဆီမှာ နေ့စဉ်ရက်ဆက် တောင်းခံရင်း နေလုံးကြီးရှိရာဘက်ဆီကိုသာ အမြဲလိုလို မျှော်ငေးကြည့်နေရရှာတဲ့ နေကြာပန်းလေးတွေရဲ့ဘဝမျိုးလို အာ ... အင်း ... ဘယ်တော့မှားမှ ငြိမ်းအေးခြင်းဆိုတဲ့ လောကသစ္စာတရားကို ရ ... ရ ... ရနိုင်ပါ့မလဲ အာ ... အစ်ကိုရယ်''

နေကြာ၏ရင်အုံလေးက နိမ့်တုံမြင့်တုံနှင့် သေးသွယ်ကျစ်လျစ်သော ခန္ဓာကိုယ်လေးမှာတော့ သံသယသွေးစိမ်းများက သွေးစိမ်းရှင်ရှင်စီးကျနေကြပါပြီ။ အသက်ရှူဖို့ကိုပင် ခဲယဉ်းပင်ပန်းကြီးစွာ ရှူရှိုက်နေရရှာပါပြီကော။ သူ့အား ဆုပ်ကိုင်ထားသည့် နေကြာ၏လက်ကလေးများက တဖဖတစ်စ အေးစက်လာလေပြီလားဟု ...

''နေကြာ ... နေကြာ''

မင်းမောင်ရင်ဘတ်ထဲမှ ခေါ်ငင်သံများက ပဲ့တင်ညံလျက် ...။

''အစ်ကို .. အ .. အ .. အစ်ကို့ .. ကို .. နေကြာချစ် .. ချစ် .. ချစ်တယ်၊ နောက်ပြီး နှုတ် .. နှုတ် ဆက် .. နှုတ်ဆက် ခဲ့ ... ခဲ့ ... အာ''

''ဟာ ... နေကြာ ... နေကြာ ... နေကြာ''

မင်းမောင်၏ရင်ဘတ်ထဲမှ ခုန်ပေါက်ထွက်ကျလာသည့် အော်ဟစ်သံကြီးများကြောင့် နေကြာခင်းထဲတွင် နားခိုအိပ်စက်နေကြသည့်လိပ်ပြာကောင်လေးများ လန့်ပျံထွက်ပြေးကုန်ကြသည်။ မန်ကျည်းပင်ထက်မှ ညဉ့်ငှက်များ တဝုန်းဝုန်းနှင့် ထပျံသွားကြသည်။ ကောင်းကင်ယံမှ မိုးတိမ်ညိုများပင် လွင့်စဉ်ပြေးထွက်သွားကြသည်သို့။

သို့တိုင်အောင် မင်းမောင်၏ရင်ခွင်တွင်းမှ တင်းကျပ်စွာဖက်တွယ်ထားသည့် နေကြာတစ်ယောက်ကတော့ ... မင်းမောင်၏ ရှုးသွပ်တမ်းတစွာ ခေါ်ငင်နေသည့် ခေါ်သံအော်သံများ မကြားနိုင်တော့သော အရပ်တစ်ခုဆီ (သို့မဟုတ်) အခြားသော





ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com



ကမ္ဘာတစ်ခုဆီသို့ ဝေးလွင့်ထွက်ခွာသွားရှာပါချေပြီကော။

''ဖြစ်မှဖြစ်ရလေ နေကြာရယ် ...ကံတရားက နင့်ဘက်မှာ နည်းလွန်းလှချည်လားကွယ်''

ကံဆိုးမလေး နေကြာ သို့မဟုတ် ...သူ၏ရင်တွင်းမှ ကမ္ဗည်းထိုးတင်စားထားသည့် နေကြာမင်းသမီးလေးကိုသာ မင်းမောင်တစ်ယောက် မက်မောရူးသွပ်စွာ ပွေ့ဖက်ထားလိုက်မိရင်းမှ ရင်နင့်ကြေကွဲစွာ ဆုတောင်းနေမိပါတော့သည်။

''ဩော် ...ချစ်သူရယ် ...နေမင်းကြီးဆီက ကံကောင်းခြင်းလက်ဆောင်တွေဟာ ရှေ့ဖြစ်လေရာ ဘဝ ဘဝတွေမှာ ကံဆိုးလှတဲ့ နေကြာဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ နေကြာပန်းလိုဘဝမျိုးထဲကို ရောက်ရှိခံစားနိုင်ပါစေ၊ နေမင်းကြီးဆီမှာ နေ့စဉ်ရက်ဆက် မျှော်ငေးတမ်းတရတဲ့ နေကြာပန်းလေးတွေရဲ့ ဆန္ဒတွေဟာလည်း ပြည့်ဝနိုင်ကြပါစေရယ်လို့ အစ်ကိုဆုတောင်းလိုက်ပါတယ်ကွယ်''

ညဥ့်ကောင်းကင်ယံမှ တစ်ခြမ်းပဲ့လကလေးက ဖုန်းမသိမ်ကုန်းထက်မှ နေကြာမင်းသမီးလေး၏ ကြေကွဲဖွယ်အဖြစ်ဆိုးကြီးကို မကြည့်ရက်နိုင်ရှာသည်ထင့် ...တိမ်မည်းညိုတို့နောက်တွင် မျက်လွှာချ၍ တိုးဝင်သွားပါလေ၏။

ထို့အတူ ...ဖုန်းမသိမ်ကုန်းထက်မှ နေကြာပန်းလေးများသည်လည်း နက်မှောင်ပိတ်ဆည်းလျက်ရှိသော ညနက်နက်အောက်တွင် ညှိုးငွေကာ အိပ်စက်သွားကြရှာသည်သို့ ...။

---

ခု နစ် စဉ် ကြယ် တာ ပေ



ထို့အတူ ...မင်းမောင်၏မျက်ရည်စများနှင့် ရစ်ဝဲသည့် မျက်ဝန်းထဲမှာတော့ ညဥ့်ကောင်းကင်တိမ်တိုက်များကြားမှ ချစ်ရပါသော နေကြာမင်းသမီးလေး၏ နှုတ်ဆက်လက်ပြသွားဟန်လေးကိုသာ တမ်းမှူးစွာမြင်ယောင်နေမိပါတော့သတည်း။

ယောနိသောမနသိကာရ

သက်မင်းကျော့လှိုင်

၇-၁၂-၂၀၀၈

www.burmeseclassic.com